www.burmeseclassic.com

ရွှေပြည့်သိမ်းစာပေ

# လုံမ

ရင်ဘက်လက်ဆောင်



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဇွန်လ၊ ၂၀၁၅ ခုနှစ်။

ထုတ်ဝေသူ
ဦးမျိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၀၈၂၁၀) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈၃
လုံမ
ရင်ဘတ်လက်ဆောင် / လုံမ။ – ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၅
၂၄၂ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) ရင်ဘတ်လက်ဆောင်

# လုံမ

ရင်ဘတ်လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ဒုန်း . . . ဒုန်း . . . ဒုန်း"

ဘောက်စ်ကထွက်သော တဒုန်းဒုန်း တအုန်းအုန်းမြည်သံက ရင်ဘတ်ကို လာထိတာကို နေရောင်ဝါ၊ ထူးမောင်နှင့် အောင်ဇော်တို့ သူငယ်ချင်းသုံးယောက်လုံးကြိုက်ကြသည်။ ပျော်တော်ဆက် ကာရာအို ကေဆိုင်မှာ မိန်းမလှလေးများနှင့်အတူတူ သူတို့အမြဲရောက်ဖြစ်ကြသည်။ ထိုမိန်းမလှလေးသုံးယောက်က သူတို့ရဲ့အပျော်ရည်းစားများပင်။ ဒါလည်း ကြာရှည်အတည်တွဲနေတာတော့ မဟုတ်ပါ။

ဒီတစ်ယောက်နှင့် ပျင်းလာလျှင် နောက်တစ်ယောက်နှင့်တွဲလိုက်။ နောက်တစ်ယောက်ကို စိတ်ကုန်လာလျှင် နောက်ထပ်ရှာလိုက်နှင့် သူတို့သုံးယောက်လုံး ဘယ်မိန်းကလေးကိုမှ အတည်တကျမချစ်ကြ။

"သဲလေး သီချင်းတစ်ပုဒ်လောက်ဆိုပြပါလား၊ ဒီအတိုင်းထိုင်နေရတာ ပျင်းဖို့ကောင်းတယ်"

"အိုကေ"

"ငါ့အသဲအေးမီက သီချင်းဆိုလိမ့်မယ်၊ ဟိတ်ကောင်. . . ထူးမောင်၊ မင်းတို့အတွဲက လိုက်ကလေကွာ၊ ငေါင်မနေနဲ့"

"ဝုန်းရမယ်ဆို အကြိုက်ပေါ့"

www.burmeseclassic.com



ထူးမောင်က သူ့ရည်းစားလက်ကိုဆွဲတာ ဝင်ကသည်။ အခုမှ ပွဲက မြိုင်မြိုင်ဆိုင်ဆိုင် ရှန်းရင်းဆန်ခတ် ဖြစ်သွား၏။ ဟိုအရင်တွေက တော့ ဒီလိုပျော်ရွှင်မှုမျိုးက သူတို့နှင့်ဘာမှမဆိုင်ခဲ့ပေ။ ဘဝရပ်တည်မှု အတွက် အချိန်နှင့်အမှုကို ပင်ပန်းဆင်းရဲခဲ့ကြတာပါ။ သူတို့သုံးယောက် က အခုမှဆုံကြသည့် သူငယ်ချင်းတွေတော့မဟုတ်။

အကြောင်းကိုယ်စီနှင့် နိုင်ငံခြားကို အလုပ်လုပ်ဖို့ရောက်လာကြ ရင်း ဆုံဆည်းဖြစ်ခဲ့ကြခြင်းပင်။ ဟိုမှာတစ်ယောက်အကြောင်းတွေ တစ် ယောက်ပြောကြရင်း ခင်မင်ရင်းနှီးမှုတွေ ပိုကြသည်။ ဘဝရဲ့ဒဏ်ရာ ဒဏ်ချက် အနာတရတွေကြောင့် အလုပ်ကို ဖွဲ့နပဲနှင့် ကြိုးစားကာ ငွေစု ကြသည်။

နိုင်ငံခြားမှာ ခြောက်နှစ်တာမျှ ကြိုးစားပြီးမှ ဒီလို သုံးနိုင်ဖြုန်းနိုင် သည့် အခြေအနေကို ရောက်ခဲ့ကြတာပါ။ အခုဆို သူငယ်ချင်းသုံးယောက် စုဝယ်ထားသော တိုက်ခန်းတစ်ခန်း ပိုင်ဆိုင်ထားသလို ဖုန်းဆိုင်နှင့်ကား အပိုပစ္စည်းအရောင်းဆိုင်လေးကိုလည်း ပိုင်ဆိုင်ထားကြသည်။ အလုပ် လုပ်ချိန်မှာတော့ သူငယ်ချင်းသုံးယောက် တက်ညီလက်ညီပါ။ အလုပ် သိမ်းပြီဆိုလျှင် ဘဝကိုပျော်သလို ဖြုတ်သန်းကြသည်။ ပူပင်သောကဆို တာမျိုး သူတို့မှာမရှိ။

"ဟာ. . . နောက်တစ်ပုဒ် နောက်တစ်ပုဒ်၊ ဒီသီချင်းက ဝုန်း လို့သိပ်မကောင်းဘူး၊ မြူးမြူးလေး"

ထူးမောင်အသံကြောင့် နေရောင်ဝါ အတွေးတွေ ပြတ်တောက် သွားရသည်။ ကိုယ်ပါစိတ်ပါလာပြီဖြစ်၍ ထပြီးကဲလိုက်၏။ သောက်လိုက် စားလိုက် ကဲလိုက်ဖြင့် အနည်းဆုံးတစ်ပတ်နှစ်ရက်တော့ ရည်းစားတွေ နှင့် အချိန်ကုန်တာများသည်။

ကျန်သည့်ရက်တွေကတော့ ကိုယ့်ဘာသာ အပြင်စားသောက်



ဆိုင်လောက်မှာပဲ အချိန်ဖြုန်းဖြစ်ကြတာပါ။

"တော်ပြီကွာ၊ မကနိုင်တော့ဘူး မောလာပြီ"

အောင်ဇော်က အရက်ထိုင်သောက်ပြီး သူ့ရည်းစားနှင့်ကျူနေ သည်။ သူတို့လည်း ဝိုင်းဝိုင်းကာ အမောဖြေကြ၏။ လောကစည်းစိမ်ကို ခံစားရချိန်က သိပ်မကြာသေးပါ။

ဘဝမှာ ပျော်သလိုနေကြရင်းဖြင့် အချိန်တွေက ဖြစ်သလိုကုန် ဆုံးကာ . . . ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"ဟိတ်ကောင် ထူးမောင်၊ ဒီနေ့ဘရိတ်ဖတ်စ် မင်းတာဝန်နော်၊ ထတော့ ဟိတ်ကောင် ပျင်းကြောဆွဲမနေနဲ့"

ထူးမောင်ကိုယ်ကြီးကို လှုပ်နှိုးသော်လည်း ထူးမောင်က ညက အရှိန်များသွားတာမို့ တုတ်တုတ်မျှမလှုပ်။ နေရောင်ဝါ စိတ်မရှည်တော့သလို ထူးမောင်ကိုယ်ကြီးကို ဆောင့်ကန်လိုက်သည်။

"ဟိတ်ကောင်"

"အင်း . . . အီး နာလိုက်တာ"

"နာရင်သေး၊ မင်းအလှည့်တိုင်း ငါတို့ဆိုင်သွားရတာ နောက်ကျတယ်"

"လမ်းမှာ ဝင်စားလိုက်လည်းရတာကိုကွာ"

"အောင်မာ အဲဒါတော့ပြောတတ်လား၊ မနက်စာရော၊ နေ့လယ်စာရော၊ ညစာရော အပြင်မှာချည်းစားနေလို့ဖြစ်မလားကွ၊ အိမ်သန့်ရှင်းရေးလည်း လုပ်ရမှာ၊ ထ . . . ဟိတ်ကောင်"

"အောင်ဖော်ရော"

"အိမ်သာတက်နေတယ်၊ ပြီးရင် ရေချိုးတော့မှာ၊ မင်းမြန်မြန်ထပြီး မနက်စာလုပ်"



"ဟား . . . ဝဋ်ဒုက္ခကြီးလိုက်တာ၊ မိန်းမယူလိုက်မှ ဒီဝဋ်က ကျွတ်မယ်ထင်တယ်"

"အေးယူလေ၊ မြန်မြန်ယူ အဲဒါမှ ငါတို့လည်း နိုင်းလို့ရမှာ"

"အောင်မာ . . . ငါ့မိန်းမကို မင်းတို့ခိုင်းလို့ရမလားကွ"

အခုမှအိပ်ရာက လူးလဲထပြီး ထူးမောင်အော်သည်။ နေရောင်ဝါစောင်ကို လုံးထွေးလျက် ထူးမောင်ကိုပစ်ပေါက်လိုက်ပြီး . . .

"မင်းက သူငယ်ချင်းချင်း အဲ့လိုလား၊ မယူရသေးတဲ့မိန်းမကို သိတတ်နေလိုက်တာ၊ ဒါနဲ့အခုတွဲနေတဲ့အထဲက ဘယ်သူ့ကိုယူမှာလဲ"

"ငါလား"

"အေးလေ"

"ဘယ်သူ့မှ လက်ထပ်လောက်အောင် အလေးအနက်မရှိပါဘူး၊ ငါတို့ဦးလေးတစ်ယောက်ပြောဖူးတယ်၊ မိန်းမဆိုတာယူလိုက်ရင် တစ်ယောက်တည်းရမှာ၊ မယူရင် အများကြီးရတယ်တဲ့"

"ဟင် . . . ဘယ်လိုကြီးလဲ၊ ဩော် . . . သဘောပေါက်ပြီ၊ မင်းဦးလေးတော်တော်ဆိုးတာပဲ၊ ငါ့ဦးလေးကတော့ အဲလိုမဟုတ်ဘူး၊ မိန်းမတွေအများကြီးယူထားတာ၊ ဆန်ရယ်၊ ဆီရယ်၊ ငွေရယ်၊ မိန်းမရယ်ဆိုတာ ပိုတယ်လို့ မရှိဘူး၊ ရသမျှအကုန်ယူရတယ်ဆိုပြီး တွယ်တော့တာပဲ၊ မိန်းမက ခုနစ်ယောက်၊ သားသမီးက နှစ်ဆယ့်ရှစ်ယောက်တောင် ရှိတယ်"

"ဟ . . . မင်းဦးလေးတော်တော် အားကောင်းနိုင်နင်းတာပဲကွ မင်းတို့က မင်းမျိုးမင်းနွယ်ပဲ၊ ရှေးတုန်းက ဘုရင်တွေများ သူတို့တော့ တောင်ညာစံ၊ မြောက်ညာစံအပြင် မောင်းမတစ်ထောင်နဲ့ စည်းစိမ်ခံကြေးပြီး ပြည်သူပြည်သားတွေကိုတော့ ပညတ်ချက်တွေ ဥပဒေတွေနဲ့ ပိုးပေါ်တာ သိကြားမင်းလည်း နတ်သမီးလေးတွေ တစ်ဖက်လေးငါးရာပဲ၊ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



တော့ အငယ်အနှောင်းတစ်ယောက်လောက်ထားရင်ကို ပြဿနာက တက်တယ်၊ လုံးဝမတရားဘူး''

ထူးမောင်စကားကြောင့် နေရောင်ဝါ ရယ်လိုက်မိသည်။ ထူးမောင်က မကျေမနပ်မျက်နှာ အောက်သိုးသိုးနှင့် ပြောနေတာမဟုတ်ပါလား။ ထူးမောင်က ရုပ်တည်နှင့်ရယ်ရသည့်ကောင်ပါ။

''လောကကြီးမှာ မတရားတာတွေ အများကြီးပဲကွ''

''လုပ်စမ်းပါဦး။ ညက ဘာတွေ အိပ်မက်မက်လို့လဲ''

စောင်ခေါက်ရင်း အိပ်ရာသိမ်းရင်းပြောနေတာမို့ သူမြှောက်ထိုးပင့်ကော် လုပ်ပေးလိုက်သည်။ ထူးမောင်က ခပ်တည်တည်နှင့်ပင်..

''ပိုက်ဆံရှိတဲ့သူက ရှိပြီးရင်းရှိတယ်၊ မွဲတဲ့သူက မွဲပြီးရင်းမွဲတယ်၊ ကြိုးစားသလောက် အရာမထင်တာတွေ အများကြီးပဲ''

''မင်းရဲ့အဲဒီမကျေနပ်ချက်တွေကို ပြန်ရုပ်သိမ်းလိုက်စမ်းပါကွာ၊ အဲဒါလူပြိန်းတွေရဲ့အတွေးပါ၊ တကယ်လက်ကြောတင်းတင်း အလုပ်လုပ်ရင် အဆင်မပြေဘူးဆိုတာ ရှိပါ့မလား၊ ချမ်းသာချင်သလောက် မချမ်းသာပေမယ့်၊ ကံအကြောင်းတရားအရ အဆင်ပြေသင့်သလောက် ပြေမှာပဲ၊ ငါတို့သုံးယောက်ပဲကြည့်၊ နိုင်ငံခြားမှာ အလုပ်ဆိုက်တစ်ခုတည်း ဆိုတော့၊ အတူတူအဝတ်တစ်ထည်ကိုယ်တစ်ခု စားရမဲ့ သောက်ရမဲ့ အခြေအမြစ်မရှိတဲ့ ဘဝမျိုးပဲ''

''အေး ... အဲဒါက ဟုတ်ပါတယ်၊ မြန်မာပြည်ကဆိုပြီး တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ရင်းနဲ့ ရင်းနှီးသွားကြတာ၊ တရားဝင်လမ်းကြောင်းနဲ့မဟုတ်ဘဲ တောလမ်းက သွားခဲ့ကြတာဆိုတော့ သူများနိုင်ငံမှာ တော်တော်မျက်နှာငယ်ရတာ၊ အလုပ်ရှာရတာလည်း မလွယ်ဘူး၊ အပြင်ထွက်ဖို့လည်း မလွယ်ဘူး၊ ကျီးလန့်စာစားပြီး အလုပ်ရှင်တွေရဲ့အနှိမ်ခံရတာ၊ တော်တော်စိတ်နာဖို့ကောင်းတယ်''



''ဒါပေမဲ့ ငါတို့ကြိုးစားမှုကြောင့် အလုပ်ရှင်က အသိအမှတ်ပြုလာတယ်မဟုတ်လား၊ နောက်ပိုင်း တရားဝင်နေထိုင်ခွင့်ရအောင် လုပ်ပေးတယ်၊ သူကြိုးစားခဲ့ရတဲ့ဘဝအကြောင်းတွေ ပြောပြတယ်၊ သူလည်း တစ်ချိန်က အလုပ်သမားဝန်ထမ်းပဲ၊ မျိုးသားလို့ ကြိုးစားလို့လုပ်ငန်းရှင်တစ်ယောက်ဖြစ်လာတယ်ဆိုပြီး ငါတို့ကိုသွန်သင်ဆုံးမအားပေးခဲ့တာပဲ၊ အခုလည်း ငါတို့ဒီလိုဖြစ်နေတာ သူ့ပံ့ပိုးမှုတွေပါတယ်လေကွာ''

ဒါကျတော့ ထူးမောင် လက်မခံလို့မရပေ။ တကယ်လည်း နေရောင်ဝါပြောနေတာတွေက အမှန်တရားတွေပါ။ ဘယ်လောက်ပဲ ဘဝအခြေအနေကြမ်းတမ်းပါစေ၊ မျိုးသားကြိုးစားရင် တစ်နေ့ပန်းတိုင်ဆိုတာ ရောက်ရမှာပဲမဟုတ်လား။

''အေးကွာ ... ငါက အဖေနောက်မိန်းမ မိထွေးနဲ့ မနေချင်လို့ နိုင်ငံခြားအလုပ်ထွက်လုပ်တယ်၊ မင်းက မိဘမွေးချင်းအသိုက်အဝန်းမရှိလို့ တစ်ယောက်တည်းစွန့်စားဖို့ ရောက်လာတယ်၊ အောင်ဇော်က မိဘတွေကို စိတ်နာလို့အရွဲ့တိုက်ပြီး ထွက်လာတယ်၊ ဘဝချင်းမတူပေမယ့် စိတ်ချင်းတူလို့ ငါတို့အခုထိ အတူနေဖြစ်ကြတာ၊ အနှောင်အဖွဲ့အတွယ်အတာမရှိတာတော့ ကောင်းတယ်ကွ၊ ငါတို့ဘာလုပ်လုပ် အဆိုးအကောင်းဝေဖန်မယ့်သူမရှိဘူး၊ ရှုတ်ချမယ့်သူမရှိဘူး''

''အဲဒါကြောင့်လည်း ငါတို့လွတ်လွတ်လပ်လပ်ပျော်ပျော်ပဲ နေနေကြတာပဲလေ၊ လွတ်ထွက်ပြီး ပျက်စီးမသွားအောင်တော့ ကိုယ့်ဘာသာထိန်းရမှာပေါ့၊ ကဲ ... ပြောနေရင် စကားပြတ်တော့မှာမဟုတ်ဘူး၊ ငါရေချိုးတည်ပေးမယ်၊ မင်းကော်ဖီဖျော်ဖို့လုပ်၊ မင်းအလှည့်ဆို အလွယ်ပဲ ဝယ်ထားတဲ့မုန့်တွေကျွေးတော့မှာ မဟုတ်လား''

ထူးမောင် စပ်ဖြဲဖြဲနှင့် မျက်နှာသစ်ပြီး ကော်ဖီဖျော်ဖို့ ထပ်သည်။ ရေချိုးပြီးထွက်လာသော အောင်ဇော်က နှာခေါင်းရှုံ့လျက်..

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အလှည့်ဆို ခေါက်ဆွဲပြုတ်၊ ကြာဆံပြုတ် ကြက်ဥပေါင်မုန့်ကြော် အမျိုးမျိုးစားရတယ်၊ ဒီကောင်ကတော့ အမြဲတမ်း ကိတ်ခြောက်ကိတ်စို ဒါပဲမဟုတ်လား"

"ဟိတ်ကောင် စိုစိုပြည်ပြည်စားချင်ရင် မင်းမိန်းမယူလိုက်လေ"

"တစ်ဘဝစာတော့ ထောင်မကျပါရစေနဲ့ကွာ၊ သူများသားသမီးတစ်သက်လုံး လုပ်ကိုင်မကျွေးပါရစေနဲ့၊ အစားကောင်းမစားရရင်လည်းနေပါစေ၊ ငွေရှိရင် ဘာမဆိုဝယ်စားလို့ရပါတယ်"

"အဲဒါဆို စကားမများနဲ့၊ ငါလုပ်ပေးတာမကြိုက်ရင် မင်းဘာသာဆိုင်မှာ ဝယ်စားလိုက်"

"မင်းမှအပြောကောင်း၊ ငါနဲ့ရောင်ဝါလုပ်တာဆိုရင်တော့ အငမ်းမရ မျိုချပြီးတော့"

"အဟင်း . . . မင်းတို့ ဒါနမြောက်သွားအောင်လို့ပါ၊ ကဲ . . ထိုင်ကြ၊ ဒီဟာလေးပဲ အားပေးကြပါကွာ၊ မကြိုက်တဲ့ကောင် မိန်းမအရင်ယူကြေး"

ဒါကျတော့ မိန်းမ မယူချင်တာကြောင့် ရှိတာကို စိတ်မပါစွာစားလိုက်ကြသည်။ သူတို့ရဲ့နိစ္စဓူဝကိစ္စများက ထိုအတိုင်းပါ။ သူတို့တွေမြန်မာပြည်ပြန်ရောက်တာ တစ်နှစ်ဝန်းကျင်သာ ရှိသေးသည်။ သူတို့ကြိုးစားမှုကြောင့် လုပ်ငန်းလည်ပတ်မှုအခြေအနေကတော့ မဆိုးပေ။

"ဟိတ်ကောင် ရောင်ဝါ၊ ဒီနေ့ဝင်မယ့်ပစ္စည်းတွေကို မင်းစာရင်းလုပ်နော်၊ အောင်ဇော်က သေချာတာမဟုတ်ဘူး၊ ပေါ့တီးပေါ့ဆနဲ့"

"အောင်မာ မင်းကရော ဘာသေချာတာရှိလို့လဲ၊ ကာစတမ်မာတွေနဲ့ဆက်ဆံရင် မျက်နှာရှုံ့လောက်ပဲ"

"အဲဒါ မိန်းကလေးတွေမှပါကွာ၊ ယောက်ျားအချင်းချင်းက



တော့ မျက်နှာကိုသေချာမကြည့်ဘူး"

"နှာဘူး"

"ကဲ . . မင်းအိမ်သန့်ရှင်းရေးလုပ်ရမှာဆိုတော့ နေခဲ့၊ ငါတို့သွားတော့မယ်"

"မင်းတို့ကလည်းကွာ၊ နည်းနည်းပါးပါး ကူလုပ်သွားပါတော့လား။ ဆိုင်ဖွင့်ဖို့က စောပါသေးတယ်"

"ဟိတ်ကောင် ငါတို့အလှည့်ကျရင်လည်း မညည်းညူဘူး။ နှစ်ရက်တစ်ခါ အလှည့်ကျ ကိုယ့်တာဝန်ကိုယ်ကျေပါ ဒါပဲ"

"အဝတ်တွေ ပြောင်အောင်လျှော်နော်၊ ညကျရင်လည်း မီးပူတိုက်ဖို့မမေ့နဲ့"

ထူးမောင် မျက်နှာရှုံ့မဲ့နေကာ

"ငါတို့ အိမ်ဖော်တစ်ယောက်လောက် ငှားရင်မကောင်းဘူးလားကွာ၊ ပိုက်ဆံဘယ်လောက်ပေးရပေးရ ငှားလည်းငှားနိုင်နေတာပဲ"

"ငှားဖူးတယ်လေ အဆင်ပြေလို့လား။ ငယ်တဲ့သူငှားတော့ ဘာမှမလုပ်တတ် မကိုင်တတ်နဲ့ အိမ်အတွက်လည်း စိတ်မချရဘူး၊ အသက်ကြီးတဲ့သူငှားတော့ သူပြန်ပြီးအားနာနေရတာနဲ့ ကိုယ်ပဲပင်ပန်းတယ်၊ ရွယ်တူတန်းတူကျတော့လည်း မဖြစ်ပါဘူး"

"ကိုယ့်ဘာသာ ဒါလေးလုပ်ရတာ ဘာပင်ပန်းတာမှတ်လို့ကွာ၊ လုပ်ချင်တဲ့နေ့လုပ် မလုပ်ချင်တဲ့နေ့နေဆိုတော့ စည်းပျက်ကမ်းပျက်ဖြစ်လို့ စနစ်ဇယားချထားတာ၊ ဒါလေးကိုညည်းညူနေရလား"

"အေး . . အေးပါ ဟုတ်ပါပြီ၊ ငါဘာမှမပြောတော့ပါဘူး။ ညကျရင်တော့ ပျော်တော်ဆက်သွားကဲမယ်နော်"

"ငါမလိုက်ဘူး၊ မိုးနဲ့ချိန်းထားလို့"

"ငါလည်း အေမီနဲ့ချိန်းထားတယ်၊ အပြင်မှာ"

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ဝါနှင့် အောင်ဖော်ပြောတော့ ထူးမောင် ပြုန်းခနဲထရပ်ပြီး ...

"အေး ... သွားကြ သွားကြ၊ ငါလည်း ငါ့ရည်းစားနဲ့ သွားကဲမယ်"

"သဘော ကြိုက်တာလုပ်"

နှစ်ယောက်သား ထူးမောင်ကို စနောက်ပြောင်ပြခဲ့ပြီး ထွက်လာကြသည်။ ကားလေးက သုံးယောက်ပေါင်းမှ တစ်စီးပဲပိုင်တာမို့ လုပ်ငန်းလုပ်သည့်သူသာ သုံးခွင့်ရှိသည်။ နောက်ကလိုက်မည့်သူက တက္ကစီစီး စီး၊ လိုင်းကားတိုးစီးစီး အဆင်ပြေသလိုလိုက်လာရ၏။

ဘဝမှာ ထိုသို့ဖြတ်သန်းရင်းနှင့် ...။

✤✤✤



# အခန်း (၃)

"ရှင်... ကျွန်မကို ဘယ်တော့လက်ထပ်မှာလဲ"

"ဘာ"

ကေသီလှိုင် မေးလိုက်တာကို ထူးမောင်လန့်သွားသည်။ အစ ကတည်းက လက်ထပ်ဖို့ရည်ရွယ်ချက်နှင့် တွဲခဲ့တာမှမဟုတ်တာ။

"ဟိုလေ ကေသီ၊ ကိုယ်ကလက်ထပ်ဖို့ မစဉ်းစားသေးဘူး၊ ကိုယ့်အသက်က အခုမှနှစ်ဆယ့်ငါးနှစ်ပဲရှိသေးတယ်၊ ငယ်ပါသေးတယ်၊ ကိုယ်တို့ဒီအတိုင်းပဲနေရအောင်နော်"

"ဘာ ... ရှင်က ကျွန်မကို ကျောရရုံကြတာလား"

"ဟင် ... ကိုယ်က ဘယ်ချိန်တုန်းကများ ကေသီ့ကို ကျောရရုံ ကြံလို့လဲ၊ ကိုယ်တို့ဒီအတိုင်းပဲ တွဲနေကြတာပဲလေ၊ စိတ်သဘောထားချင်း တိုက်ဆိုင်လို့ ဖူးစာပါမှရမှာပေါ့"

"အို... ရှင်တို့ယောကျ်ားတွေက မိန်းကလေးဘယ်နှယောက် တွဲတွဲ နစ်နာစရာမရှိပေမယ့် ကျွန်မတို့မိန်းကလေးတွေကတော့ နစ်နာ တယ်ရှင့်"

"မင်းနစ်နာအောင်လည်း ကိုယ်ဘာမှမလုပ်ပါဘူး၊ မင်းကို လက်မထပ်လို့ ကိုယ့်ကိုမတွဲချင်တော့ဘူးဆိုရင်လည်း မတွဲနဲ့လေ၊ ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိုက်ပြီး မင်းသွားချင်ရာသွားတော့”

“ဘာ”

ကေသီလှိုင် ဆတ်ဆတ်ခါသွားသည်။ မျက်စောင်းတွေထိုး နှုတ်ခမ်းတွေရွဲ့ဖြင့် ထူးမောင်ကို မကျေမချမ်း ဖြစ်နေလေသည်။

“ဟာ ... မင်းဘာလုပ်တာလဲ”

ပါးကိုရိုက်ဖို့ လက်ရွယ်လိုက်တာကြောင့် လက်ကိုဖမ်းဆုပ်ကိုင်ရင်း ထူးမောင် အော်လိုက်သည်။ ကေသီလှိုင်က လက်ကိုရုန်းပြီး..

“နင်လူ့ပါးဝတယ် နှမသားချင်းမစာနာဘူး”

“ဟာ.. မင်းဘာတွေ စွပ်စွဲနေတာလဲ၊ သမီးရည်းစားဖြစ်တဲ့သူတိုင်း လက်ထပ်ကြလို့လား။ ခက်ပါကွာ၊ သဘောထားမတိုက်ဆိုင်ရင် လမ်းခွဲရုံပဲကွာ၊ ဘာထူးဆန်းလို့လဲ”

“အေး ... နင့်သူငယ်ချင်းတွေရော နင်ရော တစ်နေ့ဝဋ်လိုက်မယ် သိလား”

“ဒုက္ခပဲ ဘာတွေမှန်းလည်း မသိဘူး”

ပြောဆိုထွက်သွားသော ကေသီလှိုင့် ကျောပြင်ကိုကြည့်၍ စိတ်ရှုပ်ထွေးစွာ ခေါင်းကိုကုတ်လိုက်မိသည်။ မိန်းကလေးတွေများ သူတို့ကို လက်မထပ်တာနှင့် ဒီလိုမျိုးပြဿနာရှာတတ်ကြတာပဲလား။ ဒါကြောင့်ပဲ ဂဂျီဂကျောင်များကြလွန်းလို့ လက်မထပ်ချင်တာ။

“အာ ... ဘယ်ကဖုန်းလဲ”

ဖုန်းလာတာတောင် စိတ်မရှည်။ နံပါတ်ကိုကြည့်လိုက်တော့ အောင်ဇော့်ဖုန်းဖြစ်နေတာကြောင့် ကိုင်လိုက်ရသည်။

“ဘာလဲပြော”

“.....”

“အေး.. ငါလည်း ညစ်နေတာ၊ စားသောက်ဆိုင်ကို လာချင်



လာခဲ့ အရက်သောက်မယ်ကွာ”

ပြောပြီး ဖုန်းချလိုက်သည်။ အောင်ဇော်လည်း သူ့စော်က ပြဿနာရှာလို့တဲ့။ ဒီညတော့ အရက်ကောင်းကောင်းသောက်ဖို့ အကြောင်းရှာလို့ရသွားသည်။

ခဏနေတော့ တက္ကစီတစ်စီးနှင့် အောင်ဇော် ရောက်လာ၏။

“မင်းကဘာဖြစ်တာလဲ”

“ကေသီလှိုင်လေ သူ့ကိုလက်ထပ်ရမယ် လာလုပ်နေတယ်၊ ကျိုင်ရှာနေတာ”

“ငါ့ကိုလည်း အေမီ မီးလာမွှေးနေတယ်၊ လက်ထပ်ရအောင်တဲ့၊ မိန်းမတွေများ အလုပ်အကိုင်နဲ့ လုပ်ငန်းရှိတဲ့ယောကျ်ားတွေဆို ဘာကြောင့်များ လက်ထပ်ချင်ကြလဲမသိဘူး၊ ပျင်းစရာကောင်းလိုက်တာ”

“ရောင်ဝါရော ဘယ်လိုလဲမသိဘူး”

“သူလည်း လက်ထပ်နိုင်းရင် ဖြတ်တော့မှာပေါ့၊ ဘာလုပ်ရမှာလဲ မိန်းမယူပြီး”

“အေးလေ.. အိမ်ထောင်သားမွေးအလုပ်များ သူတို့မှိုစိတ်မကုန်တယ်၊ မိန်းမရော သားသမီးတွေရော ရှုပ်လို့ ကိုယ့်ဘာသာရှာစားရတာတောင် မလွယ်ဘူး။ ဟိတ်ကောင်.. ငါ့တစ်ခွက်”

စိတ်ညစ်နေတာမို့ ကိုယ်တိုင်ငှဲ့မသောက်ချင်ဘဲ အောင်ဇော်ကို ထည့်ခိုင်းလိုက်သည်။ ကြာရှည်စိတ်ညစ်တတ်သူတွေတော့ မဟုတ်ပါ။ ကောင်းကောင်းစားပြီး ကောင်းကောင်းသောက်လိုက်ကြသည်။

“ရောင်ဝါဖို့ ပါဆယ်သယ်သွားဦးမလား”

“သူလည်း သူ့ဘာသာ ကဲနေမှာပါ၊ ဒါနဲ့ အေမီကို မင်းဘယ်လိုဖြတ်ခဲ့လဲ”

“လက်ထပ်ဖို့ပြောနေရင် ဆက်မတွဲတော့ဘူးလို့ ကိုယ်က မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



မယူချင်ဘူးလို့ ပြောလိုက်တယ်၊ အဲဒီတော့ သူကဘာပြန်ပြောလဲသိလား"

"မသိဘူး ဘာတဲ့လဲ"

"ရှင်တို့က ယောက်ျားအချင်းချင်းယူထားကြတာ ဘယ်လိုလုပ် မိန်းမယူမှာလဲတဲ့"

"ဟယ်. . . သူများတို့ကို အဲလိုပြောတယ်၊ ကြည့်စမ်း"

"အာ. . . . မင်းကတစ်မျိုး"

ထူးမောင် အခြောက်လိုပြောနေတာမို့ ခြေထောက်နှင့်ဆောင့် ကန်ပစ်လိုက်သည်။ သူတို့သူငယ်ချင်းတွေကတော့ ပြောမနာ ဆိုမနာ တွေပါ။ တစ်ယောက်စိတ်ညစ်လျှင်လည်း တစ်ယောက်က ပျော်အောင် လုပ်ပေးတတ်သည်။

"အမြည်းဝအောင်စား၊ ညပျော်တော်ဆက်မသွားရင် တားကြော ပြတ်သွားမယ်"

"အိမ်မှာပေါင်မုန့်တွေ၊ ကိတ်မုန့်တွေ၊ ခေါက်ဆွဲခြောက်ထုပ်တွေ ရှိသားပဲ"

"အေးကွာ. . . အဲလိုဆိုတော့လည်း မိန်းမယူချင်သား။ အိမ်ပြန် ရောက်ရင် ထမင်းအဆင်သင့်၊ ဟင်းအဆင်သင့်၊ အားလုံးအဆင်သင့်"

"ဘာလဲ. . . အားလုံးအဆင်သင့်က"

"အဲ. . . အားလုံးပါဆိုမှ အားလုံးပေါ့ကွာ၊ စာတွေးပဲတွေးပါ၊ နာတွေးမတွေးပါနဲ့"

"အေးပါ. . . ငါကရော ဘာပြောလို့လဲ၊ အဲဒါက ကောင်းပေမယ့် မကောင်းတာတွေကလည်း ရှိသေးတယ်လေ၊ သားကျွေးမှ မယားကျွေးမှု အဲဒါအပြင် ပစ်ပစ်များတဲ့မိန်းမ အသုံးအဖြုန်းကြီးတဲ့ မိန်းမ၊ အပျော် မက်ပြီး အိမ်ထောင်မှုမထိန်းသိမ်းနိုင်တဲ့မိန်းမဆိုရင် ကိုယ့်ဘဝတစ်သက်စာ သွားရော့ပဲ"



"အဲလိုတွေ တွေးနေလို့ကတော့ ငါတို့လည်းလူပျိုကြီးတွေ ဖြစ် တော့မှာပဲ"

"ဖြစ်တော့ဘာဖြစ်လဲကွာ၊ အပူအပင်မရှိ၊ သောကမရှိတာ ကောင်းတာပေါ့၊ အသက်ကြီးလာရင် တရားဘာဝနာအားထုတ်လို့ရ တယ်"

"အရက်အဆီပြန်နေတဲ့မျက်နှာနဲ့ တရားဘာဝနာကြောင်း ပြော နေသေးတယ်"

အောင်ဇော်က အရက်ခွက်ငှဲရင်းပြောသည်။ ထူးမောင်က အောင် ဇော် ငှဲထားသော အရက်ခွက်ကို ယူသောက်ပြီး

"အရက်သောက်တဲ့သူက တရားကြောင်းမပြောရတော့ဘူး လား။ ကံငါးပါးထဲက တစ်ပါးကိုချိုးဖောက်ပြီး ကျန်လေးပါးကို အရက်သမား တွေက အများဆုံးထိန်းနိုင်တာကွ"

"ဘာ"

"အရက်သောက်ပြီးရင် အရက်သမားက မူးပြီးအိပ်တယ်၊ ကျန် ယုတ်မာတဲ့သူတွေက ဘယ်သူ့ကိုဘယ်လို ယုတ်မာရမလဲ၊ အောက်တန်းကျ ရမလဲ၊ မူးပြီးမအိပ်တော့ တစ်ချိန်လုံး အဲဒါပဲ စဉ်းစားနေတာ"

"ဟား . . . ဟား အရက်သမားတွေ ဘက်ကရပ်တည်နေတယ်၊ ကဲပါကွာ. . . ငါတို့က မိုးလင်းမိုးချုပ် နေ့စဉ်နေ့တိုင်း အရက်ပဲသောက် နေတဲ့ အရက်သမားတွေလည်း မဟုတ်ပါဘူး။ ဘဝနာပြီး ကိုယ့်အတွက် ကိုယ်ကြိုးစားတယ်၊ ဘဝကိုပျော်အောင်လည်းနေတယ်၊ အနှောင်အဖွဲ့ အတွယ်အတာတွေနဲ့ ကိုယ့်ဘဝကို နစ်မွန်းအောင်တော့ မလုပ်နိုင်ဘူး"

"အေးပါ. . . ငါတို့သုံးယောက်လုံးက စိတ်တူ ကိုယ်တူမို့ ပေါင်း သင်းဖြစ်ကြတာ၊ ကဲ. . . ပြန်မယ်၊ ငါတို့က အသည်းကွဲချင်ယောင်ဆောင် ပြီး ရောင်ဝါရဲ့နှစ်သိမ့်မှုကိုခံရမယ်ကွ၊ နောက်နေ့ အသည်းကွဲနာကျပြီး

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မလုပ်နိုင်ရင်၊ ဒီကောင်ပိုပြီးလုပ်ရမှာပေါ့၊ နိုင်ငံခြားက ရောက်ခါစတုန်းက ဒီကောင် အသည်းကွဲနာကျနေတုန်းကလည်း ငါတို့နှစ်ယောက်ပဲ နှစ်သိမ့်ခဲ့ရတာ"

"ဟုတ်တယ်.. ဝေဒနာပျောက်အောင် ဆေးကုပေးနိုင်မယ့် အဖော်တောင် အမြန်ရှာပေးခဲ့ရသေးတာ၊ ကဲ.. ဒိုးမယ်"

သူငယ်ချင်းနှစ်ယောက် ယိုင်ထိုးစွာနှင့် ဆိုင်ထဲကထွက်လာပြီး တက္ကစီစီးကာ အိမ်ပြန်ခဲ့ကြသည်။

အိမ်ကို ဘယ်အချိန်ပြန်ရောက်မည်ဆိုတာတော့ . . .။

✤ ✤ ✤

# အခန်း (၄)

"ဘယ်အချိန်ရှိပြီလဲ၊ မင်းတို့ဘယ်တွေသွားပြီး သဝေထိုးနေကြတာလဲ၊ ဆိုင်ပိတ်ကတည်းက သွားလိုက်တာ၊ ပြန်လာတဲ့အချိန်ကို ကြည့်ဦး"

"အဟီး . . . ဟီး"

"ဟား . . . အား အား"

နေရောင်ဝါ နာရီကြည့်ပြီး ဆူပူလိုက်သည့်အခါမှာ အောင်ဇော်နှင့် ထူးမောင်နှစ်ယောက်သားဖက်ပြီး ဝမ်းနည်းပက်လက် အော်ဟစ်ပြီး ငိုနေကြသည်။ နေရောင်ဝါ အံ့ဩသွားလျက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ဟိတ်ကောင်တွေ မင်းတို့ဘာဖြစ်လာကြတာလဲ၊ ဘယ်သူက စော်မတရား လုပ်လွှတ်လိုက်လို့လဲ ပြောစမ်း"

"အဟီးဟီး"

"အာ . . . ပြောစမ်းပါဆိုကွာ၊ မျက်နှာက အနာကြီးကျနေတာပဲ လုလည်း မလုဘဲနဲ့ ငိုပြနေတယ်"

"ငိုတာပဲ လုမလားလို့"

"မင်းတို့နော် ရင်ထဲကနာလို့ ငိုတဲ့အငိုမဟုတ်ဘူးဆိုတာ ငါသိ

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ဘာဖြစ်လာတာလဲ၊ ပလီစီချောက်ချက်တွေ လုပ်ပြမနေကြနဲ့"

"တကယ်ပါကွာ၊ ငါတို့အသည်းကွဲလာလို့ပါ"

"ဘာ"

"ဟုတ်ပါတယ်၊ ငါတို့ရည်းစားတွေက ငါတို့ကိုထားခဲ့ပြီ"

"ဘာဖြစ်လို့တဲ့လဲ"

"သူတို့ကို လက်မထပ်လို့တဲ့"

"ဩော်. . . တော်တော်နစ်နာသွားမှာပဲ၊ မင်းတို့အဲဒါကို အရမ်းဝမ်းနည်းလွန်းလို့ အရက်ကိုမူးအောင်သောက်လာကြတာပေါ့လေ"

"ငါတို့ကို ကျောရရုံကြသွားတာ ခံစားနိုင်ပါ့မလားကွာ၊ သူတို့ကို လက်မထပ်တာနဲ့ဘဲ ငါတို့ကိုထားခဲ့စရာလား"

"မင်းလည်း ခဏခဏ အသည်းကွဲဖူးတာပဲ၊ ငါတို့ကို ကိုယ်ချင်းစာပါကွာ"

ရုပ်တွေကတော့ တကယ့်ကို ကြင်နာချင်စရာ တစ်စက်မှမရှိပေ။ မိန်းကလေးတစ်ယောက်ထားခဲ့လို့ ဝမ်းနည်းတတ်သည့်ကောင်တွေ မဟုတ်ဘူးဆိုတာလည်း သူသိနေပါသည်။

ဒါပေမဲ့ ဝမ်းနည်းချင်ယောင်ဆောင်နေသော ဒီကောင်တွေကို သနားချင်ယောင်ဆောင်ပြရဦးမည်။ စိတ်တူ ကိုယ်တူ ဘဝတူ သူငယ်ချင်းတွေ မဟုတ်ပါလား။

"ကဲ. . . မင်းတို့ဘာဖြစ်လာကြတာလဲ၊ ထိုင်ပြီးပြောပြ၊ ငါ့ကို ရင်ဖွင့်ကြပေါ့ကွာ"

"အေးပါကွာ အခုလိုရင်ဖွင့်ခွင့်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီလိုသူငယ်ချင်း ငါတို့ကချစ်သူထားချင်ထားမယ်၊ ရည်းစားထားချင်ထားမယ်၊ ဒါပေမဲ့ မိန်းမတော့မယူချင်ဘူး။ အဲဒီသားကျွေးမွေး မယားကျွေးမွေး ဒုက္ခတွေကို အရမ်းကြောက်တယ်ဆိုတာ မင်းလည်းသိပါတယ်"





"အင်း"

"ဒါကိုကွာ၊ သူတို့ကိုလက်ထပ်ပါတဲ့၊ ဘယ်လိုလုပ် လက်ထပ်နိုင်မှာလဲ၊ မင်းစဉ်းစားကြည့်"

"အဲဒီထက် ဝမ်းနည်းစရာကောင်းတာကို ပြောလိုက်ပါကွာ၊ ငါတို့ ဘာကြောင့်အသည်းဆတ်ဆတ်ခါအောင် နာလာရတယ်ဆိုတာ"

ဝမ်းနည်းကြေကွဲနေသည့်အသံနှင့် တကယ့်ကို ရင်ထုမနာထိုက် ခံစားပြီး ပြောနေကြတာမို့ နေရောင်ဝါ စိတ်တော့ဝင်စားလာမိသည်။

ထူးမောင်က အခြောက်လိုမဲ့ကာရှုံ့ကာဖြင့်

"ငါတို့သုံးယောက်က အချင်းချင်းယူထားကြတာတဲ့၊ ယောကျ်ားချင်း အချစ်တော်ထားလို့ မိန်းမတွေကို မယူတာတဲ့လေ၊ ငါတို့ကို အပုန်းတွေတဲ့ ဂေးတွေတဲ့ အခြောက်တွေတဲ့"

"ကဲ. . တော်စမ်းပါ။ မျက်နှာကြီးက နှုတ်ခမ်းတလန် ပန်းတလန်နဲ့ ရွံစရာကောင်းလိုက်တာ ထွီ"

"ကြည့်. . . သူသိပ်ဆိုးတာပဲ၊ သူများကိုများ ရွံစရာတဲ့၊ အာဝါးပေးကြည့်စမ်းပါ၊ ဘယ်လောက်ချစ်စရာကောင်းတယ်၊ ဆွဲဆောင်မှုရှိတယ်ဆိုတာ သိသွားမယ်"

"သွားစမ်း"

ပွတ်သီးပွတ်သပ်လာလုပ်ပြသော ထူးမောင် လက်တွေကို ဆွဲရုန်းကာ တွန်းထိုးပစ်ရသည်။ ငိုအားထက် ရယ်အားသန်ပါ။ သူငယ်ချင်းသုံးယောက်က ဒီလိုပဲအမြဲစနောက်ဖြစ်ကြသည်။ အောင်ဖော်က ထူးမောင်ပါးလေးကို ပွတ်သပ်ပြီး. . .

"တို့က အစစ်ကိုမကြိုက်ဘူး။ အတုပဲကြိုက်တယ်၊ ဒီညအတူတူအိပ်ရအောင်နော်"

"ဟွန့်. . . အသည်းယားတယ် လူဆိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . မင်းတို့ အဲလိုအပျော်လွန်နေရင် အသည်းကွဲတာမဟုတ်တော့ဘူး၊ ငါသွားအိပ်တော့မယ်"

"နိုးနိုး . . ငါတို့တမင်စနေတာပါ၊ တကယ် အသည်းကွဲတာပါကွာ၊ မယုံရင် ဒီမှာကြည့်"

အောင်ဖော်က အကျီကိုလှန်ပြသည်။ သူက အောင်ဖော်ဗိုက်ကို ပုတ်လိုက်ကာ

"ဝဲကွက်တွေချည်းပဲ"

"မင်းလျှောင်နေတာလား၊ ရောင်ဝါ . . မင်းတုန်းက ငါတို့နှစ်ယောက် လုံး အားပေးခဲ့တာကို သတိရသင့်ပါတယ်၊ မင်းက မြန်မာပြည် ပြန်ရောက်လို့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာလား"

"အေးလေ . . ဒီကောင် ဘုရားပြီး ငြိမ်းဖျက်၊ စားပြီး နားမလည် ကောင်"

"မဟုတ်ပါဘူးကွာ၊ ငါလည်းမင်းတို့ကို ပျော်စေပျက်စေချင်လို့ စနောက်နေတာပါ၊ မင်းတို့တကယ်ခံစားရတယ်ဆိုရင် ငါအားပေးရမှာ ပေါ့"

ခံစားချင်ယောင်ဆောင်နေကြမှန်းသိလျက်နှင့် ဒီလိုပြောရတာ အောင့်သက်သက်ပင်။ ဘယ်မိန်းကလေးကိုမှ လက်ထပ်ချင်လောက် အောင် အသည်းကွဲခံစားရလောက်အောင် ဒီကောင်တွေ အလေးအနက် မချစ်ကြဘူးဆိုတာ သူသိထားသည်ပဲ။

ထူးမောင်က ရင်ဘတ်ကိုပုတ်၍

"ဒီရင်တွေ နာကျင်နေတယ်၊ အရက်ထပ်သောက်ဦးမယ်ကွာ၊ ငါတို့ကို အမြည်းလုပ်ပေးပါ"

"မြန်မာပြည်ကိုပြန်လာကြတော့ မင်းကောင်မလေးနဲ့ ခွဲရပြီဆိုပြီး မင်းတစ်ညလုံး အရက်တွေသောက်လိုက် အန်လိုက်နဲ့ ငါတို့နှစ်ကောင်



ဒုက္ခတွေ ခံခဲ့ရတာလေ၊ မင်းမှတ်မိတယ် မဟုတ်လား"

"မင်းတို့က ယယ်ကျူးယယ်နာတွေ ဖော်နေကြတာပဲ၊ ငါကမနည်း မေ့နိုင်အောင်ကြိုးစားနေရတာ၊ သူ့ကိုတော့ ငါ့ရင်ထဲ တကယ်ထိခဲ့တယ်"

"ငါတို့သိပါတယ်ကွာ၊ ဘဝအရေးမို့ မင်းထားခဲ့တယ်ဆိုတာ"

"သူကလည်း သူ့အဖေသဘောမတူလို့ဆိုပြီး မြန်မာပြည်ကိုမှ လိုက်မလာတာ၊ ဖူးစာက်မပါလို့ဘဲ ပြောရမှာပေါ့၊ ဖူးစာကပါလာရင် ဘယ်သူတားတား ဘယ်သူဖျက်ဖျက် မရပါဘူး"

"အဲဒါပြောတာပေါ့၊ ဒါကို အေမိနဲ့ ကေသီလှိုင် သဘောမပေါက်ဘူး၊ ငါတို့ကို ယောကျ်ားချင်းပေးစားနေတယ်၊ သူတို့ကိုမယူလို့တဲ့၊ ဝမ်းနည်းတယ်ကွာ"

အောင်ဖော်ရော၊ ထူးမောင်ရော ငိုချင်ယောင်ဆောင်ကြပြန်သည်။ ဒီတစ်ညတော့ ဒီကောင်တွေရူးသမျှ သူပါလိုက်ရူးရတော့မည်ထင်သည်။ တကယ့် အမွှေကောင်တွေပါ။ ဒါပေမဲ့ ဒါကပဲ သူတို့တွေချစ်ခင်ရင်းနှီးမှု ဆိုတော့လည်း . . .။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နောက်တစ်နေ့မှာ နှစ်ကောင်လုံး အိပ်ရာမထကြ။ သူပဲ တစ်အိမ်လုံး သန့်ရှင်းရေးလုပ်ပြီး မနက်စာပြင်ဆင်ပေးထားရသည်။ ဒီကောင်တွေ ဒီလိုအချိုးမျိုးချိုးချင်လို့ ညကတည်းက သူ့ကိုရစ်နေကြတာ သူသိသည်။

သူကလည်း သူငယ်ချင်းတွေကိုချစ်လို့ သိလျက်နှင့် လုပ်ပေးနေခဲ့တာပါ။ ဒါပေမဲ့ ဆိုင်သွားချိန်ထိ မထသေးတာတော့ လွန်လွန်းသွားပြီထင်သည်။

"ဟိတ်ကောင်တွေ ထကြတော့၊ မင်းတို့အရမ်းလွန်နေပြီ"

"အာ..ညကများသွားလို့ ခေါင်းတွေကိုက်လို့ အိပ်ပါရစေဦး"

"မင်းတို့ အသည်းကွဲချင်ယောင်ဆောင်ပြီး အခွင့်အရေးယူနေတာ မသိဘူးများ အောက်မေ့နေလား"

"ဘယ်လိုထင်ထင်ကွာ၊ တကယ်ကိုမထနိုင်သေးလို့ပါ၊ ခွင့်လွှတ်နော် သူငယ်ချင်း"

"ခွင့်မလွှတ်ဘူး ထတော့၊ ထကြတော့ ဆိုင်ဖွင့်ရတော့မယ်"

သူကန်ကျောက်ကာ နှိုးသည်။ ဒီကောင်တွေက စောင်တွေနှင့်လုံးထွေးလျက် ခန်းလုံးပြည့်လိမ့်ကာရှောင်ကြသည်။ နှစ်ယောက်ဆိုတော့ သူဘယ်လိုမှမနိုင်။



"မင်းတို့ ဆယ့်ငါးမိနစ်အတွင်း ထမင်းစားခန်းထဲရောက်မလာရင် ငါလုပ်ထားတဲ့မနက်စာတွေ အကုန်သွန်ပစ်လိုက်မယ် ဒါပဲ"

သူပြောပြီး အိပ်ခန်းထဲက ပြေးထွက်လာခဲ့သည်။ သူ့အကြောင်းကို ဒီကောင်တွေအသိဆုံး။

စိတ်မရှည်ရင် မရှည်သလို လုပ်ထားပြီးသားတွေ သွန်မှောက်ပစ်မှာပင်။ ရေခဲသေတ္တာထဲမှာရှိသော အသားချောင်း၊ အသီးအရွက်နှင့် ခေါက်ဆွဲခြောက်တွေကိုပြုတ်ပြီး ပူပူနွေးနွေးစားလို့ရအောင် ကြော်ထားတာပါ။

ကော်ဖီဖျော်သည့်အချိုးအစားကိုတော့ သူဖျော်တာအကောင်းဆုံးဟု ဒီကောင်တွေ ချီးမွမ်းဖူးသည်။ ဒီကောင်တွေဆိုလျှင်တော့ ရယ်ဒီမိတ်ထုပ်တွေပဲ အလွယ်ဖျော်လိုက်ကြတာပါ။

"ဟာ...မင်းက ဆွဲနေပြီလား၊ ငါတို့ဖို့ရော ကျန်သေးလို့လား"

"မကျန်လို့ကတော့ သေပြီနော်"

ရေမချိုးဘဲ မျက်နှာကမန်းကတန်းသစ်ပြီး ပြေးလာကြဟန်တူသည်။ နှစ်ယောက်သား စားပွဲဝိုင်းမှာထိုင်ပြီး အုပ်ဆောင်းကိုလှန်ကြသည်။

"နည်းနည်းနောက်ကျရင် စားပွဲပေါ်ကဟာတွေရှိတော့မှာ မဟုတ်ဘူး။ မင်းတို့အချိန်မီသားပဲ"

"သူငယ်ချင်းလေးကလည်းကွာ၊ အဟင်း...အရမ်းပင်ပန်းသွားလား"

"မင်းတို့ကောင်တွေ မိန်းကလေးတစ်ယောက်အတွက် အဲလောက်မခံစားဘူးဆိုတာ ငါသိပါတယ်"

"အေး တစ်ခါတလေကျ မိန်းမယူချင်တယ်၊ ပြုစုယုယတာခံချင်လို့၊ ဒါပေမဲ့လည်း အပူအပင်တွေရမလားလို့ ကြောက်လန့်မိပြန်တယ်"

"အေး...အပူအပင်မရှာချင်ရင် မိန်းကလေးတွေနဲ့ လွန်လွန်

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျူးမဖြစ်အောင်တော့ သတိထားကြနော်၊ မှားယွင်း စွန်းထင်းမိရင်တော့ မဖြစ်မနေ တာဝန်ယူရမှာပဲ''

''အဲ..အဲဒါကျတော့ အရက်သောက်စားမထားရင်တော့ ထိန်းနိုင်တာပေါ့ကွာ၊ မူးပြီဆိုရင်တော့ မှားလား မမှားလား ကိုယ့်ကိုယ်ကိုယ် ဘယ်သိတော့မှာလဲ''

''ဒါဆို မသိလောက်အောင်တော့ မသောက်ကြနဲ့တော့ကွာ၊ ငါလည်း ထိန်းမယ်၊ မင်းတို့လည်း ထိန်းကြကွာ''

''အေးပါကွာ''

နေရောင်ဝါ လေးလေးနက်နက်ပြောတော့ အောင်ဇော်နှင့် ထူးမောင် ခေါင်းလေးတွေညိတ်၍နာခံကြသည်။ တစ်ယောက်နှင့်တစ်ယောက် ဒီလိုထိန်းကြမှ အမှားအယွင်းနည်းမှာ မဟုတ်လား။

''ကဲ...ဆိုင်ကို တစ်ခါတည်းလိုက်ရင် ဆယ်မိနစ်ပဲစောင့်မယ်၊ နောက်ကျရင်တော့ ကိုယ့်တက္ကစီဖိုး ကိုယ်ရှင်းပြီးလိုက်ခဲ့ကြ''

''ဟာ...ရောင်ဝါ မင်းမညစ်ပတ်နဲ့နော်၊ လိုက်မယ် လိုက်မယ် တက္ကစီဖိုး အကုန်မခံနိုင်ဘူး''

''ရောင်ဝါ..မင်းယုတ်မာရင် ငါနဲ့တွေ့ပြီမှတ်''

နှစ်ယောက်သား အစားအသောက်တွေကို ပါးစပ်ထဲ အမြန်ပလုတ်ပလောင်းထိုးသွတ်ပြီး ကမန်းကတန်းရေချိုးခန်း ပြေးဝင်ကြတာမို့ ရောင်ဝါ ဟားတိုက်၍ ရယ်မောပစ်လိုက်သည်။ ဒီကောင်တွေကို ဒီလို မခြောက်လှန့်လို့မဖြစ်ပါ။ မဟုတ်လျှင် နောက်နေ့တွေထိ အသည်းကွဲချင်ယောင်ဆောင်ပြီး သူ့ကိုနှိပ်စက်ညှဉ်းပန်းနေကြဦးမှာ မဟုတ်လား။

ဒီလောက် နှစ်တွေအကြာကြီး အတူနေ အတူစား ပေါင်းသင်းလာတာ ဒီကောင်တွေအကြောင်းမသိလျှင် ခံရပြီသာမှတ်..။

✤ ✤ ✤

# အခန်း (၆)

''အူဝဲ ...အူဝဲ''

''ဟာ ....ဘာလဲ''

''လုပ်...လုပ်ပါဦး ဘာ ...ဘာဖြစ်တာလဲ''

ညသန်းခေါင်အချိန် ပျော်တော်ဆက်က သောက်စား သီချင်းဆိုပြီး ပြန်လာကြချိန်မှာ၊ သူတို့တိုက်ခန်းတံခါးပေါက်ရှေ့က ကလေးငိုသံကြောင့် သုံးယောက်သား ခြေလှမ်းတွေတုံ့ရပ်သွားကြသည်။ အကြည့်ချင်းဆုံကာ ရီဝေနေသောမျက်လုံးတွေတောင် ပြူးကျယ်သွား၏။

ကလေးက သူတို့အခန်းပေါက်ရှေ့တည့်တည့်မှာ။ တခြားအခန်းတွေကတော့ ဒီအချိန်ဆို အိပ်မောကျနေလောက်ပြီ။

ဘယ်သူများ ကလေးကို သူတို့အခန်းရှေ့လာချထားတာလဲ။

ကလေးက မွေးကင်းစ ငိုသံမျိုးတော့မဟုတ်။

''ဟာ ...ဒီမှာ စာတစ်စောင်ကွ''

အောင်ဇော်က စပ်စပ်စုစုကလေးကို သွားကိုင်ကြည့်ရင်း စာကိုတွေ့သွားသည်။

''ဖတ်..ဖတ်စမ်း ဘာတွေရေးထားတာလဲ''

''ပေးစမ်းပါကွာ''

www.burmeseclassic.com

www.burmeseclassic.com



ထူးမောင်က စိတ်မရှည်စွာ အောင်ဇော့် လက်ထဲကစာကို ဆွဲယူ၍ ဖတ်လိုက်သည်။

ရှင်နဲ့ရတဲ့ကလေးကို တာဝန်မယူနိုင်၊ ကျွေးမွေးစောင့်ရှောက်နိုင်ခြင်းမရှိလို့ ရှင့်အခန်းရှေ့ကို လာထားရခြင်းဖြစ်ပါတယ်၊ ရှင်လည်း တာဝန်မယူနိုင်ဘူးဆိုရင် ကလေးကိုစွန့်ပစ်ချင်တဲ့နေရာကိုသာ စွန့်ပစ်လိုက်ပါတော့..

ဒါပါပဲ

"ဟာ..စာကတိုတိုလေး၊ အမိပ္ပာယ်က ဘာလဲ၊ ဒါ..ဒါ ဘယ်သူ့ကလေးလဲ၊ ငါ့ကလေးတော့ မဟုတ်ဘူးနော်"

"နာမည်လည်း ရေးမထားဘူး၊ အောင်ဇော်ဆို အောင်ဇော်၊ ရောင်ဝါဆို ရောင်ဝါ နာမည်တော့ တပ်ထားမှပေါ့"

"အောင်မာ ...ငါတို့ဘာလို့ဖြစ်ရမှာလဲ၊ ထူးမောင် မင်းပဲခြေဆော့လက်ဆော့ရှိတာ ဖော့ကောင်၊ မင်းကလေးမို့ အခန်းရှေ့တည့်တည့်လာချထားတာနေမှာပေါ့"

"နေဦး..ငြင်းခုံမနေနဲ့၊ ဒီ..ဒီကလေးကို ခုနကလှေကားအဆင်းမှာ ငါတို့နဲ့ရှောင်ပြီး ဆင်းသွားတဲ့လူလာချသွားတာ မဖြစ်နိုင်ဘူးလား"

"အေး ...သုတ်သုတ်ပြေးဆင်းသွားတာ ဖြစ်နိုင်တယ်ကွ၊ ဒီအချိန်ဆို ဒီတိုက်ခန်းကလူတွေ အပြင်ထွက်တတ်တော့တာမှ မဟုတ်တာ၊ တို့ပြန်လာတိုင်း အမြဲတမ်းတိတ်ဆိတ်နေတာ၊ ဒီနေ့မှ လူတစ်ယောက်ကို တွေ့ရတာ မသင်္ကာစရာပဲ"

"ငါတို့နောက်က လိုက်မေးကြမလား"

"ဟိုက မသိအောင်ခိုးလုပ်တာဆိုရင် အမိခံနေမလား၊ သူအိမ်တောင်ပြန်ရောက်နေလောက်ပြီ"



"အူဝဲ..ဝါး"

"အမယ်လေး"

ကလေးငိုသံကြောင့် သုံးယောက်သားလန့်ပြီး ဖက်လိုက်မိကြသည်။

"ဘယ်လိုလုပ်ကြမှာလဲ၊ အခန်းနားနီးတဲ့လူတွေ နိုးလာရင် ငါတို့ကို တစ်မျိုးထင်ခံနေရဦးမယ်"

"အေး ...ကလေးသူခိုးလို့ အထင်ခံရရင်တော့ တခြားစစ်ဆေးမေးမြန်းခင် အချုပ်ထဲအိပ်ရမှာတော့ သေချာတယ်"

"ရောင်ဝါ ...သော့ဖွင့်...ဖွင့်လေကွာ"

"မြန်မြန်..မြန်မြန်ဝင်ရအောင်"

"ကလေးက ဘယ်လိုလုပ်မှာလဲ"

"ထားခဲ့ပေါ့"

"ဟာ..ထားခဲ့ရင် ကလေးငိုနေလို့ တခြားအခန်းကနိုးလာပြီး ပြဿနာတွေ ရှင်းမနိုင်ဖြစ်သွားလိမ့်မယ်"

"ဒုက္ခပါပဲကွာ"

သူတို့သုံးယောက်လုံး ဘာလုပ်ရမှန်းမသိဖြစ်နေကြသည်။

တကယ်ဖောချွေးတွေ ပြန်လောက်အောင် အကျပ်ရိုက်နေကြတာပါ။ ကလေးက ဘယ်သူ့ကလေးမှန်းလည်းမသိ။ ကလေးအဖေနာမည်ဖော်မထားသလို၊ ပို့တာက ဘယ်သူမှန်းလည်းမသိ။

"အဲ့..အဲ့"

"ဟိတ်ကောင်..မင်း ...မင်းချီလိုက်"

ကလေးက ကျယ်ကျယ်လောင်လောင်မငိုလို့ တော်သေးသည်။ တစ်ချက်လောက်အော်လိုက် ငြိမ်သွားလိုက်။ လက်ထဲမှာလည်း နို့ဘူးနှင့်၊ လာပို့သည့်သူက ကလေးကိုအငတ်မထားတာ၊ သံယောဇဉ်ရှိလို့

www.burmeseclassic.com



တော့ဖြစ်မည်။ ဘယ်သူများလဲ၊ ကလေးအမေက ဘယ်သူများလဲ။ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်နှင့် မကောင်းရာမကောင်းကြောင်း ပတ်သက်ခဲ့သည့်မိန်းကလေးက မွေးထားတာများလား။

ဖြစ်တော့ဖြစ်နိုင်စရာပါ။ သူတို့သုံးယောက်လုံး ကောင်မလေးတော်တော်များများနှင့် တွဲဖူးကြသည်။ တချို့ဆို မှတ်တောင်မမှတ်မိ။ ကာရာအိုကေမှာ၊ ကလပ်မှာ၊ စားသောက်ဆိုင်မှာ။

"ဟူး . . . ကာ. . ကလေးကို ရောင်ဝါ မင်းချီခဲ့"

သူတံခါးဖွင့်ပေးလိုက်သည်နှင့် ဟိုနှစ်ကောင်က အခန်းထဲ အမြန်ပြေးဝင်သွားကြသည်။

"ဒီကောင်တွေတော့ကွာ"

ကလေးကို မချီတတ် မပိုးတတ်ဖြင့် ဖြစ်သလိုပင် သူပွေ့ချီခေါ်လာခဲ့ရသည်။

"ဟေ့ကောင် အောင်ဇော်. . တံခါးပိတ်လိုက်ဦး"

"အေး . . အေးပါ"

သူစိတ်တိုတိုနှင့်အော်လိုက်တော့ အောင်ဇော် တံခါးပြေးပိတ်သည်။ ကလေးက လှူပေါ်မှာချီထားတော့ အသံတောင်မကြားရ။

"ကလေးက အနီးနဲ့ထုတ်ထားတဲ့အရွယ်တော့ မဟုတ်တော့ဘူးကွ၊ ဘယ်နရက်သား ဘယ်နလသားလဲ မသိဘူး"

"မသိဘူးလေ၊ မွေးတဲ့သူပဲ သိမှာပေါ့၊ ကလေးအမေက ကျွေးနိုင်မလားလို့ မွေးတော့မွေးလိုက်တာထင်တယ်၊ နောက်မှ တာဝန်မယူနိုင်တော့ လာပြီးစွန့်ပစ်တာဖြစ်မယ်"

"ဘယ်သူဖြစ်နိုင်မလဲ၊ မင်းနဲ့ပတ်သက်တဲ့ မိန်းကလေးလား ငါနဲ့ပတ်သက်တဲ့သူလား။ ဒီကောင်"

"ငါ. . ငါမဟုတ်ဘူး မင်း"



"မင်းဖြစ်လိမ့်မယ်"

ကိုယ့်အပြစ်လွတ်အောင် တစ်ယောက်နှင့်တစ်ယောက် လက်ညှိုးထိုးနေမိကြသည်။ အရက်တွေက ဖောချွေးတွေအဖြစ်ပြောင်းကာ အငွေ့ပြန်ပြီး အမူးပါပြေသွားကြသည်။

သူတို့တွေ မိန်းမယူရမှာကြောက်၍ ဘယ်သူနှင့်မှတောင် မတွဲဖြစ်ကြတာ ကြာနေပါပြီ၊ သူငယ်ချင်းသုံးယောက် သောက်လိုက်စားလိုက်ဖြင့် တွဲခဲ့သည့်ရည်းစားတွေကို မေ့မေ့ပျောက်ပျောက်ပဲ နေခဲ့ကြသည်။ တွဲလိုက်သည့် မိန်းကလေးတိုင်းက လက်ထပ်ဖို့ပဲပြောနေကြလို့ပင်။

"မင်းချီဦး"

"အင်း"

ရောင်ဝါ လက်ညောင်းလာပြီဖြစ်၍ ထူးမောင် လက်ထဲထိုးထည့်လိုက်သည်။ ထူးမောင်လည်း ကလေးကိုမချီတတ်။

"ငါ. . ငါမချီတတ်ဘူး ဟို ခုတင်ပေါ်တင်ထားလိုက်မယ်"

"ကလေးငိုမှာပေါ့"

"ပါးစပ်မှာ နို့ဘူးတပ်ထားလိုက်မယ်ကွာ"

ထူးမောင်က တကယ်ကိုမချီ၊ အိပ်သည့်ခုတင်ပေါ်တင်ပြီး ကလေးပါးစပ်မှာ နို့ဘူးတပ်ထားလိုက်သည်။ ကလေးက နို့ဘူးကို တပြွတ်ပြွတ်ဖြင့် စို့နေသည်။

"ဟိတ်ကောင် နို့ဘူးကုန်ရင် ကလေးကငိုမှာနော်၊ ဘယ်လိုလုပ်မှာလဲ"

"အိမ်မှာ နို့ဆီနဲ့သကြားရှိတာပဲ၊ ဖျော်တိုက်လိုက်ပေါ့"

"ဖြစ်မလားဟ၊ ကလေးရင်ကျပ်ပြီးသေမှာပေါ့"

"အဲဒါဆို မိုးလင်းပေါက်ဖွင့်တဲ့ စတိုးဆိုင်တွေရှိတယ်၊ အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



နို့မှုန့်သွားဝယ်လိုက်''

''ဒီအချိန်ကြီး''

''ဒီအချိန်ကြီးမသွားလို့ မင်းဘိုးအေငိုရင် အခန်းနားနီးချင်းတွေနဲ့ ကျိုင်တက်လိမ့်မယ်''

''နို့မှုန့် မင်းသွားဝယ်''

''အာ. . . ငါမသွားချင်ဘူး''

''မသွားချင် ကလေးထိန်း''

တစ်ယောက်နှင့်တစ်ယောက် တွန်းထိုးငြင်းခုံရင်းဖြင့် ကလေးဆီအကြည့်ရောက်သွားကြသည်။ ကလေးက နို့စို့ရင်းဖြင့် မိန်းမောနေ၏။

''ရှူး တိုးတိုး။ ကလေးအိပ်တော့မှာထင်တယ်''

သုံးယောက်သား ကလေးအနားက ခွာခဲ့ကြသည်။

''ယောကျ်ားလေးလား၊ မိန်းကလေးလားမသိဘူး။ ရုပ်ကလေးကတော့ ဖါးဖောင်းဖောင်း ဝဝကစ်ကစ်လေးနဲ့ ချစ်စရာလေး''

''ယောကျ်ားလေးလား၊ မိန်းကလေးလားသိအောင် ဘောင်းဘီချွတ်ကြည့်ပါလား၊ ဒီအရွယ်လေးက ရုပ်သေချာခွဲလို့မရဘူး''

''ငါမကြည့်ချင်ပါဘူး။ မင်းကြည့်''

''မကြည့်ချင်ပါဘူး''

''ကြည့်လိုက်ပါ''

ဘယ်သူမှ ကလေးကိုမထိရဲ မကိုင်ရဲကြ။ ရှုံ့တာကြောက်တာမဟုတ်ဘဲ အသည်းယားနေကြခြင်းပင်။ ရောင်ဝါက ဟိုနှစ်ကောင်လက်ကိုဆွဲလိုက်ပြီး. . .

''လာ အတူတူသွားကြည့်မယ်''

အတင်းဆွဲခေါ်၍ အောင်ဇော်နှင့် ထူးမောင်ပါလာကြသည်။ အနီးအပေါ်ယံက ပတ်ထားတာကို တဖြည်းဖြည်းခွာလိုက်ကြ၏။



ယောကျ်ားလေးအကျႌ ဝတ်ထားတာမို့ သုံးယောက်သားအကြည့်ဆုံလျက် ဘောင်းဘီလေးကို ချွတ်ကြည့်လိုက်၏။

''ဟာ. . . ရွှေပန်းလေးနဲ့ကွ၊ ယောကျ်ားလေး ယောကျ်ားလေး''

''တိုးတိုးအော်ပါ၊ ကလေးနိုးသွားပါဦးမယ်''

''အေး. . . နိုးသွားရင် ပြဿနာရှိတယ်''

သုံးယောက်သား ကလေးအနားက ပြန်ခွာလာခဲ့ကြသည်။

''ဘယ်လိုလုပ်မလဲ၊ ငါတို့သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ ငြိစွန်းမှားယွင်းလို့ရလာတဲ့ကလေးတော့ သေချာနေပြီ။ မဟုတ်ချင် ဘယ်မိန်းကလေးက ကိုယ့်ကလေးကို လာစွန့်ပစ်မှာလဲ၊ ဖအေဆိုပြီး စိတ်ချလက်ချလာထားသွားတာပဲဖြစ်မယ်''

''ငါတော့ မဟုတ်ဘူးနော်''

''ငါလည်း မဟုတ်ဘူး''

''မင်းတို့ အဲ့လိုငြင်းနေတော့မှာလား၊ မင်းတို့ဘယ်သူနဲ့မှ မမှားသူ့လို့ ကိုယ့်ကိုယ်ကိုယ် အာမခံနိုင်ကြသလား''

''ဒါကတော့ အမူးလွန်နေတဲ့အချိန်တွေတော့ ဘယ်ပြောနိုင်သလဲ၊ ဒီကိစ္စမျိုးမှာ ငွေကြေးနဲ့ဖြစ်ဖြစ် အပျော်နဲ့ဖြစ်ဖြစ်၊ ယောကျ်ားပိုင်း ကင်းချင်မှကင်းမှာပေါ့''

''အေး. . . . အဲဒါဆို တာဝန်မဲ့လို့တော့မဖြစ်ဘူး၊ မိန်းကလေးသလည်း ဒီကလေးကို သူလိုချင်လို့ ယူလိုက်တာဆိုရင် မဖြစ်မနေတာနဲ့ယူမှာပဲ၊ အခုက သူလည်းမလိုချင်ဘဲ ရလာတဲ့ပုံပဲ၊ အခုငါတို့ လတ်သလောတွဲနေတဲ့ ကေသီလှိုင်၊ အေမီ၊ မိုးစန္ဒာ၊ သူတို့ရောဖြစ်နိုင်လား''

''ဟာ. . . သူတို့နဲ့ လမ်းခွဲတာ ဘယ်လောက်ကြာသေးလို့လဲ''

''သူတို့က ငါတို့နဲ့လက်ထပ်ဖို့ ပြောတယ်လေကွာ၊ ကိုယ်ဝန်ရှိလို့ လက်ထပ်ဖို့ပြောတာလားမှ မသိတာ''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း ဒီအရွယ်ကလေးတော့ တန်းခနဲထွက်မလာနိုင်ပါဘူး။ အခုဒီကလေးက တစ်လခွဲနှစ်လသားအရွယ်လောက်ရှိနေပြီ"

သုံးယောက်သား စဉ်းစားရခက်လျက် ခေါင်းကုတ်မိကြသည်။

"ရောင်ဝါ. . . မင်းနိုင်ငံခြားကနေ အသည်းကွဲပြန်လာတုန်းက ငါတို့မိတ်ဆက်ပေးတဲ့ ဖြူဖြူဝေနဲ့ရော မင်းမှားယွင်းမိသေးလား"

"အဲဒီအချိန်က ငါလည်းအရက်တွေလိုမ့်သောက်နေတော့ မှားလား၊ မမှားလား ဘယ်သိမှာလဲကွာ၊ မိန်းကလေးတစ်ယောက်အပေါ်နစ်နာလိုစိတ်မရှိပေမယ့် အမှားကိုအားပေးတဲ့အရက်ကို သောက်ထားတဲ့အချိန်မှာတော့ အသိစိတ်လွတ်ချင် လွတ်တတ်တာပဲ၊ ဒါပေမဲ့ ငါ့ကိုလွှဲချဖို့ မကြိုးစားကြနဲ့လေကွာ၊ မင်းတို့လည်း လွတ်လွတ်ကင်းကင်းရှိချင်မှရှိမှာ၊ အဲဒီတော့ ကိုယ်တွဲခဲ့တဲ့မိန်းကလေးတွေကို ကိုယ်မေးကြည့်ကြဦးပေါ့"

"အင်း. . . ငါတို့က ယောကျ်ားကောင်းတွေဖြစ်တဲ့အတွက် ကိုယ်မှားခဲ့တာဆိုရင်တော့ တာဝန်မမှဲ့ပါဘူး"

"ကဲ. . . အဲဒါထက် အခုအရေးကြီးတာက ကလေးနို့မှုန့်ပဲ၊ ဒီကောင်သူ့ပါးစပ်ထဲကဟာကုန်ရင် အော်လိမ့်မယ်၊ ရောင်ဝါ မင်းပဲကားယူပြီး သွားဝယ်တော့ကွာ"

"အေးပါ"

ရောင်ဝါ မငြင်းတော့။ ငြင်းခုံနေလို့လည်း ဒီကိစ္စပြီးမှာမှ မဟုတ်တာ။ အနှောင်အဖွဲ့အတွယ်အတာ အပူအပင်တွေကြောက်ပါသည်ဆိုမှ အိမ်ကိုဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာသေးသည်။ ထိုအပူကို ဘယ်လိုရှင်းထုတ်ရမှန်းလည်း မသိစွာဖြင့် . . .။

✤ ✤ ✤

## အခန်း (၇)

"အဲ့ . . . အဲ့"

"ဟိတ်ကောင် ကလေးငိုနေပြီ၊ နို့မြန်မြန်ဖျော်ပါဟ၊ စတိုးဆိုင်က ဘယ်လိုဖျော်ရမယ်ဆိုတာ ပြောလိုက်တယ်ဆို"

"လုပ်တော့လုပ်နေတာပဲဟ. . .၊ ရေနွေးကပူနေသေးတယ်၊ ကလေးအာခေါင်ပူသွားမှာပေါ့"

"ဒီကောင်ရှူးရှူးတွေ ပေါက်ထားတယ်ကွ၊ ဘောင်းဘီလဲရဦးမယ်"

"ငါသေးခံဝယ်လာတယ်၊ အဲဒါနဲ့လုပ်"

"ဘယ်လိုလုပ်ရမှာလဲ၊ ငါမလုပ်တတ်ဘူး"

"အဲ့ . . . အဲ့"

သူတို့တစ်ယောက်တစ်ပေါက် ကယောင်ကတမ်း ငြင်းခုံနေတာနှင့် ကလေးက အော်ငိုလေသည်။ ကလေးကို ထိဖို့တို့ဖို့ အခုထိမဝံ့ရဲကြသေးပါ။

ကလေးကို တို့လိုက်ထိလိုက်လို့ ကလေးအဖေအထင်ခံရမှာ၊ ဆောက်ာဖြစ်ခံရမှာလည်း စိုးရိမ်နေကြသည်။

"ရောင်ဝါ. . . ကလေးငိုနေတယ်၊ ချော့လိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ငါနို့ဖျော်နေတယ် မင်းချော့ပါလား"

"ထူးမောင် မင်းချီလိုက်၊ ကလေးငိုတာ ဟိုဘက်အခန်းတွေက ကြားသွားဦးမယ်"

"မကြားစေချင် မင်းချီပါလား"

"မင်းတို့ကကွာ၊ တစ်ခုခုဆို ငြင်းခုံနေကြတာပဲ၊ ဒီကလေး မင်းတို့သားဖြစ်နိုင်သလို၊ ငါ့သားလည်း ဖြစ်နိုင်တယ်၊ တာဝန်မမဲ့ကြပါ ကွာ၊ ကိုယ့်သွေးသားမဟုတ်လည်း ကလေးတစ်ယောက် အသက်ကယ် ကောင်းပါတယ်၊ ထူးမောင်နဲ့ အောင်ဇော် ကလေးကို တစ်ယောက်တ လှည့်ချီ"

နေရောင်ဝါ ခပ်မာမာပြောလိုက်တော့ ကလေးအနား အောင် ဇော်နှင့် ထူးမောင် ရောက်သွားကြသည်။ ပြောင်ချော်ချော် ထူးမောင်က ကလေးကိုလျှာထုတ်ပြတော့ ကလေးက ပြန်ရယ်ပြ၏။

"ဟာ ... ကလေးက ထူးမောင်ကိုရယ်ပြတယ်၊ အငိုလည် တိတ်သွားပြီ၊ ဒီကောင့်ကလေးဖြစ်မယ်၊ သွေးစကားပြောတယ်ကွ"

"အား... မဟုတ်ပါဘူး၊ မင်းလည်း မြူကြည့်ပါလား၊ ကလေး တာ မြူတဲ့သူကို ရယ်ပြမှာပဲကွ"

"ဟုတ်လား ... အေး ... ကလေးရေ ... သားသားရေ"

အောင်ဇော် ကိုးရိုးကားယားလုပ်ပြတော့လည်း ကလေး သဘောကျနေသည်။

"အောင်ဇော့်ကလေး ... အောင်ဇော့်ကလေး၊ အောင်ဇော့် ရယ်ပြနေတယ်၊ ရုပ်ကလည်း အောင်ဇော်နဲ့ ဆင်သလိုလိုပဲ"

"ဟိတ်ကောင် ထူးမောင်၊ ဘာတွေလျှောက်ပြောနေတာလဲ ငါ့ကလေးလုံးဝမဟုတ်ဘူး၊ ငါနဲ့လည်း ဘယ်နေရာမှမတူဘူး"

"တစ်ခုတော့တူတယ်လုပ်လိုက်"



"ဘာလဲ"

"ရွှေပန်း"

"မင်းအမေ"

"ဟိတ်ကောင်တွေ"

ငိုအားထက် ရယ်အားသန်ပါ။ ရယ်လိုက် စလိုက် ငြင်းခုံလိုက် ဖြင့် ဆိုင်ဖွင့်ဖို့အချိန်ကျော်နေတာတောင် သတိမရကြ။ မနက်စာလည်း ဘယ်သူမှမစားကြရသေးပါ။ မိုက်ထဲက တဂွီဂွီဆန္ဒပြလာသော ထူးမောင် က

"ဒီနေ့မနက်စာ ဘယ်သူ့အလှည့်လဲ၊ မိုက်ထဲက သံစုံတွေ တောင်မြည်နေပြီ"

"မင်းမြည်သလို ငါတို့လည်းမြည်နေတာပဲ၊ ဒါပေမဲ့ ကလေးနဲ့ အလုပ်ရှုပ်နေတာ၊ စားဖို့သောက်ဖို့ ဘယ်လိုလုပ်လုပ်နိုင်မှာလဲ၊ စားမယ် ဆို အားလုံးအတွက် မင်းအပြင်ထွက်ဝယ်လိုက်တော့"

"ဆိုင် ... ဆိုင်သွားဖို့ ဘယ်လိုလုပ်မှာလဲ၊ ရောင်ဝါ ... မင်း ကလေးနဲ့ အိမ်မှာနေခဲ့လိုက်၊ ငါတို့ဆိုင်သွားဖွင့်လိုက်မယ်"

"အောင်မာ ငါ့တစ်ယောက်တည်း ကလေးနဲ့ဘယ်လိုနေရမှာ လဲ၊ မနေပါဘူး၊ မင်းတို့နှစ်ယောက်နေချင်နေ၊ ငါတစ်ယောက်တည်း ဆိုင်သွားဖွင့်လိုက်မယ်"

"ဟာ ... ဆိုင်ကမင်းတစ်ယောက်တည်း ဘယ်လိုလုပ်ဖြစ်မှာ လဲ၊ ငါတို့နှစ်ယောက်လည်း ကလေးနဲ့မဖြစ်ဘူး"

"အဲဒါဆို ဘယ်လိုလုပ်မှာလဲ၊ ကလေးကို ဆိုင်ခေါ်သွားမှာ လား"

"ကလေးကို ဆိုင်ခေါ်လို့လည်း ဘယ်ဖြစ်မှာလဲကွာ၊ အားလုံးက ငါတို့ကို လူပျိုတွေလို့ပဲ သိထားတာ၊ ဒီကလေးကို ဘယ်ကပြန်ဖပေးဆွဲ

www.burmeseclassic.com

www.burmeseclassic.com



လာတာတုန်းနဲ့ ရှိမှာပေါ့၊ ငါတို့ကရော ကလေးကိုချိုးပိုးပြီး ဈေးရောင်းရမှာလား''

''ဒုက္ခပါပဲကွာ၊ ဒီကလေးက ဘယ်လိုများပေါ်လာရတာလဲ၊ ငါတို့နဲ့မသက်ဆိုင်ဘူးဆိုပြီး မိဘမဲ့ဂေဟာကို သွားပို့ကြမလား''

''ဟာ ... အောင်ဇော် မင်းဘယ်လိုပြောလိုက်တာလဲ''

''ဟုတ်သားပဲ အောင်ဇော်၊ ကလေးက ငါတို့နဲ့မသက်ဆိုင်ဘဲ ငါတို့ဆီကို ဘယ်လိုလုပ်ရောက်လာမှာလဲ''

အောင်ဇော့်အကြံဉာဏ်ကို နေရောင်ဝါရော ထူးမောင်ရော လက်မခံကြ။ အောင်ဇော်လည်း ပြောချင်လို့ပြောလိုက်တာတော့ မဟုတ်ပေ။ ဒီလောက်ခက်ခဲပင်ပန်းနေတာမို့ စိတ်ပျက်စိတ်ကုန်ပြီး ပြောလိုက်တာပါ။

''ငါကလေးကို အဲဒီလိုလုပ်ချင်လို့တော့ မဟုတ်ပါဘူးကွာ၊ ကိုယ်များလား၊ မများလား၊ မသေချာတာကို တာဝန်မဲ့ချင်လို့လည်း မဟုတ်ပါဘူး၊ ဒီကလေးရှိနေလို့ ငါတို့အတွက်မဖြစ်ဘူးလေ၊ ပတ်ဝန်းကျင်က ဘယ်လိုဝေဖန်မလဲ၊ ဘယ်လိုထင်ကြမလဲ''

''အဲဒါတွေကို ကြောက်တတ်ရင် အစကတည်းက ဘယ်လိုအမှားမျိုးမှ မလုပ်မိအောင်နေခဲ့ကြရမှာပေါ့၊ ငါတို့က ဘယ်လောက်ကောင်းတဲ့ ကောင်တွေမို့ ပတ်ဝန်းကျင်ဝေဖန်မှုကို ကြောက်နေရမှာလဲ၊ ငါတို့မှာရှက်ရွံ့သိမ်ငယ်ရလောက်အောင် အသိုက်အဝန်းကောင်းလည်း မရှိပါဘူး''

''ဒါဆို ဒီကလေးကို မွေးမှာလား''

အောင်ဇော်ရဲ့ ခပ်တည်တည်အမေးကို နေရောင်ဝါနှင့် ထူးမောင် တန်းခနဲမဖြေနိုင်။ သွေးသားဖြစ်နေလျှင်ဆိုသောအတွေးနှင့် ပစ်စလက်ခတ် ဥပေက္ခာလည်း မပြုရက်ပြန်။

မဖြစ်ဘူးဆိုတိုင်း စွန့်ပစ်ရလောက်အောင်လည်း သူတို့အသည်း



နှလုံးများက မရက်စက်နိုင်ပြန်ပါ။

''တစ်ခုခုတော့ စဉ်းစားရမယ်၊ ကလေးအမေ ဘယ်သူလဲ၊ ဘယ်သူ့ကလေးလဲ တိတိကျကျသိရအောင် အရင်စုံစမ်းရမယ် လေ့လာရမယ်''

''ဒီအတွေးကတော့ ငါတို့မှာလည်း ရှိပြီးသားပါ၊ ဒီအတောအတွင်း ကလေးကိုဘယ်လိုလုပ်မလဲ၊ ထိန်းမလဲ၊ ဘယ်လိုစီမံမလဲ အဲဒါက အရေးကြီးနေတာ''

''ငါတို့ကလေးထိန်း နို့ထိန်းငှားမှဖြစ်မယ်ထင်တယ်၊ တို့တွေက ကလေးတစ်ဖက်နဲ့ ဘာမှလည်းလုပ်နိုင်မှာမဟုတ်ဘူး''

''ဘယ်လိုလူမျိုးကို ငှားမလဲ၊ အသက်ကြီးတဲ့မိန်းမကြီးဆိုလည်း ကလေးထိန်းနိုင်းဖို့မလွယ်၊ ငယ်တဲ့သူကလည်း ကလေးထိန်းတတ်မှာ မြုစုတတ်မှာမဟုတ်ဘူး။ တို့လိုအရွယ်ဆိုလည်း ငါတို့ယောကျ်ားသုံးယောက်နဲ့မဖြစ်ဘူး။ လုံးဝမဖြစ်ဘူး''

''ဒါဆိုမိန်းမဆန်တဲ့ ဂေးတစ်ယောက်သာ ငှားလိုက်ကွာ၊ အဲဒါမှ အန္တရာယ်ကင်းမှာ''

နေရောင်ဝါအကြံပေးမှုကို ကျန်သည့်နှစ်ယောက် ထောက်ခံသလို ခေါင်းညိတ်ကြသည်။

''ဟုတ်တယ်၊ အဲဒါက အန္တရာယ်ကင်းပြီး အပြစ်လွတ်မယ်ထင်တယ်၊ စိတ်လည်း စိတ်ချရမယ်၊ ဂေးတွေက မိန်းမစစ်စစ်တွေထက် ကြင်နာတတ်တယ်ကွ''

''အလုပ်သမား အကျိုးဆောင်ကုမ္ပဏီတွေ၊ ပွဲစားတွေက တစ်ဆင့်ရှာရင်တော့ ငါတို့လိုချင်တဲ့ပုံစံရမှာပါ''

''အေး ... မရခင်တော့ ဒုက္ခခံရမှာပေါ့ကွာ၊ ငါတို့နဲ့ကံပါလာလို့ ဒီကလေးက ရောက်လာတာပဲ၊ ဘယ်သူနဲ့ ပတ်သက်မှန်းမသိပေ

www.burmeseclassic.com



မယ့် ငါတို့ရဲ့သွေးသားဖြစ်နေတဲ့အတွက် စွန့်ပစ်လို့တော့မဖြစ်ဘူး။ ငါတို့ တာဝန်မဲ့ရာရောက်မယ်၊ ယောကျ်ားကွ ကိုယ့်ကြောင့်မှားတယ်ဆိုရင် ကိုယ်တာဝန်ယူရဲမှ ယောကျ်ား။ တာဝန်မယူရင် လူကိုမဟုတ်တော့ဘူး"

ထူးမောင် ကြီးကြီးကျယ်ကျယ်တွေပြောတော့ အောင်ဇော်နာခေါင်းရှုံ့သည်။

"မင်းကလေး . . ခွေးပါးစပ်က နတ်စကားထွက်သလိုပဲ၊ တန်ရာတန်ရာ မပြောဘူး၊ တကယ် မင်းလူပီသချင်တယ်၊ ယောကျ်ားပီပီသသ တာဝန်ယူချင်တယ်ဆိုရင် မင်းဒီကလေးကို မင်းသားအဖြစ်လက်ခံပြီး တာဝန်ယူလေ"

"ဟ . . ငါက သဘောပြောတာ၊ ငါက ဒီကလေးသာ ငါ့သားတကယ်ဖြစ်ခဲ့မယ်ဆိုရင် ငါတကယ်တာဝန်ယူမှာပေါ့ကွ၊ အခုက . ."

"မဟုတ်တောင် ဟုတ်တယ်လို့သဘောထားပြီး ငါတို့လူပီသအောင် နေကြည့်ကြတာပေါ့ကွာ"

သူငယ်ချင်းသုံးယောက် တည်ငြိမ်မှုတွေနှင့် ရင့်ကျက်လာသယောင်ထင်ရသည်။ ကလေးငိုသံဟာ သူတို့အတွက်တော့ ဆည်းလည်းသံအလား . . .။

✤ ✤ ✤

# အခန်း (၈)

"ဘာ . . . ဘာပြောတယ်၊ နင်ငါ့ကို ဘယ်လိုမိန်းမစားများအောက်မေ့နေလဲ၊ ငါက နင်နဲ့ရတဲ့ကိုယ်ဝန်မရှိဘဲနဲ့ ရှိတယ်လို့ပြောရမှာလား"

"ဟာ . . . မဟုတ်ပါဘူး။ ငါနင့်အပေါ် မှားခဲ့ဖူးသလား၊ အခွင့်အရေးယူခဲ့ဖူးသလား။ အဲဒါဆိုရင် ငါတာဝန်ယူချင်လို့ပါ"

"အောင်မာ . . နင်အဲလိုလုပ်ပြီး ငါ့ကိုထားခဲ့ကြည့်ပါလား၊ ပါးရှစ်စိတ်ကွဲအောင်ရိုက်ပစ်တယ်၊ ဟွန်း . . လူကိုများ ဘာများအောက်မေ့နေလဲမသိဘူး။ အရူးကောင် အခုမှလာပြီး အကဲပိုပြနေတယ်၊ ငါက နောက်လထဲမှာ လက်ထပ်တော့မှာဟဲ့၊ ဖယားလာမရှုပ်နဲ့ ငကြောင်ကောင်ရဲ့"

"အဲဗျာ"

ခြေတဆောင့်ဆောင့် ပြောထွက်သွားလိုက်တာများ။ ပါးရိုက်မသွားတာဘဲ ကံကောင်း။ သူငယ်ချင်းသုံးယောက်တိုင်ပင်ပြီး ရည်းစားဟောင်းတွေကို ကိုယ်နဲ့မှားခဲ့ဖူးသလား လိုက်မေးနေတာပါ။ မှားခဲ့ဖူးမှ ဒီကလေးရတာ သေချာတာမို့ တာဝန်ယူဖို့အတွက်ပါ။

ဒါကို သူမတို့ကပဲ ကျေးဇူးမတင်သည့်အပြင် ရန်တွေ့သွားကြသေးသည်။ ထူးမောင်ရော အဲလိုပဲရန်တွေ့ခံနေရလေသလား။

www.burmeseclassic.com

www.burmeseclassic.com



ရောင်ဝါကတော့ မနက်ပိုင်းစုံစမ်းပြီး အိမ်မှာအလှည့်ကျ ကလေးထိန်းနေသည်။ ထူးမောင်အခြေအနေသိရအောင် ဖုန်းလှမ်းဆက်လိုက်၏။

"ဟယ်လို. . . ထူးမောင် မင်းအခြေအနေရော"

"အဟင့်ဟင့်"

"ဟာ. . . မင်းဘာဖြစ်တာလဲ ငိုနေတာလား။ မင်းကလေးအမေကို ရှာတွေ့သွားပြီပေါ့။ မကျေနိုင်လို့ တာဝန်မယူတာတဲ့လား။ တစ်ခါတည်းခေါ်ခဲ့လေကွာ၊ လက်ထပ်လိုက်၊ ကလေးဆိုတာ မိခင်နဲ့အတူနေရမှဖြစ်မှာ၊ ငါတို့လည်းဝိုင်းပြီး စောင့်ရှောက်ထောက်ပံ့မှာပေါ့၊ လက်တွဲပြီးသာခေါ်ခဲ့ပါ"

"ဟိတ်ကောင်"

"ဘာလဲဟ"

ထူးမောင်ဖုန်းထဲကနေ အော်လိုက်တာ အောင်ဖော်နားအူပြီး နားတောင်ပိတ်လိုက်ရသည်။ ထူးမောင်က အံကြိတ်သံဖြင့်

"ငါဘာဖြစ်နေလဲ အရင်မမေးဘူး။ ထင်ရာလျှောက်ပြောနေတယ်"

"ဩော်. . . အဲလိုမဟုတ်ဘူးလား။ မင်းငိုနေတော့ ကလေးအမေတွေ့ပြီး ဝမ်းသာအားရငိုလိုက်တယ် ထင်လို့ပါ"

"မင်းနှမရလို့ ဝမ်းသာအားရငိုရမှာလား။ ဒီမှာအရင်ရည်းစားဟောင်းနဲ့ သွားတွေ့တာ"

"အေးလေ. . . ငါလည်းတစ်ယောက်ပြီးတစ်ယောက် ဖုန်းနဲ့ချိန်းပြီး မေးကြည့်နေတာပဲ"

"အေး. . . အဲ့လိုမေးကြည့်တာ ငါအထိုးခံနေရတယ်"

"ဟင်. . . ဘာ. . . ဘာဖြစ်လို့လဲ"

"ငါချိန်းလိုက်တော့ သူကအဟုတ်မှတ်ပြီး လာတာကွ၊ သူက



လက်ထပ်တော့မှာဆိုတော့ သူ့သတို့သားလောင်းနဲ့ မင်္ဂလာဆောင်ဖိတ်စာဖိတ်မယ်ဆိုပြီးလာတာ၊ ငါကအဲဒါကို မသိဘဲ ငါနဲ့မှားခဲ့ဖူးလား။ ငြိစွန်းခဲ့ဖူးလားနဲ့မေးတော့ ပြဿနာတက်တော့တာပေါ့။ ငါ့ကိုပါးရိုက်တယ်၊ သူ့ကောင်ကလည်း ငါ့ကိုထိုးတယ်"

"နည်းသေးတယ်"

"ဘာ"

"မင်းက အလိုက်ကန်းဆိုးမှ မသိတာကွ၊ ကိုယ်နဲ့ကွဲခဲ့တာကကြာလှပြီ၊ သူ့မှာနောက်ရည်းစားရှိနိုင်တာ၊ လက်ထပ်ထားတဲ့သူရှိနိုင်တာနည်းနည်းပါးပါးစုံစမ်းဦးမှပေါ့"

"ငါကထားပါတော့၊ မင်းရောအဆင်ပြေလား။ ကလေးအမေတွေ့ပြီလား"

"ငါလည်း ပါးမရိုက်ခံရတာကံကောင်း။ သူ့ကိုအဲလိုမေးလို့တဲ့၊ ဘယ်လိုမိန်းမစားမှတ်လဲဆိုပြီး ရန်တွေ့ခံရတယ်"

ထူးမောင်ဘက်က လှောင်ရယ်သံ ကြားလိုက်ရသည်။

"မင်းက ဘာရယ်တာလဲ"

"ဟား ဟား ငါ့ကိုကျပြောပြီး မင်းကရော ဘာထူးလို့လဲ"

"ငါက မင်းလိုဒဏ်ရာမရသေးဘူးကွ၊ ကဲပါ ငါတို့ဘာဆက်လုပ်ကြမလဲ၊ ငါတော့တစ်ခုစဉ်းစားထားတာရှိတယ်"

"ဘာလဲပြောပါဦး"

"ငါတို့အခုတွဲနေတဲ့ အေမီတို့ ကေသီလှိုင်တို့ကို လက်ထပ်မယ်လို့ပြောပြီး စည်းရုံးကြည့်ကြမလား။ သူတို့က ငါတို့ကိုအရမ်းလက်ထပ်ချင်နေကြတာလေ"

"ဘယ်လိုပုံစံမျိုးနဲ့ ပြောမှာလဲ"

"ငါတို့မှာ ကလေးတစ်ယောက်ရှိတယ်၊ ထိန်းကျောင်းပေးဖို့

www.burmeseclassic.com

www.burmeseclassic.com



ဘာညာပေါ့ကွာ၊ ငါတို့ကို ယောကျ်ားချင်းရနေတဲ့ ကိုယ့်ပုန်းတွေမို့ မိန်းကလေးတွေကို လက်မထပ်ချင်တာလို့ထင်နေတာ၊ ငါတို့ယောကျ်ားဘယ်လောက်ပီသတယ်၊ ကလေးတောင်ရနေပြီဆိုတာ ပြရာလည်း ရောက်တာပေါ့"

"အေး . . မင်းအကြံမဆိုးဘူး။ ငါတို့ကို သူတို့တကယ်မချစ်လား၊ ချစ်လားသိရတာပေါ့၊ အခု ဖုန်းဆက်ချိန်းကြည့်ကြမလား"

"လုပ်လေ . . . နောက်နေ့တွေဆို အပြင်ခဏခဏထွက်လို့မကောင်းဘူး။ ဆိုင်ကတစ်ဖက် ကလေးကတစ်ဖက်နဲ့"

"အေး . . အိုကေ . . ငါဖုန်းချလိုက်ပြီ"

ထူးမောင် ဖုန်းဝိတ်လိုက်ပြီး မျက်နှာပေါ်က ဒဏ်ရာတွေအတွက် ကိုယ့်ဘာသာ ပလာစတာဝယ်ကပ် ဆေးလိမ်းလုပ်ပြီး ကေသီလှိုင်ဆီ ဖုန်းခေါ်လိုက်သည်။ ဟိုဘက်က ဖုန်းကိုင်လိုက်၍ အရမ်းနာကြည်းမနေသေးဘူးဆိုတာ သိသာနေသည်။

"ကေသီကိုယ်ပါ၊ မင်းကိုမမေ့နိုင်ဘူး။ အရမ်းသတိရနေလို့ ဖုန်းဆက်လိုက်တာပါ"

"သွားပါအပိုတွေ၊ ကေသီကိုပစ်တုန်းက ပစ်ထားပြီးတော့"

"အဲဒီအတွက် ကိုယ်တောင်းပန်ပါတယ် ကေသီရယ်၊ အခုကိုယ်တို့တွေ့ကြရအောင်၊ ကန်တော်ကြီးထဲက ကိုယ်တို့တွေ့နေကျဆိုင်မှာ ကိုယ်စောင့်နေမယ်"

"အင်း . . . ကေသီအခု ထွက်လာခဲ့မယ်၊ ဒါပဲနော် ဒီကလွမ်းလို့လာတွေ့မှာ"

"ကိုယ်လည်း အရမ်းလွမ်းနေတာ အာဘွား"

ဖုန်းနှင့်နာခေါင်းထိတွေ့လိုက်ချိန်မှာ စောစောကရထားသည့်ဒဏ်ရာကြောင့် ထူးမောင်နာကျင်စွာရှုံ့မဲ့သွားရသည်။ ပါးရိုက်ခံရတာရော၊ လက်သီးနှင့် အထိုးခံရတာရောကြောင့် မျက်နှာတစ်ခုလုံး နီရဲ



ရောင်ကိုင်းနေလို့ပါ။

နာရီဝက်လောက်အကြာမှာတော့ ကေသီလှိုင် ပြုံးရွှင်ချိုမြနေသောမျက်နှာနှင့် ရောက်လာသည်။ ထူးမောင် အချစ်ရည်ရွှန်းလက်နေသော မျက်ဝန်းများဖြင့် ကြိုဆိုလိုက်၏။

ကေသီလှိုင်က ထူးမောင်မျက်နှာကိုကြည့်ပြီး အံ့သြသွားဟန်ဖြင့် . .

"ဟင် . . ကိုထူး မျက်နှာက ဘာဖြစ်တာလဲ၊ ဘယ်သူထိုးကြိတ်သွားတာလဲ"

"သြော် . . ဒီလိုပါ၊ ကိုယ်က ကေသီနဲ့ခွဲနေရတော့ စိတ်ညစ်ညစ်နဲ့ အရက်တွေ အလွန်အကျွံသောက်မိတယ်၊ အဲ . . အဲဒါ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲလဲလို့ပါ"

"ဟုတ်လို့လား၊ ဒဏ်ရာက လဲကျတဲ့ပုံစံမျိုးမဟုတ်ဘူး၊ အထိုးအကြိတ်အရိုက်ခံရတဲ့ပုံစံမျိုး"

"ကဲပါ . . ကိုယ့်ဒဏ်ရာအတွက် စိတ်မကောင်းမဖြစ်ပါနဲ့၊ ကိုယ်တို့ အနာဂတ်ရေးရေးလေး တိုင်ပင်ရအောင်၊ သြော် . . . ကေသီဘာစားဘာသောက်ဦးမလဲ"

"ကေသီ ထောပတ်သီးဖျော်ရည်လေးပဲ သောက်တော့မယ်၊ အိမ်မှာနေ့လယ်စာ စားလာခဲ့လို့"

"အိုကေ . . ကိုယ်မှာပေးမယ်နော်၊ ညီလေးရေ ထောပတ်သီးဖျော်ရည်လေး တစ်ခွက်ပေးပါကွာ၊ ကိုယ့်အတွက်က ကော်ဖီခါးခါးလေး"

ဝိတ်တာလေးကိုမှာပြီး ကေသီလှိုင်လက်ကလေးကို ဆုပ်ကိုင်ချစ်ညှစ်လိုက်သည်။

"ကေသီ ကိုယ့်ကိုဘယ်လောက်လွမ်းလဲဟင်"

"အများကြီးလွမ်းတာပေါ့ ကိုထူးရယ်၊ ကိုထူးက ပစ်ပစ်ခါခါ

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ကေသီအရမ်းစိတ်မကောင်းဖြစ်နေတာ၊ ကေသီက လက်ထပ်ဖို့ ဘာအရည်အချင်းမှမရှိတဲ့ မိန်းကလေးဖြစ်နေလား။ ဘာအပြစ်အနာအဆာတွေများ ရှိနေလို့လဲပေါ့''

''အဟင်း… ကိုယ်ကလက်ထပ်ဖို့ စောနေသေးသလားလို့ပါ၊ တကယ်တော့ နောက်တောင်ကျနေပြီ ထင်တယ်နော်၊ ဩော် ထောပတ်သီးဖျော်ရည်ရောက်လာပြီ သောက်လိုက်ပါဦး''

ဝိတ်တာလေးလာချပေးသောဖျော်ရည်ကို ကေသီလှိုင့်ရှေ့တိုးလိုက်သော်လည်း ကေသီလှိုင်က ခေါင်းယမ်းလျက်၊ မျှော်လင့်တောင့်တနေသည့် မျက်ဝန်းနက်များဖြင့်ကြည့်ပြီး…

''ဒါကအရေးမကြီးပါဘူး။ ကိုထူး ဘာပြောမှာလဲဆက်ပြောပါ''

''ဩော်… ကိုယ်တို့လက်ထပ်ကြမလားလို့လေ''

''ဟင်… ကိုထူး တကယ်ပြောတာလား''

''တကယ်ပေါ့ ကေသီရဲ့… ဒါပေမဲ့''

''ဘာ… ဒါပေမဲ့လဲ''

''ဟိုလေ''

''ပြောပါ၊ ကိုထူးက ဘာတွေပြောချင်တာလဲ၊ ကေသီ့ကိုအားနာသလို လုပ်မနေပါနဲ့''

ပြောဖို့က ခက်နေသည်။ လက်ခံလျှင် မဆိုးပေမယ့် လက်မခံဆိုလျှင် ဖြစ်လာနိုင်သည့်ပြဿနာကို မတွေးရဲပေ။

''ကိုထူး''

''ဟို …ကိုယ့်မှာကလေးတစ်ယောက်ရှိနေမယ်ဆိုရင်''

''ဘာ''

''က… ကလေးတစ်ယောက်ရှိရင်ရော ကိုယ့်ကိုလက်ထပ်နိုင်မှာလားလို့ သိချင်တာပါ''



''ကလေး …ရှင့်မှာ ကလေးရှိတယ်၊ ဒါဆို''

''ဟို …မိန်း …မိန်းမတော့မရှိပါဘူး၊ တကယ်ပြောတာပါ''

''ဘာ …မိန်းမ မရှိဘဲ၊ ကလေးက ဘယ်ကရလာတာလဲ၊ ရှင့်ကိုလူပျိုမှတ်လို့ ကျွန်မကြိုက်ခဲ့တာ သိလား''

''မင်းပဲ ကိုယ်တို့ကိုယောကျ်ားချင်းကြိုက်နေတယ်လို့ ထင်နေတာမဟုတ်လား။ ကိုယ်တို့က တကယ်ယောကျ်ားစစ်စစ်တွေပါ၊ ကလေးမွေးအောင်တောင် စွမ်းဆောင်နိုင်တယ်''

''ရှင်တို့ဘာသာ ယောကျ်ားစစ်စစ်ဖြစ်ဖြစ် ဂေးဖြစ်ဖြစ် ကျွန်မစိတ်မဝင်စားဘူး။ ကလေးတစ်ယောက်အဖေကိုတော့ ဘာလို့လက်ထပ်ရမှာလဲ''

''မင်းကိုယ့်ကိုချစ်တယ်မဟုတ်လား၊ ချစ်တယ်ဆိုရင် ကလေးအဖေဖြစ်လည်း မင်းလက်ထပ်ရဲရမှာပေါ့၊ မင်းပဲ လက်ထပ်ချင်လှချည်ရဲ့ဆို''

''ဘာ''

ကေသီလှိုင် ဒေါသတကြီးထရပ်ပြီး လက်တစ်ဖက်မြှောက်တက်သွား၍ ထူးမောင်မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

''ဖြောင်း''

''အမယ်လေးဗျာ''

အနာပေါ်တုတ်ကျတာမို့ ထူးမောင်ပါးကိုပွတ်ကာ ဆတ်ဆတ်ခါသွားသည်။ ကေသီလှိုင် မကျေမချမ်းနိုင်သေးဘဲ သူမသောက်မည့် ထောပတ်သီးဖျော်ရည်ခွက်ကို ကောက်ကိုက်ပြီး

''ရှင်ကလေ နှမသားချင်းမစာနာတတ်တဲ့သူ၊ ရှင့်နှမကို ကလေးတစ်ယောက်အဖေနဲ့ပေးစားပါလား အကောင်ရဲ့၊ ငါလိုမိန်းမမျိုးက ကလေးတစ်ယောက်အဖေကိုယူမတဲ့လား …ကဲ''

www.burmeseclassic.com

www.burmeseclassic.com



"အား"

ထောပတ်သီးဖျော်ရည်တစ်ခွက်လုံး မျက်နှာပေါ်လောင်းချ လိုက်ရသည်။ ဆိုင်ထဲကလူတွေ ကိုယ့်ကိုကြည့်ပြီး ရယ်နေကြတာ၊ ကိုယ့် မျက်လုံးတွေ ဖွင့်မရလို့ မမြင်ရတာကြောင့် တော်ပါသေးသည်။ ဒါတော် ရှက်လွန်းလို့ ဘယ်လိုထွက်ပြေးရမည်မှန်းမသိပေ။ တကယ်ကို ဒီနေ့ ကံဆိုးမိုးမှောင်ကျသည့်နေ့ပါ။ ဘယ်လိုဝဋ်ကြွေးတွေများ ပါလာသည် မသိ။ အောင်ဇော်နဲ့ ရောင်ဝါရေ ငါ့ကိုကယ်ပါဦး။

✤✤✤

# အခန်း (၉)

"ဟား. . . ဟား. . . ဟား"

"အဟားဟား"

"မင်းတို့ကရယ်နိုင်ကြတယ်နော်၊ ငါ့အဖြစ်က ငိုရမှာ၊ ရယ်ရမှာ မဟုတ်ဘူး"

ထူးမောင် မကျေနိုင်မချမ်းနိုင်ထအော်တော့ ရောင်ဝါနှင့် အောင် ဇော်ထပ်ပြီး ရယ်လိုက်မိပြန်သည်။ ထူးမောင် အိမ်ပြန်ရောက်လာတာ မျက်နှာတစ်ခုလုံး ဒဏ်ရာဒဏ်ချက်တွေနှင့် ရောင်ကိုင်းလို့ပါ။ အဖြစ်သနစ် စုံကို ပြန်ပြောပြတော့ မရယ်ဘဲဘယ်နေနိုင်ပါ့မလဲ။

"မင်းကလေ. . . ဒီလောက်ခံရတာတောင် နည်းသေးတယ်၊ တလေးအဖေအဖြစ်နဲ့ လက်ထပ်ဖို့သွားပြောရလား"

"အဲဒါ ဒီကောင်လေ၊ အောင်ဇော်မြှောက်ပေးတာ၊ ငါတို့ကို တကယ်ချစ်လား မချစ်လားသိရအောင်လုပ်မယ်တဲ့၊ တကယ်ချစ်ရင် တလေးအဖေဖြစ်လည်း လက်ထပ်မှာပဲတဲ့လေ"

"ခုခေတ်မိန်းကလေးတွေရဲ့ အချစ်ကိုယုံပြီး မင်းကစမ်းသပ် လိုက်တာပေါ့လေ၊ အံ့ပါ့ကွာ မင်းကိုဓားနဲ့ ထိုးသတ်မသွားတာကံကောင်း"

"ဟ. . . တစ်ခုတော့ ကံကောင်းသွားပါတယ်၊ သူတို့ရဲ့စိတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို သိလိုက်ရပါတယ်၊ ငါတို့ရဲ့အပေါ်ယံအလွှာတွေကိုပဲချစ်တာ၊ ငါတို့ဆီကပါလာမယ့် ဒုက္ခတွေကိုတော့ လက်မခံနိုင်ဘူးဆိုတာကိုလေ၊ အဲဒါ တကယ့်အချစ်စစ် ဘယ်ဟုတ်ပါတော့မလဲ၊ ဒီလိုမျိုး သူတို့စိတ်ကို သိပြီး ပြီးပြတ်သွားတာကောင်းပါတယ်၊ ကဲ . . ပြောပါဦး မင်းကရော အေမီနဲ့ ဘယ်လိုဖြစ်ခဲ့လဲ"

ထူးမောင်က အောင်ဇော်ဘက်ကို လှည့်ကာမေးသည်။ အောင်ဇော်က မာန်ပါပါချောင်းဟန့်လိုက်ပြီး

"ငါကတော့ ငါသာလူပျိုတစ်ယောက်မဟုတ်ဘဲ ကလေးတစ်ယောက်အဖေဖြစ်နေမယ်ဆိုရင် အေမီလက်ခံနိုင်ပါ့မလားလို့ ခပ်တည်တည်ပဲ မေးလိုက်တယ်"

"အဲဒီတော့"

"ငါ့ကို တမင်စနောက်နေတယ်လို့ သူထင်နေတယ်၊ အေမီကကို ကလေးဘယ်နှယောက်အဖေဖြစ်ဖြစ် လက်ထပ်နိုင်ပါတယ်တဲ့လေ"

"ဟာ . . . ဟုတ်လှချည်လား"

"အေး . . တကယ့်အဟုတ်လိုပဲ၊ အဲဒါနဲ့ငါကလည်း အေမီကလေးချစ်တတ်လား၊ ပြုစုတတ်လားလို့ အတိအကျမေးရတာပေါ့၊ အဲဒါကို ဘယ်လိုပြောလဲဆိုတော့ ဒါများခက်တာမှတ်လို့ ကလေးထိန်းငှားလိုက်ရင်ရတာပဲတဲ့"

"အဲဒါ သူပြောမှလား"

"ပြီးတော့ ထမင်းဟင်းချက်တတ်လား၊ အိမ်ထောင်မှုထိန်းသိမ်းနိုင်လားမေးတော့၊ အိမ်အကူနှစ်ယောက်လောက်ငှားလိုက်ရင် အားလုံးအဆင်ပြေသွားမယ့်ကိစ္စတဲ့လေ"

"ဟ . . မိန်းမကောင်း ပီသတာပဲ၊ ဒီလောက်ဆိုမဆိုးဘူး၊ ရွှေကနေ့ မင်းနွားလိုရုန်းပြီးရှာနိုင်ရင် အလိုလိုအဆင်ပြေနေတာပဲ"



ဒီတစ်ခါတော့ အောင်ဇော့်ကို နေရောင်ဝါနှင့် ထူးမောင်လှောင်ရယ်ကြသည်။ အောင်ဇော် စိတ်တိုသွားကာ စားပွဲခုံကိုလက်သီးနှင့်ထုပြီး

"မင်းတို့က ရယ်နိုင်သေးတယ်၊ ငါကတော့ အဲလိုမိန်းမနဲ့လွဲရတာကို ကံကောင်းတယ်လို့ အောက်မေ့တယ်"

"ဟုတ်ပါတယ်၊ ငါတို့တကယ်ကံကောင်းတယ်၊ အဲ . . ရောင်ဝါကရော ပြောပါဦး၊ မင်းဖြူဖြူဝေကို စုံစမ်းကြည့်မယ်ဆိုတဲ့ကိစ္စ အဆင်ပြေလား"

"သူ အရင်ဖုန်းနံပါတ်မကိုင်တော့ဘူး၊ မင်းတို့ဆက်သွယ်ပေးထားတဲ့သူဆိုတော့ မင်းတို့လည်း နည်းနည်းစုံစမ်းကြည့်ပါ"

"သူက အစကတည်းက ကာရိုက်တာမကောင်းတာ မင်းအသိနော်၊ တကယ်လို့ ဒီကလေးရဲ့အမေဖြစ်ခဲ့တယ်ဆိုရင် မင်းလက်ခံနိုင်လား၊ လက်ထပ်နိုင်လား"

"အဲဒါကတော့ ငါ့ကံပေါ့ကွာ၊ သူကာရိုက်တာ မကောင်းလည်း ငါမျိုးပြီစွန်းခဲ့လို့ ဒီကလေးကို မွေးခဲ့တာဆိုရင် ငါတာဝန်ယူရမှာပေါ့၊ ကလေးကို မိခင်မဲ့တော့ မဖြစ်စေချင်ဘူး"

"အေးပါ . . မင်းရဲ့ အဲဒီစိတ်ကို ငါတို့လေးစားပါတယ်၊ ဒါနဲ့ ငါတို့သုံးယောက်ထဲက ဘယ်သူ့ကလေးအဖေ ဖြစ်နိုင်လဲ၊ ဒီအန်အေစစ်ကြည့်ရင် မကောင်းဘူးလား"

ထူးမောင်စကားကြောင့် အောင်ဇော်နှင့်ရောင်ဝါ မျက်ခုံးပင့်သွားကြသည်။ နို့ဘူးလေးစို့ကာ အိပ်ပျော်နေသောကလေးကို သနားကြင်နာစွာ လှည့်ကြည့်မိကြပြီး

"ကလေးအမေပေါ်လာရင် အဖြေထွက်မှာပါကွာ၊ အခုကလေးအမေကို ငါတို့စုံစမ်းနေကြတာပဲ၊ ဒီအန်အေသွားစစ်ပြီး ငါတို့ကလေးမဟုတ်ခဲ့ရင် ငါတို့ဒီကလေးအတွက် ဒုက္ခခံချင်စိတ်ရှိကြတော့မှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီကလေးကို မိဘမဲ့ဂေဟာတွေဘာတွေကို သွားပို့ချင်လည်း ပို့မိကြလိမ့်မယ်၊ အဲလိုဆိုရင် ဒီကလေးဘဝ အရမ်းသနားစရာကောင်းမှာ"

"ဟုတ်တယ်၊ အဲဒါကြောင့် ငါလည်း အဲလိုစစ်မှာကို သဘောမတူဘူး၊ ဒီကလေးက ငါတို့ကလေးမဟုတ်ဘဲ တမင်တကာထားခဲ့တာဆိုရင် ငါတို့ဒီကလေးအတွက် ဘယ်သူ့မှဒုက္ခခံချင်ကြမှာမဟုတ်ဘူး သေချာတယ်၊ အခု သူ့သားဖြစ်နိုးနိုး ကိုယ့်သားဖြစ်နိုးနိုးနဲ့ စောင့်ရှောက်နေရတာ ရင်ခုန်ဖို့ကောင်းပါတယ်၊ အလှည့်ကျ ကလေးနဲ့အိပ်ကြတယ်၊ ချေးသေးသုတ်သင်ကြတယ်၊ နို့တိုက်ကြတယ်၊ အိမ်မှာအလှည့်ကျ ဆိုင်မလိုက်ဘဲ တာဝန်ယူကြတယ်၊ ငါတို့လူပီသနေကြတာပဲ မဟုတ်လား"

ရောင်ဝါနှင့် အောင်ဖော်စကားကို ထူးမောင် နားခေါင်းရှုံ့သည်။ ဒဏ်ရာတွေနှင့် မျက်နှာကလည်း လုံးဝမလှပပေ။

"မင်းတို့ပြောတာလည်း ပြောတာပေါ့၊ ဒါပေမဲ့ ငါတော့လုံးဝဒုက္ခမခံချင်ဘူးကွာ၊ ငါတို့ပျော်တော်ဆက်လည်း မသွားရ၊ တခြားပျော်စရာလည်း မရှာရ၊ အရက်လည်း မသောက်ရနဲ့၊ ဝဋ်ဒုက္ခခံနေရသလိုပဲ၊ ကလေးအနှီးလျှော်ရ ချေးသေးလုပ်ရ၊ ညကျအိပ်ရေးကပျက်သေး"

"အဲလောက်စိတ်မညစ်ပါနဲ့ကွာ၊ ငါတို့ဂေးတစ်ယောက်အိမ်အကူရှာထားတာ ရတော့မှာပါ၊ အလုပ်သမားရှာဖွေရေးအေဂျင်စီမှာ မရလို့ ပွဲစားတွေကတစ်ဆင့် ရှာခိုင်းထားတယ်၊ ငွေလည်း ပိုပေးမယ်လို့ ပြောခဲ့တယ်၊ ကလေးအတွက်က အဆင်ပြေသွားမှာပါ"

"အဲဒါရရင် ငါတို့ကဲချင်ရင်လည်း ကဲလို့ရပါပြီ၊ ကလေးအတွက်စိတ်ချရရင် ပြီးတာပဲ"

"အေး‥ ‥ မင်းတို့ဖြစ်တယ်ဆိုလည်း ပြီးရောလေ၊ ငါဒီနေ့ ကလေးတာဝန်မယူနိုင်ဘူးနော်"

"ဘာ‥ ‥ မင်းဒီနေ့ကလေးနဲ့ အိပ်ရမယ်၊ ကလေးဝေယျာဝစ္စ





တာဝန်ယူရမယ့်အလှည့်လေ"

"အမယ်လေး ‥‥ ငါ့မျက်နှာလည်းကြည့်ကြပါဦး၊ ငါ့ကိုများ နည်းနည်းမှ မသနားကြတော့ဘူးလား"

"အဲဒါ မင်းမိုက်ပြစ်နဲ့မင်းလေ၊ မင်းတာဝန်မမဲ့နဲ့နော်၊ ကလေးက မင်းသွေးသားဖြစ်နိုင်တယ်၊ ရုပ်ကတဖြည်းဖြည်း တူလာသလိုပဲ"

"သွားပါ၊ ကလေးထိန်းရမယ့်အစား ဂေးသာလုပ်လိုက်ချင်တော့တယ် တကယ်ပဲ"

အခြောက်ပုံစံ ပဲများတာတော့ ထူးမောင်တို့က တကယ်ပိုင်သည်။ ခြေဆောင့် လက်ဆောင့် နှုတ်ခမ်းစူမှုနဲ့ပြီး အသံကအစ ဂေးသံတကယ်ပေါက်၏။ ဘာပဲဖြစ်ဖြစ် ဒီနေ့က ဒီကောင့်တာဝန်ဆိုသော်လည်း ကလေးကို သံယောဇဉ်ရှိနေပြီမို့ အောင်ဖော်နှင့် ရောင်ဝါလည်း ကလေးကို စောင့်ရှောက်ဖြစ်ကြသည်။ ညဆိုလည်း သုံးယောက်လုံး ကောင်းကောင်းမအိပ်ရပါ။ ရှိရှာပေမယ့် ချေးသေးကိုလည်း လုပ်ရသည်။ ပင်ပန်းပေမယ့် နို့ဘူးဖျော်ဖို့တာဝန်လည်း မလစ်ဟင်းရ။ စားချိန်သောက်ချိန်မှန်လည်း ကလေးအတွက်ပဲအချိန်ကို အသုံးချကြသည်။ ကလေးတစ်ယောက်တာဝန်က မလွယ်လှပေ။

ကလေးရယ်နေလျှင် သူတို့ပျော်ကြရပေမယ့် ကလေးငိုလျှင်တော့ သူတို့သုံးယောက်ပျာယာခတ်ကာ ဘာလုပ်ရမှန်းမသိကြတော့ပေ။

ကလေးထိန်းနှင့် အိမ်အကူအမြန်ရမှပဲ ‥‥ ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"နာမည်က"

"ခင်ခင်ဖော်ပါရှင့်"

အင်တာဗျူးနေသော သူတို့သုံးယောက်အကြည့်ချင်းဆုံသွားကြသည်။ ပွဲစားရှာလာပေးသော ဂေးကော လူကဝဝတောင့်တောင့် ဗလကောင်းသလို ထင်ရသော်လည်း အသံကတော့ ချိုအီချွဲပျစ်ကာ မူလွန်းနွဲ့လွန်းအီလွန်းသည်ဟု ထင်မိသည်။ မျက်နှာကပြုံပြုံဆိုတော့ နှုတ်ခမ်းနီဆိုးပြီး သနပ်ခါးပါးကွက်ကြီးကွက်ထားတာ ဘယ်လိုမှမလိုက်ဖက်။

"မိဘတွေက ဘာအလုပ်လုပ်ပါသလဲ"

"ကုန်သည်မျိုးရိုးပါ၊ မျိုးရိုးစဉ်ဆက် ချမ်းသာကြပါတယ်ရှင့်"

"မိဘတွေက ချမ်းသာပြီး ကုန်သည်မျိုးရိုးလည်း ပြောသေးတယ်၊ ဒီအလုပ်လာလုပ်ရလား"

"အဲဒါက ဒီလိုရှိပါတယ်၊ သူများကိုလေ မိဘတွေက ဂေးလုပ်ရမလားဆိုပြီး အမွေပြတ်စွန့်လွှတ်ထားကြတာ"

"ဪ"

"အဲဒါသူများက သူတို့ကိုအားမကိုးဘဲ ကိုယ့်အားကိုယ်ကိုးဒီဇိုင်နာတစ်ယောက်ဖြစ်အောင် ကြိုးစားချင်တာပါ၊ အဲဒါကလည်း အရင်း





အနှီးရှိမှ ဖြစ်မှာမဟုတ်လား။ ဒါကြောင့် ဒီအလုပ်ကိုဝင်လုပ်တာပါ၊ ဒီကြားထဲ စပွန်ဆာကောင်းကောင်းလေး တွေ့ရင်တော့ ဒီအလုပ်လုပ်စရာမလိုတော့ဘူးပေါ့"

"ဗုဒ္ဓေါ"

သုံးယောက်သား အသံတိတ်ဘုရားတမိကြသည်။ ဒီအခြောက်က သိပ်တော့မလွယ်။ သူတို့ကို အချဉ်လို့မထင်ရအောင် ခပ်တည်တည်တင်းတင်း ဆက်ဆံမှတော့ဖြစ်မည်။

"ကဲ. . . မင်းကလေးတော့ ကောင်းကောင်းထိန်းတတ်တယ်မဟုတ်လား"

"အို. . . ထိန်းတတ်တာပေါ့၊ သူများက တူတွေတူမတွေကို ဖိစိသေးသေးလေးကတည်းက ထိန်းရတာ၊ ကလေးတွေအကြောင်းတော့ နောကျေပြီးသားပါ"

"ဟုတ်ပါပြီ ချက်တာ ပြုတ်တာနဲ့ အိမ်မှုကိစ္စရော"

"အဲဒါကတော့ သူများက ဝါသနာပါလို့ကို အိမ်မှာအမြဲလုပ်တယ်၊ အဲဒါ ဝါသနာပါရပ့်မလားဆိုပြီး အိမ်ကလူတွေက အမြဲဆူပူပြီးအရိုက်ခံရတယ်။ ယောက်ျားဖြစ်ပြီး မိန်းမအလုပ်တွေ ဝါသနာပါရပ့်မလားလို့တဲ့လေ၊ သူများရဲ့ဘဝကံအကျိုးပေးပဲဥစ္စာ၊ နားလည်မပေးတော့ သူများလည်း အိမ်ကထွက်လာတာပေါ့"

အခြောက်မကတော့ သူ့ဘဝအကြောင်း ရင်ဖွင့်နေလေသည်။ သူ့ဘဝ သူ့အကြောင်းမို့ ကိုယ်တွေကတော့ အထင်လည်းမသေးချင် အပြစ်လည်း မမြင်ချင်ပါ။

"ဒါဆိုကလေးကို ချီပိုးကြည့်ပါဦး"

"ဟုတ်ကဲ့ ဒါလင်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . သူတို့နာမည်တွေ မသိသေးလို့ ခေါ်လိုက်တာပါ၊ သူတို့က တစ်ယောက်ချင်းစီ နာမည်လေးတွေ မိတ်ဆက်ပေးဦးမှပေါ့"

"ငါ့နာမည်က နေရောင်ဝါ၊ သူက အောင်ဖော်၊ သူက ထူးမောင်"

"ဟယ် . . နာမည်လေးတွေက မိုက်တယ်ဟယ်၊ လူပုံစံတွေကလည်း တောင့်တောင့်တင်းတင်းနဲ့ အားရစရာကြီး"

အခြောက်မ ခင်ခင်ဖော်ရဲ့စကားကြောင့် သူတို့သုံးယောက်လုံး ကြက်သီးမွေးညင်းတွေ ထသွားကြသည်။ သူတို့သုံးယောက်လုံးကို အီစီကလီလုပ်မည့်ပုံမျိုးပါ။ ဒါကြောင့်ဆိုပြီး နှင်ထုတ်လို့လည်း မဖြစ်ပြန်။ ကလေးအတွက်က ခင်ခင်ဖော်ရှိမှ အဆင်ပြေနိုင်မည်မဟုတ်လား။

"စာချုပ်အရ . . မင်းအလုပ်ထွက်မယ်ဆိုရင် တစ်လကြိုပြောရမယ်၊ ငါတို့က မထားတော့ဘူးဆိုရင်လည်း အနည်းဆုံး နှစ်ပတ် တစ်လကြိုပြောမယ်၊ လစာက သုံးလစာထက်ပိုပြီး ကြိုထုတ်လို့မရဘူး"

"သူများက သူတို့ကိုမြင်တာနဲ့ မိသားစုလိုခင်မင်သွားလို့ ပိုက်ဆံက အရေးမကြီးဘူးလို့ ပြောတာပါ၊ သူများကို တစ်မျိုးထင်သွားတာဆိုရင်တော့ ဝမ်းပြီ"

အခြောက်မက စကားပြောလည်ဝဲ အကင်းပါးလွန်းသည်။ ကလေးကို ပွေ့ချီပြီးချော့မြှူတာလည်း အဟုတ်ပါ။ အိမ်အလုပ်တွေ သေသပ်သပ် လုပ်တတ်တာလည်း စောင့်ကြည့်နေလို့ သိလိုက်ရသည်။ ပြောရရင် နည်းနည်းဖွန်ကြောင်ပြီး အီစီကလီလုပ်ချင်တာလေးပဲ ဆိုးသည်။

ညရောက်တော့ ကလေးကို သူနှင့်အတူခေါ်သိပ်တာမို့ သူငယ်ချင်းသုံးယောက် လွတ်လွတ်လပ်လပ်နေလို့ရ၏။ ရှေ့ခန်းဝရန်တာဘက် သုံးယောက်သားထွက်လာပြီး . .



"ဒီအခြောက်က မျက်နှာသာပေးလို့တော့မရဘူး ထင်တယ်နော်၊ ကလေးအတွက် စိတ်ချရပေမယ့် ငါတို့အတွက် စိတ်မချရလောက်ဘူး။ သူက စပွန်ဆာရှာနေတာလို့ ပြောတယ်မဟုတ်လား"

"ဘာလဲ . . မင်းက စပွန်ဆာပေးချင်လို့လား"

"အာ . မဟုတ်ပါဘူး။ အသည်းယားလွန်းလို့ မပြောစမ်းပါနဲ့"

"မင်းကလည်းကွာ၊ သူ့အကျိုးပေးနဲ့သူလာတာ၊ အဲလို ရှိတာတွေ ကြောက်တာတွေ မပြောပါနဲ့ကွာ၊ ကံ့ရဲ့တာနဲ့ အတူတူပဲကွ၊ လူတစ်ယောက်ရဲ့ဘဝကို နူနူရွဲရွဲဝဲဝဲ ဘယ်တော့မှအထင်မသေးမိစေနဲ့၊ နောက်နောက်က ကံအကျိုးပေးနဲ့ ဘဝပေးကုသိုလ်ကြောင့် ဘဝအခြေအနေတွေမတူကြပေမယ့် အားနည်းချက်ရှိတဲ့သူကို ဖေးမနားလည်ပေးဖို့ ကြိုးစားတာ အကောင်းဆုံးပဲ၊ ဘယ်သူ့ကိုမှ မနိမ့်ချမိအောင် ကြိုးစားဖို့ ပြောတာ"

နေရောင်ဝါစကားကြောင့် ထူးမောင်ပခုံးတွန့်ကာ

"မသိလို့တော့ မဟုတ်ဘူးပေါ့ကွာ၊ အရမ်းကြီးအရောတဝင် လုပ်လွန်းရင်တော့ အသည်းယားတာအမှန်ပဲ"

"အဲဒါကိုက သူတို့ရဲ့သဘာဝလေ၊ နားလည်ပေးတတ်ရင် အပြစ်ကင်းပါတယ်ကွာ"

"အေး မင်းတို့ပဲပြောတော့၊ ငါမပြောတော့ဘူးနော်၊ တကယ်ပဲ ပြောကို မပြောချင်ဘူး"

"မင်းပဲ ဂေးလုပ်တော့၊ သူက ခင်ခင်ဖော်ထက်တောင်နွဲ့နေသေးတယ်၊ မင်း သူ့ကိုကဲ့ရဲ့နေတာ၊ သူ့လိုဘဝမျိုးရောက်မယ် စောင့်ကြည့်နေ၊ အခုခေတ်က ဝဋ်လိုက်တာ နောက်ဘဝမကူးဘူး။ ဒီဘဝမှာင် လိုက်တတ်တယ်"

"အမယ်လေး ကြက်သီးထပါတယ်ဆို့မှ၊ ငါနော်စိတ်ချလိုက်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းကွာ. . မင်းကမှ ပိုဆိုးတာ"

ထူးမောင်ကို ဆောင့်ကန်လွှတ်လိုက်သည်။ ထူးမောင်အရှိန်နှင့် အခန်းထဲရောက်သွားတော့ ဝရန်တာတံခါးကို ဆွဲပိတ်ပစ်လိုက်၏။ ဒါမှ အခန်းထဲမှာ ခင်ခင်ဇော်နှင့်တွေ့ကြမှာ။

"ရောင်ဝါ. . . မင်းဘာယ်လိုသဘောရလဲ"

"ဘာကိုလဲ"

"ခင်ခင်ဇော့်ကို ငါတို့အလုပ်ခန့်လိုက်တာ"

"မရှိတာထက်စာရင် အဆင်ပြေတာပဲမဟုတ်လား။ လုပ်ရည်ကိုင်ရည်လေးက မဆိုးပါဘူး။ ကလေးကို ဂရုစိုက်တတ်တာကိုက ကျေးဇူးတင်ဖို့ကောင်းပါတယ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ကလေးအမေ မတွေ့ခင်တော့ ဘယ်လိုပဲဖြစ်ဖြစ် ဒုက္ခခံရမှာပေါ့ကွာ၊ ဟား. . ကလေးငိုသံကြားတယ်"

"အေးဟ ဘာဖြစ်တာလဲ"

နှစ်ယောက်သား ဝုန်းခနဲ ပြန်ဝင်လာခဲ့ကြသည်။

"ဘာဖြစ်တာလဲ၊ ကလေးဘာလို့ငိုတာလဲ ခင်ခင်ဇော်"

"ရှင်တို့ကလေး အီအီးပါနေတာလေ၊ တစ်ပုံတစ်ပင်ကြီး ကလေးနဲ့တောင် မလိုက်ဘူး"

"အေး အေး၊ အဲဒါဆို မြန်မြန်လုပ်လိုက်"

ဒီဒုက္ခလည်း ငြိမ်းသွားပြီမို့ သူတို့စိတ်တော့ ချမ်းသာနေကြရပါသည်။ အရင်နေ့တွေကဆို သူ့အလှည့် ကိုယ့်အလှည့် သူလုပ်ကိုယ်လုပ် ငြင်းခုံနေကြရတာ မဟုတ်ပါလား။

ခင်ခင်ဇော် ဒီလောက်အသုံးဝင်လျှင်ဖြင့် မဆိုးပါ။

ရှေ့ဆက်အဆင်ပြေဖို့ တစ်ခုသာပဲ. . ။

✤ ✤ ✤

# အခန်း (၁၁)

"နန်းကြီးလေးသုပ်ထားတယ်၊ ခင်ခင့်လက်ရာလေး သုံးဆောင်ကြည့်ကြပါဦး"

ခင်ခင်ဇော်က သူတို့ထက် ဝီရိယကောင်းတာတော့ ချီးကျူးရမှာ ကောင်းလှပေသည်။ မနက်စာအတွက် စီစဉ်ပေးတတ်သလို ညစာလည်း ချက်ပြုတ်ပြင်ဆင်ပေးထားတတ်သည်။

ကလေးကို ဂရုစိုက်တတ်တာလည်း တစ်ချက်မျှငိုသံမကြားရသလောက်ပင်။ သူတို့သုံးယောက်ခုံတွေမှာ ဝင်ထိုင်လိုက်ကြပြီး

"ငါတို့အတွက် မင်းဒီလောက်အထိ ဂရုစိုက်မပေးလည်းရပါတယ်၊ ကလေးတာဝန်သာ မလစ်ဟင်းပါစေနဲ့"

"အမယ်လေး စိတ်ချပါနော်၊ ဒီက ကလေးကိုလည်း ဂရုစိုက်တယ်၊ လူကြီးတွေကိုလည်း ဂရုစိုက်ချင်လို့ပါနော်၊ တော်ကြာ ငြိုငြင်ပြီး အလုပ်ထုတ်မှာစိုးလို့ပါ"

"မင်းတာဝန်ကျေရင် အလုပ်ထုတ်စရာမရှိပါဘူး။ သစ္စာရှိပါစေသားပါ၊ မင်းအတွက် အခွင့်အရေးကောင်း ရလာပါလိမ့်မယ်"

"အမယ်လေး အဲဒီအတွက်တော့ စိတ်ချစမ်းပါရှင်၊ တစ်သက်လုံးစာ သစ္စာရှိပေးပါ့မယ်၊ ဟင်း. . ဟင်း ဒီက သုံးယောက်လုံးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကို သစ္စာရှိမှာပါ''

ခင်ခင်ဇော် ပြောလိုက်တိုင်း အမြဲတမ်း ထိကပါးရိကပါး မကျွတ်မလွတ်ပင်။ ဒါကိုပဲ ထူးမောင်က အသည်းတွေယားကာ မျက်စောင်းဝင့်သည်။ ခင်ခင်ဇော်က မြင်သွားပြီး . .

''အယ် . . သူက တို့နဲ့ လိုင်းတူတယ်တော့၊ သူလည်း ဂေးလားဟင်''

''အာ . . ဘာလိုင်းတူရမှာလဲ၊ ငါလက်သီးနဲ့ ဆွဲထိုးလိုက်မယ်နော်''

''အမယ်လေး ထိုးစမ်းပါ ထိုးစမ်းပါ၊ ဒီက အထိုးခံချင်နေတာပါ။ လက်သီးက ဝိန်ညှောင်လက်သီးလောက်များ ဒီက မဖြုံပေါင်''

''ဟင်းနော်၊ ငါ့လက်သီးက တော်တော်ယားနေပြီ''

''ကဲ . . တော်စမ်းပါကွာ၊ ခင်ခင်က မင်းကိုစနေတာပါ''

''အေးလေ . . မင်းကိုယ်က အကဲပိုနေတာ၊ ကဲ . . စား။ ပြီးရင် ဆိုင်သွားရမယ်၊ ဒီနေ့က ဘယ်သူအိမ်မှာကျန်နေခဲ့ရမယ့်အလှည့်လဲ''

''ရောင်ဝါ မဟုတ်လား''

''ငါဒီနေ့ ဖြူဖြူဝေကို သွားတွေ့ရမယ်ဆို၊ မင်းတို့ပဲ ဆက်သွယ်လို့ရတယ်ပြောပြီး''

''အေး . . ဟုတ်သား၊ အိမ်လိပ်စာရထားတာကွ၊ သွားတွေ့ကြည့်လိုက်လေ့၊ ဒါဆို ထူးမောင်အိမ်မှာနေခဲ့ပေါ့''

''အာ . . ငါမနေဘူး၊ ငါဆိုင်သွားမယ်၊ အောင်ဇော် မင်းနေခဲ့၊ ဆိုင်မှာ ဘယ်လောက်ပင်ပန်းပင်ပန်း ငါလုပ်နိုင်တယ်''

ထူးမောင်က အိမ်မှာနေခဲ့ရမှာ ခါးခါးသီးသီးကိုငြင်းသည်။ ခင်ခင်ဇော့်ကို ကြောက်နေတာကြောင့်ဖြစ်မှာပါ။

''ကဲ . . ဒါဆိုလည်း ငါဖြူဖြူဝေ့ကိုသွားတွေ့ပြီး ဆိုင်ကိုလာခဲ့မယ်၊ အောင်ဇော်က အိမ်မှာသာနေလိုက်၊ ကလေးညက သိပ်နေမကောင်းဘူးပြောတယ်၊ ဆေးခန်းသွားသင့်ရင်လည်း သွားလိုက်''

''အေးပါ . . စိတ်ချ''

စားသောက်ပြီးသည်နှင့် အိမ်ကထွက်ခါနီးမှာ ကလေးကိုနမ်းရှုံ့ချော့မြှူကြသည်။ ကလေးကလည်း သူတို့သုံးယောက်ကို မှတ်မိနေပြီဖြစ်၏။ သူတို့အသံကြားလျှင် ငိုနေရင်းနှင့်တောင် တိတ်သွားတတ်သည်။

''ကဲ . . ကလေးကိုပဲ နမ်းနေတယ်၊ လူကြီးကိုလည်း နမ်းသွားကြပါဦးလား''

''ထွီ . . ရွံစရာကြီး''

ထူးမောင်က မဲ့ရွဲ့ကာ ပြောဖြစ်အောင်ပြောသွားသည်။ အောင်ဇော်က ခင်ခင်ဇော့်ကို အားနာသွားပြီး

''ဒီကောင်ပြောတာတွေကို စိတ်ထဲမထားပါနဲ့ ခင်ခင်၊ ဒီကောင်က နည်းနည်းစိတ်ဆတ်လို့ပါ''

''အမယ်လေး . . ဒီက စိတ်မဆိုးတတ်ပါဘူးနော်၊ သူတို့သုံးယောက်လုံးကို ခွင့်လွှတ်ပြီးသားပါ''

''အဲဒီလိုအပြောတွေ မပြောပါနဲ့လား ခင်ခင်၊ ထိကပါး ရိကပါး လိုဖြစ်နေတော့ သူများတစ်မျိုးမြင်တာပေါ့''

''ဖြော် . . အကျင့်ပါနေတာ ဘယ်လိုလုပ်ရမလဲ၊ ဒါပေမဲ့ သုံးယောက်လုံးကို မျိုမချဘူးနော် ဝါးပဲစားမှာ''

''မင်းက ပြောလေ ကဲလေပါလား''

''အလကား ပျော်စေပျက်စေ စနေတာပါ၊ ခင်ခင်က ဒီလိုကလေးအဖေတွေကို စိတ်ကူးတောင်မယဉ်ဘူး သိလား။ ခင်ခင်မှာ သူငယ်လေးရှိပြီးသား။ ကိုယ့်ထက်ငယ်တဲ့သူကိုပဲချစ်မှာ သိလား''

www.burmeseclassic.com



"ဩော်… အဲဒီသတင်းစကားကြားရတာ ဝမ်းသာပါတယ်"

"ဟယ်… ကလေးနိုးနေပြီထင်တယ်၊ ငိုသံကြားတယ်၊ ဒီပန်းကန်လေးတွေ ဘေစင်မှာစုထားလိုက်နော်၊ ပြီးမှ ခင်ခင် ဆေးလိုက်မယ်"

ခင်ခင်ဇော်က အဲလောက်ဆို မိန်းမပီသသူပင်။ အေမီနှင့် ကေသီလိုင်တို့ထက်တောင် အရည်အချင်းရှိသူပင်။

သူမတို့ကတော့ မိန်းမစစ်စစ်တွေဖြစ်ပြီး ထမင်းဟင်းမချက်ချင်၊ ကလေးမထိန်းချင်နှင့်။

ဂေးတွေလောက်တောင် တန်ဖိုးမရှိ။ ဒီလိုမိန်းကလေးမျိုးကို ဘယ်ယောကျ်ားလေးက လက်ထပ်ချင်မှာလဲ။

ခင်ခင်ဇော်တို့ကတော့ ချိုချိုထွက်လျှင် ကလေးကိုနို့ပင်တိုက်မလားမသိပေ။ မွေ့ပိုက်ချော့မြူပြီး ကလေးကို ချေးသေးသုတ်သင်ပေးနေသည်။ အောင်ဇော် ချောင်းကြည့်ရင်းဖြင့် ခင်ခင်ဇော့်ကို မိန်းကလေးတစ်ယောက်အဖြစ်မြင်ပြီး ရင်တွေပါခုန်လာသည်။ ဘာကြောင့် ဒီလိုစိတ်တွေ ဝင်လာမိတာလည်းတော့ မသိပေ။ ခင်ခင်ဇော့်က ရေချိုးခန်းဝင်လျှင်လည်း ထဘီရင်ရှားပြီး ဝင်တတ်တာပါ။ ချက်တာ ပြုတ်တာ လုပ်တာကိုင်တာအားလုံး မိန်းကလေးတစ်ယောက် အပြုအမူတွေချည်းပဲမို့ မိန်းကလေးတစ်ယောက်အမြင်မျိုး မြင်မိနေခြင်းလားတော့မသိ။

အေမီနှင့်တောင် နှိုင်းယှဉ်လို့မရတာမို့…။

✤ ✤ ✤

# အခန်း (၁၂)

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"

"ဒါဖြူဖြူဝေတို့ အိမ်လားမသိဘူး။ ကျွန်တော် ဖြူဖြူဝေနဲ့ တွေ့ချင်လို့ပါ"

အသက်ငါးဆယ်ဝန်းကျင် ဥပဓိရုပ်ကောင်းကောင်းနှင့်လူကြီး မျက်မှောင်ကြုတ်သွား၏။ သူ့ကိုလည်း ခြေဆုံးခေါင်းဆုံး အကဲခတ်သည်။ မတ်ကျကျဝတ်ပြီး ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းလာတာမို့ ဖြူဖြူဝေရဲ့ဦးလေး (သို့မဟုတ်) အဖေဖြစ်သူ အထင်တော့ မသေးလောက်ပေ။

ပြီးမှသံဘာဂျာတံခါးကို ဆွဲဖွင့်ပေးပြီး

"ခဏစောင့် ဖြူဖြူဝေ ရေချိုးနေတယ်"

"ဟုတ်ကဲ့"

ညှိခန်းဆိုဖာခုံမှာနေရာပေး၍ ဝင်ထိုင်လိုက်ရသည်။ ထိုလူကြီးရဲ့မျက်လုံးတွေက အခုထိ သူ့ကိုအကဲခတ်နေဆဲမို့ နေရထိုင်ရတာ ခက်လှသည်။

"မင်းက ဖြူဖြူဝေနဲ့ ဘယ်လိုပတ်သက်တာလဲ"

"ဩော် … ဟိုတုန်းက ခင်မင်ခဲ့တဲ့မိတ်ဆွေတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ဖုန်းဆက်ချိန်းထားတာလား"

"မဟုတ်ပါဘူးခင်ဗျ၊ အရင်တုန်းကပေးထားတဲ့ ဖုန်းနံပါတ်က ဆက်သွယ်လို့မရတာနဲ့ အိမ်လိပ်စာစုံစမ်းပြီး လိုက်လာတာပါ"

"ဘာကိစ္စရှိလို့လဲ"

"ခင်ဗျာ"

"ဘာကိစ္စအကြောင်းရှိလို့ ဖြူဖြူဝေနဲ့တွေ့ချင်တာလဲလို့ မေးနေတာ"

"ဟို. . . ဒီလိုပါ"

သူဘယ်လိုပြောရမှန်းမသိပေ။ ဒီလိုဒီအကြောင်းနှင့် လာတွေ့တာပါလို့ ပြောလို့ဖြစ်ပါ့မလား။ တခြားမိသားစုလည်း မမြင်မတွေ့တာမို့ ဖြူဖြူဝေက သူ့အဖေနှင့်သာ နေပုံပေါ်သည်။

အဖေမဟုတ်လျှင်တော့ ဦးလေးပဲဖြစ်မှာပါ။

"ဒီမှာ မင်းနာမည်"

"ဟုတ်ကဲ့. . . နေရောင်ဝါပါခင်ဗျာ"

"အင်း. . . မင်းနာမည်ပြောပြီး ခေါ်ပေးမယ်။ သူကရေချိုးရင် ကြာတတ်လို့"

"ဟုတ်ကဲ့ခင်ဗျ၊ ကျေးဇူးတင်ပါတယ်"

ဘိုးတော် နောက်ခန်းထဲဝင်သွားသည်။ ခဏအကြာမှာတော့ ဖြူဖြူဝေထွက်လာပြီး သူ့ကိုမြင်သွားကာ မျက်လုံးမျက်ဆံပြူးလောက်အောင် အံ့ဩနေ၏။

"နင်. . . နင်ဘာလာလုပ်တာလဲ၊ ဘာကိစ္စ ငါ့အိမ်ကို ရောက်လာတာလဲ"

"ဩြော်. . . ကိစ္စလေးနည်းနည်းရှိလို့ပါ၊ နင့်ကိုမေးချင်တာလေးတွေလည်းရှိလို့ ငါနဲ့အပြင်ခဏလိုက်ခဲ့ပါလား"



"ဟွန့်. . . ဘာကိစ္စအရေးကြီးနေလို့ ငါကလိုက်ရမှာလဲ၊ နင်နဲ့ငါ ဘာမှမပတ်သက်တော့ဘူးနော်၊ ငါ့ကိုလာမနှောယှက်နဲ့"

"နင်က ဘာဖြစ်နေတာလဲ၊ ငါမေးစရာရှိလို့လာပါတယ်ဆိုမှ ဘာလို့ ခါးခါးသီးသီးဖြစ်နေတာလဲ"

"ငါ့ကို ဘာမှလည်းမမေးပါနဲ့၊ ပတ်လည်းမပတ်သက်ပါနဲ့၊ နင် ပြန်ပါတော့ သွားပါတော့"

"ဟာ. . . ငါသိချင်တာ မသိရဘဲနဲ့ ငါမပြန်ဘူး၊ ငါမသွားဘူး"

"ဘာ"

ဖြူဖြူဝေ နောက်ခန်းဘက်ကို မသိမသာလှည့်ကြည့်ပြီး ဒေါသ [illegible]ကာ မျက်နှာလေးနီမြန်းနေသည်။ ဖြူဖြူဝေ ဘာတွေကြောက်လန့်နေသည်မသိပေ။

"နင်ခဏလောက်ဖြစ်ဖြစ် ငါနဲ့အပြင်လိုက်ခဲ့ပါ"

"ငါလိုက်လို့မဖြစ်ဘူး၊ လိုက်လို့မရဘူး"

"ဒါဆို ဒီမှာပဲ မေးရမှာလား"

"နင်. . . ဘာတွေမေးချင်နေတာလဲ၊ မြန်မြန်မေး၊ ပြီးရင်ပြန်"

"ငါနဲ့တွဲခဲ့တဲ့အတောအတွင်းမှာ နင်နဲ့ငါမှားယွင်းပြီစွန်းခဲ့တာ ရှိခဲ့လား"

"ဘာ. . . ဘာပြောတယ်"

"ကိုယ်ဝန်တွေ ဘာတွေရခဲ့သလားလို့မေးတာ၊ နင်ကလေး တွေ ဘာတွေရပြီး တာဝန်မယူနိုင်တာမျိုး"

"နေရောင်ဝါ နင်. . . နင်ပြန်တော့၊ နင်ပြန်လိုက်ပါတော့၊ သူ့ နားထောင်နေတယ်၊ နင်ဘာတွေလာမေးနေတာလဲ"

"ဘယ်ကသူလဲ၊ နင့်အဖေလား၊ နင့်ဦးလေးလား"

"အဲဒါ ငါ့ယောကျ်ား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဒီတစ်ခါ သူလန့်ဖျပ်၍ ဆိုဖာခုံပေါ်က ခုန်ထမိမတတ်ဖြစ်သွားသည်။ ဖြူဖြူဝေ့ယောကျ်ားတဲ့လား။ အဖေလောက်ရှိသည့်သူကိုယူထားတာ ဖြူဖြူဝေ့ဘဝက သနားစရာပါ။ ဖြူဖြူဝေ တော်တော်လေးကြောက်လန့်နေဟန်ဖြင့်

"သူကအရမ်းသဝန်တိုတယ်၊ ယောကျ်ားလေးတွေနဲ့ ပတ်သက်ဆက်ဆံတာမကြိုက်ဘူး။ အတိတ်က ငါ့ဘဝကိုလည်း မေ့ထားနိုင်းတာ"

"အဲဒါကြောင့် ငါနဲ့ရတဲ့ကလေးကို ငါ့ဆီပို့လိုက်တာလား"

"နင်ဘာတွေလျှောက်ပြောနေတာလဲ၊ နင်နဲ့ငါဘာဖြစ်ခဲ့လို့ ဘယ်ကမွေးတဲ့ကလေးကို နင့်ဆီပို့ရမှာလဲ"

"သေချာလား ဖြူဖြူဝေ၊ ငါနဲ့ဘာမှမဖြစ်ဘူးဆိုတာ"

"ဟဲ့ . . ငါက ငါ့ဘဝအပျက်ခံပြီး ညာစရာလား။ နင်မြန်မြန်ပြန်ပါတော့၊ ငါနဲ့သူ နင်ပြန်သွားတာနဲ့ ပြဿနာအကြီးအကျယ်တက်တော့မှာ"

"နင်ကဟာ . . အဖေလောက်အရွယ်လူကြီးကို ယူရသလား"

"ဟဲ့ . . အဲဒါ ငါ့ဘဝနဲ့ငါ့အကြောင်းပါ၊ ငါတို့တစ်မိသားစုလုံး သူ့ကိုမှီခိုနေရတာ၊ နင့်ကြောင့် ပြဿနာတက်ပြီးကွဲရင် ငါတို့တစ်မိသားစုလုံးဘဝသွားပြီ၊ မြောင်းထဲရောက်ကုန်မှာသိလား"

"ဟင်"

သူလာမိတာမှားပြီလား။ ဖြူဖြူဝေတို့ဘဝကို ဖျက်ဆီးသလိုဖြစ်သွားပြီလား။ သူယောင်ယမ်းစွာ အခန်းဘက်ကြည့်မိလိုက်စဉ်မှာတော့ မျက်ခုံးနှစ်ခုတွန့်ချိုး မျက်မှောင်ကြီးကြုတ်ကာ ကြည့်နေသော ဖြူဖြူဝေ့ယောကျ်ားရဲ့ မျက်လုံးများနှင့် ရင်ဆိုင်မိသွားလေသည်။

"ဆောရီး ဖြူဖြူဝေ၊ ငါနင့်ဆီကိုလာတာ ငါမှားခဲ့တာရှိရင်



တာဝန်ယူချင်လို့ပါ . . ၊ စိတ်အနှောင့်အယှက်ပေးမိသလို ဖြစ်သွားရင်တောင်းပန်ပါတယ်"

"အေး . . အခုနင်တောင်းပန်ရုံနဲ့ ငါတို့အဆင်မပြေနိုင်တော့ဘူး။ ပြဿနာတက်တော့မှာ၊ နင်သွားတော့ ပြန်ပါတော့"

"နင်ငါနဲ့ကလေးမရတာတော့ အမှန်ပါနော်"

"အမယ်လေး . . . သွားပါတော့ဆိုဟယ်၊ နင်မသွားရင် ငါရဲခေါ်လိုက်တော့မှာ"

"ဟာ . . . မ . . . မလုပ်ပါနဲ့၊ သွား . . . သွားပါ့မယ်"

သူနောက်ကြောင်း လှည့်မကြည့်တော့ဘဲ ပြန်ပြေးလာခဲ့ရသည်။ သူလည်း အောင်ဇော်နှင့် ထူးမောင်အဖြစ်လို ဘာထူးလို့လဲ၊ အရိုက်မခံရ၊ ရဲအတိုင်မခံရတာဘဲ တော်သေးသည်။

သူတို့တွေ ကလေးနှင့်ပတ်သက်ပြီး ဒီလိုလျှောက်လုပ်နေလို့တော့ မဖြစ်တော့ပေ။ ပတ်သက်ခဲ့ဖူးသည့် မိန်းကလေးတွေကို ဒီလိုတဲ့တိုးမမေးလျှင်ရော ဘယ်လိုမေးရမလဲ။ ကလေးမှာ ကလေးအမေတော့ရှိမှာဖြစ်မည်။

ကလေးအမေ ဘယ်သူဖြစ်နိုင်မလဲ။ ကလေးရဲ့ အဖေကရောဘယ်သူလဲ။ သူလား၊ အောင်ဇော်လား၊ ထူးမောင်လား။

သူတို့တွေကြောင့်တော့ တခြားသူတွေမှာ အချစ်ရေး၊ အိမ်ထောင်ရေးတွေ ပဋိပက္ခဖြစ်ကြရတော့မှာတော့ အမှန်ပင်။

ဒီအကြောင်းတွေမှာ တရားခံကတော့ ရှိနေသည်။ ကလေးကိုလာပို့သည့်သူ။ သူတို့ဆီကို ကလေးရောက်အောင် ပို့လိုက်သည့်သူ။ မင်းဘယ်သူလဲ။ ဘာကြောင့်ဒီလိုလုပ်ရတာလဲ . . ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

"ငါလည်း မသိတော့ဘူးကွာ၊ သူ့မှာအိမ်ထောင်ရှိမှန်း ဘယ်လိုလုပ်သိမှာလဲ၊ အသက်ကကြီးကြီးဆိုတော့ သူ့အဖေ သူ့ဦးလေး အဲလိုပဲ ထင်တာပေါ့။ ကလက်တက်တက် ပေါ့ပျက်ပျက်နေခဲ့တဲ့သူက ဒီလောက် အသက်ကြီးတဲ့သူကြီးကို လင်တော်ထားတာတော့ အံ့ဩစရာပဲ"

"သူ့ဘဝ သူ့အကြောင်းပေါ့ကွ၊ နေတာထိုင်တာ ဘယ်လောက်ပေါ့ပျက်ပျက်ဖြစ်နေနေ မိသားစုအတွက် ဘဝကိုရင်းတာတော့ လေးစားစရာပါ၊ အခုမင်းကြောင့် ပြဿနာတက်ရင်တော့ မင်းသူ့မိသားစုဘဝကို ဖျက်ဆီးလိုက်တာပဲ"

"အေးကွာ၊ ငါဘာပြန်လုပ်ပေးရမလဲ မသိတော့ဘူး"

နေရောင်ဝါ တကယ်ကို စိတ်မကောင်းဖြစ်နေခြင်းဖြစ်သည်။ ဖြူဖြူဝေ့ပုံစံက ပြဿနာတက်မှာ အရမ်းကိုစိုးရိမ်နေတာမဟုတ်လား။ နွားအိုမြက်နုကြိုက်သည့်လူကြီးက ဘယ်လောက်တောင် သဝန်တိုပြီး ပြဿနာရှာတတ်သည် မသိပေ။

"မင်းက အဖေဖြစ်ဖြစ်၊ ဦးလေးဖြစ်ဖြစ် အဲဒီလူကြီးမသိအောင် တိုးတိုး သက်သာလေး မေးဖို့ပြောဖို့ကောင်းတယ်"

"ငါသူ့ကို အပြင်ကိုခေါ်ထုတ်ပါသေးတယ်၊ ပြောစရာ မေးစရာ





ရှိလို့ဆိုပြီး။ သူကိုယ်က ကျောက်ကန့်ကန့်ပြီးငြင်းနေတာ၊ အဲဒါနဲ့ ငါလည်း မသိရမှာစိုးပြီး မေးလိုက်တာပေါ့၊ ငါ့ကိုရဲခေါ်ပြီး ဖမ်းမချုပ်တာကံကောင်း"

"မင်းက ကံကောင်းနေ၊ ဖြူဖြူဝေတော့ ကံဆိုးနေလောက်ပြီ၊ ဒီအရွယ်တွေမှန်ရင် အရမ်းကြောက်စရာကောင်းတယ်ကွ၊ သူတို့မှာ အသက်ကြီးတဲ့ အားနည်းချက်ရှိတယ်လေ၊ အဲဒီတော့ ရတာဖမ်းကုပ်ပြီး ဘယ်အလွတ်ပေးချင်ပါ့မလဲ၊ သူတို့ဘက်က စည်းစိမ်ဥစ္စာလည်း ရင်းထားရတယ်လေ"

"အဲဒါထားပါဦး၊ ငါတို့ဒီလိုတွေလုပ်နေလို့တော့ မဖြစ်တော့ဘူးထင်တယ်၊ ငါတို့ကသာ ကလေးကြောင့် တာဝန်ယူချင်နေကြတာ၊ သူတို့က သူတို့ဘဝနဲ့သူတို့ အဆင်ပြေနေကြပြီ၊ ငါတို့ဘာဆက်လုပ်ကြမလဲ"

"ဘယ်တတ်နိုင်တော့မလဲကွာ၊ ခင်ခင်ဇော်ကို ငှားထားတာ ကလေးအတွက်ရော ငါတို့အတွက်ရော အဆင်ပြေနေတာပဲ၊ ငါတို့မှာ အရမ်းတာဝန်ပိုသွားတာမျိုးမှ မရှိတော့တာ၊ ကလေးမှာ အမေ မရှိတာလေးပဲ သနားစရာကောင်းတာပါ"

အောင်ဇော်ပြောတော့ ထူးမောင် ခေါင်းညိတ်ကာ ထောက်ခံသည်။

"ငါတို့ဘက်ကလည်း ဒီလောက်ဆို တာဝန်ကျေနေပါပြီ၊ ကိုယ်နဲ့တွဲခဲ့ဖူးတဲ့ မိန်းကလေးတွေအပေါ် မှားခဲ့ဖူးလားဆိုပြီး တာဝန်ယူဖို့ အတွက် အကုန်လိုက်မေးတာပဲလေ၊ အမေးမတော်လို့ ဒဏ်ရာအနာတရ တောင်ရတယ်၊ သိပ်ကိုးယောကျ်ားပီသချင်တဲ့ကောင်တွေ ခံရတာတောင် နည်းသလိုပဲ"

ထူးမောင်စကားကြောင့် နေရောင်ဝါနှင့် အောင်ဇော်ရယ်လိုက်မိကြသည်။ သူတို့စကားပြောနေစဉ်မှာ ခင်ခင်ဇော် လုံချည်ရှိုင်ရှားလျက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး. . .

"ခင်ခင် ရေချိုးလိုက်ဦးမယ်၊ ကလေးနိုးလာပြီး ငိုသံကြားရင် ချော့လိုက်ကြပါဦးနော်၊ နို့ဘူးအဆင်သင့်ဖျော်ထားပြီးသားရှိတယ်၊ နို့တိုက်ပြီး ပြန်သိပ်လည်းရတယ်သိလား"

"ခင်ခင်ရယ်. . . ညကြီးမိုးချုပ်မှ ရေချိုးရလား၊ နေမကောင်းဖြစ်နေပါဦးမယ်"

"ဩော်. . . ဒီအချိန်မှအားတာ ဒီအချိန်မှပဲရေချိုးရတော့မှာပေါ့၊ တစ်နေ့လုံး ကလေးဝေယျာဝစ္စနဲ့ ရှင်တို့စားဖို့သောက်ဖို့ ချက်ရပြုတ်ရ ဖွပ်ရလျှော်ရနဲ့ ဖတ်ဖတ်ကိုမောနေတာပဲ"

"အေးပါ. . . မင်းကို ငါတို့လစာပိုတိုးပေးပါ့မယ်၊ နောက်နေ့ကျ အလုပ်တွေလည်း ကူလုပ်ပေးပါ့မယ် ဟုတ်ပြီလား"

"ဟုတ်. . . သိုင်းကျူးပါ အာဘွား"

ခင်ခင်ဇော်က အောင်ဇော့်ပါးကို နမ်းကာထွက်သွားသည်။ အောင်ဇော့်မျက်နှာက သဘောကျသလို ပြုံးဖြီးနေ၏။ အောင်ဇော့်ကိုကြည့်ကာ နေရောင်ဝါနှင့် ထူးမောင်အံ့သြနေကြသည်။

"ဟ. . . မျက်စိတဆုံးလိုက်ကြည့်ပြီး ပြုံးဖြီးနေတာပဲ၊ မျက်နှာပိုးလေးဘာလေး သပ်ပါဦး"

"အေးလေ. . . မိန်းကလေးတစ်ယောက်ကိုသဘောကျပြီး ဖွန်ကြောင်နေတဲ့မျက်လုံးတွေနဲ့၊ ဟိတ်ကောင်. . . မင်း ခင်ခင့်ကိုကြိုက်နေတာလား"

"အာ. . . မဟုတ်ပါဘူး၊ ယောကျ်ားချင်းကြိုက်စရာလား"

"ခုခေတ်မှာ ဒါတွေကရှိနေပြီလေ၊ မိန်းမအချင်းချင်း ယောကျ်ားအချင်းချင်း ချစ်ကြကြိုက်ကြယူနေကြတာပဲ၊ လိင်တူချစ်သူများအဖွဲ့ ဆိုပြီးတောင် ရှိသေးတယ်"



"ရှေးဘဝ အတိတ်ရေစက်ကြောင့် သံယောဇဉ်တွေကြောင့် အတူနေဖြစ်သွားကြတာပါ၊ လူအချင်းချင်း မုန်းတာကမကောင်းဘူး၊ ချစ်တာက မင်္ဂလာတစ်ပါး မဟုတ်လား"

"အောင်ဇော်စကားတွေ တော်တော်တတ်လာပြီ၊ အချစ်ကသင်ပေးတဲ့ သမ္မာကျမ်းစာတွေထင်တယ်၊ ငါကတော့ ကေသီလှိုင်တို့ အေမီတို့ ကဲ့ရဲ့သလို အဖြစ်မခံနိုင်ဘူးနော်၊ အောင်ဇော် ဆင်ဆင်ခြင်ခြင်နေ"

ထူးမောင်က အောင်ဇော့်ပါးကိုလက်ညှိုးနှင့်ထိုးကာ သတိပေးနေသည်။ အခုတလော ဆိုင်မလိုက်ချင်ဘဲ အိမ်မှာပဲအနေများနေသော အောင်ဇော့်ကို သင်္ကာမကင်းဖြစ်နေရတာပါ။

ခင်ခင်ဇော့်ကိုကြည့်သောမျက်လုံးများက သိပ်တော့မလွယ်။

"ကလေး. . . ကလေးငိုတယ်"

"ဟာ"

သုံးယောက်သား ကလေးဆီအမြန်ရောက်သွားကြသည်။ ကလေးကို နို့ဘူးတိုက် သေးဝတ်လဲဖြင့် အားလုံးပျာယာခတ်သွားကြ၏။ ဒီကလေးကို သူတို့အားလုံး သံယောဇဉ်ရှိနေကြသည်။ မောရပန်းရမှန်းလည်း မသိပါ။ အပျော်အပါးမက်ဖို့လည်း သတိမရကြတော့ပါ။ ဒီကလေးလေးက သူတို့ရဲ့ဘဝလေးဖြစ်နေသည်။

ခင်ခင်ဇော် စောင့်ရှောက်မှုကောင်းတာတောင် စိတ်မချနိုင်။ ခင်ခင်ဇော်က သူစိမ်းမို့ဖြစ်ပါ့မလားဆိုပြီး အိမ်မှာတစ်ယောက်ကတော့ အမြဲချန်နေရစ်သည်။

ကလေးကိုတစ်ယောက်တလှည့် ချော့မြူထိန်းကျောင်းရင်းဖြင့် သံယောဇဉ်တွေက တဖြည်းဖြည်းရစ်ပတ်နှောင်ဖွဲ့လာကာ အချိန်တွေက ရင့်ရော်ကြာညောင်းလာလျက်. . .။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"ဝုန်း . . ဖြုန်း"

"ဟင် . . ဖေဖေ . . ဖေဖေ ဘာဖြစ်တာလဲ၊ မနော်နဲ့ ကြူကြူ တို့လာကြပါဦး"

ဦးမင်းသွင် ဗိုက်ကိုနှိပ်ရင်း ပစ်လဲသွားတာမို့ အိမ်အကူမိန်း ကလေးတွေကို ရမ့်မင်းသွင် ထိတ်လန့်တကြား အော်ခေါ်လိုက်သည်။ ချက်ပြုတ်လုပ်ကိုင်နေသော ကောင်မလေးတွေ ဝရုန်းသုန်းကားပြေးထွက် လာကြ၏။

"မြန်မြန် . . ဖေဖေ့ကို အခန်းထဲတွဲပို့မယ်၊ ပြီးရင် ဆရာဝန် ကို ဖုန်းဆက်ခေါ် မြန်မြန်လုပ်"

ပါးစပ်ကပြောရင်း သုံးယောက်တွဲ၍ ဖေဖေ့ကိုအခန်းထဲခေါ် လာခဲ့သည်။ အိပ်ရာထက်ရောက်တော့ ဦးမင်းသွင်ရွှေးတွေ ပြန်ကာ သတိတောင် လစ်ချင်ချင်ဖြစ်နေ၏။

"ဖေဖေ ဆေးရုံသွားမလားဟင်၊ ဆေးရုံရောက်မှ အမြန်သက် သာမယ်ထင်တယ်"

"ရပါတယ် သမီးရယ်၊ ဖေဖေသောက်နေကျ ဆေးလေးသောက် လိုက်ရင် အဆင်ပြေသွားမှာပါ၊ ဆရာဝန်လည်း မခေါ်ပါနဲ့"



"နိုင်ငံခြားကိုပဲ ပြန်သွားနေကြမလား ဖေဖေရယ်၊ မြန်မာပြည် ပြန်ရောက်မှ ဖေဖေ့ကျန်းမာရေး မကောင်းဘူးဖြစ်နေတယ်"

"ဒီကိုပြောင်းလာမှ ဖြစ်တာမဟုတ်ပါဘူး သမီးရယ်၊ ဟိုမှာဖြစ် နေလို့ သေချင်သေ ကိုယ့်မြန်မာပြည်မှာသေမယ်ဆိုပြီး ဖေဖေပြန်လာ တာပါ"

"ဖေဖေ့ရောဂါက ဘာရောဂါမို့ ဒီလိုသေကြောင်းတွေ ပြောရ တာလဲ ဖေဖေရယ်၊ ရောဂါရှိရင် ဆေးကုလို့ရတာပဲ၊ နိုင်ငံခြားမှာဆိုရင် ပိုပြီး အဆင့်မြင့်သေးတယ်"

"လူ့အသက်ကိုတော့ ဘယ်နိုင်ငံကမှ မကယ်နိုင်ပါဘူး သမီး ရယ်"

"ဖေဖေ . . ဖေဖေ ဘာတွေပြောနေတာလဲ၊ ဖေ . . . ဖေဖေ့ ရောဂါက ဘာရောဂါမို့လဲ"

ဦးမင်းသွင် မပြောရက်သလို တစ်ဖက်ကို မျက်နှာလွှဲသွားသည်။ တစ်ဦးတည်းသောသမီးလေးကို ဒီအဖေက အသည်းကင်ဆာရောဂါဖြင့် လူ့လောကကြီးမှာ ကြာကြာမနေရတော့ဘူးလို့ ဘယ်လိုလုပ်ပြောရက် ပါ့မလဲ။

ဟိုနိုင်ငံမှာ ဆွေမရှိမျိုးမရှိ ယောင်လည်လည် အထီးကျန်ပြီး အနိုင်ကျင့် စော်ကားခံရမှာစိုးလို့ သမီးကိုမြန်မာပြည် ပြန်ခေါ်လာခဲ့တာပါ။

မြန်မာပြည်ရောက်လာကြတာ တစ်ပတ်ပင်မရှိကြသေးပေ။ ဟိုမှာ ကျန်းမာရေးအခြေအနေဆေးစစ်ကြည့်တော့ အသည်းကင်ဆာဖြစ် သည့် လက္ခဏာတွေ့ရသည်ဟု ဆရာဝန်အချင်းချင်း ပြောနေကြတာ ကို ကြားလိုက်ရသည်။

ကိုယ်က အရက်ကိုကြိုက်လို့ ညနေတိုင်းသောက်ဖြစ်သည့် ဆိုး ကျိုးတွေပါ။ ဒါပေမဲ့ တစ်နှစ်တစ်ခါ ကျန်းမာရေးဆေးစစ်ဖို့တော့ မမေ့

www.burmeseclassic.com

www.burmeseclassic.com



လျော့ခဲ့ပေ။ ကျန်းမာရေးလိုက်စားတာကြောင့် ဘာရောဂါမှလည်း မဖြစ်ခဲ့

နှစ်စဉ်နှစ်တိုင်း ကျန်းမာရေးကောင်းကောင်းဖြင့် တက်တက်ကြွကြွလုပ်ငန်းတွေ အောင်မြင်ကာ ငွေရှာနိုင်ခဲ့သည်။ အခုတော့ အသည်းကင်ဆာတဲ့။ ရှာထားသမျှငွေတွေဖြင့် ချိန်ဆက်ကုသလို့တောင် အသက်ကို ကယ်တင်နိုင်သည့် အာမခံချက်မရှိ။ စည်းစိမ်ဥစ္စာနှင့် လဲယူလို့မရသည့် ရောဂါဆိုးပါ။

"ဖေဖေ ... ဖေဖေ"

"ဟင်. . . သ. . . သမီး"

"ပြောပါဖေဖေ၊ ဘာလို့ သမီးကိုမပြောတာလဲ၊ အရင်က မြန်မာပြည်ကို ခြေဦးတောင်မလှည့်ဘူးလို့ ပြောခဲ့တယ်၊ အခုကျတော့ အိမ်ကိုဖွင့်ဝယ် လုပ်ငန်းတွေဖွင့်ပြောင်းနဲ့ မြန်မာပြည်ကို အစီအစဉ်မရှိ၊ သမီးကို မတိုင်ပင်ဘဲ ပြောင်းလာတယ်၊ ဘာတွေဖြစ်နေတယ်ဆိုတာ သမီးကိုလည်း ပြောဦးမှပေါ့ဖေဖေ"

"အေးလေ. . . ဒီကိုရောက်လာပြီဆိုတော့ သမီးလည်းသိတော့ သိသင့်ပါပြီ၊ ဖေဖေ့ရင်ဘက်တွေ အရမ်းအောင့်နေလို့ ဆေးလေးတော့ သောက်ပါရစေဦး သမီး"

"ဟုတ်. . . ဖေဖေ"

ဦးမင်းသွင် သောက်နေကျဆေးလေးကို ကြူကြူက ရေဖန်ခွက်လေးနဲ့ အတူတူကမ်းပေးသည်။ ဦးမင်းသွင်က ယူသောက်ပြီး သက်ပြင်းတွေ လေးတွဲစွာချသည်။

"ကြူကြူကို့ အလုပ်သွားလုပ်ကြလေ၊ အန်ကယ် သက်သာပါပြီ"

ဦးမင်းသွင်က ကြူကြူတို့ကို ထွက်သွားခိုင်းလိုက်သည်။ အခန်းထဲမှာ သမီးလေးရယ်မင်းသွင်တစ်ယောက်သာ ကျန်တော့၏။



"သမီးလေး"

"ရှင်. . . ဖေဖေ"

"တကယ်လို့ ဖေဖေလူ့လောကကြီးက ထွက်သွားရပြီဆိုရင် လူ့ဘဝကြီးထဲမှာ ဆွေမရှိ မျိုးမရှိတစ်ယောက်တည်းနေရတော့မှာနော်"

"ဖေဖေက ဘာလို့သမီးကို တစ်ယောက်တည်း ထားခဲ့မှာလဲ၊ ဘာလို့ ဖေဖေထွက်သွားရမှာလဲ၊ အဲလိုမလုပ်ရဘူးနော် ဖေဖေ၊ အဲလိုလုပ်လို့ မဖြစ်ဘူး။ သမီးမှာ ဆွေမျိုးသားချင်းဆိုတာလည်း ရှိတာမဟုတ်ဘူး။ ဖေဖေ ခွင့်မပြုလို့ အိမ်ထောင်လည်း မပြုခဲ့ရဘူး"

"ဟုတ်ပါတယ် ဖေဖေမှားပါတယ် သမီး။ ဆွေမျိုးသားချင်းမရှိတာတော့ ဝမ်းမနည်းပါနဲ့၊ သမီးအမေက သမီးငယ်ငယ်လေးကတည်းက နောက်ယောကျ်ားယူသွားခဲ့တယ်၊ ဖေဖေ အလုပ်လုပ်သွားနေတဲ့အချိန်မှာ သမီးကို သူများတွေကိုပေးခဲ့လို့ ဖေဖေစိတ်နာပြီး မြန်မာပြည်ကိုပါ စွန့်ခွာခဲ့တာ၊ သမီးလေးနဲ့အတူတူ နိုင်ငံခြားကိုထွက်လာပြီး ဒီလိုဘဝမျိုးရောက်အောင်အထိ မခံချင်စိတ်တွေနဲ့ ဖေဖေကြိုးစားခဲ့တာ သမီး"

"ဖေဖေ့ ဆွေမျိုးသားချင်းတွေ၊ မေမေ့ ဆွေမျိုးသားချင်းတွေတော့ ဒီရန်ကုန်မြို့မှာရှိဦးမှာပေါ့"

"ဖေဖေ့ဘက်ကတော့မရှိဘူး၊ ဖေဖေက တောကနေ တစ်ကောင်ကြွက်ဘဝနဲ့ ရန်ကုန်ကို အလုပ်လုပ်ဖို့ တက်လာတာ၊ သမီးအမေနဲ့ဆုံပြီး လက်ထပ်တယ်၊ အဲဒီမှာမပြည့်စုံတဲ့ဘဝနဲ့မို့ သူတို့ဆွေမျိုးအသိုက်အဝန်းကြားမှာ ဖေဖေအနှိမ်ခံရ အနှိပ်စက်ခံရတယ်၊ နောက်ဆုံးသမီးအမေလင်ငယ်နေတာကိုတောင် ပြည့်စုံအောင်မှ ရှာမပေးနိုင်တာဆိုပြီး ဖေဖေ့ကို အပြစ်ပြောကြတယ်၊ သမီးအမေကိုတော့ မြှောက်ပင့်အားပေးကြတယ်"

"တော်တော်ဆိုးတာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို ထောက်ခံကာ၊ ဆွေမျိုးတွေကိုရွှတ်ချလိုက်မိသည်။ ဒါကြောင့်မို့ ဖေဖေက နိုင်ငံခြားမှာအရမ်းအလုပ်ကြိုးစားပြီး ငွေရှာခဲ့တာ ဖြစ်မည်။ ဖေဖေက အံတစ်ချက်ကြိတ်၍ . .

"ဟုတ်တယ် အရမ်းဆိုးတယ်၊ သမီးအမေဘက်က ဆွေမျိုးတွေရှိပေမယ့် သူတို့နဲ့တော့ပတ်သက်လို့မဖြစ်ဘူး သမီး"

"ဒါဆို ဖေဖေလည်း သမီးကိုတစ်ယောက်တည်းထားခဲ့လို့ မဖြစ်ဘူး ဖေဖေ၊ သမီးတစ်ယောက်တည်း လောကကြီးကို ဘယ်လိုရင်ဆိုင်ရမှာလဲ၊ အနားမှာရှိတဲ့သူတွေက ဖေဖေ့ဝန်ထမ်းတွေ သူစိမ်းတွေချည်းပဲ၊ ဖေဖေထားခဲ့တဲ့ စည်းစိမ်ဥစ္စာတွေအားလုံး သူတို့အနိုင်ကျင့်ယူသွားကြမှာပဲ၊ သမီးက ဘာမှနားမလည်တာ"

မျက်စိသူငယ်နားသူငယ် ကျန်ရစ်ခဲ့တော့မည့်သမီးအတွက် ဦးမင်းသွင် မျက်ရည်ကျလောက်အောင် စိတ်မကောင်းဖြစ်နေမိသည်။

"ဟင် . . ဖေ . . ဖေဖေ ငိုနေတာလား"

"သမီးလေးကို တစ်ယောက်တည်းထားခဲ့ရမှာ ဖေဖေစိတ်မကောင်းလွန်းလို့ပါကွယ်"

"ဖေ . . . ဖေဖေက ဒီစကားပဲပြောနေတယ်၊ ဖေဖေက ဘာရောဂါနဲ့မို့ သေမှာလဲ၊ သေရမှာလဲ"

"အသည်းကင်ဆာ"

"ရှင် . . အသည်းကင်ဆာ . . အသည်းကင်ဆာ ဟုတ်လား ဖေဖေ"

ထိတ်လန့်အံ့သြလွန်းစွာအမေးမှာ ဖေဖေ ခေါင်းညိတ်ပြတော့ ရမ့်မင်းသွင်ပြုံလဲကျမတတ် ပျော့ခွေသွားရသည်။

"ဖေဖေရယ် ဖြစ်ရလေ၊ အဲဒီရောဂါဖြစ်နေတဲ့အကြောင်း ဖေဖေသိတာ ဘယ်လောက်ကြာပြီလဲ၊ သမီးကိုဘာလို့ မပြောတာလဲ၊ မပြော



တာလဲ ဖေဖေ"

"သိသိချင်း ဖေဖေလည်း ချက်ချင်းအသက်ထွက်လောက်အောင်ကို ခံစားလိုက်ရတယ်သမီး၊ ဒါပေမဲ့ သမီးကို မပြောရက်ခဲ့ဘူး၊ သမီးလေးတစ်ယောက်တည်း ကျန်ခဲ့တော့မှာပါလားလို့တွေးပြီး စိတ်ထိခိုက် စိတ်မကောင်းဖြစ်မှာကို ဖေဖေ စိုးရိမ်ခဲ့တယ်"

"ဖေဖေရယ်"

ရောဂါထက် သူမအတွက် တွေးနေတာမို့ အခုမှပိုပြီးဖေဖေ့အတွက် စိတ်ထိခိုက်ရလေသည်။ အဖေတစ်ခု သမီးတစ်ခုဘဝဖြင့် သူ့နိုင်ငံမှာ လူမျိုးခြားတွေအလယ်မှာ တစ်ယောက်ကိုတစ်ယောက် အားပေး ကြင်နာရင်းဖြင့် နေခဲ့ကြရတာပါ။

ဖေဖေက သူမကို ပြည့်စုံစွာထားသည်။ ကောင်းမွန်စွာ ပညာသင်ပေးသည်။ သူများအခစား ဝန်ထမ်းဘဝကနေ အချိုရည်စက်ရုံ တည်ထောင်နိုင်သည်အထိ ကြိုးစားနိုင်ခဲ့သူပါ။ နိုင်ငံခြားမှာက ကြိုးစားရင်ကြိုးစားသလောက် ဘဝတိုးတက်ဖို့ အခွင့်အလမ်းတွေ ရှိသည်မဟုတ်လား။

"သမီးလေး . . အရမ်းအားငယ်သွားလား သမီးရယ်"

"ဖေဖေတောင် ရောဂါဝေဒနာခံစားနေရသေးတာ၊ ဘယ်တတ်နိုင်မလဲ ဖေဖေ၊ ကိုယ့်ကိုယ်ကိုယ် အားပေးနေထိုင်သွားရုံပဲရှိတာပေါ့"

သမီးမျက်ရည်ကျတော့ သမီးတစ်ယောက်တည်း ကျန်ခဲ့မှာ ဟုတ်ဘူးဆိုတာ ပြောပြဖို့ နှုတ်တို့ဆွံ့အလေးလံနေသည်။ ဒီအဖေကြီး အပြစ်တင်မှာမလွဲဘူး မဟုတ်လား။

"ဖေဖေ . . ဒီမှာ ဆရာဝန်ထပ်ပြကြည့်ပါဦးလား၊ ဟိုမှာ ဆရာဝန်က တစ်နှစ်တစ်ခါ ကျန်းမာရေးစစ်ဆေးတယ် လိုက်နာရမယ်"

"စစ်တော့ရော ဘာလုပ်တော့မှာလဲ သမီးရယ်၊ သေမယ့်လူ

www.burmeseclassic.com



ဖြစ်နေပြီပဲ၊ သေမယ့်ရက်ကိုစောင့်နေရတဲ့သူအတွက် ဘာမှလည်းမျှော်လင့်ချက် မရှိတော့ပါဘူး''

''အဲလိုတော့ မပြောပါနဲ့ဖေဖေ၊ ဆေးဝါးကုသပြီး အသက်ကိုရှည်အောင်လို့တော့ ဆွဲဆန့်လို့ရပါတယ်''

''အေးပါ အခုတော့ ဖေဖေ စိတ်ဓာတ်ကျနေတယ်၊ နောက်တော့ ဖေဖေ ဒီကဆရာဝန်တွေနဲ့ အသက်ကိုဘယ်လောက်ထိ ဆွဲဆန့်ပေးနိုင်မလဲ တိုင်ပင်ကြည့်တာပေါ့''

သမီးလေး မျက်နှာမကောင်း။ ဘယ်လောက်ထိ စိတ်ထိခိုက်သွားသည်ဆိုတာ ခန့်တောင် မခန့်မှန်းရဲချေ။ လောကကြီးမှာ ဒီအဖေနဲ့ ဒီသမီးပဲ တွယ်တာစရာရှိတာ မဟုတ်ပါလား။

ဒီကြားထဲ စုံစမ်းစရာရှိတာ စုံစမ်းပြီးလျှင်တော့ သမီးကိုဖွင့်ပြောပြသင့်တာ ဖွင့်ပြောရတော့မှာပါ။ ဒီအဖေကြီးကို အပြစ်တင်မုန်းသွားလည်း ခံရုံပေါ့။

သမီးအပေါ်ထားသည့်မေတ္တာတွေကြောင့်ပဲ မဟုတ်ပါလား. . .

✤ ✤ ✤

## အခန်း (၁၅)

''သားသားရေ. . သားလေးရေ၊ အို. . အို သားသားက ချိုချိုဆာလို့လား၊ ဖေကြီးတိုက်မှာပေါ့ကွာ၊ မငိုနဲ့နော်''

''မင်းပဲ ဖေကြီးလုပ်မနေနဲ့ ငါလည်းဖေကြီးပဲ၊ လာ. . သားသား . . . လာ၊ ဖေကြီးဆီလာ''

''ဟိတ်ကောင်တွေ၊ ငါတစ်ခါမှကို မချီရသေးဘူး၊ ငါ့ကိုပေးဦး သားသားရေ. . သားသားလေးရေ ဖေဖေ့ဆီလာပါဦး''

ကလေးက သူတို့သုံးယောက်လက်ထဲမှာ ဟိုရောက်လိုက်ဒီရောက်လိုက်။ ညဘက်သုံးယောက်ဆုံပြီဆို ကလေးကိုခင်ခင်ဇော်တောင်ထိန်းစရာမလိုပေ။ ချိုလို့ပိုးလို့ကောင်းသည့်အရွယ်လေး ရောက်လာသည်မို့ သူတို့အားလုံး လက်ပေါ်ကကို မချချင်ကြ။

''ကလေးက အိပ်ရမယ့်အချိန်ရောက်နေပါပြီရှင်၊ ဒီကိုလည်းပေးကြပါဦး၊ တကတည်း ဖြစ်ပျက်နေကြတာ''

''ခင်ခင်ရယ်၊ ကလေးကနေနေတဲ့ညစ္စာ မသိပ်ပါနဲ့ဦး၊ ငါတို့နဲ့ကအချိန်လေးပဲ ကောင်းကောင်းတွေ့ရတာ''

''ကလေးဆိုတာ အိပ်ချိန်အိပ် စားချိန်စားမှ ကျန်းမာရေးကောင်းတာ၊ ဟိုနေ့က ရေချိုးကြာသွားတာတောင် ဆေးခန်းပြေးလိုက်ရတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ကလေးတစ်ယောက်ပြုစုရတာ လွယ်တယ်များ အောက်မေ့နေလား။ အရိပ်တကြည့်ကြည့်နဲ့ ပိုးမွေးသလိုမွေးရတာ''

''အဲဒီအတွက် ခင်ခင်ကို ငါတို့အားလုံး ကျေးဇူးတင်နေကြတာပါ၊ လစာပေးခိုင်းထားတဲ့ဝန်ထမ်းလို့လည်း မအောက်မေ့ပါဘူး။ တကယ်ပြောတာပါ''

အောင်ဇော်တို့ကတော့ ခင်ခင်ဇော်ကို ဆက်ဆံသည့်နေရာမှာ ချိုသာ ပျော့ပျောင်းညင်သာလွန်းသည်။ အခွင့်အရေးပေးတာထက် စမ္ပန် ဆာပေးချင်နေသလားပင် မသိပေ။

ခင်ခင်ဇော် ကလေးချီပြီး ထွက်သွားချိန်မှာတော့

''အောင်ဇော် မင်းစိတ်လေးဘာလေးထိန်းဦး။ မင်း ခင်ခင်ဇော်ကို ငြိနေတာမဟုတ်လား''

''ကြာလာတော့လည်း သံယောဇဉ်ဖြစ်လာတာပေါ့ကွာ၊ ပြီးတော့ သူကမိန်းမတွေထက်တောင် မိန်းမပီသတယ်မဟုတ်လား၊ အဲဒါ လုပ်ယူချင်တိုင်းရတဲ့ အရည်အချင်းမျိုးမဟုတ်ဘူး''

''မင်းကလည်း ကြံဖန်ချီးကျူးနေ၊ ချစ်ရင်အပြစ်မမြင်တော့ဘူးဆိုတာ အမှန်ပဲ''

''ကဲ. . . အဲဒါပြောမနေပါနဲ့၊ ငါတို့သားလေးက ဘယ်နှလသားရှိနေပြီလဲမသိဘူး။ သူ့အတွက် မွေးနေ့ပွဲလေးလုပ်ပေးချင်တယ်၊ ကုသိုလ်ဒါနလေးတွေ လုပ်ပေးချင်တယ်''

''အေးလေ. . . ကလေးက ဘယ်နှရက် ဘယ်နှလသားမှန်းလည်းမသိ၊ ဘာနေ့သားမှန်းလည်း မသိဘူး။ နာမည်လည်း မပေးရဘူး သားသားလေးပဲ ခေါ်နေရတယ်''

''တစ်ခုတော့ ငါတို့လုပ်မှထင်တယ်၊ ကလေးကို နာမည်ပေးပြီး ကိုယ့်ဘာသာမွေးနေ့ လုပ်တာမျိုးပေါ့၊ နာမည်မရှိ မွေးနေ့မသိဘဲ နေသွား





လို့တော့ ဘယ်ဖြစ်မလဲ''

''ကျုပ်. . . ကလေးကို လာပို့မယ်ဆိုရင်လည်း ကလေးမွေးနေ့နဲ့ မွေးရက်လေးတော့ ရေးပေးသင့်တာပေါ့၊ ပြီးတော့ ဘယ်သူ့သား၊ ဘယ်သူနဲ့ပတ်သက်တယ်ဆိုတာလည်း ပြောသင့်တာပဲ၊ စာလေးတစ်ကြောင်း နှစ်ကြောင်းနဲ့ လူတွေကို ပဟေဠိလုပ်နေတယ်၊ ဒီကလူတွေကတော့ အမျိုးမျိုးဒုက္ခရောက်နေကြပြီ''

''ဟုတ်တယ်၊ ကလေးပို့တဲ့သူမှာ တကယ်ကိုအပြစ်ရှိနေပြီ၊ တာဝန်မယူချင်လို့ ကလေးကို ဖအေဆီပို့မယ်ဆိုလည်း တိတိကျကျပေါ့၊ အကြောင်းခိုးဝှက် လုပ်စရာလိုသလား''

''အေးကွာ. . . ဘာမှန်းမသိလည်း ကလေးကိုတော့ ငါတို့ သံယောဇဉ်ဖြစ်နေကြပြီပဲ၊ ငါတို့နဲ့ထိုက်လို့ ငါတို့ရတာ၊ ကလေးမှာ အဖေ သုံးယောက်ရှိတယ်လို့ အောက်မေ့တာပေါ့''

အောင်ဇော်နှင့် ထူးမောင် ခေါင်းညိတ်ကြသည်။ အခုတော့ ကလေးက သူတို့ဘဝရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်နေပါပြီ။ အောင်ဇော်က ထရပ်ပြီး

''ငါကလေးအိပ်ပြီလား သွားကြည့်လိုက်ဦးမယ်''

''ကလေးပဲကြည့်နော်၊ လူကြီးသွားကြည့်မနေနဲ့ဦး''

''ကြည့်ချင် ကြည့်ပါစေကွာ၊ သံယောဇဉ်များသွားတော့လည်း ခင်ခင်ဇော် အလုပ်မထွက်တော့ဘူးပေါ့''

''မထင်နဲ့ ခင်ခင်ဇော့်မှာ သူငယ်လေးရှိပြီး ဈေးသွားတိုင်းချိန်းတွေ့တယ်''

''ဟင်. . . ဟုတ်လား''

အောင်ဇော် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ခပ်မြန်မြန်ပင် အခန်းထဲဝင်လာခဲ့၏။ ခင်ခင်ဇော်က ကလေးကိုနို့ဘူးတိုက်ကာ ကျော

www.burmeseclassic.com

www.burmeseclassic.com



လေးကိုပွတ်၍ ချော့သိပ်နေသည်။

"ခင်ခင် အိပ်နေပြီလား"

"ဩော်. . . မအိပ်သေးပါဘူး။ ကလေးသိပ်နေတာ"

"ကလေးအိပ်သွားပြီလား"

"အင်း. . . အိပ်သွားပြီ"

"ဒါဆိုစကားပြောလို့ရလား"

"ဘာပြောမလို့လဲ ပြော"

ခင်ခင်ဖော် ထိုင်နေသော ခုတင်စွန်းမှာပင် အောင်ဖော် ဝင်ထိုင်လိုက်သည်။ ခင်ခင်ဖော့်ပါးပြင်က သံနပ်ခါးရနံ့လေးက အောင်ဖော့်နှာခေါင်းဝမှာ တိုးဝင်လာတာမို့ အောင်ဖော် ရှိုးတိုးရှူတဖြစ်နေရှာသည်။

"ဟိုလေ. . . ခင်ခင့်မှာ သူငယ်ရှိတယ်ဆို"

"အင်း. . . ရှိတယ်လေ၊ ချောမှချော လှမှလှ၊ ယောကျ်ားပီသတာလည်း အားရစရာကြီး သိလား"

ခင်ခင်ဖော့် စကားကြောင့် အောင်ဖော်တော်တော်လေး ကြေကွဲသွားသည်။ မိန်းကလေးနှင့် အသည်းကွဲတာထက် ပိုခံစားလိုက်ရသော ဒီဝေဒနာခံစားရခြင်းက ကလေးလာပို့သည့် လူကြောင့်ပင်။ သူသာ ကလေးလာမပို့လျှင် ခင်ခင်ဖော့်ကို ငှားစရာအကြောင်းမရှိသလို ဒီလို သံယောဇဉ်တွေ ဖြစ်သွားစရာအကြောင်းလည်း မရှိပေ။

"ဟိုလေ. . . ခင်ခင် ဒီကနေ အလုပ်မထွက်သေးဘူးမဟုတ်လား"

"ဒီဗိုင်နာသင်တန်းတက်ဖို့ ငွေပြည့်ရင် ထွက်မှာပေါ့၊ ခင်ခင်က အရင်းအနှီးလာရှာတာပဲဥစ္စာ၊ ခင်ခင့် ရည်မှန်းချက်တွေပြည့်အောင် လုပ်ရဦးမယ်လေ၊ အဲဒါမှ သူငယ်လေးနဲ့အတူတူနေရမှာ"

"သားသားလေးကိုရော သံယောဇဉ်မရှိဘူးလား"



"ရှိပါတော်၊ သားသားလေးကိုလည်း သံယောဇဉ်ရှိတယ်၊ လူကြီးတွေကိုလည်း သံယောဇဉ်ရှိပါတယ်၊ ဒါပေမဲ့ ခင်ခင်အချစ်ရှိနေတဲ့အတွက် သံယောဇဉ်တွေကို ထားချိန်တန်ရင်ထားခဲ့ရမှာပဲလေ"

"ဟား"

အောင်ဖော် တကယ်ကို ကြေကွဲသွားတာပါ။ မိန်းကလေးတစ်ယောက်ကို ကြာကြာမတွဲချင်ဘဲ၊ လက်ထပ်ဖို့ပြောလျှင် အကြောင်းရှာထားပစ်ခဲ့တာ ဝဋ်လိုက်ပြီထင်သည်။ ခင်ခင်ဖော်နှင့်မှ ဝဋ်လိုက်ခံရတာတော့ လူကြားလျှင် ရယ်စရာကောင်းပေတော့မည်။

"သွားတော့မလို့လား၊ ခဏလေးနေပါဦး"

အောင်ဖော်ထရပ်မည်ပြင်တော့ ခင်ခင်ဖော် လက်ဆွဲထား၍ အောင်ဖော်ရင်တွေ ခုန်သွားသည်။ ခြေဖျားလက်ဖျားတွေက အေးစက်ပြီး အဖျားတက်ချင်သလိုတောင် ဖြစ်နေ၏။ ဒါပေမဲ့

"ခင့်သူငယ်လေးဆီ ဖုန်းဆက်ချင်လို့ပါ၊ သားလေးအနားမှာ ခဏလောက်စောင့်ပေးပါနော်"

"ဘာ"

စိတ်တိုသွားမှန်းသိတော့ ခင်ခင်ဖော်က အောင်ဖော့်ပါးကိုတစ်ချက်နမ်း၍ မျက်စိတစ်ဖက်မှိတ်ပြသည်။ အောင်ဖော် ပြုစားခံနေရပြီဖြစ်သည်မို့ ရှူးပင်ရှူးချင်လာ၏။

သူငယ်လေးနဲ့ ဖုန်းပြောနေခြင်းဟာ သူ့ရင်ကို မီးလောင်တိုက်သွင်းနေသလို. . .။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ပြောလို့လည်းမဖြစ်၊ မပြောလို့လည်း မဖြစ်သောအကြောင်း အရာကြောင့် ဦးမင်းသွင်ရင်ထဲ မီးလိုပူလောင်နေရသည်။ ကိုယ်က သေရ တော့မည့်သူ အပြစ်တင်ခံရမည်ဆိုလည်း ခံရရုံပေါ့။

သမီးတစ်ယောက်တည်း အထီးကျန်တစ်ကောင်ကြွက်ဘဝမျိုး မကျန်ခဲ့ဖို့ပဲ အရေးကြီးတာ။

"ဖေဖေ ဆေးသောက်ပြီးပြီလား"

"အင်း. . အခုလေးပဲသောက်ပြီးတယ် သမီး"

"သမီး နှင်းနှိပ်ပေးရဦးမလား ဖေဖေ"

"ရပါတယ် သမီးရယ်"

"ဖေဖေသမီးကို ပြောစရာရှိလို့ဆို ဘာပြောမှာလဲ ဖေဖေ၊ သေ မယ့်လူတစ်ယောက်လို ဟိုဟာဒီဟာ မှာနေတာမျိုးတော့မလုပ်ပါနဲ့ သမီး အရမ်းဝမ်းနည်းလို့ပါ"

"အဲ့လိုမမှာရရင် သမီးလေးတစ်ယောက်တည်းကျန်ခဲ့မှာ ဖေဖေ ဘယ်လိုလုပ် စိတ်ချမှာလဲ သမီးရယ်"

"ဒီက ဆရာဝန်တွေနဲ့ ဖေဖေ ထပ်ပြကြည့်ပါဦး၊ ဆေးထပ်စစ် ကြည့်ပါဦး ဖေဖေ၊ ဖေဖေ့ကိုကြည့်ရတာ ဘာမှမဖြစ်သလို ကျန်းကျန်း



မာမာကြီး မြင်နေရတယ်၊ သေမယ်ဆိုတာ သမီး မယုံနိုင်ဘူး၊ ယုံလို့မရ ဘူး ဖေဖေရယ်"

"ဝေဒနာတွေကို သမီး မမြင်ရအောင် ဖေဖေကြိတ်မှိတ်ခံစား နေတာပါ သမီးရယ်၊ ဖေဖေလည်း လူကောင်းပကတိဖြစ်လိုက်ချင်ပါ တယ်၊ သမီးနဲ့အကြာကြီးနေချင်ပါသေးတယ်၊ ဒါပေမဲ့"

"မပြောပါနဲ့တော့ ဖေဖေရယ်၊ မပြောပါနဲ့တော့"

ရုမ်မင်းသွင် စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်မိသည်။ ဖေဖေ သာမရှိတော့ဘူးဆိုလျှင် သူမဘဝတကယ်ကို တစ်ကောင်ကြွက်အထီး ကျန်ပါ။ ဆွေမရှိမျိုးမရှိ ဘယ်သူ့ကိုမှ အားကိုးလို့မရဘဲ ယောင်လည် လည် မျက်စိသူငယ်နားသူငယ် ကျန်ခဲ့ရမှာပါ။

"သမီးလေး. . မငိုပါနဲ့သမီးရယ်၊ အားလုံးက ဖေဖေအမှားတွေ ပါ ဖေဖေ မကောင်းခဲ့တာပါ၊ တကယ်ဆို သမီးမှာချစ်သူရှိကတည်းက လက်ထပ်ပေးခဲ့ရမှာ၊ ဒါဆိုရင် သမီးမှာ မိသားစုရှိနေတဲ့အတွက် အထီး ကျန်တော့ဘူး၊ မျက်နှာမငယ်ရတော့ဘူးပေါ့"

"အဲဒါတွေ မပြောပါနဲ့တော့ဖေဖေ၊ သူ့အကြောင်း ကြားလည်း မကြားချင်တော့ဘူး၊ ပြောလည်း မပြောချင်တော့ဘူး၊ အရမ်းစိတ်နာတယ် အရမ်းမုန်းတယ် ဖေဖေ"

"သမီး"

"သူသာ မြန်မာပြည်ကိုပြန်မသွားဘဲ စိတ်ရှည်ရှည်နဲ့စောင့်ခဲ့ ယ်ဆိုရင် တစ်နေ့ ဖေဖေသဘောတူလာမှာပါလို့ သူ့ကိုပြောခဲ့တယ်၊ ပေမဲ့ သူမနေခဲ့ဘူး၊ သူသူငယ်ချင်းတွေနဲ့ မြန်မာပြည်ကို ပြန်သွားတယ်၊ င်လိုက်မလာရင် တစ်သက်စာပြတ်ပြီလို့ အကြောကြီးနဲ့ သူပြောသွားခဲ့ တယ်၊ အဲဒီအချိန်က ဖေဖေကမြန်မာပြည်ကို စိတ်နာနေတဲ့အချိန်၊ သမီး ာ ဖေဖေ့ကို တစ်ယောက်တည်းထားခဲ့ပြီး ဘယ်လိုလုပ်လိုက်သွားရ

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ''

''အဲဒီအချိန်က သမီးကိုဖေဖေ အရမ်းကျေးဇူးတင်ခဲ့တာပါ။ အချစ်ကို ဦးစားမပေးဘဲ ပြတ်ပြတ်သားသားဆုံးဖြတ်ရဲလို့လေ''

''မိန်းကလေးမာနကြောင့်ပါ ဖေဖေ၊ ကိုယ့်ဆန္ဒကို မလိုက်လျောဘဲ ဦးစားမပေးတတ်တဲ့ယောကျ်ားကို သမီးဘယ်တော့မှ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မှာမဟုတ်ဘူး၊ သူ့ကိုချစ်လို့ မခွဲနိုင်လို့ သေချင်သေသွားပါစေ၊ ဘယ်တော့မှ အလျှော့မပေးဘူး၊ သူ့ရှေ့မှာဘယ်တော့မှ ခံစားရတဲ့ပုံလည်း မပြဘူး''

သမီးရဲ့မာနများက လေသံတွေပါ တင်းပြတ်လာသည်။ အဲဒီအချိန်က သမီးငိုကြွေးခဲ့တာကို မသိလို့မဟုတ်။ သမီးပြတ်သားစွာ ဆုံးဖြတ်နိုင်တာကိုပဲ ချီးကျူးခဲ့မိတာ။

''သူ့ကိုမုန်းခဲ့ နာကြည်းခဲ့တာ တကယ်ရောဟုတ်ရဲ့လား၊ သမီး''

''ရှင်''

''သူ့ကိုယ်ဝန်ကျန်ခဲ့တာကိုတော့ သမီးဖျက်ချမပစ်ဘူး၊ လွယ်ပိုးပြီးရအောင်မွေးခဲ့တယ်လေ''

''ဒါက သူ့ကိုမုန်းတာနာကြည်းတာနဲ့ မဆိုင်ပါဘူး ဖေဖေ၊ မိခင်စိတ်ပါ၊ မိခင်မေတ္တာနဲ့ ပတ်ဝန်းကျင်ကဲ့ရဲ့မှာတောင် မရှက်နိုင်ဘဲ သမီးကိုယ်ဝန်ကို လွယ်ပိုးခဲ့တာပါ၊ ဒါ. . ဒါပေမဲ့ သား. . သားလေးက''

''သမီးရယ်''

ရင်သွေးရဲ့စိတ်နှင့် သမီးမျက်ရည်တွေကိုမြင်ရတော့ ဒီအဖေရဲ့ရင်မှာ မချိပေ။ သမီးမျက်ရည်တွေရဲ့ အဓိကတရားခံက ဒီအဖေကြီးမဟုတ်ပါလား။

''သမီးရဲ့ရင်သွေးလေးက မွေးပြီးပြီးချင်း တကယ်မသေခဲ့ဘူးဆိုရင် သမီး ဘယ်လိုနေမလဲ''



''ရှင်''

''တကယ်တော့ သမီးရဲ့ရင်သွေးလေးမသေခဲ့ပါဘူး''

''ရှင်. . . ဖေ. . . ဖေဖေ ဘာပြောတာလဲ၊ ဘာပြောတာလဲ ဖေဖေ ရှင်းအောင်ပြောပါ''

''သမီးရင်သွေးလေး မွေးပြီးပြီးချင်းဆုံးသွားတယ်၊ သမီးမြင်ရင် စိတ်မကောင်းဖြစ်မှာစိုးလို့ ချက်ချင်းသင်္ဂြိုဟ်လိုက်တယ်ဆိုတာ အမှန်မဟုတ်ပါဘူး သမီးရယ်''

''ဖေဖေ''

''အဲဒီကောင် ရင်သွေးကိုမလွယ်ဖို့ ဖျက်ချဖို့ပြောတာ သမီးလုံးဝလက်မခံခဲ့ဘူး၊ အဲဒါကြောင့် မွေးပြီးတာနဲ့ သေသွားတယ်ဆိုပြီး ဖေဖေ စွန့်ပစ်ခဲ့တာ၊ အင်း. . စွန့်ပစ်တယ်လို့တော့ ပြောလို့မရဘူးပေါ့၊ ဖေဖေ့တပည့်တစ်ယောက်ကို မွေးခိုင်းလိုက်တာပါ''

''ရှင်. . . အ. . အခုသားလေး. . . သားလေးက ဘယ်မှာလဲ ဖေဖေ၊ သားယောကျ်ားလေးမွေးတယ်ဆိုတာပဲ သိရတာ၊ သမီးတစ်ခါမှတောင် မမြင်လိုက်ရဘူး၊ ဖေဖေဘာလို့ အဲလိုလုပ်တာလဲ၊ ရက်စက်လိုက်တာ၊ ရက်စက်လိုက်တာ ဖေဖေရယ်''

ရမ့်မင်းသွင် လှိုက်လှိုက်ဆူဝေအောင်ခံစားလျက် မျက်ရည်ကျနေသည်။ ဦးမင်းသွင်လည်း စိတ်မကောင်းပါ။ မလုပ်သင့်တာတွေ လုပ်ခဲ့မိလို့ သေမင်းကိုအံမတုနိုင်သည့် ရောဂါဆိုးကြီးကို ခံစားနေရတာ မဟုတ်ပါလား။

''ဖေဖေ့ကို ခွင့်လွှတ်ပါသမီးရယ်၊ အဲဒီအချိန်က ဖေဖေလည်း သမီးကိုချစ်တဲ့စိတ်တစ်ခုနဲ့ အမှားအမှန်ကို မခွဲခြားနိုင်ခဲ့ပါဘူး၊ လင်မရှိဘဲ မွေးတဲ့ကလေးနဲ့ လူပုံအလယ်မှာ ဒုက္ခများ မျက်နှာငယ်မှာပဲ စိုးရိမ်ခဲ့တာပါ''

www.burmeseclassic.com



"ဖေဖေရယ် အဲဒီလိုသားလေးကို လုပ်မယ့်အစား သမီးကို သတ်ပစ်လိုက်တာ မဟုတ်ဘူး။ ရင်သွေးလေးက ဘာမှမသိနားမလည် ပါဘူး အပြစ်မရှိပါဘူး"

"ဟုတ်ပါတယ်၊ ဖေဖေ မှားပါတယ်၊ အဲဒါကြောင့်လည်း မြေး လေးကို သူများဆီမှာမထားရက်ဘဲ နှစ်လသားအရွယ်လောက်မှာ သူ့ အဖေဆီကို ပို့နိုင်းလိုက်တာပါ"

"ရှင်.. ဘယ်.. ဘယ်လိုလုပ်လိုက်တယ် ဖေဖေ"

"ကလေးကို သူ့အဖေဆီ ပို့လိုက်တယ်လို့ပြောတာပါ၊ သူက ဖအေဖြစ်တဲ့အတွက် ဒီကလေးရဲ့ဒုက္ခသုက္ခတွေ ခံသင့်တယ်မဟုတ်လား။ သူတစ်ပါး သူ့စိမ်းဆီမှာ ချို့ချို့တဲ့တဲ့နေရမှာထက်စာရင် သူ့အဖေဆီမှာ ဆိုတော့ ပြည့်ပြည့်စုံစုံတော့ နေရဦးမယ်လေ၊ လူပျိုလူလွတ်တစ်ယောက် လို တာဝန်မဲ့နေလို့ ဘယ်ဖြစ်မလဲ"

"ဖေဖေရယ် ဘာတွေလျှောက်လုပ်နေတာလဲ၊ သားကိုဘာလို့ သူ့ဆီ ပို့လိုက်ရတာလဲ၊ သူတို့ကအပျော်အပါးမက်ပြီး ပေါ့ပေါ့တန်တန် နေတဲ့သူတွေ၊ သူတို့သူငယ်ချင်းချင်းကလွဲပြီး ကျန်တာကိုအလေးအနက် ရှိတာ မဟုတ်ဘူး။ ဖေဖေက အဲဒါကြောင့် သဘောမတူခဲ့တာမဟုတ်လား။ မြန်မာပြည်ကကောင်တွေ သောက်သုံးမကျဘူးဆိုပြီး ဖေဖေပဲလမ်းခွဲ ခိုင်းပြီးတော့ ဘာလို့သူ့ကို ကလေးသွားပေးရတာလဲ၊ ရက်စက်တယ်.. ဖေဖေရယ်"

ရုမ့်မင်းသွင် ဆောက်တည်ရာမရ စိတ်မထိန်းနိုင်စွာ ငိုချလိုက် သည်။ သေမယ့်ရက်ကို စောင့်နေရသည့် အဖေကြီးကိုလည်း အပြစ် မတင်ချင်။ သူ့မကိုချစ်သည့်စိတ်နှင့် လျှောက်လုပ်ခဲ့တာမဟုတ်ပါလား။

ဖေဖေက သူ့မလက်ကလေးကို ဆုပ်ကိုင်ကာနှစ်သိမ့်ပြီး...

"ဖေဖေ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ် သမီးရယ်၊



ဘဆိုတာ သားသမီးကိုချစ်တဲ့စိတ်နဲ့ အတ္တကြီးသွားတတ်တဲ့အမျိုးပါ၊ အခုတော့ ဖေဖေနားလည်ပြီ၊ သမီးမှာ အဲဒီသားလေးသာရှိရင် ဖေဖေ သေသွားတောင် အဖော်မမဲ့တော့ဘူး၊ အထီးမကျန်တော့ဘူးပေါ့ကွယ်"

"အခု သားကိုဘယ်လိုပြန်ခေါ်မလဲ ဖေဖေ၊ ဘယ်လိုပြန်တောင်း မလဲ"

"အဲဒါတော့ ဘယ်လိုလုပ်ရမလဲ စဉ်းစားရဦးမှာပေါ့ သမီး"

"သူတို့သားလေးကို ကောင်းကောင်းမွေစောင့်ရှောက်ထားရဲ့ လား။ သူများတွေကိုပေးလိုက် စွန့်ပစ်လိုက်ပြီလားမသိဘူး"

"အဲလိုတော့မဟုတ်ပါဘူး သမီး၊ သူတို့ကလေးကို ကောင်း ကောင်းစောင့်ရှောက်ထားကြပါတယ်၊ ဖေဖေလည်း မြန်မာပြည်ပြန် ရောက်ကတည်းက မြေးလေးနဲ့သူတို့အကြောင်းကို စုံစမ်းနေတာပါ"

"သူ့သူငယ်ချင်းတွေနဲ့ အတူတူနေတုန်းလား ဖေဖေ"

"အင်း.. တိုက်ခန်းတစ်ခန်းဝယ်ပြီး အတူတူနေကြတယ်၊ လုပ်ငန်းလည်း စပ်တူရှယ်ယာပဲ"

"ဟွန်း.. အခုချိန်ထိ သူငယ်ချင်းတွေကို မခွဲနိုင်မခွာနိုင် ချစ် နေတုန်းပဲကိုး"

"သူ့သူငယ်ချင်းတွေကို မြင်လည်းမြင်ဖူးတာမဟုတ်ဘဲနဲ့ ဘာ လို့ မုန်းနေတာလဲကွယ်၊ ဒီသူငယ်ချင်းတွေနဲ့မို့ သူလည်း သူ့ဘဝမပျက်စီး အောင် ရပ်တည်နေတာပါ"

"ဖေဖေက အခုမှ သူ့ကောင်းကြောင်းလာပြောနေရလား။အရင် ကတော့ သူငယ်ချင်းတွေနဲ့ အပျော်အပါးမက်တဲ့ကောင်၊ လတ်လျားလတ် လျားနဲ့ လက်ကြောတင်းမှာမဟုတ်ဘူး၊ သမီးဘဝအတွက် အားကိုးအား ထားပြုလို့ရမယ့်ကောင်မျိုး မဟုတ်ဘူးဆို"

သမီးပြောမှ ကိုယ်ပြောမိ တားမြစ်မိတာတွေအတွက် နောင်တ

www.burmeseclassic.com

www.burmeseclassic.com



ရမိသည်။ လူတစ်ယောက်ရဲ့စရိုက်ကိုမကြိုက်ရင် ကိုယ်က ပြုပြင်ပေးလို့ရတာပဲ။ ကိုယ်သာအတွေ့မကြီးမိခဲ့လျှင် သမီး သူ့အိမ်ထောင်လေးနဲ့သူ၊ သူ့ဘဝလေးနဲ့သူ ရှိနေမှာပါ။

အခုတော့ သူတို့ချင်း နာကြည်းစရာလေးတွေ ဖြစ်သွားရတာလည်း ကိုယ့်ကြောင့်ပင်။

"သမီး သူ့ကိုအရမ်းနာကြည်းနေသလား"

"ကိုယ့်ကိုတန်ဖိုးမထားတဲ့လူတစ်ယောက်ကို သမီး မနာကြည်းဘဲနေပါ့မလား ဖေဖေ၊ သူသာခဏလောက်စောင့်လိုက်မယ်ဆိုရင် သမီးမှာ ကိုယ်ဝန်ရှိနေတာ သူသိသွားမှာပဲ၊ အဲဒါဆိုရင် ဖေဖေလည်းမဖြစ်မနေသဘောတူရမှာပဲလေ၊ အခုတော့ သူ့သူငယ်ချင်းတွေနဲ့ မြန်မာပြည်ကိုပြန်သွားတယ်၊ သမီးကို ခေါ်လို့မရလို့ဆိုပြီး သူက အရင်စိတ်နာပြီး သမီးကိုအဆက်အသွယ်ဖြတ်တာပါ ဖေဖေ"

"အခု ဘာပဲဖြစ်ဖြစ် သမီးတို့နှစ်ယောက်ကြားမှာ သားလေးတစ်ယောက်လည်းရှိနေပြီဆိုတော့ သမီးတို့ချင်းပြန်ပြီးအဆင်ပြေရင် ပိုမကောင်းဘူးလား"

ဦးမင်းသွင်စကားကို ရမုံမင်းသွင် ခေါင်းကိုသွက်သွက်ခါအောင်ယမ်းလျက် ပယ်ချလိုက်သည်။

"သူ့ကိုတော့ သမီးဒီတစ်သက် စိတ်မကူးတော့ဘူး ဖေဖေ...၊ သမီးက ဖေဖေ့ကိုထားပြီး မြန်မာပြည်ကိုမလိုက်နိုင်ဘူးပဲ ပြောတာပါ၊ သူက သမီးကိုထားခဲ့တာပါ ဖေဖေ၊ သမီးဘဝမှာ သူ့ထက်သာတဲ့ယောကျ်ားကို ခေါင်းခေါက်ယူလို့ရပါတယ်၊ သူ့ကိုတော့ စဉ်းကိုမစဉ်းစားတော့တာ"

"ဒါဆို မြေးလေးကို ဘယ်လိုလုပ်မှာလဲ သမီး"

"ပြန်ခေါ်ရမှာပေါ့ ဖေဖေ၊ သမီးဗိုက်နဲ့ ကိုးလလွယ်ပြီး ဆယ်လမှာ ဖွားထားရတဲ့သားပဲ၊ သမီးအသက်နဲ့ရင်း ဒုက္ခခံပြီးမွေးလာရတာ၊ ဒီအတိုင်းပြန်တောင်းလို့မရရင် တရားဥပဒေနဲ့ရင်ဆိုင်ပြီး တောင်းမယ်၊ သူတို့က သားကိုဘယ်လောက်ပြုစုနိုင်စောင့်ရှောက်နိုင်မှာမို့လဲ'

"ဖေဖေ့သဘောကတော့ ဖေဖေမရှိတဲ့နောက်ပိုင်းမှာ သမီးကိုကိုယ့်အိမ်ထောင်လေးနဲ့ကိုယ်၊ ကိုယ့်မိသားစုလေးနဲ့ကိုယ် ကျန်ခဲ့စေချင်တယ်"

"တော်ပါပြီ ဖေဖေ၊ သူနဲ့တော့ မဖြစ်ပါဘူး။ ဖေဖေ မသေခင် တခြားယောကျ်ားတစ်ယောက်ကို သမီးအမြန်ဆုံးယူပါ့မယ်"

"သမီး"

ဒီတစ်ခါ သမီးရဲ့ဆုံးဖြတ်ချက်ကိုတော့ ဦးမင်းသွင် ထိတ်လန့်အံ့ဩသွားရလေသည်။ သမီးက ဆုံးဖြတ်ချက်ချပြီးလျှင် ခေါင်းမာပြီး ပြောင်တတ်ပါ။ ဒီအဖေကို မခွဲနိုင်လို့ ချစ်သူကိုစွန့်လွှတ်လိုက်တာလည်း ခေါင်းမာစွာ ဆုံးဖြတ်ခဲ့တာပါပဲ။ ဒီအချိန်ကတော့ ကိုယ့်မှာကျေနပ်ခဲ့သည် ကြည်နူးခဲ့သည်။ သမီးအပေါ် အချစ်တွေ မေတ္တာတွေလည်း ပိုခဲ့၏။ အခုတော့ သမီးကိုတစ်ယောက်တည်းထားခဲ့ရမှာ စိတ်မချပေ။

မိသားစုဘဝလေးနဲ့ဆို တော်သေးသည်မဟုတ်လား။ ဖျောင်းဖျနားချမရလျှင် ဘယ်လိုလုပ်ရမလဲ။ တစ်ခုခုတော့ စီစဉ်ရတော့မှာပါ။ သမီးနောင်ရေး အေးချမ်းဖို့အတွက်...။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

ဖုန်းဝင်လာလို့ ကောက်ကိုင်လိုက်ချိန်မှာ ကိုယ်မသိသော ဖုန်းနံပါတ်ဖြစ်နေခဲ့သည်။ လုပ်ငန်းရှင်တွေ ဆက်တာလား။ ကာစတမ်မာ ‘တွေဆက်တာလားတော့ မသိ။

“ဟယ်လို့ . . အမိန့်ရှိပါ နေရောင်ဝါပါခင်ဗျာ”

“နေရောင်ဝါ’

“ဟင်”

ခပ်မာမာခေါ်လိုက်သည့်အသံက သူနားနှင့်ယဉ်ပါးခဲ့ဖူးသည်ဟု ထင်မိသည်။ တို့ပြတ်ပြတ် မာဆတ်ဆတ်ဖြစ်နေသော်လည်း ချိုရှရှ ဒီအသံက သူ့ကိုရစ်မူးစေခဲ့ဖူးသည်။

“မင်း”

“ရမ့်မင်းသွင်လေ”

“ရ . . ရမ့်မင်း . . မင်း ဘယ်က ဆက်နေတာလဲ၊ ကိုယ့်ဖုန်းနံပါတ် ဘယ်ကရတာလဲ”

“နင့်မေးခွန်းတွေ မဖြေနိုင်သေးဘူး။ အခု နင့်ကိုတွေ့ချင်တယ်၊ နင့်အိမ်ကိုလည်း မလာနိုင်ဘူး။ နင့်ဆိုင်ကိုလည်း မလာနိုင်ဘူး။ ငါချိန်းတဲ့ နေရာကိုလာခဲ့ပါ”



“ဟုတ်ပြီ့ . . ဟုတ်ပြီ လိပ်စာပြောပါ ရမ့်၊ ရမ့် မြန်မာပြည်ကို ရောက်နေတာ ကိုယ်ဝမ်းသာလိုက်တာ”

“နင်ဝမ်းသာဖို့ ငါပြန်လာတာမဟုတ်ဘူး နေရောင်ဝါ၊ နင်ငို ကြွေးဖို့အတွက် ငါပြန်လာတာပဲ”

“ရမ့်”

“လိပ်စာကို မက်ဆေ့ချ်ပို့လိုက်မယ်၊ နာရီဝက်အတွင်းရောက် အောင်လာခဲ့ပါ”

“အိုကေ . . အိုကေပါ ရမ့်၊ ကိုယ်အမြန်ဆုံးရောက်အောင်လာ ခဲ့ပါ့မယ်”

သူဝမ်းသာတာလား။ စိတ်လှုပ်ရှားတာလားမသိဘဲ လူတစ် ကိုယ်လုံး ကတုန်ကယင် ခြေမကိုင်မိ လက်မကိုင်မိ လှုပ်ရှားနေခဲ့သည်။ ထူးမောင်က သူ့အနားရောက်လာပြီး

“ဘယ်သူ့ဆီကဖုန်းမို့ အဲဒီမျက်နှာနဲ့ ဣန္ဒြေမရဖြစ်နေတာလဲ”

“ရမ့်ဆီက”

“ဘာ . . ရမ့် . . ဟို နိုင်ငံခြားကနေဆက်တာလား”

“မဟုတ်ဘူး။ မြန်မာပြည်ရောက်နေတယ်၊ အခုငါ့ကိုတွေ့ဖို့ ချိန်းလို့ ငါသွားရမှာ”

“ဟ . . တစ်နှစ်ခွဲကျော်လောက်မှ မင်းကိုလွမ်းလို့လိုက်လာတာ လား”

“အဲလိုမျှော်လင့်လို့ရပါ့မလားဘဲ၊ လေသံက သိပ်မကောင်း ဘူးကွာ၊ မာထန်တင်းပြတ်နေတာ လန့်ဖို့တောင်ကောင်းတယ်”

“ဩော် . . မင်းကထားခဲ့တာလေ၊ စိတ်ဆိုး စိတ်ကောက်ဖြစ် တော့ ရှိဦးမှာပေါ့၊ ဒီရောက်ပြီဆိုရင်တော့ အခြေအနေကောင်းရင် ငါတို့ နဲ့ မိတ်ဆက်ပေးဦးနော်၊ ဟိုမှာတုန်းက ငါတို့သူနဲ့တစ်ခါမှ အပြင်မှာမဆုံ

www.burmeseclassic.com



ဖူးဘူး''

''အေးပါကွာ၊ သူမြန်မာပြည်ကို အလည်လာတာဆိုရင်တော့ ငါကတော့ ပြန်မလွှတ်တော့ဘူး။ ရမုံကို ရအောင်လက်ထပ်မယ်''

''ဟိတ်ကောင်.. အိမ်မှာ သားတစ်ယောက်ရှိသေးတယ်၊ စိတ်ကူးယဉ်မနေနဲ့''

''အေး ဟုတ်သားပဲ၊ သားက အရေးကြီးတယ်၊ ငါဖြစ်ချင်တဲ့ ငါ့ဆန္ဒကို ဦးစားပေးလို့ဘယ်ဖြစ်ပါ့မလဲ၊ သားက ငါတို့ဘဝဖြစ်နေပြီကဲ.. သွားတော့ တွေ့လိုက်ဦးမယ်ကွာ၊ မင်းဆိုင်စောင့်နေလိုက်၊ နောက်ကျနေရင် အိမ်ကျမှပဲဆုံကြမယ်''

''အေးပါ.. ရင်တွေခုန်နေလို့ ကားကိုကောင်းကောင်း မမောင်းနိုင်ဘဲ ဖြစ်နေဦးမယ်''

''အေးပါကွာ.. စိတ်ချပါ''

နေရောင်ဝါ ပျော်နေတာကတော့ အမှန်ပဲဖြစ်သည်။ ရမုံမင်းသွင်ဆိုသည့်ကောင်မလေးက သူ့ဘဝရဲ့အချစ်ဆုံး အချစ်ဦးလေးပါ။ ချစ်သက်တမ်းမရှည်ကြာဘူးဆိုသော်လည်း သူတို့နှစ်ယောက် အရူးအမူးကို ချစ်ခဲ့ကြသည်။ သူ့မအဖေ သဘောမတူသည့်ကြားမှ အလုပ်အားရှိတွေမှာ ရအောင်ခိုးတွေ့ကြသည်။

အောင်ဇော်နှင့် ထူးမောင် မနာလိုရသည် အထိပင်။ ငါတို့က အလုပ်ကြိုးစားပြီး မင်းကတော့ ရည်းစားနဲ့ပဲချိန်းတွေ့နေတယ်ဟု အပြစ်တင်ခံခဲ့ရသည်။ ဒါပေမဲ့ နောက်ဆုံးမှာ နယ်မြေလုသည်ဟုပဲ ပြောရမလား။ သူ့မအဖေ သဘောမတူတာကြောင့် အခြေအနေတွေ တင်းမာခဲ့သည်ဟုပင် ပြောရမလားမသိပေ။

သူ့မြန်မာပြည်ကိုခေါ်တာကို မလိုက်တာနှင့်ပင် ကတောက်ကဆတွေဖြစ်ပြီး ဆက်ဆံရေးတွေ ပြတ်တောက်ခဲ့ကြသည်။ သူမကာ



လည်း မာနနှင့် ကိုယ်ကလည်း သွေးဆူနေချိန်မို့ မာနနှင့်ပါ။

''ဟင်''

သူမပေးသည့်လိပ်စာအတိုင်း လာခဲ့ချိန်မှာ လူရှင်းတိတ်ဆိတ်သော ကော်ဖီဆိုင်လေးဖြစ်နေခဲ့သည်။ ရမုံမင်းသွင် အရင်ကထက်ပိုလှနေသည်ဟုတောင် ထင်မိသည်။

''ရမုံ''

''ရောက်လာပြီလား ထိုင်ပါ''

''ရမုံ.. ရမုံ အရင်ကထက်တောင် ပိုလှနေတယ်၊ ကိုယ်လွမ်းလိုက်တာ ရမုံရယ်''

''နင့်ဆီကအပိုစကားတွေနားထောင်ဖို့ ငါလာတာမဟုတ်ဘူး နေရောင်ဝါ၊ နင့်ရဲ့အဲဒီလိုပလီပလာစကားတွေကိုလည်း ငါမသာယာတော့ဘူးသိလား''

''ကိုယ့်ကို စိတ်ဆိုး စိတ်နာနေမယ်ဆိုတာ ကိုယ်သိပါတယ်၊ အခု ရမုံမြန်မာပြည်ကို အလည်သက်သက်ပြန်လာတာလား''

''မဟုတ်ဘူး၊ ငါ့အဖေရော ငါရောအပြီးပြောင်းလာတာ''

''ဟင်.. ရမုံ့အဖေက မြန်မာပြည်ကိုစိတ်နာပြီး မြန်မာပြည်သားဖြစ်တဲ့ ကိုယ်နဲ့တောင် သဘောမတူခဲ့တာ မဟုတ်လား''

''လူ့စိတ်ဆိုတာ တစ်သမတ်တည်း ဘယ်ရှိပါ့မလဲ၊ အမြဲတမ်းပြောင်းလဲနေတတ်တာ သဘာဝလေ''

''ဟုတ်ပါပြီ၊ အခုရမုံ ကိုယ့်ကိုတွေ့ချင်တယ်ဆိုတာက''

''နင့်အိမ်မှာရောက်နေတဲ့ ငါ့သားကို ပြန်ခေါ်မယ့်အကြောင်း ပြောမလို့''

''ဘာ.. ဘာပြောတယ်၊ ကိုယ့်အိမ်ရောက်နေတာ တွေ့သား''

တအံ့တဩ မေးလိုက်မိရင်း အသားတွေပါ ဆတ်ဆတ်တုန်

www.burmeseclassic.com



သွားသည်။ ရမ့်သားဆိုလျှင်

"ရဲ. . . ရမ့်၊ တကယ်လား၊ ကိုယ်တို့အိမ်ရောက်နေတဲ့ကလေ
က မင်းရဲ့သားလား၊ ဒါ. . . ဒါဆိုကိုယ့်ရဲ့"

ရမ့်မင်းသွင် ခပ်ငေါ့ငေါ့လေးမဲ့ပြုံးပြုံးသည်။ နာကြည်းမုန်းမျ
နေသောအပြုံးဆိုလည်း မမှားပေ။

"နင်နဲ့မဆိုင်တဲ့ ငါ့သားပါ ရောင်ဝါ"

"ဘာလို့ မဆိုင်ရမှာလဲ၊ မင်းနဲ့ကိုယ်"

"မှားယွင်းခဲ့ဖူးတယ်ဆိုတာကို သတိရသေးသလား၊ ဒါဆို န
ဘာလို့ တာဝန်မဲ့ထားခဲ့တာလဲ"

"မင်းကို ကိုယ်ခေါ်ပါတယ်၊ မင်းမလိုက်တာ မဟုတ်ဘူးလာ
ရမ့်"

"ငါ့ကိုကျွေးမွေးစောင့်ရှောက်ပြုစုလာတဲ့အဖေ့ကို ငါကထ
ယောက်တည်း ထားခဲ့ရမှာလား၊ နင့်ကို ငါမပြောခဲ့ဘူးလား၊ ဖေ
တဖြည်းဖြည်း သဘောတူလာမှာပါ၊ စောင့်ပါဦးဆိုတာလေ၊ နင်လည်
နင့်သူငယ်ချင်းတွေထက် ငါ့အပေါ်မပိုခဲ့ပါဘူး။ ကြောရရုံ့ကြဲပြီး တာဝ
ထွက်သွားတာ"

"မ. . . မဟုတ်ဘူး ရမ့်၊ သူငယ်ချင်းတွေနဲ့တိုင်ပင်ပြီး သားကိ
စိတ်တူကိုယ်တူ ဆုံးဖြတ်ပြီးသား လုပ်ငန်းတစ်ခု မပျက်စီးချင်ခဲ့တာ
တော့ မှန်ပါတယ်၊ သူများရဲ့လခစားဝန်ထမ်းဘဝကနေ လုပ်ငန်းရှင်ဖြ
ဖို့ အပြောင်းအလဲတစ်ခုကို ကိုယ်မစွန့်လွှတ်ချင်ခဲ့တာ အမှန်ပါပဲ၊ ဒါပေ
ကိုယ်မင်းကို ကြောရရုံ့ကြဲလိုစိတ် လုံးဝမရှိခဲ့ဘူး၊ မင်းမှာကိုယ်ဝန်ရှိ
မှန်း လုံးဝမသိခဲ့လို့ပါ၊ မသိခဲ့ပါဘူး ရမ့်"

သူ လိုက်လှဲစွာပြောနေသော်လည်း ရမ့်ဆီက မဲ့ပြုံးတို့က ပျေ
ပါးမသွားပေ။ သူ့ကို မျက်ခုံးတစ်ချက်ပင့်ကြည့်ပြီး. . .



"နင်အပြောတွေကောင်းတုန်းပဲ ရောင်ဝါ၊ ငါ့ကို နင့်ကိုယ်နင်
လောက် တန်ဖိုးမထားခဲ့ဘူးဆိုတာ ဝန်ခံစမ်းပါ"

"မင်းသာ ကိုယ်ဝန်ရှိတဲ့အကြောင်းပြောခဲ့ရင် ကိုယ့်ဘဝဘာပဲ
ဖြစ်ဖြစ် အဲလိုဆုံးဖြတ်ခဲ့မှာ မဟုတ်ပါဘူး ရမ့်"

"နင့်လိုကောင်ကို မာနမရှိ ကျွန်မမှာ ကိုယ်ဝန်ရှိနေလို့ တာဝန်
ယူပါဆိုပြီး တောင်းပန်ရမှာလား ဝေးသေးတယ် ရောင်ဝါ၊ ကလေး
တစ်ယောက်ကို တာဝန်မယူနိုင်ရင်၊ အဖေမပေါ်ဘဲ မွေးရမှာရှက်နေရင်
အဲဒီကိုယ်ဝန်ကို လွယ်တောင်မလွယ်ခဲ့ဘူး"

"ဒါဆို. . . ဘာလို့အဲဒီကလေးကို ကိုယ်တို့ဆီရောက်အောင်
ပို့ခဲ့တာလဲ၊ ဒီကလေးကို တာဝန်ယူ မကျွေးမွေးမစောင့်ရှောက်နိုင်တော့
လို့ ကလေးအဖေဆီ ပို့လိုက်ပါတယ်ဆိုပြီး စာရေးတာလဲ"

"ဟင်"

ဒီလိုရေးပို့လိုက်သည်ဆိုတာတော့ သူမ မသိပေ။ ဖေဖေပဲ ဒီ
လိုလုပ်ခိုင်းခဲ့တာနေမှာပါ။

"အဲဒီကိစ္စ ငါမသိဘူး ရောင်ဝါ၊ ဖေဖေက သားလေးကို ငါမွေး
ပြီးပြီးချင်း ဆုံးသွားတယ်လို့ ပြောခဲ့တာ"

"ဘာ"

"သားလေးကို ဘယ်လိုပုံစံမျိုးလဲဆိုတာတောင် ငါမတွေ့လိုက်
ရမသိလိုက်ရဘူး။ ဖေဖေက ကလေးကို သူ့တပည့်တွေကို မွေးခိုင်းလိုက်
တာ၊ နောက်နှစ်လသားအရွယ်လောက်ရှိမှ သူတို့နဲ့ထားရင် အဆင့်
အတန်းရှိမှာ မဟုတ်ဘူး အဆင်ပြေမှာမဟုတ်ဘူးဆိုပြီး မြန်မာပြည်မှာ
ရှိတဲ့ နင်တို့ဆီကို ပို့ခိုင်းလိုက်တာတဲ့"

"အဲဒါ မင်းအဖေ တာဝန်မဲ့တာ၊ ရက်စက်တာပဲ၊ အခု ဘာလို့
ဒီတွေလာပြောပြီး ကလေးကိုတောင်းရတာလဲ ရမ့်၊ ဒီအတိုင်းပဲထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့လေ၊ ကလေးအမေဘယ်သူမှန်းမသိဘဲ သားလေးကို ငါတို့ အား
ပိုင်းချစ်နေကြတယ်၊ ပြုစုစောင့်ရှောက်ထားကြတယ်''
''ငါ့သား အသက်ရှင်နေမှန်းသိရဲ့နဲ့ ငါကဘာလို့ ဒီအတိုင်းနေ
မှာလဲ၊ မွေးချင်လို့ကို ငါ့အသက်နဲ့ရင်း ငါ့အရှက်နဲ့ရင်းပြီး မွေးထားရတာ
ငါ့သားကိုငါပြန်လိုချင်တယ် ငါ့ကိုပေးပါ''
''ဟား''
တောင်းသည့်သူက အောက်ကျို့မှုတွေမပါ။ မာနဖြင့် တင်တ
စီးစီးတောင်းနေခြင်းဖြစ်သည်။ အလွယ်တကူ ရော့အင့်လို့ ပေးလိုက်
အောင် အိုးပုတ်ချိုးရုပ်မို့လို့လား။ ကိုယ်သက်သက်မဲ့ မသိချင်ယော
ဆောင်ကာ တာဝန်မဲ့ခဲ့သည့်ကိစ္စမဟုတ်သောကြောင့် သူအလျှော့ပေ
မစဉ်းစားမိပေ။
''ကလေးကိုလွယ်လွယ်လေး အရုပ်တောင်းသလို လာမတော
နဲ့ ရမုံ၊ သွေးသားက ငါ့သွေးသား၊ ငါသိရဲ့နဲ့ တာဝန်မဲ့ခဲ့တာမဟုတ်ဘ
အခုငါ့သွေးသားမှန်းသိပြီဆိုတော့ မင်းတောင်းတိုင်း အလွယ်မပေးလို
နိုင်ဘူး''
''ဒါဆိုလည်း တရားဥပဒေအရပဲ ရင်ဆိုင်ကြတာပေါ့''
''ဘာ''
''နင်က တရားဝင်ကလေးအဖေမဟုတ်ဘူးလေ၊ နင်တာဝ
စွန့်ပစ်ခံရတဲ့ငါက ငါ့ဘာသာအသက်နဲ့ရင်း မွေးထားတာပါ၊ မိခင်စိ
အပြည့်နဲ့ ဒုက္ခခံလွယ်ပိုးခဲ့တဲ့ ငါကပဲ ပိုင်ဆိုင်ခွင့်ရမှာဆိုတာ နင်စာတ
ရင် နားလည်ပါလိမ့်မယ်၊ သားလေးက နင့်အိမ်မှာရှိနေတာပဲဆိုပြီး လွ
လွယ်လေးရလိမ့်မယ်မထင်နဲ့၊ ငါးရက်အတွင်း ငါ့သားကို ငါ့ဆီပြန်ပို
မပေးရင်တော့ တရားတပေါင်နဲ့ပဲ ဖြေရှင်းကြတာပေါ့''
''ရမုံ. . . ရမုံ''



ပြောချင်တာပြောပြီး ထထွက်သွားသော ရမုံကို သူအထိတ်
လန့်အော်ခေါ်လိုက်သော်လည်း ရမုံက ပြန်စောင်းတောင်ခတ်မသွား
ဟိုအရင်ကတည်းက မာနကြီးမှန်းသိပေမယ့် ဒီလောက်ထိပြတ်သား
ရင့်နေလိမ့်မည်ဟု မထင်မိ။
သားလေးက သူ့ရဲ့သွေးသားတဲ့လား၊ ရမုံ မွေးထားတာတဲ့လား။
ထင်မိ။ ဘယ်လိုမှကို မထင်မိ။
သူ့ကိုမုန်းတီးနာကြည်းသည့်စိတ်နှင့် ရင်သွေးရှိခဲ့ရင်တောင်
များဖြင့် စွန့်ပစ်နိုင်သည်မဟုတ်လား။ အခုတော့ အရှက်နဲ့အသက်နဲ့
ပြီးတောင် မွေးထားရတာတဲ့။
မင်းတော်လိုက်တာလို့ပဲ ချီးကျူးရတော့မှာလား ရမုံ. . .။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဘာ. . . သားလေးက ရမုံ မွေးထားတာ၊ ရမုံ့ကလေးလား"

"ဒါဆို မင်းနဲ့ . . ."

"ဟုတ်တယ်၊ ငါမြန်မာပြည်ကို ထွက်လာမှ သူလည်း ကိုယ်ဝန်ရှိမှန်းသိတာနေမှာပေါ့"

"ဟာ. . . ဒါတောင် ဖအေမပေါ်ဘဲ ကလေးကိုမွေးတယ်၊ ဘာပဲဖြစ်ဖြစ် မင်းကိုကလေးအဖေမှန်းသိရဲ့နဲ့ သိက္ခာရှိရှိ မွေးလို့ ဖွားလို့ရအောင် အကြောင်းကြားသင့်တာပေါ့၊ အသိပေးသင့်တာပေါ့"

"ငါက ထားခဲ့တာတဲ့၊ သူ့မာနက ဘယ်ခွင့်ပြုပါ့မလဲ၊ အခုသားကို ပြန်တောင်းနေတယ်၊ ငါဘယ်လိုလုပ်ရမလဲကွာ၊ သား. . . ငါ့သားလေး"

နေရောင်ဝါ မခံစားနိုင်လွန်းစွာ မျက်ရည်တွေဝဲတက်လာသည်။ သူငယ်ချင်းတွေလည်း စိတ်မကောင်းကြ။ သားလေးကို သူတို့လည်း သံယောဇဉ်ရှိနေကြပြီမဟုတ်လား။ ခင်ခင်ဇော်ကတော့ နေရောင်ဝါ့ လက်ထဲက ကလေးကို ပွေ့ချီလျက် အခန်းထဲကို ခေါ်သွားလေသည်။

"အဲဒီလို ကလေးကိုခေါ်သွားမယ်ဆိုရင် ရမုံ မတရားဘူးကွ၊ သူက ကလေးကို မွေးရုံမွေးခဲ့တာ အသက်ရှင်မှန်းမသိဘဲ မေ့မေ့ပျောက်





ပျောက်ဖြစ်နေပြီ၊ ငါတို့က ဒီကလေးက မျက်စိအောက်မှာ တယုတယ မွေးထားရတာ"

"မပေးရင် တရားတပေါင်ရင်ဆိုင်ပြီး တောင်းမယ်တဲ့လေ"

"ဟာ. . . ရမုံ မာနကြီးလှချည်လားကွာ၊ မင်းအပေါ် အရင်တုန်းက သံယောဇဉ်လက်ကျန်လေးတောင် မရှိဘူးလား"

"သူငါ့ကို မုန်းနေတယ်၊ နာကြည်းနေတယ်၊ ငါကသာ လွမ်းတဲ့ အကြောင်းပြောတာ၊ သူကအရိပ်အယောင်လေးတောင်မပြဘူး"

"အရင်ကတော့ သူကပိုချစ်တယ်လို့ ထင်ရတာပါ၊ အမြဲတမ်း ငြိမ်းနေလို့ မင်းအလုပ်ပျက်အကိုင်ပျက်တောင် သွားတွေ့နေရတာ"

"ငယ်ရွယ်တဲ့အချိန် အချစ်စိတ်မွှန်နေတဲ့ အချိန်မို့ပေါ့ကွာ"

"အခုရော အသက်တွေကဘယ်လောက်တောင် ပိုကြီးလာသေးသို့လဲ၊ မင်းတို့ချစ်ခဲ့ကြတာတစ်နှစ်ကျော်လောက်၊ အခုလမ်းခွဲကြတာ သည်း တစ်နှစ်ကျော်လောက်ပါပဲ၊ မင်းရမုံနဲ့ ထပ်ညှိပါဦးလား"

နေရောင်ဝါလက်လျှော့မိသလို ခေါင်းယမ်းလေသည်။

"မထင်ပါဘူးကွာ၊ ညှိလို့ရမယ့်အနေအထားဆို ဒီလိုဆက်ဆံရေးတွေ တင်းမာပါ့မလား၊ သူအရင်ကထက် တင်းပြတ်တယ်၊ မာနကြီးတယ်၊ သားဖောသားမာန်ပိုတက်သွားတာဖြစ်လိမ့်မယ်"

"ဒါနဲ့ သူ့အဖေကြီးက အရင်ကမြန်မာပြည်ကို ခြေဦးတောင် မလှည့်ဘူးဆိုပြီး ဘာလို့အပြီးပြောင်းလာကြတာလဲ"

"မသိဘူး အပြီးပြောင်းလာကြတာလို့တော့ ပြောတာပဲ၊ အကြောင်းရှိလို့နေမှာပေါ့"

"အဲဒီအကြောင်းက မင်းနဲ့ရမုံရေစက်ဆုံဖို့ဆိုရင် ကောင်းမှာပဲ မင်းတို့နှစ်ယောက်ကြားမှာ သားလေးလည်းရှိနေပြီ"

"ဒီတစ်ခါ ရမုံပြတ်တာ သူ့အဖေကြောင့်မဟုတ်ဘူး၊ ငါ့ကိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



နာနေတာသက်သက်ကြောင့်ပဲ၊ ငါဘယ်လိုပြန်ပြီး ချဉ်းကပ်ရမလဲတောင် မသိတော့ဘူး''

''မင်းကလည်းကွာ၊ စိတ်ဓာတ်ကျတဲ့စကားချည်း ပြောနေတာပဲ၊ မင်းကြိုးပဲကြိုးစားကြည့်ပါဦး''

''အေးလေ. . . မပတ်သက်ရသေးတဲ့ မိန်းကလေးကိုတောင် ပတ်သက်လာအောင်ကြိုးစားလို့ရသေးတာပဲ၊ ပတ်သက်ပြီးသား မိန်းကလေးက မလွယ်ဘဲနေမလားကွ''

''မင်းတို့က ရမ့်ကိုမတွေ့ဖူးလို့ ဒီလိုပြောနေကြတာ၊ ရမ့်က ချစ်ရင်လည်း အဆုံးအထိ၊ မုန်းရင်လည်းအဆုံးအထိပဲ၊ အခု ငါ့ကိုနာကြည်းတဲ့စိတ်တွေပဲ ငါ့အပေါ်လွှမ်းမိုးနေတယ်၊ ဘာပဲဖြစ်ဖြစ်ကွာ၊ ငါကတော့ သားလေးကိုပြန်မပေးချင်ဘူး''

''အေး''

ထူးမောင်က အတွေးတစ်ခုပေါက်သွားဟန်ဖြင့်

''ရမ့်အဖေ အပြစ်တွေ တော်တော်များများ ကျူးလွန်တာပဲကွ၊ ကလေးကို သူများပေးတယ်၊ ပြီးတော့ ငါတို့ဆီကို စာတစ်စောင်နဲ့ကလေးပို့လွှတ်တယ်၊ တွေးကြည့်ရင် တကယ်ရက်စက်တဲ့လုပ်ရပ်ကွ၊ ဥပဒေမဲ့လုပ်ရပ်၊ ကလေးသူငယ်တွေကို အဲလိုလုပ်ပိုင်ခွင့်မရှိဘူး၊ သူ့အဖေကို တရားစွဲလို့ရတယ်ဆိုပြီး ပြန်ခြိမ်းခြောက်လိုက်ကွာ''

''အေး. . . ဟုတ်တယ် ရောင်ဝါ၊ မင်းကြောက်မနေနဲ့၊ အဲဒီအဘိုးကြီး မင်းအပေါ်ဘယ်တုန်းကမှ ကောင်းခဲ့တာမရှိဘူး။ ရမ့်လည်း အကြင်နာတရားမဲ့လာပြီဆိုရင် ဘယ်သူ့မှ ညှာတာမနေနဲ့တော့'

ထူးမောင်နှင့် အောင်ဇော် အားပေးအားမြှောက် လုပ်နေသော်လည်း နေရောင်ဝါက မတုန်မလှုပ်ပါ။ တခြားအနိုင်ရလိုမှုထက် သားလေးကို ဆုံးရှုံးရမှာပဲ စိုးရိမ်နေသည်။



ကိုယ့်သားရယ်လို့ မသေချာခင်ကတောင် သံယောဇဉ်ကြီးခဲ့ရ
ာ မဟုတ်ပါလား။

''ဘယ်လဲရောင်ဝါ''

''ငါဒီနေ့ ငါ့သားလေးနဲ့အတူ အိပ်ချင်လို့ပါ''

''ရောင်ဝါရာ''

အခန်းထဲဝင်သွားသောရောင်ဝါ့အတွက် သူငယ်ချင်းနှစ်ယောက်
တ်မကောင်းကြ။ ခဏနေတော့ ခင်ခင်ဇော် ထွက်လာသည်။

သားလေးအနား ရောင်ဝါရောက်လာလို့ ဖြစ်မှာပါ။

''ထိုင် ခင်ခင်၊ သားလေးအိပ်ပြီလား''

''ကလေးက အိပ်နေပြီ ရောင်ဝါဝင်လာလို့''

''သူ့သားနဲ့အိပ်ချင်လို့တဲ့ ခွင့်ပြုလိုက်ပါ'

''သနားပါတယ်နော်၊ သံယောဇဉ်တွေဖြစ်လာမှ ခွဲရမယ်ဆို
တော့ ဘယ်ခွဲချင်ပါ့မလဲ၊ ပြီးတော့ သူ့သားကို သူမပိုင်ဆိုင်ရဘူးဆိုတော့''

''အဲဒီလိုမတရားလုပ်လို့တော့ ဘယ်ခံလို့ဖြစ်မလဲ၊ ရောင်ဝါ
တောင် ငါတို့မခံဘူး။ ရမ့်အဖေလုပ်ပုံက ကျန်တဲ့လူတွေပါထိခိုက်တယ်၊
ို့မှာ ဟိုလူက ကလေးအမေလား။ ဒီလူက ကလေးအမေလားနဲ့
များ သမီးရည်းစား၊ အိမ်ထောင်ရေးတွေပါ ပဋိပက္ခဖြစ်ရတယ်၊ ကလေး
ို တရားမဲ့လုပ်တာကို ရဲတိုင်မှဖြစ်မှာ''

''အေးလေ. . . သူတို့ဖွတ်လုပ်ရင် ငါတို့လည်း ဖွတ်လုပ်ရုံပေါ့၊
တွေရဲ့သံယောဇဉ်ကိုဖြတ်တောက်ချင်တိုင်း ဖြတ်တောက်လို့ရမလား''

''ခင်ခင်လည်း ခံစားရပါတယ်''

''ဟင်''

ခင်ခင်ဇော် ငိုမဲ့မဲ့ပြောတော့ အောင်ဇော်နှင့် ထူးမောင် အံ့ဩ
ွားကြသည်။ ခင်ခင်ဇော်က ထွက်မလာသေးသောမျက်ရည်ကို မှတ်

www.burmeseclassic.com

www.burmeseclassic.com



သပ်သုတ်လျက်။ ။

"ခင်ခင်လည်း ရှင်တို့ကို သံယောဇဉ်ဖြစ်နေပြီလေ၊ ရှင်တို့က ကလေးမရှိတော့ရင် ခင်ခင့်ကို ဒီအိမ်မှာမထားတော့ဘူး မဟုတ်လား"

"ခင်ခင်။ ။ မင်းက သားလေးရှိနေတာတောင် မင်းရည်မှန်းချက်အတွက် အရင်းအနှီးပြည့်စုံရင်၊ သူငယ်လေးနဲ့အတူတူနေဖို့အတွက် ထွက်သွားမှာပဲ မဟုတ်လား"

"ဒါက ကိုယ်ကထားခဲ့ရမှာလို့ တွေးထားတဲ့အတွက် စိတ်သက်သာသေးတာပေါ့၊ ကိုယ်က နှင်ထုတ်ခံရမယ်ဆိုရင် ဘယ်လိုလုပ်ခံစားနိုင်ပါ့မလဲ"

"မင်းကိုဘယ်သူက နှင်ထုတ်မယ်လို့ ပြောလို့လဲ ခင်ခင်"

အောင်ဇော့်စကားကြောင့် ခင်ခင်ဇော် မျက်နှာလေးပင့်သွားသည်။

ထူးမောင်က အမြင်ကတ်သလို မျက်စောင်းလှည့်ထိုး၏။

အောင်ဇော်က ခင်ခင်ဇော့်လက်ကလေးကို ဆုပ်ကိုင်ပြီး

"ခင်ခင်။ ။ ကိုယ်တို့အိမ်မှာ သားလေးမရှိတောင် မင်းနေချင်သလောက်နေလို့ရပါတယ်၊ မင်းရည်မှန်းချက်တွေပြည့်မှ မင်းသွားချင်တဲ့အချိန်သွားပါ၊ ကိုယ်တို့က မင်းထားခဲ့တဲ့လူတွေအဖြစ်ပဲ ကျန်ခဲ့ကြမှာပါ ခင်ခင်"

"အမယ်လေး။ ။ သဘောထားကြီးလိုက်တာ၊ ဒီလိုစိတ်ဓာတ်မျိုးကမှ ခင်ခင့်အကြိုက်သိလား။ သူငယ်လေးနဲ့သာ အရင်မတွေ့ခဲ့ဘူးဆိုရင် ရှင်ကြီးကိုအားကိုးလိုက်ချင်ပါရဲ့၊ ကဲ။ ။ အာဘွား"

အောင်ဇော်က ဒါတွေကိုသာယာနေသလားမသိပေမယ့် ထူးမောင်က အသည်းတွေယားကာ နှာခေါင်းတရှုံ့ရှုံ့ဖြစ်နေလေသည်။

ဒီလိုကြီးတော့ မဖြစ်ချင်ပါ။ အောင်ဇော်ကိုပဲ အံ့သြတာ။



မိန်းကလေးစစ်စစ်တွေနှင့်တောင် ဒီလောက်မခံစားခဲ့ဘဲနှင့် အခုတော့ သည်းသည်းကိုလှုပ်နေသည်။

ဟိုကတော့ သူ့သူငယ်မှ သူ့သူငယ်၊ ဒီကို သံယောဇဉ်နည်းနည်းလေးမဲ့ရှိပုံပါ။

အောင်ဇော်အသည်းကွဲမှာ မြင်ယောင်လို့နေရင်း။ ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ရောင်ဝါ ညည်သည်ဖော့"

"ဟင်"

ထူးမောင်ပြလို့ကြည့်လိုက်တော့ ရမ့်အဖေ ဦးမင်းသွင်ဖြစ်လို့နေသည်။ ဘာကိစ္စနှင့်ရောက်လာသည်မသိပေမယ့် သူမရိုင်းချင်ပေ။

"ဘာကိစ္စရှိလို့ပါလဲ အန်ကယ်၊ ဈေးဝယ်ဖို့တော့ မဟုတ်ဘူး မဟုတ်လား"

"မင်းထင်သလိုပဲ ဈေးဝယ်ဖို့မဟုတ်ပါဘူး၊ အန်ကယ် မင်းနဲ့ စကားပြောစရာရှိလို့ပါ"

"ထိုင်ပါ. . . အန်ကယ်"

ဆိုင်ထဲက ညည်သည်အတွက် ပြင်ဆင်ထားသောထိုင်ခုံမှာ နေရာပေးလိုက်ရသည်။ ထူးမောင်က လက်တို့၍

"အဲဒါဘယ်သူလဲ"

"ရမ့်အဖေ"

"ဟာ. . . ဒီအဘိုးကြီး၊ ကလေးလာတောင်းတာထင်တယ်"

"နေပါ ဘာအတွက်လာတာလဲ မသိဘူး၊ မင်းဈေးကြည့်ရောင်းလိုက်"



"အေးပါ၊ စကားပြောတာ အဆင်မပြေရင် ငါ့ကိုခေါ်လိုက်"

ထူးမောင်က အစာမကြေဖြစ်နေသည်။ သူကတော့ ကိုယ်နှင့် ပတ်သက်ခဲ့သည့်ရမ့်ရဲ့အဖေဖြစ်နေတာမို့ ပြဿနာရှာပြီး မလှုတ်ချင်။

"အန်ကယ်. . . အပူအအေး ဘာသုံးဆောင်မလဲခင်ဗျာ"

"ရပါတယ်၊ အန်ကယ် ဘာမှမသုံးဆောင်တော့ပါဘူး၊ မင်းနဲ့ စကားပြောချင်လို့လာတာပါ"

"ဟုတ်ကဲ့ပြောပါ အန်ကယ်"

မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း တလေးတစားပင် နားစွင့်ရသည်။ ဦးမင်းသွင်မျက်နှာက တည်ငြိမ်အေးစက်သယောင်ထင်ရသော်လည်း စိတ်လှုပ်ရှားနေပုံပါ။

"အန်ကယ်အရင်ဆုံး မင်းကိုတောင်းပန်ချင်ပါတယ်"

"ဘာ့အတွက်လဲ အန်ကယ်"

"မြေးလေးကို မင်းဆီပို့လိုက်တာကိုပေါ့"

"အဲဒါက. . . ကျွန်တော့်သားဆိုတာ မသေချာဘဲနဲ့တောင် သံယောဇဉ်ရှိပြီး ကျွန်တော်တို့ဘဝ အပြောင်းအလဲဖြစ်သွားတယ်လို့တောင် ခံစားရပါတယ်၊ အဲဒီအတွက်ဆို မတောင်းပန်ပါနဲ့အန်ကယ်"

"သမီးက ကလေးကိုပြန်ခေါ်မယ်ဆိုရင်ရော"

"အဲဒါကိုတော့ ကျွန်တော်လွယ်လွယ် ခွင့်ပြုနိုင်မယ်မထင်ဘူး အန်ကယ်၊ သားက ကျွန်တော့်သားဆိုတာလည်း သိသွားပြီ၊ လေးလလောက် အတူနေဖြစ်တဲ့ သံယောဇဉ်ကလည်း ကျွန်တော့်အသည်းကို ထုတ်ယူသွားသလို ခံစားရမှာပါ"

"အဲဒါကြောင့် အန်ကယ် တောင်းပန်ချင်တာပါ၊ မြေးလေးကို ပြန်ပေးလိုက်ပါကွယ်"

"အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးတစ်ယောက်တည်း အဖော်မဲ့မှာစိုးလို့ပါ၊ အန်..။ အန်ကယ်က သမီးလေးကို တစ်ယောက်တည်းထားခဲ့ရတော့မှာမို့ပါ ကွယ်"

"ဘာ..ဘာကြောင့်လဲ"

နားမလည်နိုင်လွန်းစွာ အလောတကြီးပင် မေးမိသည်။ ဦးမင်းသွင် မျက်ရည်ဝဲနေတော့ ပိုလို့ပင်အံ့သြရ၏။

"အန်ကယ်က လူ့လောကကြီးမှာ သမီးနဲ့အတူနေနိုင်ရင် နောက်ထပ်သုံးလပါပဲ"

"ဗျာ..အန်ကယ်"

"အန်ကယ်မှာ အသည်းကင်ဆာရောဂါဝေဒနာခံစားနေရပါ တယ်"

"ဟာ..အန်ကယ်ရယ်"

သူတကယ်ကို စိတ်မကောင်းဖြစ်သွားမိသည်။ ဦးမင်းသွင်ကို ဘယ်လိုအားပေးရမှန်းပင်မသိ။ ဟိုအရင်ကတော့ သမီးနှင့်သဘောမတူ လို့ နှိမ့်ချစွာပြောပြီး ကြမ်းတမ်းရိုင်းစိုင်းစွာဆက်ဆံခဲ့သူပါ။

ဒါကြောင့်လည်း ရမ့်ကို မြန်မာပြည် သူနှင့်အတူလိုက်ဖို့ ခေါ်ခဲ့ သည်။ ရမ့်က သူမအဖေကို တစ်ယောက်တည်းမထားရက်နိုင်ပါဆိုလို့ သူမာနတွေ မခံချင်စိတ်တွေဖြင့် ထားရစ်ခဲ့တာ။

"မောင်ရောင်ဝါ"

"ခင်ဗျာ အန်ကယ်"

"သမီးကို စိတ်ပျက်စိတ်ကုန်နေတာလား"

"ဗျာ..အဲ..အဲလိုတော့မဟုတ်ပါဘူး အန်ကယ်၊ သားလေး ကို အရှက်သိက္ခာတွေ အသက်တွေနဲ့ရင်းပြီး မွေးထားတဲ့အတွက် သူကို ကျေးဇူးတင်နေတာ လေးစားနေတာပါ"



"သမီးပြန်ချစ်လာအောင်ရော မင်းမကြိုးစားနိုင်ဘူးလား"

"ဗျာ"

"သမီးကို သူ့အိမ်ထောင် သူ့မိသားစုလေးနဲ့ ပျော်ပျော်ရွှင်ရွှင် ပြည့်ပြည့်စုံစုံလေး ကျန်ခဲ့စေချင်တယ်၊ အဲဒါကြောင့် မင်းဘက်က ကြိုး စားပေးပါ"

"ကျွန်တော်"

"သူ့ဆန္ဒလေးတွေ အရင်လိုက်လျောလိုက်မယ်ဆိုရင် သူ့ဘက် က စိတ်ဆန္ဒလေးတွေ ပြောင်းလဲလာမယ်လို့ အန်ကယ်ထင်တယ်"

"အန်ကယ်ဆိုလိုတာက"

"မြေးလေးကို သမီးဆီပြန်ပေးလိုက်ပါ၊ သူ့ရဲ့သားလေးကို သူ တစ်ရက်တောင် ခဏလေးတောင် မချီမွေ့ရသေးပါဘူး။ မွေးပြီးပြီးချင်း ပဲ အန်ကယ်ကဆုံးပြီပြောပြီး သူများကိုပေးပစ်ခဲ့တာ"

"ဟား"

သူဘာလုပ်ရမှန်းပင် မသိတော့ပေ။ ဦးမင်းသွင် အသနားခံနေ တာလား။ ခြိမ်းခြောက်နေတာလားပင် မခွဲခြားတတ်တော့။ သူ့အတွက် လား။ သူ့သမီးအတွက်လား။ သူ့ကိုအချိုသက် မြှောက်ပင့်ကာ စည်းရုံး နေခြင်းလား။

"မောင်ရောင်ဝါ၊ အန်ကယ့်ကို ယုံဖို့ခက်နေတယ်ထင်တယ်၊ အန်ကယ့်ရင်ထဲက ဆန္ဒပါ၊ အန်ကယ် မြန်မာပြည်ကို ပြန်မလာချင်ပါဘူး။ သေတဲ့အထိ ခြေဦးမလှည့်ဘူးလို့ ဆုံးဖြတ်ထားခဲ့တာပါ၊ ဒါပေမဲ့အန်ကယ့် မှာ ဒီရောဂါဆိုးကြီးရှိလာတဲ့အတွက် သေမယ့်ရက် နီးကပ် လာတဲ့အတွက် သမီးကိုတစ်ယောက်တည်းထားခဲ့ရမှာ အန်ကယ် ကြောက်လန့်မိတယ်၊ စိုးရိမ်မိတယ်၊ ဆွေမရှိမျိုးမရှိနဲ့ သူများနိုင်ငံမှာ တစ်ယောက်တည်း အထီး ကျန်မှာကို အန်ကယ်တွေးတောင် မတွေးရဲဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရယ်"

"အဲဒါကြောင့် အန်ကယ် မြန်မာပြည်ကို ပြန်လာတာပါကွ
သမီးမှာ မြေးလေးရှိတယ်ဆိုတာလည်း အန်ကယ် ဒီရောက်မှ ပြော
လိုက်တာပါ၊ သူ့အခုချိန်မှာ မင်းကိုစိတ်နာနေတယ်၊ သူ့သားလေး
ရလိုစိတ်တစ်ခုပဲရှိတယ်၊ အဲဒီ့အတွက် မင်းအချိန်ပေးကြိုးစားလိုက်မ
ဆိုရင် အဆင်ပြေနိုင်မလားလို့ပါ"

"ကျွန်တော့်ဘက်က ကြိုးစားချင်ပါတယ် အန်ကယ်၊ သူ့ကိုထ
ခဲ့တယ်ဆိုတာလည်း မုန်းလို့မဟုတ်ပါဘူး။ သူက အန်ကယ့်ကို ထ
ယောက်တည်း မထားခဲ့ရက်လို့ဆိုပြီး နေခဲ့တာပါ"

ဦးမင်းသွင် ခေါင်းတညိတ်ညိတ်ဖြင့် မျက်ရည်ဝဲကာ..

"အန်ကယ် နားလည်ပါတယ်၊ အခုမှ အန်ကယ် နားလည်သွ
တာပါ မောင်ရောင်ဝါ၊ တကယ်ဆို အဲဒီကတည်းက အန်ကယ်ခွင့်ပြုခဲ့မ
ဆိုရင် သမီးဘဝတစ်ယောက်တည်း မဖြစ်တော့ဘူးပေါ့၊ အန်ကယ် သွ
ရမယ်ဆိုရင်တောင် စိတ်ချလက်ချထားခဲ့နိုင်မှာပါ၊ အခုတော့"

"စိတ်မကောင်းမဖြစ်ပါနဲ့ အန်ကယ်၊ သားကို..ကျ..ကျ
တော် ပြန်ပေးလိုက်ပါ့မယ်"

သူ အသည်းခိုက်အောင်နာကျင်လျက် ပြောထွက်လိုက်ရခြ
ဖြစ်သည်။ သေခါနီးလူ့ရဲ့ဆန္ဒကိုတော့ ဖြည့်ပေးသင့်သည်မဟုတ်လာ
ဦးမင်းသွင်က သူ့လက်ကိုလှမ်းဆုပ်ကိုင်လျက်..

"အန်ကယ် ကျေးဇူးတင်ပါတယ်၊ ဝမ်းသာပါတယ်ကွာ၊ တကယ
တော့ မြေးလေးကိုပဲ သမီးကိုရစေချင်တာ မဟုတ်ပါဘူး။ သမီးနဲ့ပတ်သ
ခဲ့တဲ့ မင်းကိုလည်း သမီးနဲ့လက်ထပ်စေချင်ပါတယ်"

"အန်ကယ်..ဟို"

"မင်းတို့အကြောင်းကို အန်ကယ် ရောဂါဆိုးကြီးရပြီလို့ သိ

ဆိုကတည်းက စုံစမ်းခဲ့တယ်၊ မြေးလေးကို ဘယ်လိုဆက်ဆံသလဲဆိုတာ
လည်း သိချင်တာပါတာပေါ့၊ အရင်က လူငယ်သဘာဝလွှတ်လွှတ်လပ်
လပ် ပျော်ပျော်ပါးပါး ဘယ်လိုပဲနေနေ၊ အခုနောက်ပိုင်း မင်းတို့ထိန်းသိမ်း
ဆင်ခြင်သွားတာ ရင့်ကျက်တည်ငြိမ်သွားတာ အားလုံးအန်ကယ် သိနေ
ပါတယ်၊ ဒါကြောင့်လည်း သမီးနဲ့အန်ကယ် သဘောတူရတာပါ"

"အခုလို ပြောပေးတဲ့အတွက် ကျွန်တော်ကျေးဇူးတင်ပါတယ်
အန်ကယ်၊ သားကိုမပေးခင် ရုံနဲ့ကျွန်တော်တွေ့ကြည့်ပါဦးမယ်၊ သူ့ဘက်
က လက်ခံမယ်ဆိုရင် ကျွန်တော်လည်း လက်ခံချင်ပါတယ်၊ ကျွန်တော်
သူ့ကို ဒီနေ့ထိမမေ့သေးပါဘူး အန်ကယ်"

ရင်ထဲကစကားကို ပြောလိုက်ရသည့်အတွက် သူ့ရင်ထဲမှာ
တော့ ပေါ့သွားသည်။ ဒါပေမဲ့ တခြားနေရာမှာတော့ လေးလံနေဆဲပါ။
ရုံ့ရဲ့အချစ်ကို ပြန်ရဖို့မလွယ်လောက်ဘူး မဟုတ်လား။

ဒီကိစ္စကို ထူးမောင်တို့ရော ဘာပြောကြမလဲ..။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မင်းက ဒီအဘိုးကြီးပြောသွားတဲ့စကားကို ယုံသလား၊ သေမယ့်ရောဂါဖြစ်နေတယ်ဆိုတာရော ယုံသလား၊ သူ့ကြည့်ရတာ ရောဂါရှိနေတဲ့ပုံစံနဲ့မတူဘူး၊ လူကောင်းပကတိအတိုင်းပဲ၊ ကလေးကို ပြန်လိုချင်လို့ ကလိန်ကကျစ်တွေ လုပ်ကြသွားတာဖြစ်နိုင်တယ်နော် ရောင်ဝါ"

ထူးမောင် မယုံကြည်တာကို သူအပြစ်မပြောချင်ပေ။ ယုံလွယ်လိုက်တာကပဲ သူ့ရဲ့အားနည်းချက်လား။ ကတိပေးလွယ်တာတော့ မဟုတ်ပါ။ သားရဲ့မျက်နှာကြောင့် သူအလျှော့ပေး လိုက်လျောလိုက်ရခြင်းပင်။ ချောင်းနားထောင်နေသော ထူးမောင်က ဦးမင်းသွင်ပြန်သွားတာနှင့် သူ့နားကိုရောက်လာကာ မကျေမနပ်ပြောနေခြင်းပါ။

သူသက်ပြင်းတွေ ချမိလျက်

"တကယ် မဟုတ်ဘူးဆိုရင်တောင် အရင်ကလို ကလန်ကဆန်ကန့်လန့်တိုက်တာမျိုး မလုပ်ချင်ဘူးကွာ၊ သားလေးရဲ့အဘိုးဖြစ်နေတယ်၊ ရမုံရဲ့အဖေဖြစ်နေတယ်"

"ရမုံက မင်းအပေါ်ဘယ်လောက်ကောင်းပြီး သံယောဇဉ်ရှိနေလို့ မင်းကသူ့အတွက် တွေးနေရတာလဲ၊ ကလေးရပြီးသွားရင် မင်းအပေါ်ဆက်ဆံရေးက ဒီထက်ပိုဆိုးသွားနိုင်တယ် ရောင်ဝါ၊ အဘိုးကြီးက



ဒါတို့ကိုလုပ်စားသွားတာပဲ၊ သူလိုလို ကိုယ်လိုလိုနဲ့ ငါတို့သူများတွေတောင် ဒုက္ခပေးမိတယ်၊ အဲဒီကတည်းက မင်းကိုကလေးပေးချင်တာ မဟုတ်ဘူး၊ ပညာပြချင်တာ"

"တော်ရုံဆို မြန်မာပြည်ကို ဦးမင်းသွင် ပြန်လာမှာမဟုတ်ဘူး ထူးမောင်၊ အခုသူပိုင်တဲ့စက်ရုံကိုတောင် ဒီမှာပဲလုပ်တော့မှာ၊ တကယ် သေမယ့်သူမဟုတ်ရင် ဒီလိုတွေ စီစဉ်ပါ့မလား"

ထူးမောင်တစ်ချက်တော့ တွေသွားသည်။ ပြီးမှခေါင်းယမ်းကာ

"ဒါသူပြောလို့ မင်းကြားရတာလေ၊ မင်းလက်တွေ့မြင်ရ သိရလို့လား၊ သူတို့ဘာတွေကြိတ်ကြံနေတယ်ဆိုတာ မင်းသိရတဲ့ကိစ္စမဟုတ်ဘူး ငါ့အနေနဲ့ပြောရရင် သူတို့ကိုမယုံကြည်သင့်ဘူး"

"ဒါဆို ငါဘာလုပ်ရမှာလဲ"

ကိုယ်တွေးမရသလို မေးလိုက်တော့လည်း ထူးမောင် မပြောနိုင်၊ ဟိုမှာကတည်းက ဦးမင်းသွင်ဆက်ဆံရေးကို ပြောပြထားလို့ သိနေသော ထူးမောင်အနေနှင့် မယုံကြည်နိုင်တာကိုလည်း အပြစ်မတင်ပါ။ သူငယ်ချင်းကောင်းဆိုတာ ကိုယ့်ဘက်ကပဲနာမှာမဟုတ်လား။

ကိုယ်ကတော့ ပြဿနာတွေငြိမ်းအေးပြီး သားလေးရဲ့အမေဖြစ်သော ရမုံနှင့် အဆင်ပြေချင်သည်။ သားလေးကို အမေမရှိသောသူလည်း မဖြစ်စေချင်၊ အဖေမရှိသောသူလည်း မဖြစ်စေချင်။

ထူးမောင်ပခုံးကို ပုတ်လိုက်ပြီး

"ငါတော့အပြစ်တွေတင်နေမယ့်အစား ရမုံနဲ့အဆင်ပြေအောင် ကြိုးစားကြည့်ချင်တယ်၊ ဦးမင်းသွင်လည်း သူစိတ်မပါဘဲ တိုက်တွန်းမှာ မဟုတ်ဘူးလို့ ငါယုံကြည်နေတယ်၊ အရင်က ဆက်ဆံရေးနဲ့တခြားစီဖြစ်နေလို့ပါ"

"အေးလေ. . .သားလေးက ငါတို့သားမဟုတ်တော့တော့ သေချာ

www.burmeseclassic.com



နေပြီဆိုတော့ မင်းသဘောပေါ့၊ မင်းပေးချင်တယ်ဆိုလည်း ပေး ပေါ့

"ငါရမ့်နဲ့တွေ့ကြည့်ဦးမှာပါ၊ ဦးမင်းသွင်က ရမ့်ဆန္ဒကို လိုက်လျောရင် သူစိတ်ပြောင်းသွားနိုင်တယ်လို့ပြောတယ်၊ ပြီးတော့ ငါကမှားခဲ့တာလေ၊ သူမလိုက်နိုင်ဘူးဆိုတာနဲ့ပဲ ပြန်လာခဲ့တာ၊ သူ့အဖေသဘောတူကြည့်ဖြူလာအောင် စောင့်ပါဦးဆိုတာကို ငါကမစောင့်ခဲ့တာ"

"ရောင်ဝါ. . . မင်းရမ့်ကို ချစ်နေတုန်းပဲဆိုတာ သံသယဝင်စရာမရှိပါဘူး။ သားလေးရဲ့အမေဖြစ်နေတာကြောင့် ချစ်နေသေးတာကြောင့် မင်းအပြစ်မတင်ရက်ဖြစ်နေတာ ငါသိတယ်၊ ထားပါ ကိစ္စအားလုံးက မင်းတာဝန်ချည်းပဲ၊ ငါတို့ကလည်း မင်းတို့ချင်းအဆင်ပြေစေချင်ပါတယ် မင်းခံရမှာပဲစိုးရိမ်တာ"

"ကျေးဇူးတင်ပါတယ်ကွာ၊ မင်းတို့စေတနာကို နားလည်ပါတယ်၊ ငါ့မှာလည်း ရွေးချယ်စရာသိပ်မရှိဘူး။ သားလေးကိုပြန်ပေးပြီး ရမ့်ဆီကအချစ်ကို ပြန်ရဖို့ကြိုးစားကြည့်ဖို့ပဲရှိတယ်"

ထူးမောင်က ရောင်ဝါ့လက်ကို လာပြီးဆုပ်ကိုင်ကာ အားပေးသည်။

"ရောင်ဝါ. . . ကြိုးစားမယ်ဆိုရင် ဘယ်တော့မှ နောက်မဆုတ်နဲ့ကွာ၊ အဆုံးထိရောက်အောင်ကြိုးစား။ မင်းနောက်မှာငါတို့ရှိတယ်၊ လိုအပ်တဲ့အကူအညီပေးမယ်၊ မင်းပြောသလို သားလေးမှာအဖေရော အမေရော ပြည့်စုံနေဖို့အတွက် ငါတို့တတ်နိုင်တဲ့ဘက်က ဖြည့်ဆည်းပေးမှာပါ သူငယ်ချင်း"

"ကျေးဇူးပါကွာ သူငယ်ချင်းရာ. . . ကျေးဇူးပါ"

ထူးမောင်လက်ကိုပြန်ပြီးဆုပ်ကိုင်ကာ နေရောင်ဝါ အားရှိသွားလေသည်။ သူ့အတွက်တော့ သူငယ်ချင်းတွေကိုပဲ အားကိုးရမှာပါ။ တခြားမှီခိုတွယ်တာစရာလည်း မရှိဘူးမဟုတ်လား။





ဘဝအတွက်ပြည့်စုံဖို့ဆိုတာ ကိုယ့်ခွန်ကိုယ့်အားနဲ့ပဲ ရပ်တည်ခဲ့ရတာမို့. . . ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ရမ့်"

အရင်ရောက်နှင့်နေသောကိုယ်က သူမဝင်လာတာကို ခရီး ကြို ပြုလိုက်သော်လည်း သူ့ဆီကိုအသိအမှတ်ပြုသည့်မျက်ဝန်းလေးတ ချက်တောင် ဝင့်မလာဘဲ ကိုယ့်ရှေ့ကခုံမှာ ခပ်တင်းတင်းပဲ ဝင်ထိုင်ေ သည်။

"သားကိုပေးဖို့ နင်ဆုံးဖြတ်ပြီးလို့ ခေါ်လိုက်တာလား"

"ကိုယ်တို့ နည်းနည်းညှိနှိုင်းကြည့်ရအောင်လား ရမ့်"

"ဘာညှိနှိုင်းမှာလဲ"

"သားက ကိုယ့်ဆီကို အမေဘယ်သူမှန်းမသိဘဲနဲ့ ရောက်လ တယ်၊ အခု မင်းခေါ်သွားမယ်ဆိုရင် အဖေဘယ်သူမှန်းမသိဘဲ ကြီးပြ ရတော့မယ်"

"အဲဒါဘာဖြစ်လဲ၊ သားကို ငါလင်ကောင်မပေါ် အဖေမဖော်သ ငါမွေးထားတာ"

"ကိုယ်ကတော့ အဲ့လိုမဖြစ်စေချင်ဘူး၊ သားကိုချစ်တယ် ရင် မင်းစဉ်းစားကြည့်ပါ၊ မိဘအစုံအလင်မရှိဘဲ၊ အဖေမရှိဘဲ သိမ်ငယ် ငယ်ငယ်နဲ့ ကြီးပြင်းနိုင်းမှာလား၊ ကိုယ်တို့လက်ထပ်လိုက်မယ်ဆိုရင် သာ



လေးဘဝ အရာအားလုံးပြည့်စုံသွားမှာပါ"

"အဟင်း"

ရမ့်နှုတ်ခမ်းအစုံ လှပစွာမဲ့ရွဲ့သွားသည်။ သူ့ကိုမသဒီသလို ကြည့် နေပုံက ခံပြင်းစရာပါ။ ဒါပေမဲ့လည်း သူ့မှာရမ့်အပေါ် အမှန်းတွေရှိမနေ။ ချစ်ရည်ရွှန်းသောမျက်ဝန်းများနှင့်ပဲ ခပ်ပြင်းပြင်းကြည့်နေလိုက်သည်။ ရမ့်က ခေါင်းကိုဆတ်ခနဲတစ်ချက်ခါလျက်

"နေရောင်ဝါ. . . နင်အဲ့လိုဖြစ်ဖို့ မျှော်လင့်နေသေးသလား၊ ငါ့ အတွက်တော့ ငါ့ကိုထားခဲ့ကတည်းက ပြီးသွားပြီ၊ သားကိုအဖေ မပေါ် ဘဲ မွေးရဲကတည်းက နင်မလိုအပ်လို့ဆိုတာ သိသာနေတာပဲ"

"သား. . . သားအတွက် အဖေလိုအပ်တယ်လေ ရမ့်၊ ပြီးတော့ ခင်းအဖေက မင်းကိုထားခဲ့ရမှာ စိတ်ချလက်ချဖြစ်ချင်တယ်၊ မိသားစု ဘဝလေးနဲ့ဆိုရင် သူနောက်ဆံမတင်းရတော့ဘူးပေါ့"

"အဲဒီအတွက် နင်စိတ်ပူစရာမလိုပါဘူး၊ ဖေဖေ နောက်ဆံ မတင်းအောင်၊ ပြီးတော့သားအတွက် အဖေတစ်ယောက်၊ ဖေဖေ မသေ ခင်သုံးလအတွင်းမှာ နင့်ထက်သာတာကို ငါခေါင်းခေါက်ရှာပြမယ်"

"ဘာ"

"ငါ့အတွက် ယောကျ်ားရှားတယ်လို့များ ထင်နေလား၊ အခုချက် ချင်း မိသားစုဘဝတစ်ခုဖြစ်အောင် ငါလုပ်ပြလို့ရတယ် ရောင်ဝါ၊ နင်ကလွဲ ရင် ဘယ်သူ့ကိုမဆို ငါလက်ထပ်လိုက်မယ်၊ ငါ့ကိုတန်ဖိုးမထား အလေး အနက်မရှိ ထားရစ်ခဲ့တဲ့ယောကျ်ားတစ်ယောက်ကို ငါနောက်တစ်ခေါက် ပြန်မလွမ်းဘူး"

"ရမ့်"

ရမ့်စကားတွေက ပြတ်သားလွန်းနေတာမို့ သူအံ့အားသင့်နေ ရသည်။ သူ့ကိုဒီလောက်ထိ မုန်းတီးနာကြည်းနေသည်ဟုမထင်။ သား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန် လွယ်ပိုးဒုက္ခခံမွေးလိုက်ရသည့်အတွက် ထိုမာန်တွေတက်သွား ခြင်း လား။ အရှက်တွေ သိက္ခာတွေအတွက် ခံပြင်းသွားခဲ့ခြင်းလား။

ဒီလောက်တော့ မှန်းသင့်ပါတယ်ဟု အားပေးရတော့မလိုပါ။

"နေရောင်ဝါ"

"ပြော. . ပြောပါ ရမ့်"

"ငါပြောတာတွေ ငြိမ်ခံနေတယ်ဆိုပြီး ငါကျေနပ်လိမ့်မယ်တော့ မထင်နဲ့နော်၊ ငါ့ကလေး ဘယ်နေ့ပေးမှာလဲ"

"နေ. . နေပါဦးလားကွာ၊ ငါ့သားလေးကို ငါမခွဲနိုင်သေးလို့ ပါ"

"ဟား. . ဥကိုခင်မှ မကိုခင်တာတဲ့၊ နင်က ငါ့ကိုတောင်မခင် တွယ်ဘဲနဲ့ သားကိုသံယောဇဉ်ရှိပြနေတာ မယုံနိုင်စရာဘဲ၊ ထားပါတော့ ဘယ်လိုပဲရှိရှိပါ ငါ့သားကို ငါမနက်ဖြန်လိုချင်တယ်။ ဒီဆိုင်မှာပဲ နင်လာ ပေးပါ၊ မနက်ဖြန်ရောက်မလာရင် နောက်တစ်နေ့ တရားရုံးတော်ကနေ တောင်းမယ်"

"ရမ့်ရယ် ကိုယ့်ကိုလုံးဝလက်မခံနိုင်တော့ဘူးလား၊ အရင်က ကိစ္စတွေကို ကိုယ်အနူးအညွတ်တောင်းပန်ပါတယ်၊ နောက်တစ်သက်တာ လုံးလည်း မင်းအလိုကျ မင်းဆန္ဒတွေ လိုက်လျောရင်း တစ်သက်လုံး ပေးဆပ်သွားပါ့မယ်၊ ကျေနပ်ပေးပါ လက်ခံပေးပါ ရမ့်ရယ်နော်"

ရမ့်နှုတ်ခမ်းကိုမဲ့၍ ခေါင်းကိုယမ်းကာ

"မကျေနပ်ဘူး လက်မခံနိုင်ဘူး၊ အဲဒါတစ်သက်လုံးစာပဲ . . . ရောင်ဝါ၊ နောင်သံသရာအထိတောင် ဖြစ်ချင်ဖြစ်သွားလိမ့်မယ်၊ အခု ယောကျ်ားကောင်းလာပြီး ပီသပြမနေနဲ့၊ ငါနင့်ကို လုံးဝအထင်မကြီးဘူး ရောင်ဝါ၊ နင့်ထက်သာတဲ့ကောင်ကိုပဲ ငါယူပြမယ်"

"သား. . သားလေး ပထွေးနဲ့ နေရမှာပေါ့၊ ဘယ်ပထွေးက



သားအပေါ်ကောင်းမှာလဲ"

"ကောင်းတဲ့ ပထွေးကို ငါခေါင်းခေါက်ရှာမယ်၊ လောကကြီးမှာ ရှိသမျှ နင့်လိုယောကျ်ားကြီးမထင်ပါနဲ့၊ လူ့စိတ်ရှိတဲ့ စာနာစိတ်ရှိတဲ့ ယောကျ်ားတွေ တစ်ပုံကြီးပါ၊ နင်တို့သာ ငါတို့လုပ်နိုင်တယ်ဆိုပြီး ကိုယ့် ကိုယ်ကိုယ် အထင်ကြီး ဘဝင်လေဟပ်နေကြတာ၊ အော. . သားကိုပေး ပြီးရင် ငါနဲ့ပတ်သက်ဖို့ တွေ့ဖို့မကြိုးစားပါနဲ့တော့၊ နင်က သားနဲ့သွေးပဲ ပတ်သက်တာ၊ ကျန်တာဘာမှမသက်ဆိုင်ဘူး။ ငါ့ဘာသာ အသက်နဲ့ အရှက်နဲ့ရင်း လွယ်ပိုးမွေးထားရတဲ့သားပဲ၊ နင့်လိုကောင်နဲ့မတန်ဘူး သိရဲ့လား"

"ရမ့်ရယ်"

ပြောရက်လိုက်တာလို့ မပြောရက်ပေ။ ဒီ့ထက်ရက်စက်မယ်ဆို ရင်တောင် ခံရဦးမှာပါ။ သားကိုအသက်တွေ အရှက်သိက္ခာတွေနဲ့ရင်းပြီး လွယ်ပိုးထားရတဲ့အချိန်တွေက သူမှအနားမှာမရှိခဲ့ဘဲ၊ မင်းမှန်ပါတယ် ရမ့်။

မင်းဒီလိုဆုံးဖြတ်သင့်ပါတယ်၊ ကိုယ်က မင်းမုန်းထိုက်တဲ့သူ ပါ. . ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

"သားရယ်. . . သားရယ်"

သားကိုပွေ့ဖက်ထားရင်း သူယူကျုံးမရ ငိုကြွေးမိသည်။ ညက တည်းက သားလေးနှင့်အတူ အိပ်ခဲ့တာပါ။ သားကိုတစ်ညလုံးဖက်ထား ပြီး သူ့မျက်လုံးတွေ ကြောင်တောင်တောင်နှင့် အိပ်လို့မရခဲ့။ သားကိုရော ရမ့်ကိုရော စွန့်လွှတ်ရပြီဆိုသော အတွေးက နိမိတ်ဆိုး အတိတ်ဆိုးလိုပင် သူ့ကိုခြောက်လှန့်ခဲ့သည်။

ဘာလုပ်ရမည်ဆိုတာလည်း သူတွေးလို့မရပါ။

"ရောင်ဝါ. . . ရောင်ဝါ ညီ့သည်ရောက်နေတယ်ကွ၊ ရမ့် အဖေကြီး"

"ဟင်. . . ရမ့်အဖေ စောစောစီးစီးပါလား"

သူတို့ဆိုင်သွားဖို့တောင် မပြင်ဆင်ရသေးပါ။ သားအနားမှာ လဲနေဆဲပဲမို့ မျက်နှာလည်းမသစ်ရသေး၊ မျက်ရည်လည်း မသုတ်ရသေး။

"ပေး. . . ပေး၊ ကလေးကို ခင်ခင်ကြည့်ထားလိုက်မယ်"

ခင်ခင်ဇော်နှင့်ကလေးကိုထားခဲ့ပြီး အိမ်ရှေ့ညှိခန်းထဲထွက်လာ ခဲ့သည်။ ထူးမောင်နှင့် အောင်ဇော်က ဦးမင်းသွင်ကို မကျေနပ်သေးတာမို့ ပေစောင်းစောင်းညှိခံနေကြသည်။



"အန်ကယ် အစောကြီးပါလား"

"အေးကွာ၊ အန်ကယ်ကန်တော်ကြီးထဲ လမ်းလျှောက်ချင်လို့လို့ ပြောပြီး အိမ်ကထွက်လာခဲ့တာ၊ မင်းဆီကိုလာတာ သမီးမသိစေချင်လို့"

"ဘာကိစ္စရှိလို့လဲအန်ကယ်"

"မင်းနဲ့တွေ့ပြီး သမီးပြောခဲ့တာတွေ သမီးက အန်ကယ်ကိုပြန် ပြောပြတယ်၊ အဲဒီအတွက် သမီးစိတ်က ပြတ်သားလွန်းလို့ ဘယ်လိုလုပ် ကြမလဲလို့ လာတိုင်ပင်တာ"

"ဗျာ"

"သမီးကပြောရင် ပြောတဲ့အတိုင်းလုပ်မှာ မောင်ရောင်ဝါ၊ မြေး လေးအတွက် ဖအေတစ်ယောက် အမြန်ဆုံးရှာလိမ့်မယ်၊ အန်ကယ်က မသေခင် မိသားစုဘဝလေးနဲ့မှ စိတ်ချမယ်ဆိုလို့ ဖြစ်အောင်ကိုလုပ် တော့မှာ"

"ဟို. . ကျွန်တော်သူ့ကိုပြောပါတယ်၊ ဖြစ်ခဲ့တာတွေ တောင်းပန် ပြီး တစ်သက်လုံးပြန်ပေးဆပ်ပါ့မယ်လို့၊ သူကလက်မခံဘူး အန်ကယ် ခါးခါးသီးသီးပဲ"

"အန်ကယ် သိတယ်၊ အန်ကယ် နားလည်တယ်၊ သမီးတဖွတ် ထိုးလုပ်တော့မှာလည်း အန်ကယ် ကြိုသိနေတယ်၊ သမီးအရင်က အဲလို ဆိုးဝါးတဲ့ကလေး၊ စဉ်းစားဆင်ခြင်ဉာဏ်မဲ့တဲ့ကလေးတော့ မဟုတ်ပါ ဘူး၊ မင်းတာဝန်မဲ့တယ် သစ္စာမဲ့တယ်လို့ခံစားပြီး မြေးလေးကို ကိုယ်ဝန် ဆောင်လိုက်ရကတည်းက အံတကြိတ်ကြိတ်နဲ့ မင်းကိုမုန်းတီးလာခဲ့တာ လို့ အန်ကယ် ထင်တယ်၊ အန်ကယ့်မှာသာ ဒီရောဂါကြီးမရှိရင် အန်ကယ် သည်း အားပေးမိမှာလို့ဝန်ခံပါတယ် မောင်ရောင်ဝါ၊ အခုတော့ကွာ သမီး နဲ့မြေးလေးအတွက် အန်ကယ်ပိုပြီးတော့တောင် စိုးရိမ်လာမိတယ်"

ဦးမင်းသွင် တကယ်ရင်ထဲက စကားတွေပြောနေသည်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မယုံချင်လို့မရတော့ပေ။ ထူးမောင်နှင့် အောင်ဇော်တောင် ယုံကြည်လာဟန်ဖြင့် စိတ်ဝင်တစားဖြစ်လာကြသည်။ နေရောင်ဝါက စိတ်ဓာတ်ကျသလို သက်ပြင်းတွေချမိပြီး. . .

"ကျွန်တော် ဘာလုပ်ရမလဲအန်ကယ်၊ သူ့မှာတခြားစိတ်ကူးရှိမနေဘူးဆိုရင် ကျွန်တော်ဘယ်အချိန်ထိပဲဖြစ်ဖြစ် စိတ်ရှည်ရှည်သည်းခံပြီးစောင့်နိုင်ပါတယ်၊ သူလက်ခံလာအောင်ထိ ကြိုးစားနိုင်ပါတယ်၊ အခုက ကျွန်တော့်ထက်သာတဲ့ကောင်ကို ဘယ်လိုလူမျိုးဖြစ်ဖြစ် အမြန်ဆုံးလက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးတဲ့ပုံပဲ"

"ဟုတ်တယ်၊ အဲဒါကြောင့် အန်ကယ်စိုးရိမ်တာပေါ့ မောင်ရောင်ဝါ၊ သူကမြန်မာပြည်ကို အခုမှရောက်တာ၊ ဘယ်သူက ဘယ်လိုလူမျိုး ဘယ်လိုစိတ်ဓာတ်ဆိုတာ သူဘယ်လိုလုပ်သိမှာလဲ၊ ဟိုမှာတုန်းကလည်း မင်းတစ်ယောက်ကိုပဲချစ်ဖူးတာ၊ လူတွေအကြောင်း သူဘယ်လောက်နားလည်မှာလဲ"

"သူ ကျွန်တော့်ကို အရွဲ့တိုက်ဖို့အတွက် ကျနဲ့တဲ့အန္တရာယ်ကို သူမမြင်တော့ဘူး။ ဒါပေမဲ့ သူဆုံးဖြတ်ပြီးသားကိစ္စကို ကျွန်တော်တို့ ဘယ်လိုလုပ်လို့ရမှာလဲ၊ အန်ကယ်ရော တားလို့ရမှာလား"

ဦးမင်းသွင် အသံတိတ်သက်ပြင်းတွေချရင်း ရင်တွေမောနေဟန်တူသည်။ ဟန်ဆောင်နေတာဆိုလျှင် ဒီလိုရုပ်ပျက်ဆင်းပျက်ဖြစ်စရာမရှိသလို ဒီကိုလည်းရောက်လာစရာမလိုပါ။

ပြီးမှစဉ်းစားလို့ရသွားဟန်ဖြင့်

"ဒီနှစ်ယောက်က မင်းသူငယ်ချင်းတွေ မဟုတ်လား"

"ဗျာ. . . ဟုတ်ပါတယ်၊ သူက အောင်ဇော်၊ ဒီကောင်က ထူးမောင်၊ ကျွန်တော့်ရဲ့အချစ်ဆုံးသူငယ်ချင်းတွေပါ"

"အေး. . . အန်ကယ် စဉ်းစားမိတာလေးပြောချင်တယ်"



"ဟုတ်ကဲ့ ပြောပါ အန်ကယ်"

"သမီးကို တခြားလူလိမ်လူညာတွေနဲ့ တွေ့မှာစိုးလို့ပါ"

"ဟုတ်ကဲ့"

"သူတို့ကလည်း လူငယ်တွေပဲရှိသေးတယ်လေ၊ သူတို့ကို သမီးတွေ့ဖူးမြင်ဖူးလား"

"မတွေ့ဖူးပါဘူး အန်ကယ်၊ ကျွန်တော့်မှာ အချစ်ဆုံးသူငယ်ချင်းတွေရှိတယ်လို့ပဲ သိတာပါ၊ ကျွန်တော်က ရမ်ုနဲ့ချိန်းတွေ့တဲ့အခါကျရင် ဒီကောင်တွေက ကျွန်တော့်အတွက်ပါ အလုပ်တွေပိုလုပ်ရတော့ တစ်ခါမှမဆုံဖြစ်ကြပါဘူး"

"အေး. . . အဲဒါ တစ်ခုကောင်းသွားတယ်"

"ဗျာ"

"သူတို့ကို သမီးပတ်သက်ချင်တဲ့သူတွေအဖြစ် ဖန်တီးလိုက်ရင်ရော"

"အန်ကယ်. . . ဟို"

နားမလည်တာကြောင့် ဘယ်လိုမေးခွန်းထုတ်ရမှန်းမသိ ဖြစ်သွားသည်။ ဦးမင်းသွင်က တက်တက်ကြွကြွပင်

"သူတို့ကို အန်ကယ်အလုပ်နဲ့ပတ်သက်တဲ့သူတွေအဖြစ် အိမ်ကို အဝင်အထွက်လုပ်ခိုင်းပြီး သမီးနဲ့ရင်းနှီးစေမယ်လေ၊ ဒါဆိုသမီးအပြင်ထွက်ပြီး သူနဲ့ပတ်သက်တဲ့လူ ရှာစရာမလိုတော့ဘူးပေါ့၊ လုပ်ငန်းရှင်ပုံစံတိုင်မျိုးလေးဖြစ်ဖို့တော့လိုတယ်၊ သမီးက မင်းထက်သာတာရှာချင်တာဆိုတော့ သမီးအထင်ကြီးလောက်မယ့် လူမျိုးဖြစ်အောင်ပေါ့"

"ကျွန်တော်သဘောပေါက်ပြီ အန်ကယ်၊ တခြားလူထက်စာရင် ကျွန်တော့်သူငယ်ချင်းတွေကို အန်ကယ်စိတ်ချတဲ့သဘောပေါ့"

"ဟုတ်တယ်. . . အဲဒါပါပဲ၊ သူတို့ကမင်းနဲ့ ပတ်သက်နေတော့

www.burmeseclassic.com



သမီးနဲ့မြေးလေးအပေါ် ယုတ်မာတဲ့စိတ်မွေးမှာမဟုတ်ဘူးလို့ အန်ကယ် ယုံကြည်တယ်၊ တကယ်လည်း လုပ်မှာမဟုတ်ဘူးလေ၊ မင်းအတွက်ပုံပိုး မှုပဲဖြစ်ချင်ဖြစ်မယ်"

"ဟုတ်တယ်. . . မင်း. . . မင်းတို့ကူညီကြပါကွာ"

"ဟမ်. . . ငါတို့က"

"ငါတို့က ဘာ. . . ဘာလုပ်ရမှာလဲ"

အောင်ဇော်နှင့် ထူးမောင် ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။ မျက်လုံးလေးတွေ ကလယ်ကလယ်ဖြစ်နေသော သူတို့နှစ်ယောက်ကို ရောင်ဝါအားကိုးတကြီးကြည့်၍

"မင်းတို့က ရမ့်ကို စိတ်ဝင်စားချင်ယောင်ဆောင်ကြပါ၊ ရမ့် အတွက် လိုအပ်နေတဲ့လူအဖြစ်ပေါ့"

"ဟာ. . . သူ့အတွက်က ယောကျ်ားအရေးတကြီးလိုအပ်နေတာ ငါတို့ကိုဖွတ်ယူလိုက်တော့ ဘယ်လိုလုပ်မလဲ"

"ပြီးတော့ ခေါင်းခေါက်ယူမယ်ဆိုတာကပါသေးတယ်နော်၊ တော်ကြာ ငါတို့ခေါင်းခေါက်ခံနေရဦးမယ်"

အောင်ဇော်နှင့် ထူးမောင်ပြောတာကို ဦးမင်းသွင် ပြုံးစိစိရယ်နေသည်၊ နေရောင်ဝါကတော့ ရင်ထဲမှာနင့်သီးနေ၍ ရယ်ပင်မရယ်နိုင်ပါ။

"မင်းတို့ကပဲ နာအံ့ထင်နေသေးလား၊ ရမ့်က ငါ့ကိုမခံချင်စိတ်တွေ အရွဲ့တိုက်ချင်စိတ်တွေနဲ့ သူပြောနေတာပါ၊ သားရဲ့မိခင်တစ်ယောက် အနေနဲ့ အဲ့လိုတကယ်ဖြစ်အောင်တော့ လုပ်မယ်မထင်ဘူး"

"ဟုတ်တယ် အန်ကယ်လည်း အဲ့လိုပဲထင်ပါတယ်၊ ဒါပေမဲ့ မာနနဲ့မခံချင်စိတ်ကြောင့် တကယ်မလုပ်ဘူးလို့လည်း ပြောတော့မပြော နိုင်ဘူးပေါ့၊ အန်ကယ်ကတော့ မင်းတို့နဲ့ပဲ သမီးရဲ့စိတ်ကိုစမ်းသပ်ချင်တယ် တခြားလူဆိုရင် အန်ကယ်ဘယ်လိုမှ စိတ်မချနိုင်လို့ပါ"



"တ. . . တကယ်ဆိုရင်ရော ဘယ်လိုလုပ်မှာလဲ၊ ငါတို့လည်း ငါတို့စိတ်ကို အာမမခံဘူးနော် ရောင်ဝါ၊ သားလေးကို သံယောဇဉ်ရှိတဲ့ စိတ်နဲ့ ငါတို့လည်း စိတ်ပါချင်ပါသွားနိုင်တယ်"

"မင်းတို့ကို ငါယုံကြည်ပါတယ်၊ တကယ်လို့ဖြစ်ခဲ့မယ်ဆိုရင် တောင် အန်ကယ်ပြောသလိုပဲ တခြားသူတွေထက် စိတ်ချနိုင်မယ်လို့ထင် တယ်"

"ကဲ. . . ဒါဆို အန်ကယ်တို့ နောက်ကိစ္စတွေ ဆက်ပြီးတိုင်ပင် ကြတာပေါ့၊ အန်ကယ်တစ်ခုတော့ စိတ်အေးသွားပါပြီ၊ မင်းတို့ကိုလည်း အန်ကယ် ကျေးဇူးတင်ပါတယ်၊ အန်ကယ်သေခါနီးအချိန်မှာ နောက်ဆံ ဆွဲင်းမသွားချင်ဘူးကွာ"

"စိတ်ချပါ အန်ကယ်၊ ကျွန်တော်တို့လည်း အန်ကယ့်စိတ်ကို သိသွားပြီဆိုတော့ နောက်လည်းတိုင်ပင်ပြီးပဲ လုပ်ကြတာပေါ့၊ ကျွန်တော် တို့ကတော့ သားလေးကို ပေးဖို့အတွက် ရမ့်နဲ့ ဒီနေ့တွေ့ဖို့ ချိန်းထားပါ တယ်၊ နေ့လယ် သားလေးကိုရေမိုးချိုးပြီးရင် သားလေးကို သွားပေးရမှာ ပါ၊ သားလေးအိမ်ပြန်ရောက်တာနဲ့တော့ စိတ်ပြောင်းမသွားပါနဲ့အန်ကယ်"

"အေးလေ. . . အရင်ကိစ္စတွေနဲ့ မင်းတို့အန်ကယ့်ကို မယုံကြည် ဖြစ်နေသေးတာ အန်ကယ် စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ သေခါနီးလူတစ် ယောက်က ဘာကိစ္စကိုမှ မလိမ်မညာတော့ပါဘူး၊ မကောင်းမှုကို နောင် ဘဝထိ သယ်မသွားတော့ဘူးဆိုတာတော့ မင်းတို့ယုံယုံကြည်ကြည်လေး သိထားကြပါကွာ"

ဦးမင်းသွင် ရင်နင့်သံကြီးနှင့်ပြောတော့ သူတို့စိတ်မကောင်းဖြစ် သွားကြသည်။ ဘဝကူးရတော့မည့်လူရဲ့ နောက်ဆုံးဆန္ဒတွေမို့ သံသယ လည်း မဝင်ရက်တော့ပါ။

ဦးမင်းသွင်ပြန်တာကို ကားနားအထိ လိုက်ပို့ဖြစ်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် စိတ်ချမ်းသာသာနေပါ၊ တစ်ခုခုဖြစ်ခဲ့ရင်တောင် ရမ့်နဲ့ သားလေးအတွက် နောက်ဆံမတင်းဘဲ ဖြောင့်ဖြောင့်သွားပါ…၊ ကျွန်တော်တို့အားလုံး ရှိနေပြီပဲ"

"အေး… အေးပါကွာ၊ မင်းတို့ကို အန်ကယ် ကျေးဇူးတင်ပါတယ်… တကယ်ပြောတာပါ"

"ဟုတ်ကဲ့ပါ… အန်ကယ်"

ပြောသာပြောနေရပေမယ့် စိတ်တွေကတော့ လေးလံနေဆဲပဲဖြစ်သည်။ သားလေးကို ပေးလိုက်ရမှာစိုးလို့ပါ။ သားလေး… သားလေးကို လုံးဝမပေးချင်။ ဒါပေမဲ့လည်း…။

✤ ✤ ✤

# အခန်း (၂၃)

"သားလေး… သားလေး"

သားလေးကို ပွေ့ဖက်နမ်းရှုံ့ပြီး ရမ့်မျက်ရည်တွေကျနေသည်။ မွေးကတည်းက မတွေ့လိုက်ရသည့် ရင်သွေးလေး မဟုတ်ပါလား။ သားလေးက ခြောက်လကျော် ခုနစ်လအတွင်းရှိပြီမို့ အနည်းငယ်သိတတ်တာ သူ့လက်ပေါ်ကနေ မလိုက်ချင်။

သူနဲ့က ရင်းနှီးကျွမ်းဝင်သံယောဇဉ်တွေ ဖြစ်နေကြပြီပဲ။ ရမ့်ကို အခုမှတွေ့ဖူးမြင်ဖူးတာမို့ သွေးသက်သော်လည်း စိမ်းနေဆဲပဲဖြစ်သည်။

"တစ်နေ့ကို အနည်းဆုံး ထမင်းနှစ်ကြိမ်တော့ကျွေးပါ၊ ညဘက်ဆိုရင် နို့ပိုသောက်တယ်၊ နို့ထိန်းငှားထက်တောင် မင်းကပိုပြီးဂရုစိုက်ပေးပါ ရမ့်၊ ရေချိုးတာ မကြာစေနဲ့နော်၊ ရေချိုးကြာရင် သားလေးက ဖျားချင်တယ်"

"နင်မှာတာတွေ ကုန်ပြီးမှာလား၊ ငါက ကလေးအမေ၊ ကိုယ်ဝန်လွယ်ထားကတည်းက အဲဒါတွေ အကုန်လေ့လာပြီးသား"

"ကလေးကိစ္စဆိုတာ လေ့လာရုံနဲ့ရတာမဟုတ်ဘူး ရမ့်၊ လက်တွေ့ ကလေးအနားမှာနေရင်းနဲ့ သူ့ရဲ့သဘာဝအတိုင်း နေ့စဉ်တွေ့မှုလိုက်

www.burmeseclassic.com

www.burmeseclassic.com



လျော့မှုပေးရတာ၊ သူ့အလေ့အကျင့်လေးကို မှတ်ထားရတာ၊ သူဘယ် အချိန် ဗိုက်ဆာတတ်လဲ၊ နို့ဆာတတ်လဲ၊ အိပ်တတ်လဲ၊ ဝမ်းချုပ်လာ ဆီးနည်းလားနဲ့''

''ဒီနေ့ကစပြီး နင်အဲဒါတွေ ပူစရာမလိုတော့ပါဘူး''

''မင်းအဲလို ပြတ်ပြတ်သားသားကြီး မပြောပါနဲ့ ရမုံ၊ ကိုယ်က သားလေးရဲ့အဖေပါ၊ သားအတွက် စိတ်ပူလို့ စိုးရိမ်လို့မရဘူးလား။ မင်း ကိုယ့်ကို မုန်းလို့ရတယ်၊ နာကြည်းလို့ရတယ်၊ ဒါပေမဲ့ သားနဲ့ပတ်သက် တာကို မင်းတားပိုင်ခွင့်မရှိဘူး။ သားကိုတွေ့ချင်တဲ့အချိန် ကိုယ်လာမယ်''

''ဘာ''

''သားလေး လန့်သွားမယ်၊ မင်းမအော်ပါနဲ့''

ရမုံ အသံတိတ်သွားပြီး အံကြိတ်၏။ တိုးတိုးညင်သာ တခေါက်သံကိုတော့ သူကြားသည်။

''သားကို အခုလာပေးတာ၊ အဲဒီအခွင့်အရေးလောက်တော့ ကိုယ်ရမှဖြစ်မယ် ရမုံ၊ မသက်ဆိုင်သလိုနေရအောင် ကိုယ်ကသူစိမ်းသ သက် မဟုတ်ပါဘူး။ မဏ္ဍပ်တိုင်တက်ပြတာမဟုတ်ပေမယ့် သံယော ကို ဖြတ်တောက်ပစ်မှာမျိုးတော့ ကိုယ်လက်မခံနိုင်ပါဘူး''

''အေး. . .အဲဒီအခွင့်အရေးကို ငါလက်မထပ်ခင်ဘဲရမယ် ရော ဝါ၊ ငါလက်ထပ်ပြီးပြီဆိုရင်တော့ နင့်နေရာ နင်သိပါ၊ ငါလက်ထပ်မယ့် သူက၊ အဲဒါကို အကြောင်းပြုပြီးသားကို နှိပ်စက်တာမျိုး အဖြစ်မခံနိုင်ဘူး သားအတွက်တွေးတယ်ဆိုရင် နင်အဲဒါတော့ ဆင်ခြင်ပေးပါ''

''အခွင့်အရေးယူတတ်တဲ့ယောကျ်ားတွေကိုတော့ ရှောင်ပါ ရ မင်းက ဘယ်လိုတွေတွေးပြီး ဆုံးဖြတ်ထားလဲမသိပေမယ့် သားအတွ ပထွေးကောင်းဖြစ်လာမယ့်သူမဟုတ်ဘူးဆိုရင်တော့ ကိုယ်လက်မခံဘူး''

''ငါရွေးချယ်သွားမယ့်သူဟာ နင့်ထက်တော့ သာမှာပါ၊ အနည်း



ဆုံးသစ္စာရှိပြီး ငါ့အပေါ်တန်ဖိုးထားမယ့်သူမျိုးပေါ့၊ မိန်းမတစ်ယောက်ကို ဦးစားပေးရမှန်းသိတဲ့သူမျိုး''

''မင်းမျှော်လင့်ထားသလို ဖြစ်ပါစေ ရမုံ''

နှစ်ယောက်သားပြောစရာတွေကုန်သွားသလို ခေတ္တမျှအသံ တိတ်သွားကြသည်။ သားလေးကို သူအရင်ကျောမခိုင်းရက်။

''မင်းသွားတော့မယ်ဆိုရင် သားကိုကားနားအထိ ကိုယ်ပွေ့ချီ ဦး လိုက်ပို့ပါရစေ''

''သံယောဇဉ်တွေ နှောင်တွယ်မနေနဲ့၊ နင့်လမ်းနင်ပြန်တော့ ရှောင်ဝါ''

''မင်းဘာလို့ဒီလောက်တောင် ပြတ်သားရက်စက်ရက်နေတာလဲ ရမုံ၊ တစ်ချိန်တုန်းကတော့ မင်းငါ့ကိုသိပ်ချစ်ခဲ့ပါတယ်''

''အဲဒီအချစ်တွေကြောင့် ဒီလိုအကြောင်းတွေဖြစ်လာခဲ့တား နောက်ထပ်မဖြစ်အောင် အခုတော့ နင့်အပေါ်အမုန်းတွေပဲ ရှိတော့တယ်၊ ဘယ်တော့မှ အရင်လိုအချစ်တွေ ပြန်ရောက်လာတော့မှာမဟုတ်ဘူး၊ တစ်သက်လုံး မမျှော်လင့်နဲ့တော့''

ရက်စက်ရက်လေသူကြီးလို့ တမ်းတကာ ငိုကြွေးပစ်လိုက်ချင် ပါသည်။ သားလေးကားပေါ်ပါသွားသည်အထိ မျက်စိတဆုံး ပြေးလိုက် ရှာ ကြည့်မိသည်။ နောက်ဆုံးခြေကုန်လက်ပန်းကျမှ ကတ္တရာလမ်းမ ကြီးမှာ ဒူးထောက်ငိုကြွေးပစ်လိုက်၏။ ဒါဟာဝဋ်ကြွေးတွေပါလို့ မယူဆ ချင်း ကိုယ့်အပြစ်တွေပါရမုံ။ ကိုယ်မကောင်းခဲ့တာပါ။

မင်းမုန်ပါတယ်။ မင်းမုန်းသင့်ပါတယ်။ မုန်းချင်သလောက်မုန်း လိုက်သလောက်သာ မုန်းလိုက်ပါတော့. . .။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"သမီး ဒါဖေဖေနဲ့ အလုပ်ရှယ်ယာတွဲလုပ်မယ့် မောင်မင်းထို[illegible] ကျော်တဲ့၊ မြန်မာပြည်မှာ ရိုးသားကြိုးစားပြီး ထိပ်တန်းလုပ်ငန်းရှင်[illegible] ချင်နေတဲ့သူပေါ့"

"ဩော်… ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

ရမ့်မင်းသွင်လက်ဆွဲပြီး ထနှုတ်ဆက်တော့ အောင်ဇော် အို[illegible] အမ်းတမ်းဖြင့် အယောင်ယောင်အမှားမှား လက်ဆွဲနှုတ်ဆက်ရလေသ[illegible]

"ဟုတ်… ဟုတ်ကဲ့ ဝမ်းသာပါတယ်ခင်ဗျာ၊ ခုလိုသိက[illegible] ရင်းနှီးခွင့်ရတာလေ အဟင်း… အဟား"

"ကော်ဖီ သုံးဆောင်ပါဦးရှင်"

"ဟုတ်ကဲ့ခင်ဗျာ"

"နောက်လည်း အိမ်ကိုတံခါးမရှိ ဓားမရှိဝင်နိုင် ထွက်နိုင်[illegible] တယ်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော်ကလည်း အန်ကယ်ကသ[illegible] မိတ်ဆက်ပေးချင်လို့ အိမ်ကိုအလည်လာပါဆိုတော့ မရမ့်ကို ဒီလော[illegible] ချောမယ် လှမယ်တောင် ထင်မထားဘူး"

"ရှင်… ရမ့်နာမည်ကို သိနေတယ်၊ ဖေဖေက နာမည်ပြော[illegible]





[illegible]တ်ဆက်မပေးရသေးဘူးထင်တယ်နော်"

"ဩော်… အန်း… အန်ကယ်ကကြိုပြီး ပြောပြထားလို့ပါ အဟဲ [illegible]ဲ ဟုတ်တယ်နော် အန်ကယ်"

"ဟုတ်တယ်… ဟုတ်တယ် သမီးရဲ့"

မဟုတ်မမှန်လုပ်ကြံထားကြသည်မို့ ဦးမင်းသွင်နှင့် အောင်ဇော် [illegible]ုံမလဲနှင့် အချင်းချင်းလက်တို့ကာ တဟဲဟဲ ဖြစ်နေကြရသည်။

"မောင်မင်းထိုက်ကျော်ကို နေ့လယ်စာစားပြီးမှ ပြန်လွှတ်ရ[illegible]ောင် ကြူကြူနဲ့ မနော်ကို ပြင်ဆင်ခိုင်းပါဦးကွယ်"

"ဩော်… အဲဒါဆိုရင်တော့ သားလေးကို သမီးထိန်းလိုက်ပါ့[illegible]ယ် ညှိသည်လာတယ်ဆိုလို့ သမီးက သူတို့ကိုကလေးပေးခဲ့တာ"

"ဩော်… မရမ့်မှာ သားလေးရှိတယ်လား"

"ဟင်… အဲဒါကျတော့ ဖေဖေက ပြောပြမထားဘူးလား"

"ဟို… ပြော… ပြောမထားရသေးဘူး သမီးရဲ့၊ ဒီလိုပါ… [illegible]ောင်မင်းထိုက်ကျော် အန်ကယ့်သမီးမှာ သားလေးတစ်ယောက်ရှိပါ[illegible]ယ်၊ အိမ်ထောင်တော့မရှိပါဘူးကွယ်၊ လူလွတ်ပါ"

"ဗျာ… အဲဒါက ဘယ်လို"

"ဒီလိုပါ၊ လူငယ်သဘာဝ ချစ်ကြိုက်မှားယွင်းပြီး သားလေး [illegible]ယောက် အဖတ်တင်သွားတယ် ပြောပါတော့ကွယ်၊ သူတို့ချင်းက [illegible]ထပ်မထားတဲ့အတွက် ကင်းကင်းရှင်းရှင်းပါပဲ"

"ဩော်… ဒီခေတ်မှာ ဒီလိုကိစ္စမျိုးက ရှိတတ်ပါတယ်၊ [illegible]အထူးအဆန်းမဟုတ်တော့ပါဘူး"

"မောင်မင်းထိုက်ကျော် ဒီလိုနားလည်ပေးလို့ ကျေးဇူးပါပဲကွယ်၊ [illegible]ကယ်ကတော့ သမီးနဲ့မြေးအတွက် စိတ်ချရမယ့် အဖော်ကောင်းလေး [illegible]ေးချင်တာ၊ အန်ကယ့်အလုပ်အတွက် ယောက်ျားသားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိမှ ဖြစ်မှာမဟုတ်လား"

"အန်ကယ်ရာ. . ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော်က အန်ကယ့်အတွက်ပါ နှစ်ယောက်စာ အလုပ်လုပ်ပေးမှာပါ"

"အေး. . ကျေးဇူးပါကွာ၊ မောင်မင်းထိုက်ကျော်ကို အန်ကယ် ယုံပါတယ်၊ ဒါနဲ့ တစ်ခုလောက် အန်ကယ်အကူအညီတောင်းချင်တယ်"

ဦးမင်းသွင်က မျက်လုံးမှိတ်ပြတာကြောင့်

"ဟုတ်ကဲ့ ပြောပါ အန်ကယ်"

"သမီးက မြန်မာပြည်ပြန်ရောက်တာ မကြာသေးဘူး၊ ဒီမှာ အသိအကျွမ်းကလည်း မရှိသေးဘူးကွဲ့၊ မြန်မာပြည်မှာ မွေးပေမယ့် ဟိုမှာကြီးတာဆိုတော့လေ"

"ဟုတ်ကဲ့"

"ဒီမှာ သွားချင်လာချင် လည်ချင်ပတ်ချင်တာလေးများရှိရင် သမီးကို လိုက်ပို့ပေးနိုင်မလားလို့"

"ဟာ. . ဟုတ်ကဲ့ ပို့ပေးပါမယ်ခင်ဗျာ၊ ပို့နိုင်ပါတယ်၊ ရော သွားချင်တဲ့နေရာပြော သွားချင်တဲ့အချိန်သာ ပြောလိုက်ပါ"

"သမီး ပြောလိုက်လေကွယ်၊ ဘယ်သွားသွား နယ်မြေကျွမ်းတဲ့ သူနဲ့ဆိုတော့ ကောင်းတာပေါ့"

ဦးမင်းသွင်က တခြားသူတွေနှင့် သွားငြိမှာစိုး၍ အောင်ဇော်မှ အရောက်ပို့နေသည်။ ရမ့်အနေနှင့်လည်း နေရောင်ဝါအပေါ် မခံချင်စိတ် များ အရွဲ့တိုက်ချင်စိတ်များနှင့် တွေ့သည့်လူကို ဆွဲဖမ်းဖို့ စဉ်းစားထား တာ။

ဒါပေမဲ့ သားလေးနှင့် အဆင်ပြေဖို့ကလည်း အရေးကြီးသော သည်။

"ရမ့်က သားလေးကို ကစားကွင်းတွေဘာတွေ လိုက်ပို့ချင်တာ



ပါ၊ သားလေးက မကစားတတ်သေးဘူးဆိုပေမယ့် ရမ့်နဲ့ရင်းနှီးဖို့က လို နေတယ်၊ သားနဲ့က အနေစိမ်းနေသေးလို့လေ"

"ကလေးဆိုတာ ဒီလိုပါပဲ၊ အနေနီးပြီး အမြဲမြင်တွေ့နေတဲ့သူ ကိုပဲ မှတ်မိကြတာလေ"

"ရှင်. . ဖေဖေက သားနဲ့ပတ်သက်ပြီး အဲလိုကိစ္စကိုတော့ ပြော ပြထားတာလား"

"ဗျာ. . မ. . မဟုတ်ပါဘူး၊ ရမ့်ပြောလို့ ကျွန်တော်က ပြောပြ တာပါ"

"ကလေးအကြောင်းတော့ ရှင်နားလည်သလိုပဲနော်၊ ရှင့်မှာ အိမ်ထောင်တို့ သားသမီးတို့ရှိသလား"

"ဟာ. . မ. . မရှိပါဘူး၊ ကျ. . ကျွန်တော်လူပျိုစစ်စစ်ပါ၊ ရေမရောရသေးပါဘူး"

"ဟုတ်ပါပြီ၊ ဖွတ်ကြီးဖြေရှင်းပြစရာမလိုပါဘူး၊ ကဲ. . . သမီး ကလေးသွားခေါ်ပြီး ကြူကြူတို့ကို ထမင်းပွဲပြင်ခိုင်းလိုက်တော့မယ်နော်"

"အေး အေး ကောင်းပြီသမီး"

ရမ့်က နောက်ဘက်ထဲဝင်ကာ ကလေးသွားခေါ်သည်။ ဦးမင်း သွင်နှင့် အောင်ဇော်မှာ ရမ့်ရိပ်မိသွားမှာစိုး၍ ဣန္ဒြေမပျက်နေကြရ၏။

"မြေးလေး. . မြေးလေး ဘိုးဘိုးဆီလာပါဦး"

သားလေးက ဦးမင်းသွင်ဆီကိုမရှိုက်။ ခေါ်တာကိုလှည့်ပင် ကြည့်ဘဲ အောင်ဇော်ကိုမြင်သွားကာ လက်ကားယားခြေကားယားဖြင့် ပတ်ကမ်းနေသည်။

ကလေးက နေ့စဉ်မြင်တွေ့ အတူနေခဲ့တာကို မှတ်မိနေဟန်ရှိ သည်။ လူငုတ်တုတ် သွားငုတ်တုတ်အရွယ်မို့ မျက်နှာလောက်ကို မမှတ် သေးဘဲနေမလား။ အောင်ဇော်မှာ ဘာလုပ်ရမှန်းမသိဘဲ ဦးမင်းသွင်ကို

www.burmeseclassic.com

www.burmeseclassic.com



မဒီမလည်မျက်နှာနှင့် လှည့်ကြည့်နေသည်။

"ဩော်. . မြေးလေးက ဦးဦးဆီ လိုက်ချင်လို့လား။ ခေါ်လိုက်ပါဦး မောင်မင်းထိုက်ကျော်၊ မြေးလေးက လက်ရွေးတယ်၊ ဟိုလူဆီ မလိုက်ချင် ဒီလူဆီမလိုက်ချင်နဲ့၊ ဟိုကိုလွှမ်းဖျား လွမ်းနာကျနေလား မသိပါဘူး။ ဆေးခန်းကို တစ်နေ့နှစ်ခေါက်လောက် ပြေးလိုက်ရတယ်"

"ဟုတ်လား၊ သားလေး သနားပါတယ်၊ ဦးဦးဆီလာပါဦး သားရယ်လာ"

အောင်ဇော်ခေါ်တာကို ကလေးက တန်းခနဲလိုက်ပြီး ခုန်ပေါက်နေသည်။ တကယ်ကို လွှမ်းနေတာဖြစ်နိုင်၏။ ရင်ဘတ်မှာကပ်နေပြီး အောင်ဇော့်ပခုံးပေါ် ခေါင်းလေးတင်မှေးနေတာ သနားစရာပင်။

"ဟယ်. . သားလေးက ရှင့်ကိုတန်းခနဲ ခင်တွယ်သားပဲ၊ အိမ်မှာဆို ဟိုလူဒီလူ လက်ရွေးပြီး ဘယ်သူနဲ့မှ မနေချင်ဘူး။ တအီအီနဲ့လေ။ အခုကျတော့ ကြည့်ပါဦး။ သူနဲ့သိကျွမ်းရင်းနှီးတဲ့သူကျနေတာပဲ၊ သားလေး မေမေ့ဆီလာပါဦး"

ရမ့်ခေါ်သော်လည်း သားလေးကမလိုက်။ အောင်ဇော့်ဆီမှာပဲ ကုတ်ကပ်တွယ်ဖက်ထားသည်။

ရမ့်ရိပ်မိသွားမှာစိုး၍ အောင်ဇော်ဘာလုပ်ရမှန်းမသိ ဖြစ်နေရသည်။ ရမ့်ကတော့ သဘောတွေကျလို့ပါ။

"အဟင်းဟင်း. . သားလေးက ကိုမင်းထိုက်ကျော်ကို တန်းခနဲ့ ခင်တွယ်သားပဲ နောက်နေ့ကျရင် ကစားကွင်းတွေလိုက်ပို့ပေးပါနော်၊ သားလေးစိတ်အပြောင်းအလဲလေး ဖြစ်သွားအောင်လို့ပါ"

"ဟုတ်ကဲ့ပါခင်ဗျ။ ကျွန်တော်က ကလေးချစ်တတ်တယ်၊ ဘယ်လို ပါရမီလဲတော့မသိဘူး။ ကလေးတွေကလည်း ကျွန်တော့်ကိုမြင်ရင် ချစ်ကြတယ်ဗျ"



"အဲဒါကောင်းတာပေါ့၊ အိမ်ကိုကြုံတိုင်းဝင်ပြီး ကလေးထိန်းပေးရင် ကောင်းမှာပဲ၊ ရှင့်ကို အရမ်းကိုကျေးဇူးတင်မိမှာ"

"ဟင်. . ဩော်ဟုတ်. . ဟုတ်ကဲ့ပါ ကျွန်တော်လာခဲ့ပါ့မယ်"

ရမ့်မင်းသွင် သဘောကျနေသည်။ ကလေးဆိုတာ လူတစ်ယောက်ကို အလွယ်ခင်တွယ်တတ်သူမျိုးမဟုတ်ဘူး မဟုတ်လား။ အခု မင်းထိုက်ကျော်နှင့်အကြောင်း ရေစက်ရှိလို့ပဲလား။ ဒါဆိုလျှင်ဖြင့်. . ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

"သားလေး သနားပါတယ်ကွာ၊ ငါတို့ကိုလွမ်းပြီး လွမ်းဖျားလွမ်းနာကျသွားတာ၊ သားလေးနည်းနည်းတောင် ပိန်သွားတယ်၊ ငါ့ကိုမြင်တော့ လုံးဝကိုမခွာတော့ဘူး။ ငါ့မှာသူ့ကိုချော့ပြီး ထမင်းစားရတယ်၊ ပြန်ခါနီးတော့လည်း အရမ်းငိုနေလို့၊ သူအိပ်တဲ့အချိန်ထိ စောင့်ပြီးမှ ပြန်ခဲ့ရတယ်"

"ရမ့် နိုင်မိသွားသေးလား"

"မရိပ်မိဘူး။ သူက ကလေးအဲလိုခင်တွယ်တာကို သဘောကျသွားတဲ့ပုံပဲ၊ အကြောင်းရေစက်ရှိလို့သာ အဲလိုဖြစ်တယ်လို့ ထင်သွားတယ်ထင်တယ်၊ ငါ့ကိုပိုပြီး လိုက်လိုက်လျောလျောတွေ ဆက်ဆံတယ်၊ မင်းရဲ့ရမ့်က ယောကျ်ားလိုချင်တာ တကယ်ကိုသေချာတယ်ကွ"

သူ့ရင်ထဲ နင့်ခနဲ အောင့်သွားလေသည်။ သူမဟုတ်သော ဘယ်ယောကျ်ားကိုမဆို ရမ့်လက်ခံတော့မည်လား။ ဒါဟာ သူ့မအဖေအတွက် သားလေးအတွက် ရွေးချယ်ဖို့တစ်ခုတည်းမှ ဟုတ်ရဲ့လား။ သူ့ကိုမေ့ချင်စိတ်သက်သက် အရွဲ့တိုက်ချင်သောစိတ် သက်သက်ကြောင့်လည်း ဖြစ်နိုင်သည်။

"မင်း အရမ်းကြီးတော့ ကောင်းမပြန်နဲ့ကွာ"



"ဘာ"

"ရမ့် မင်းကိုတကယ်စိတ်ပါသွားမှာ စိုးလို့ပါ၊ သူက အခုယောကျ်ားတစ်ယောက်ကို နှလုံးသားနဲ့ ရွေးချယ်မှုမဟုတ်ဘူး။ မဖြစ်မနေလိုအပ်နေတဲ့အတွက် ဦးနှောက်နဲ့ရွေးချယ်မှာ"

"ဟိတ်ကောင်..ဦးနှောက်နဲ့ရွေးချယ်ချယ်၊ နှလုံးသားနဲ့ပဲ ရွေးချယ်ချယ် ငါတို့စိတ်ပါလို့လုပ်နေတဲ့ အလုပ်မဟုတ်ဘူး။ မင်းကိုကူညီရုံပဲ"

"အေးပါ ငါနားလည်ပါတယ်၊ ငါမင်းကိုမယုံလို့ သတိပေးနေတာမဟုတ်ပါဘူး။ တခြားသူနဲ့စာရင် စိတ်ချရတယ်ဆိုတာလည်း ငါသိပါတယ်၊ ဒါပေမဲ့ကွာ ရင်ထဲမှာတော့ ပူလောင်နေတာပဲ၊ ငါဘာလုပ်ရမလဲလို့လည်း စဉ်းစားမရဘူး"

"မနက်ဖြန် သားလေးကို ကစားကွင်းလိုက်ပို့မှာ၊ မင်းလိုက်ခဲ့ပါလား"

"ဟင်..ဖြစ်ပါ့မလား။ ငါက ဘယ်လိုပုံစံမျိုးနဲ့ လိုက်ရမှာလဲ"

"ဘယ်လိုဖြစ်ဖြစ် ရမ့်နဲ့ စကားပြောခွင့်ရအောင် ကြိုးစားပေါ့ကွာ၊ မင်းဒီအတိုင်း ရပ်နေလို့ကတော့ ရှေ့ဆက်ဖို့လမ်းတွေ ပိုပိတ်သွားလိမ့်မယ်"

အောင်ဇော်ပြောတာလည်း ဟုတ်သည်။ ကြိုးစားခွင့်မရှိလို့ မကြိုးစားလျှင် ရှေ့ဆက်ဖို့လမ်းလည်း မရှိတော့ဘူး မဟုတ်လား။ သူတို့စကားပြောနေဆဲမှာ ခင်ခင်ဇော်အနားရောက်လာတော့ ထိုင်လို့ရအောင် နေရာရွှေ့ပေးလိုက်ရသည်။

အောင်ဇော့်မျက်နှာကိုကြည့်နေသော ခင်ခင်ဇော့်မျက်နှာက မသာမယာပါ။

"ဘာဖြစ်နေတာလဲ ခင်ခင်၊ သူငယ်လေးနဲ့ အဆင်မပြေဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မပြေစရာလား၊ ဒီက သူ့အတွက်စိုးရိမ်နေတာ"

အောင်ဇော့်မျက်နှာကို လက်ညှိုးနှင့်ထိုးပြောနေတာမို့ အောင်ဇော် အံ့ဩသွားသည်။ ခင်ခင်ဇော့်မှာ သူငယ်လေးရှိနေသည်ဆို၍ အောင်ဇော် မမျှော်လင့်တော့ဘဲ နေနေတာပါ။ အခု ခင်ခင့်ဇော့်မျက်နှာက အီစီကလီအိုဗာတွေနှင့်။

"ဘာစိုးရိမ်တာလဲ ပြောပါဦး"

"ဟိုတစ်ယောက်ဆီ သွားရင်းလာရင်းတွေ့ရင်းနဲ့ စိတ်ပါသွားပြီလားလို့လေ"

"ဩော်. . . မင်းက သဝန်တိုနေတာလား၊ မင်းမှာ သူငယ်လေးရှိတယ်ဆို"

"ရှိတာနဲ့ပဲ ချစ်လို့မရတော့ဘူးလား၊ ခင့်ခင့်ရင်ထဲမှာက အချစ်တစ်ခုတည်းမဟုတ်ဘူး အများကြီး"

"သေဦးမယ်"

အောင်ဇော် လက်သီးနှင့် ရွယ်လိုက်တော့ ခင်ခင်ဇော်ဇက်ကလေး ပုဝင်သွားသည်။

"အလကားစတာပါ၊ ခင်ခင် အလုပ်ထွက်တော့မလို့ လာပြောတာ"

"ဟင်. . . တကယ် ထွက်တော့မှာလား"

"ခင်ခင် ဒီဖိုင်နာတက်ဖို့ ပိုက်ဆံကပြည့်ပြီလေ၊ ခင်ခင် အောင်မြင်အောင်ကြိုးစားချင်တယ်၊ အောင်မြင်မှ အထွတ်အထိပ်ကိုရောက်မှ၊ ခင်ခင်တို့လိုလူမျိုးတွေကို အထင်ကြီးကြမှာ၊ သာမန်ပဲဆိုရင် အထင်သေးချင်ကြတယ်"

"ငါတို့ကတော့ အဲဒီထဲမှာ မပါဘူးနော်၊ လူတန်းစားမခွဲခြားဘူး။ ယောကျ်ား မိန်းမလည်း မခွဲခြားဘူး၊ အရည်အချင်းရှိအောင်ကြိုးစား



နေတဲ့သူတိုင်းကို လေးစားတယ်"

"အဲဒါကြောင့်လည်း ခင်ခင်က ရှင်တို့သုံးယောက်လုံးကို လေးစားတာပါ၊ အချိန်တိုလေးပဲ အတူနေခွင့်ရတယ်ဆိုပေမယ့် ကျေးဇူးတင်ပါတယ်"

"အေးပါ. . . နောက် အကူအညီလိုတဲ့အခါလည်း လာခဲ့ပါ၊ မင်းအောင်မြင်သွားရင်လည်း မမေ့နဲ့နော်"

"ခင်ခင် မမေ့ပါဘူး"

နောက်တစ်ယောက်ကို ခွဲခွာရဦးမည်မို့ စိတ်မကောင်းဖြစ်ကြရပြန်သည်။ ခင်ခင်ဇော်က အထုပ်အပိုးတွေပြင်ဖို့ အခန်းထဲပြန်ဝင်သွားချိန်မှာ အောင်ဇော်နှင့် နေရောင်ဝါ သက်ပြင်းချမိကြသည်။

"အေးကွာ၊ ငါတို့သုံးယောက်က နဂိုအတိုင်း ပြန်ဖြစ်တော့မယ်၊ ဒါပေမဲ့ ရင်ထဲမှာတော့ အနာတရကိုယ်စီရနေကြပြီ၊ လူ့ဘဝဆိုတာ ဒီလိုပဲလား"

"စိတ်မကောင်းမဖြစ်ပါနဲ့ အောင်ဇော်ရာ၊ တွေ့ဆုံကြုံကွဲပဲလေ၊ လူတစ်ယောက်နဲ့တစ်ယောက်က နီးစပ်ဖို့ သံယောဇဉ်ဖြစ်ဖို့သာ ခက်တာပါ၊ ခွဲဖို့ကွာဖို့တော့ တော်တော်လွယ်တာပဲ"

"ကြိုးစားပြီး အားတင်းထားပါ သူငယ်ချင်း။ ရမ့်က တစ်နေ့ကျရင် မင်းအတွက်ပဲ ဖြစ်လာမှာပဲ၊ ဒီကြားထဲ သူ့ဆန္ဒကိုတော့ လွှတ်ထားလိုက်ပေါ့၊ ဦးမင်းသွင်က နောက်ရက်ကျရင် ရမ့်ကိုထူးမောင်နဲ့ မိတ်ဆက်ပေးဦးမယ်လို့ပြောတယ်၊ နှစ်ယောက်ကြားထဲ ရွေးရခက်အောင်လုပ်မလို့လားမသိပါဘူး၊ ဘာပဲဖြစ်ဖြစ် ဦးမင်းသွင် မင်းဘက်မှာရှိနေတဲ့အတွက် စိတ်တော့မလျှော့လိုက်နဲ့ကွာ"

အောင်ဇော်ဖြေသိမ့်နေမှန်း သိပါသည်။ သူလည်းစက်လျှော့ချင်တာမဟုတ်ပေမယ့် စိတ်တော့လျှော့ချင်မိသလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



ရမ့်အမုန်းတွေကို ခံနိုင်ရည်မရှိလို့ပါ။

ဘယ်သောအခါမှ ရမ့်အချစ်တွေကို ပြန်ရမှာလဲ။ နီးစပ်ဖို့အတွက် ဘယ်လိုတွေကြိုးစားရမှာလဲ။ ရမ့် ကိုယ်မင်းကို ချစ်နေဆဲပါ မျှော်လင့်နေဆဲပါ ရမ့်‥။

✤ ✤ ✤

# အခန်း (၂၆)

"ရမ့်"

သားလေးကို ပွေ့ချီဆော့နေသော အောင်ဇော်က မျက်လုံးတစ်ဖက်မှိတ်ပြသည်နှင့် ခပ်လှမ်းလှမ်းကနေ ကြည့်နေသော ရမ့်အနားကို သူတို့ကပ်သွား၍ ခေါ်လိုက်သည်။

ရမ့်က ဖျတ်ခနဲလှည့်ကြည့်ကာ မျက်ခုံးလေးနှစ်ဖက် ထိတ်လန့်တကြားပင့်တက်သွား၏။

"နင်‥ နင်ဘာလာလုပ်တာလဲ၊ သွားစမ်း ဒီနားက အမြန်ထွက်သွား"

"ရမ့်"

"ဟိုမှာ သားလေးနဲ့ဆော့နေတာ ငါ့ညီသည်၊ သူတစ်မျိုးထင်သွားမယ် သွားစမ်းပါ"

"ဘာတစ်မျိုးထင်ရမှာလဲ၊ ထင်ချင်လည်းထင်ပစေပေါ့၊ ငါက သားလေးရဲ့အဖေဆိုတာ ပြောပြလိုက်လေ"

"ဘာလို့ပြောပြရမှာလဲ၊ နင်နဲ့ငါနဲ့ ဘာဆိုင်လို့လဲ၊ ဘာပတ်သက်လို့လဲ"

"သားတစ်ယောက်တောင်ရထားတာ ဘာမှမပတ်သက်ဘူးလို့

www.burmeseclassic.com



တော့ မငြင်းပါနဲ့ ရမ့်ရယ်၊ မခေါ်ရင်လို့ရပေမယ့် မတော်ချင်လို့မရတာ သားအဖပတ်သက်မှုပဲ'

"နင်က ဘယ်ချိန်တုန်းက တာဝန်ယူတတ်ခဲ့လို ပတ်သက်ချင်ရတာလဲ ရောင်ဝါ၊ နင်ရှက်တတ်စမ်းပါ၊ ငါအဖေမဖော်ဘဲ မွေးထားတဲ့သားက နင့်ရဲ့သားလုံးဝမဖြစ်စေရဘူး သိလား။ ငါသားအတွက် အဖေရအောင် ယောကျ်ားယူမှာ၊ ဟိုမှာတွေ့လား ငါ့ရွေးချယ်ထားတဲ့လူ၊ သားနဲ့ ဘယ်လောက်အဆင်ပြေလဲ"

"ဩော်"

သူရယ်ချလိုက်ချင်ပေမယ့် မရယ်နိုင်ပါ။ အောင်ဇော်က သူတို့ဘက်ကို မကြည့်မိအောင် သားလေးကို ခပ်လှမ်းလှမ်းဘက်ခေါ်သွားပြီး ဆော့နေသည်။

"မင်းသူနဲ့ဘယ်တော့ လက်ထပ်မှာလဲ၊ ဘယ်လောက်တောင်ရင်းနှီးနေကြပြီလဲ"

"အဲဒါ နင်သိစရာမလိုပါဘူး၊ ငါ့ကိစ္စငါ့အကြောင်းတွေ နင်စပ်စုစရာမလိုဘူး ရောင်ဝါ၊ နင်အခု ဒီနားကသွားလိုက်ပါတော့"

"ကိုယ်မင်းကို လက်ထပ်ချင်တယ် ရမ့်"

"ဘာ"

"သားလေးအတွက် ပထွေးဘာလို့ရှာနေမှာလဲ၊ သားလေးမှာ ဖအေရင်းရှိနေရဲ့နဲ့"

"ဟင့်အင်း . . သားမှာ အဖေမရှိဘူး၊ အဖေမပေါ်ဘဲ ငါမွေးထားတာ၊ ငါ့သား ငါပဲပိုင်တယ်၊ ငါ့ဆုံးဖြတ်ချက်နဲ့ ငါဘာပဲလုပ်လုပ် နင်နဲ့မဆိုင်ဘူး၊ နင်နဲ့မပတ်သက်ဘူး"

"ရမ့်"

"နင် ဖယ်စမ်းလွှတ်"



သူမလက်ကို ဆုပ်ကိုင်လိုက်သည့်အခါမှာ ဖျတ်ခနဲပြန်ရုန်းလျက် သူ့ပါးကို ရိုက်ဖို့လက်ရွယ်သည်။ သူမကျေနပ်ဖို့ သူ မရှောင်ဘဲနေလိုက်၏။

"ဖြန်း"

"မင်းကျေနပ်ပြီလား ရမ့်၊ မကျေနပ်သေးရင် ကျေနပ်တဲ့အထိ ရိုက်လို့ရတယ်၊ ပေါက်ကွဲလို့ရပါတယ်၊ ကိုယ်က ကိုယ့်အပြစ်တွေအတွက် ပေးဆပ်ချင်နေတာပါ"

"တော်စမ်းပါ . . တော်စမ်းပါ ရောင်ဝါ၊ အဲဒီလို အပြစ်လုပ်ပြီး တောင်းပန်တိုင်းသာ ကျေအေးရမယ်ဆိုရင် အခုငါနင့်အပေါ် အပြစ်လုပ်နေတယ်လို့ အောက်မေ့ပြီး ကျေအေးပေးဖို့ပဲ စဉ်းစားနေသိလား။ တစ်သက်လုံး နင့်အပေါ် အပြစ်တွေလုပ်သွားမယ်၊ ဘယ်လောက်သည်းခံနိုင်မလဲ စောင့်ကြည့်ရသေးတာပေါ့"

"ရမ့်ရယ်"

သူ့ရှေ့ကပြေးထွက်သွားပြီး သားလေးနှင့်အောင်ဇော်ဆီ ရောက်သွားသည်။ သူ့ဘက်လုံးဝလှည့်မကြည့်တော့ဘဲ အောင်ဇော်နှင့်သားနှင့် အတူ ဆော့လိုက် ရယ်လိုက်မောလိုက်လုပ်နေ၏။ အောင်ဇော်ကတော့ သူ့ကိုအားနာသနားနေသည့် မျက်ဝန်းများနှင့် လှမ်းလှမ်းကြည့်ရှာသည်။

သူမခံစားနိုင်သော်လည်း ထိုနေရာလေးကနေ လှည့်ထွက်မသွားမိ။ တစ်နေ့နေ့မှာ သူနှင့်အတူတူ ဒီလိုမိသားစုဘဝလေးမျိုးနေနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

မင်းလည်း ဟန်ဆောင်ပြီး ပျော်ချင်ယောင်ဆောင်နေတယ် ဆိုတာ ကိုယ်သိပါတယ် ရမ့်ရယ်။ မင်းဘယ်လောက်ထိကြာအောင် ဟန်ဆောင်နိုင်မှာလဲ။ တစ်နေ့နေ့တော့ . . .။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဟင်း . . ဖေဖေ့ ညည်သည်ရောက်နေတာလား"

သားလေးကို ပွေ့ချီကာဝင်လာရင်းနှင့် မေးလိုက်တော့ ညည်သည်ကထရပ်ပြီး ခေါင်းလေးညိတ်ကာ နှုတ်ဆက်၏။

"နိုင်ငံခြားမှာ ခင်ခဲ့တဲ့မိတ်ဆွေလေ သမီးရဲ့၊ လုပ်ငန်းကိစ္စတွေနဲ့ ရောက်လာရင်း သိကျွမ်းကြတာပေါ့၊ အခု ဖေဖေမြန်မာပြည် ပြန်ရောက်နေပြီဆိုတာသိလို့ ဘာအကူအညီပေးရမလဲလို့ လာတွေ့တာတဲ့"

"ဩော် . . ဟုတ်ကဲ့"

"ကျွန်တော် အာကာမင်းပါခင်ဗျာ"

"ဟုတ်ကဲ့ ကျွန်မ ရမ့်ပါ"

"သမီး ထိုင်ဦးလေ၊ ညည်သည်နဲ့စကားပြောရအောင်"

"ဩော် . . သမီးအဝတ်အစားလဲလိုက်ဦးမယ် ဖေဖေ၊ သားလေးကိုထိန်းခိုင်းရအောင် ကြူကြူနဲ့ မနော်ရော"

"အခုမှ ချက်ပြုတ်သန့်ရှင်းရေးလုပ်ပြီးလို့ ရေချိုးနေကြတယ်ထင်တယ်၊ ဘာအလုပ်မှလည်း မရှိတော့ နှစ်ယောက်အတူတူချိုးကြလို့ ဖေဖေ ပြောထားတာ၊ မြေးလေးအဝတ်အစားတွေလည်း လျှော်ရမယ်လေ"



"အဲဒါဆို သားလေးကို ဖေဖေ ခဏခေါ်ထားပါနော်"

"အင်း . . ပေး ပေး သမီး"

သားလေးက ဦးမင်းသွင်ခေါ်တာကို မလိုက်ဘဲ၊ ထူးမောင်ကို သချာကြည့်နေသည်။ ခဏနေတော့ ရမ့်လက်ပေါ်ကနေ တွန်းထိုးပြီး မောင်ကို ခေါ်ခိုင်းနေသည်။ ဒီလူတွေနှင့်ပဲ ရင်းနှီးခဲ့သည့်ကလေး ဟုတ်လား။

"ဟာ . . ကလေးက ကျွန်တော့်ဆီလိုက်ချင်လို့ထင်တယ်"

"ဟုတ်တယ်ကွ မောင်အာကာ၊ ခေါ်လိုက်ပါဦး"

"လာ . . သားလေးလာ"

ထူးမောင်က ကလေးကိုပွေ့ချီကာ နမ်းရှုံ့လိုက်သည်။ ကလေး ခိုးခိုးခစ်ခစ်ရယ်လျက် သဘောကျနေသည်။ ရမ့် အံ့အားလေးသင့် က် နေရာမှမရွေ့နိုင်။

သားက ဒီအိမ်ကိုလာသော မင်းထိုက်ကျော်ဆိုသည့်လူနှင့် ကာမင်းဆိုသည့်လူအပေါ် တကယ်ကိုရင်းနှီးနေသလိုပါလား။ ကြူ နှင့် မနော်အပေါ်တောင် ဒီလိုမဟုတ်။ ဂျိုကျချင်ရတာနှင့် လက်ရွေး ာနှင့်။

ယောကျ်ားလေးတွေကိုပဲ ချစ်တတ်သည်လို့ ပြောရမလား။ တွေးများသွားပေမယ့် စိတ်ထဲတော့ ကျေနပ်မိသလိုပါ။

"ကဲ . . ဒါဆို အားနာနာနဲ့ ကလေးထိန်းခိုင်းရတော့မှာပဲ၊ ခဏ ာက်ခေါ်ထားပေးပါနော်"

"ရပါတယ်ခင်ဗျာ၊ ကျွန်တော်က ကလေးချစ်တတ်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

ရမ့် အဝတ်အစားလဲဖို့ အပေါ်ထပ်တက်သွားသည်။ ထူးမောင် သားလေးကိုလွှမ်းနေတာမို့ အားရပါးရကို နမ်းရှိုက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသွင်က လက်တို့ပြီး

"မောင်ထူးမောင် သတိထားပါဦးကွာ၊ သမီးပြန်လှည့်လာ
မြင်ရင် အလိမ်တွေပေါ်ကုန်ပါဦးမယ်"

"ရမ်ုအပေါ်ထိ တက်သွားတာမြင်မှ ကျွန်တော်နမ်းတာ
အန်ကယ်ရဲ့ သားလေးကိုလွမ်းလို့ပါ၊ သားလေးက ကျွန်တော်တို့
မှတ်မိနေတုန်းပဲ"

"ကလေးဆိုတာ အမှတ်သည်းခြေကြီးတယ်လေ၊ မင်းတို့
လေးလကျော်လောက် အတူနေလာတာဆိုတော့ မှတ်မိနေတာ
စကားမပြောတတ်သေးပေမယ့် သူလည်းမင်းတို့ကို လွမ်းနေမှာပါ"

"ဟိုလေ အန်ကယ်... ကျွန်တော်နဲ့ အောင်ဇော်က ဒီအိမ်
အဝင်အထွက်လုပ်နေရင် သားလေးကိုအလွမ်းပြေနိုင်တယ်ဆိုပေမ
ရောင်ဝါကတော့ သားကိုလွမ်းလို့ အရမ်းခံစားနေရပါတယ်၊ အန်က
တစ်ခါတလေ သားလေးကို ခေါ်လို့ရရင် ခေါ်လာခဲ့ပါ"

"အေးပါကွာ အေးပါ၊ သမီးလာနေပြီ စကားဖြတ်ရအောင်"

"ဟုတ်ကဲ့"

ဦးမင်းသွင်နှင့် ထူးမောင် စကားစပြတ်သွားကြသည်။ ရုံ
အနားရောက်လာပြီး

"အားနာလိုက်တာ၊ ဧည့်သည်ကို ကလေးထိန်းခိုင်းနေ
တယ်"

"အဟင်း... အားနာစရာမလိုပါဘူးဗျာ၊ ကျွန်တော်က ကလေ
ချစ်တတ်ပါတယ်၊ ကလေးတွေကလည်း ကျွန်တော့်ကိုချစ်ကြတယ်

"ဟင်... ဟိုတစ်ယောက် ပြောတာနဲ့တူလိုက်တာ"

"ဗျာ... ဘယ်တစ်ယောက်လဲ"

"ကိုမင်းထိုက်ကျော်လေ၊ ဖေဖေ့မိတ်ဆွေပဲ၊ အိမ်ရောက်





ဆာနဲ့ သားသားက သူ့ဆီတန်းလိုက်တာ၊ သူ့လက်ပေါ်မှာဆို သားလေး
ာ ရယ်လို့မောလို့၊ အဲဒါနဲ့ သူကလည်း အဲလိုပြောတာပဲ"

"ဪ... ဟုတ်လား"

"ရှင်ရော အိမ်ထောင်ရှိလားဟင်၊ အိမ်မှာ ကလေးထိန်းရလား"

"ဗျာ... မရှိပါဘူး ကျွန်တော်ကလူပျိုကြီးပါ၊ မိန်းမရော ကလေး
ရော မူးလို့တောင်ရှူစရာမရှိဘူး"

"ဒါလည်း ဟိုတစ်ယောက်နဲ့ တူပြန်ပြီ"

"ဗျာ"

"ကိုမင်းထိုက်ကျော်နဲ့လေ၊ သူလည်း ကလေးချစ်တတ်တယ်
သာပြောတာ လူပျိုကြီးပဲ"

"ဪ... ဒီလောက်တိုက်ဆိုင်နေရင်တော့ သူနဲ့တစ်ခါလောက်
တော့ တွေ့ဦးမှထင်တယ်"

ထူးမောင်ရောယောင်ကာ အလိုက်သင့်ပြောရသည်။ ဦးမင်း
သွင်က ချောင်းတစ်ချက်ဟန့်လျက်...

"အန်ကယ်ကတော့ မင်းလိုမိတ်ဆွေကောင်းနဲ့ ဒီလိုပြန်ဆုံရတာ
အကယ်ဝမ်းသာတယ်ကွာ၊ မင်းလုပ်ငန်းတွေရော အဆင်ပြေရဲ့လား"

"ပြေပါတယ်အန်ကယ်၊ နိုင်ငံတကာနဲ့တော့ ကူးလိုက်သန်းလိုက်
ပေါ့၊ အန်ကယ်လိုတဲ့ အကူအညီပြောပါ၊ ကျွန်တော့်မှာ အဆက်အသွယ်
ကောင်းတွေ အများကြီးရှိပါတယ်"

"အေးပါကွာ၊ အန်ကယ်က ကျန်းမာရေးမကောင်းလို့ အရင်
လောက် စွမ်းစွမ်းတမံမရှိတော့ပါဘူး ဟိုကစက်ရုံကိုရောင်းပြီး ဒီမှာပြန်
ယ်ထားတယ်၊ အဲဒါကို အန်ကယ်မသေခင်တော့ လုပ်ငန်းလည်ပတ်
အောင်လုပ်ခဲ့မှာပါ၊ မင်းက နိုင်ငံခြားကွက်ထိုးဖောက်တဲ့နေရာမှာ ကျွမ်း
ကျင်သူဆိုတော့ အန်ကယ် အားကိုးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော်တတ်နိုင်တဲ့ဘက်က အကူ ကူညီမှာပါ"

ဦးမင်းသွင်နှင့် အာကာမင်းပြောတာ နားထောင်ပြီး ဒီလူလည်း မဆိုးဘူးဟု ရမ့် တွေးနေမိသည်။ နှလုံးသားနှင့် အချစ်အတွက် သူမ အိမ်ထောင်ပြုမှာမှ မဟုတ်တာ။ ဖေဖေနောက်ဆံမတင်းဖို့နှင့် သားလေး အတွက် ဖခင်ကောင်း လိုအပ်နေတာကြောင့်ပင်။ ပြီးတော့ သူမကိုတန်ဖိုး မထားသည့် နေရောင်ဝါကိုလည်း တစ်သက်စာနောင်ကျဉ်သွားစေချင် သည်။ သူမကို တကယ်မချစ်လို့ဘဲ မှားယွင်းငြိစွန်းဖူးတာကိုတောင် တာဝန်မဲ့ထားရက်ခဲ့သူပဲ မဟုတ်ပါလား။

တကယ်ဆို ကိုယ်ဝန်ရသည် မရသည်ထား။

မှားယွင်းငြိစွန်းဖူးသည့် မိန်းကလေးတစ်ယောက်အပေါ် ဒီလို မလုပ်ခဲ့သင့်။ ယောကျ်ားတွေဟာ စားပြီးနားမလည်လူစားမျိုးတွေလား။ ဘုရားပြီး ငြမ်းဖျက်တတ်သူတွေလား။

ဒါဆိုလျှင် အပေါစားဆန်ဆန် ဆက်ဆံခံရတာနှင့် ဘာထူးလို့လဲ။ အမေတွေ နှမတွေနှင့် ကိုယ်ချင်းစာပေးတတ်ဖို့ ကောင်းသည်။ စိတ်တူကိုယ်တူ မှားယွင်းခဲ့ကြသည်ဆိုရင်တောင် သူတို့က တာဝန်ယူရ မည်မဟုတ်ပါလား။

ဒီတန်ဖိုးက နေရောင်ဝါသိမှဖြစ်မည်။ သိအောင်လို့လည်း သူမ ကြိုးစားနေတာပါ။ ဒီတန်ဖိုးကို ဘယ်လောက်အထိ ပေးဆပ်ရမည်ဆို တာသိအောင်. . . ။

✤ ✤ ✤

## အခန်း (၂၈)

"မင်းတို့ကတော့ သားနဲ့တွေ့ပြီ၊ အလွမ်းပြေနေကြတာပေါ့ကွာ၊ ငါ့မှာတော့ သားကိုအဝေးကပဲ ငေးလို့ရတယ်၊ သူများနဲ့ ပျော်နေတာကို ရင်နာနာနဲ့ ကြည့်နေရတယ်"

"သူများနဲ့လို့ မပြောပါနဲ့ကွာ၊ ငါတို့က မင်းအတွက်မို့ ဒီလိုလုပ် ပေးနေကြတာပါ၊ တခြားသူနဲ့ဆို မင်းဒီ့ထက်ပိုခံစားရမှာ၊ ရမ့်အပေါ် နိုးသားမယ်ဆိုတာ မသိနိုင်သလို၊ သားလေးအပေါ် စိတ်ရင်းနဲ့ကောင်း ပေးမယ်ဆိုတာလည်း မသိနိုင်ဘူးလေ"

"အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့ရင်ထဲမှာ အရာအား လုံးကို စွန့်လွှတ်ထားရသလို ဟာနေတယ်၊ ဘာမှ ရေရေရာရာ လေး လေးနက်နက် တွေးလို့မရဘူး၊ ငါ့ကိုယ်ငါ ဖြစ်ချင်တာတွေမဖြစ်တော့ ဘာတွေလုပ်ရမှန်း မသိဘဲ အနာဂတ်တွေ ပျောက်နေတယ်"

"ရောင်ဝါ"

အောင်ဇော်ကနေ ရောင်ဝါ့ပခုံးကိုပုတ်ပြီး သက်ပြင်းတွေချ၍ လေးလေးပင်ပင်ခေါ်၏။ နေရောင်ဝါက ဆိုဖာခုံပေါ်မှာ အရုပ်ကြိုးပြတ်သလို။

"မင်းပုံစံကြည့်ရတာ အားပြတ်နေသလိုပဲ၊ တက်တက်ကြွကြွ နေစမ်းပါကွာ၊ မင်းမှာ မိန်းမရော သားရောရှိတယ်၊ အဆင်မပြေခြင်း ခဏ ပြဿနာဖြစ်နေကြသည်။ နောက်တော့ မိသားစုဘဝကို ပိုင်ဆိုင်ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားလေးကို လွမ်းတယ်၊ ခဏခဏ တွေးပိုက်ချင်စိတ် ဖြစ်မိတယ်၊ ငါ့သားလို့ သိလိုက်ရတဲ့နေ့ကစပြီး ငါပိုင်ဆိုင်ချင်စိတ်တွေ ပိုများလာခဲ့တာ"

"ဦးမင်းသွင်ကို ငါပြောခဲ့ပါတယ်၊ ကလေးကို အိမ်ခေါ်လာဖို့ပေါ့"

"တ. . . တကယ်လား"

ထူးမောင်က ခေါင်းညိတ်ပြ၏။ သူ့စိတ်ထဲ နည်းနည်းပေါ့ပါးသွားသလိုရှိသည်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးမင်းသွင်ကိုပဲ အားကိုးရတော့မှာပါ။

"အန်ကယ်ကတော့ အခုတကယ် ကောင်းနေပြီလို့ ယုံကြည်လို့ ရနေပြီနော်၊ တကယ်သေတော့မယ့်လူမို့လားမသိဘူးကွာ၊ အဲလိုဆိုတော့လည်း တကယ်စိတ်မကောင်းဘူး"

"နောက်ဆုံးအနေနဲ့ ကောင်းတာကို ရွေးလုပ်နေတာပဲ ကျေးဇူးတင်ရမှာပါ၊ သူသာမပြောခဲ့ရင် ရမ့်လည်း သူ့မှာသူမွေးထားတဲ့သားလေး အသက်ရှင်နေတယ်၊ ငါတို့ဆီမှာ ရောက်နေတယ်ဆိုတာ သိရမှာမဟုတ်ဘူး၊ မင်းလည်း မင်းနဲ့မှားယွင်းပြီးစွန့်ခဲ့တဲ့ ရမ့်က သားလေးမွေးခဲ့တယ်ဆိုတာ မင်းသိမှာမဟုတ်ဘူး"

"ဟုတ်တယ်၊ အမှားကို တာဝန်မယူချင်တဲ့ကောင်တွေအတွက် ဒီလိုအမှားတွေက အထူးအဆန်းဖြစ်မလာပေမယ့် မင်းတို့ငါတို့ကတော့ နောက်မမှားရဲအောင် ကြောက်လန့်သွားပြီ၊ ဒါသင်ခန်းစာပဲလေကွာ၊ အခုလည်း မင်းတာဝန်ယူချင်စိတ်တွေနဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်နေတာပါ၊ တချို့ ကောင်တွေလို စိတ်မျိုးဆိုရင် နောက်ထပ်အချစ်တွေ အများကြီး၊ အများကြီး ထပ်ရှာလိုက်ကြတော့မှာ"

အောင်ဇော်နှင့်ထူးမောင်ရဲ့ အားပေးမှုကြောင့် သူနောက်မဆုတ်သင့်ပါလားလို့ တွေးလိုက်မိသည်။ စစ်မရောက်ခင် မြားကုန်ခြင်းဟာ





တပန်းရှုံးနေတာပဲ မဟုတ်ပါလား။

"ငါမျှော်လင့်နေဆဲပါပဲကွာ၊ ငါမသေမချင်း အဲဒီမျှော်လင့်ချက်ကို မစွန့်လွှတ်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ဒါဟာ တာဝန်ယူချင်စိတ်သက်သက်တစ်ခုတည်း မဟုတ်ပါဘူး၊ ရမ့်ကိုချစ်လို့ပါ၊ တန်ဖိုးထားလို့ပါ၊ ငါ့ရင်သွေးကို ဖျက်ချမပစ်ဘဲ အရှက်သိက္ခာတွေ အသက်တွေနဲ့ရင်းပြီး မွေးခဲ့တဲ့ရမ့်ကို ငါလေးစားလို့ပါ၊ ဒါမိခင်ဆန်တဲ့စိတ် လူသားဆန်တဲ့စိတ်ပဲမဟုတ်လား၊ ဒီလိုလေးစားထိုက်တဲ့သူနဲ့ ငါမိသားစုဘဝလေးတည်ဆောက်ချင်တယ်၊ သူ့အတွက် တစ်သက်လုံးပေးဆပ်သွားချင်စိတ်တွေ ရှိနေတယ်၊ အခုပြောနေတာတွေက ငါ့ရဲ့သစ္စာတရားတွေပါ"

"အဲဒါတွေ ရမ့်သိအောင် ပြောလေကွာ"

"ငါပြောတာတွေကို သူမှ လက်မခံတာ"

"လက်ခံလာတဲ့နေ့ ရှိလာအောင် ကြိုးစားရမှာပေါ့၊ မင်းဘက်က ဒီထက်ရှုံးစရာ ဘာရှိလို့လဲ၊ သူမင်းရင်သွေးကို လွယ်ပိုးထားရတဲ့အချိန်တွေက အခုမင်းခံစားနေရတာတွေထက် ပိုဆိုးခဲ့မှာနော်"

"ဟုတ်တယ် ရောင်ဝါ၊ အဲဒီအချိန်တွေက မိန်းကလေးတစ်ယောက်အတွက် အရှမ်းကိုခက်ခဲခဲ့မှာပဲ၊ အခုချိန်မှာ သူ့ပေါက်ကွဲလည်း မင်းခံသင့်တယ်၊ သူ့တိုက်ခိုက်ရန်မူလည်း မင်းခံသင့်တယ်၊ သူ့စိတ်ကျေနပ်တဲ့အထိပေါ့"

အောင်ဇော်နှင့်ထူးမောင်ပြောတာကို သူခေါင်းညိတ်နာခံလိုက်သည်။ ဒါဟာ သူငယ်ချင်းကောင်းတွေမို့ အမှန်တရားတွေ ပြောနေတာ။ မျက်ပင့်ပြီး မကောင်းတာ တိုက်တွန်းနေတာမှ မဟုတ်တာ။

"ငါ နားလည်ပါတယ်ကွာ၊ ငါ အဲလိုပဲ တွေးထားပါတယ်"

အောင်ဇော်နှင့် ထူးမောင်ရဲ့လက်ကို သူအားကိုးသလို ဆုပ်ညှစ်ပြီးပြောတော့ သူတို့ကလည်း အားပေးသလို သူ့လက်ကိုပြန်ပြီးဆုပ်ညှစ်

www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်။

"ဒီအတိုင်းတော့ မဖြစ်ဘူး။ မင်းတို့ တစ်ခုခုစဉ်းစားပေးကြပါဦးကွာ၊ အန်ကယ်နဲ့ဖြစ်ဖြစ် တိုင်ပင်ပြီးတော့ပေါ့၊ ငါလည်း စိတ်လျှော့မှာ လက်လျှော့မှာမဟုတ်ပါဘူး။ ဒါပေမဲ့ အားတော့ငယ်တယ်ကွာ၊ ရမ့်ဆီမှာ ငါ့အတွက်အချစ်တွေ မတွေ့ရတော့သလိုပဲ"

"အခုလိုဖြစ်နေတာကိုက အချစ်တွေရှိနေသေးလို့လို့ ထင်တာပဲ၊ အချစ်မရှိတဲ့သူက အရာအားလုံးကိုမေ့ပြီး ဥပေက္ခာပြုလိုက်မှာ၊ အခု ရမ့်ဆီမှာ မင်းကိုအရွဲ့တိုက်ချင်စိတ်တွေ ရှိနေတယ်၊ ပြီးတော့ သူဒုက္ခခံခဲ့ရတာတွေ မင်းကိုသိစေချင်တယ်၊ အဲဒီတန်ရာတန်ကြေး မင်းကိုပေးဆပ်စေချင်နေတာလို့ ငါထင်တယ်"

"ငါတို့ အထင်မှားလား မှန်လားဆိုတာ စောင့်ကြည့်ရင်တော့ သိမှာပေါ့ကွာ"

"အေးပါ မင်းတို့အားပေးတာကို ငါကျေးဇူးတင်ပါတယ်၊ မင်းတို့ရှိလို့လည်း ငါဒီလောက်ထိ ရပ်တည်နေနိုင်တာ၊ တကယ်ဆိုရင် ငါ ရူးသွားချင်ပြီ၊ ရမ့်ကိုချစ်တဲ့စိတ်၊ သားလေးကိုချစ်တဲ့စိတ်ကြောင့်ပါ၊ ပိုင်ဆိုင်ချင်စိတ်တွေလေ၊ မိသားစုဘဝလေးလိုချင်တယ်၊ ငါ့မှာ မိသားစုရှိနေပေမယ့် ပိုင်ဆိုင်ခွင့်မရတာ ဘယ်လောက်တောင် ဝမ်းနည်းဖို့ကောင်းလဲ၊ ရင်နာဖို့ကောင်းလဲ"

"ရှောင်ဝါရာ.. သူငယ်ချင်းရာ"

အောင်ဇော်နှင့်ထူးမောင် သူ့ကိုဖက်၍ နှစ်သိမ့်ကြသည်။ သူလည်းရင်ဖွင့်လိုက်ရ၍ ရင်ထဲပေါ့သွားသလိုပါ။ အားပေးမယ့်သူတွေ အနားမှာ ရှိနေတာပဲ။

ဝဋ်ကြွေးရှိသရွေ့တော့ ဒီအတိုင်းခံစားနေရုံပေါ့..။

✤✤✤

## အခန်း (၂၉)

"သမီး ဘယ်လိုတွေ စဉ်းစားနေတာလဲ၊ တကယ်ကို အဲဒီနှစ်ယောက်ထဲက တစ်ယောက်ကို ရွေးချယ်ချင်နေတာများလား"

"သမီးစဉ်းစားနေတယ် ဖေဖေ၊ သားအတွက် နှစ်ယောက်လုံးက အဆင်ပြေနေပေမယ့် ဖေဖေ့အနေနဲ့ ဘယ်သူကအသင့်တော်ဆုံးလဲဆိုတာ ရွေးချယ်ပေးပါ"

"ဖေဖေက သင့်တော်တယ်ဆိုရင် သမီးက ဘယ်သူ့ကိုမဆို လက်ထပ်နိုင်တယ်ပေါ့"

ရမ့် ခပ်တွေတွေလေးငြိမ်နေပြီး ခေါင်းညိတ်ကာ

"သမီးအိမ်ထောင်ရေးကို နှလုံးသားနဲ့ မဆုံးဖြတ်တော့ပါဘူး ဖေဖေ၊ ဦးနှောက်နဲ့ပဲ ရွေးချယ်မယ်လို့ ဆုံးဖြတ်ထားပါတယ်"

"သမီး ဆုံးဖြတ်ပြီးပြီဆိုရင်တော့ ဖေဖေမပြောလိုတော့ပါဘူး။ ဒါပေမဲ့ သမီးက အပျိုစင်လေးမဟုတ်တော့ဘူးနော်၊ အပြစ်အနာအဆာရှိပြီး သား လူဖြစ်နေတယ်၊ မောင်မင်းထိုက်ကျော်နဲ့ မောင်အာကာမင်းက ဘယ်လောက်ပဲ သဘောထားကောင်းတယ်ပြောပြော ရေရှည်မှာ ကလေး အမေတစ်ယောက်အပေါ် တစ်သက်တာကောင်းနိုင်ပါ့မလား။ သည်းခံနိုင်ပါ့မလားဆိုတာ စဉ်းစားထားဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်လန့်နေမယ်ဆိုရင် ဖေဖေ့အတွက် နောက်ဆံတင်းစရာတွေ ကျန်နေလိမ့်မယ် ဖေဖေ၊ အသင့်တော်ဆုံးဖြစ်မယ်ထင်လို့ ဖေဖေ မိတ်ဆက်ပေးခဲ့တာ မဟုတ်လား"

"ဒါကတော့"

"အခုဆက်ဆံကြည့်တာ နှစ်ယောက်လုံး မဆိုးပါဘူး ဖေဖေ၊ သားနဲ့ပတ်သက်ပြီး အဆင်ပြေမှုရှိတာလည်း ဖေဖေအသိပဲ၊ သွားတာလာတာ ဆက်ဆံတာအားလုံး သားနဲ့ပတ်သက်သမျှ သူတို့ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး ရှိကြတယ်၊ သားလေးကလည်း သူတို့ကို ခင်တွယ်တယ်၊ ဒီလောက်ဆိုရင်"

"သူတို့က မိတ်ဆွေလိုခင်တွယ်တာဆိုရင်ရော၊ မိသားစုဘဝဆိုရင် သူတို့သပ်သပ်တွေးကြလိမ့်မယ်"

"ဒါဆိုရင် အဆင်ပြေနိုင်မယ့်သူကို ထပ်ရှာရုံပေါ့ ဖေဖေ"

"သမီးရယ်"

ဖျောင်းဖျနားချလို့ မရတော့ဘူးဆိုတာ နားလည်လိုက်သည်။ တစ်ခုခုအတွက် အစွန်းဆုံးအထိ ဆုံးဖြတ်ချက်ချထားပြီးသလိုပါ။ ကိုယ့်ဘက်ကပဲ တခြားနည်းလမ်းနှင့် ပြင်ဆင်မှု လုပ်ရတော့မှာ။

"အေးလေ. . မောင်မင်းထိုက်ကျော်ရော မောင်အာကာမင်းရော လူကောင်းတွေပါ၊ သမီးအပေါ်လည်း စိတ်ဝင်စားမှုရှိတယ်လို့ ဖေဖေထင်တယ်၊ မြေးလေးအပေါ် ဂရုစိုက်မှုရှိတာလည်း ဖေဖေသိပါတယ်၊ ဖေဖေကတော့ အဓိကမဟုတ်ဘူး၊ သမီးအတွက် အဆင်ပြေနိုင်တယ်ဆိုရင်ပဲ ဖေဖေက ကျေနပ်ပေးမှာပါ"

"သမီးက နှလုံးသားနဲ့ ရွေးချယ်မှာမဟုတ်တဲ့အတွက် သမီးအတွက် အဆင်ပြေဖို့က သိပ်အရေးမကြီးပါဘူး ဖေဖေ။ ဖေဖေသဘောကျတဲ့လူနဲ့ပဲ သမီးကိုစီစဉ်ပေးခဲ့ပါ"



"ဖေဖေ့ရဲ့ နောက်ဆုံးအချိန်တွေက သမီးကိုဒုက္ခပေးသလိုဖြစ်နေပြီလား သမီးရယ်"

"ဖေဖေ ဘာလို့အဲလိုတွေးရတာလဲ၊ ဖေဖေ့နောက်ဆုံးအချိန်တွေမှာ သမီးအတွက် စိတ်ထိခိုက်ရလို့ သမီးကစိတ်မကောင်းဖြစ်ရတာပါ၊ နေရောင်ဝါနဲ့ အခုမှဆန္ဒရှိတာကို သမီးမလိုက်လျောနိုင်လို့ပါ၊ သမီးခံခဲ့ရတာတွေအတွက် တုံ့ပြန်ဖို့အခွင့်အရေး ရှိဦးမှပေါ့ ဖေဖေ၊ သမီးရင်ဆိုင်ခဲ့ရတာတွေကို ဖေဖေအသိဆုံး မဟုတ်လား"

"သူ့ရင်သွေးကို ရအောင်မွေးပြီးမှ သူ့ကိုလက်တုံ့ပြန်နေတာ သဘာဝမကျဘူးကွယ်"

ရမ့်မချိမဆံ့ ခံရခက်သလို ပြုံးရင်းမဲ့ပစ်လိုက်သည်။

"လူတွေက သူတို့ခံရတဲ့အလှည့်မရောက်မချင်း ကိုယ်ချင်းစာစိတ်ဆိုတာမျိုးမရှိတတ်ကြဘူး ဖေဖေ၊ သမီးကစပြီး တိုက်ခိုက်ခဲ့တာမဟုတ်ပါဘူး။ အခုမှ ခံစစ်နဲ့တုံ့ပြန်ကြည့်ရုံပါ၊ ဒါကိုသူမခံနိုင်ရင် အဲဒီနေရာမှာ နေခဲ့တော့ပေါ့"

"မနေခဲ့ဘဲ လိုက်ခဲ့မယ်ဆိုရင်ရော သမီးက လက်ခံမှာလား"

"သမီးလက်ခံတဲ့အထိ ဖေဖေကရော စောင့်ကြည့်နေနိုင်မှာမို့လား"

"သမီး"

"သမီးအနာကျက်တဲ့အထိ ဖေဖေစောင့်ပေးမယ်ဆိုရင် သမီးလည်း သူ့ကိုလက်ခံနိုင်တဲ့အထိ အချိန်ပေးဖြစ်ရင် ပေးမိမှာပါဖေဖေ၊ ဒါပေမဲ့ ဖေဖေ့အတွက် အချိန်က နှစ်လလောက်ပဲ လိုတော့တယ်၊ ဒီအတောအတွင်းမှာတော့ သူ့ကိုခွင့်လွှတ်နိုင်သေးမယ် မထင်ဘူး၊ အဲဒီအတွက် သမီးကိုခွင့်လွှတ်ပေးပါ"

ဦးမင်းသွင် ဘာပြောရမည် မသိတော့ပေ။ တကယ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက်က အချိန်နှစ်လလောက်ပဲ လိုတော့မည်မဟုတ်ပါလား။ ဒီကြားထဲ သမီးနဲ့မြေးအတွက်ပဲ စဉ်းစားနေခဲ့တာမို့ ဒီကဆရာဝန်ကြီးတွေနှင့် ဆေးထပ်ပြဖို့တောင် မလုပ်ဖြစ်သေးပါ။

ဒါပေမဲ့ ဆိုးဆိုးဝါးဝါးရောဂါ ထပ်မဖောက်သေးတာတော့ တော်သေးသည်။ အရင်လို ဗိုက်အောင့်တာ ရင်ဘတ်အောင့်တာတောင် သိပ်မဖြစ်တော့သလိုပင်။ ဟိုက ဆရာဝန်ကြီးပေးလိုက်သည့်ဆေးကြောင့်ပဲ ရောဂါဝေဒနာ သက်သာနေခြင်းများလား။

"ဖေဖေ"

"ဟင် သမီး"

"ဖေဖေဘာတွေ တွေးနေတာလဲ၊ ဒီမှာ ဆရာဝန်ထပ်ပြကြည့်ဖို့ ပြောထားတာ၊ ဖေဖေ အဲဒီကိစ္စ ဘာမှမလုပ်ဖြစ်သေးဘူးထင်တယ်"

"ဖေဖေက သေလူပဲ သမီးရယ်၊ ဆေးထပ်စစ်ပြီး ဘာလုပ်ရဦးမှာလဲ၊ ဖေဖေ့အတွက်ထက် သမီးနဲ့မြေးလေးအတွက်ပဲ အရေးကြီးတာပါ"

"ဒီထက်အသက်ကို ဆွဲဆန့်လို့ရမယ်ဆိုရင် ဆွဲဆန့်ကြည့်ရဦးမှာပေါ့ ဖေဖေ၊ သမီးတို့သားအမိအတွက်ပဲဖြစ်ဖြစ် ဖေဖေဒီထက် အသက်ပိုပြီးရှည်ရှည်နေပေးပါ"

"အေးပါ သမီးရယ်၊ ဖေဖေလည်း နေချင်ပါတယ်၊ သမီးနဲ့ မြေးလေးနဲ့ အတူတူနေချင်ပါသေးတယ်၊ အခုမှ သမီးနဲ့မြေးနဲ့ မိသားစုဘဝလေးလို ဖြစ်ခဲ့တာမဟုတ်လား။ အရင်က သမီးနဲ့ဖေဖေတို့ရဲ့ နှစ်ယောက်ဘဝက အရမ်းသွေ့ခြောက်ခဲ့တယ်လေ၊ အခုဆို အိမ်မှာကလေးငိုသံလေးနဲ့ ဘယ်လောက်တောင် သာယာလိုက်သလဲ၊ အဲလိုမှန်းသိရင် မြေးလေးကို ဖေဖေ မစွန့်လွှတ်ခဲ့ပါဘူးကွယ်၊ ဖေဖေအရမ်းကို မှားခဲ့ပါတယ်"





"ဖေဖေ"

ဖေဖေ့မျက်ရည်ကျနေသည်မို့ သူမစိတ်ထိခိုက်သွားရသည်။ ဖေဖေရဲ့ နောက်ဆုံးအချိန်တွေမှာ စိတ်ဆင်းရဲမှုတွေ မဖြစ်စေချင်တော့ပါ။ အပြစ်တွေလည်း မတင်ချင်တော့ပါ။ နေရချိန်ခဏလေးမှာ သူမတို့သားအမိအတွက် စိတ်ချလက်ချ ဖြစ်သွားစေချင်သည်။

ဖေဖေထိုသို့ဖြစ်အောင် ဘာတွေလုပ်ရမလဲ။ မင်းထိုက်ကျော်တို့ နှစ်ယောက်နှင့် ဒီထက်ပိုရင်းနှီးမှုပဲ . . ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ရှင်ဘာပြောချင်တာလဲမသိဘူး၊ ရမ့်ကို ဒီကိုခေါ်တာ"

"ဟိုလေ ကျွန်တော်က"

အောင်ဇော် ဘာပြောရမည်မသိပေ။ သားလေးမပါဘဲ ရမ့်ကို စားသောက်ဆိုင်ချိန်းလိုက်တာပါ။ ဦးမင်းသွင်က ရမ့်ကိုဖွင့်ပြောလိုက်တော့တဲ့။

အချိန်ကသိပ်မကျန်တော့သည့်အတွက် မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးချယ်ဖို့ အခွင့်အရေးပေးမှ ဖြစ်တော့မည်တဲ့လေ ဒါမှ နောက်ထပ်စီစဉ်စရာရှိတာ စီစဉ်ရမှာဆိုတာက ဘာမှန်းလည်းမသိပါ

"ကိုမင်းထိုက်ကျော်ကြည့်ရတာ တစ်ခုခုပြောဖို့ကို အားနာနေသလို တွေဝေနေသလိုပဲ၊ ရမ့်က နည်းနည်းတော့စိတ်မရှည်တတ်ဘူးရှင့်"

"ဒီလိုပါဗျာ၊ ကျွန်တော်ဒီလိုပြောဖို့ သင့်တော်ပါ့မလားလို့ စဉ်းစားနေမိလို့ပါ"

"ဘာအကြောင်းမို့လဲ"

"ဟိုလေ. . . ရ. . . ရမ့် အိမ်ထောင်ပြုဖို့ မစဉ်းစားဘူးလား"

"စဉ်းစားမယ်ဆိုရင် ကျွန်တော့်ကိုထည့်ပြီး စဉ်းစားပေးစေချင်ပါတယ်"



"ခြော်. . . ဒါလား၊ ရမ့်က သားနဲ့အဆင်ပြေမယ့်သူဆိုရင် ဘယ်သူ့ကိုမဆို လက်ထပ်မှာပါ"

"ဗျာ"

"နှလုံးသားနဲ့ရွေးချယ်မှာမဟုတ်တဲ့အတွက် ရမ့် အများကြီး စဉ်းစားနေမှာမဟုတ်ဘူးလို့ ပြောတာပါ၊ ဖေဖေ့ကျန်းမာရေးအခြေအနေ သည်း ရှင်သိထားလောက်ပြီမဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့"

အောင်ဇော်ခေါင်းညိတ်ပြီး ရမ့်ကိုမဝံ့မရဲမျက်လုံးလှန်ကြည့်သည်။ ဟုတ်တာလုပ်ထားတာကြောင့် စိတ်ကမလုံပေ။ ရမ့်အကြည့်များက ရှုနေကာ

"ရမ့်ကို ဖေဖေက အိမ်ထောင်ရက်သားကျပြီးမှ စိတ်ချသွားချင်တယ်၊ ရမ့်အတွက်လည်း အားကိုးအားထားလိုအပ်တယ်၊ အဲဒီအတွက် ရမ့်လက်ထပ်မှာ"

"ဟို. . . သားလေးရဲ့အဖေနဲ့ရော ကင်းကင်းရှင်းရှင်းရှိရဲ့လား နောက်မှ ပြဿနာတွေတက်လာမှာစိုးလို့ပါ"

"အဲဒါ ရမ့်ဘက်ကရှင်းပါတယ်၊ ရမ့်တို့လက်ထပ်ထားကြတာ မဟုတ်ပါဘူး။ လက်မထပ်ခင်မှားယွင်းပြီးစွန်းခဲ့တာကို ရမ့်ဘာသာတာဝန်ယူထားတာပါ၊ သူနဲ့ဘာမှမသက်ဆိုင်ပါဘူး၊ အဲဒါကိုကြောက်နေမယ်ဆိုရင် ရမ့်ကိုပြောထားတဲ့စကားကို ပြန်ရုပ်သိမ်းသွားပါ"

"ဟုတ်. . . ဟုတ်ကဲ့၊ ဟို. . . မရုပ်သိမ်းပါဘူး။ ကျ. . . ကျွန်တော် ကယ်ရမ့်ကို လက်ထပ်ချင်တာပါ"

"ကောင်းပါပြီ၊ ဖေဖေနဲ့ရမ့် တိုင်ပင်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါ"

မင်းထိုက်ကျော်ရဲ့ မဝံ့မရဲပုံစံကို ရမ့်သိပ်အားမရလှပေ။ ဘာကို

www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေမှန်းမသိဘဲ မျက်လုံးတွေကမူမမှန်ဟု ထင်မိသည်။ ဒါေ
ဒီလူဒီလိုဖွင့်ပြောလာတာ သူမအတွက် ရွေးချယ်စရာ ရသွားတာေ
အမှန်ပင်။

နောက်နှစ်ရက်လောက်မှာတော့ အာကာမင်းက သူမကို
စရာရှိလို့ပါဆိုပြီး အိမ်ကိုရောက်လာခဲ့သည်။ အိမ်မှာ ဖေဖေမရှိသ
အချိန်ကိုက်ရောက်လာတာတော့ အံ့ဩစရာပင်။ အိမ်မှာ ဖေဖေမရှိ
ဘယ်လိုသိသည် မသိ။

"ကဲ. . . ကိုအာကာ နေ့လယ်စာစားချင်လို့ ရောက်လာ
တော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး၊ ကျွန်တော်အပြင်က စားခဲ့ပါပြီ"

"ဒါဆို ကော်ဖီတစ်ခွက်လောက်တော့ ဝင်သေးတယ်မဟု
လား။ ဟိုနှစ်ယောက်က သားလေးကိုရေချိုးပေးနေကြလို့ ရမ့်ကိုယ်
ဖျော်ပေးပါ့မယ်"

"ဟာ. . . မလုပ်ပါနဲ့ရမ့်၊ ကော်ဖီလည်း ကျွန်တော် အခုပဲသော
ခဲ့ပါတယ်၊ ရမ့်နဲ့စကားပြောဖို့ပဲ လာတာဆိုတော့ ထိုင်ပါရမ့်"

"ဟုတ်ပါပြီ ဘာပြောမှာလဲ ပြောပါ"

"ဟို. . . ကျွန်တော်ရမ့်ကို လက်ထပ်ချင်တယ်"

"ရှင်. . . ရမ့်က ကလေးအမေနော်"

"ကျွန်တော်က ကလေးအမေမို့ လက်ထပ်ချင်တာပါ"

"ရှင်. . . ဘာပြောတယ်"

"ဩော်. . . ကလေးချစ်တတ်တော့ ကလေးအမေဖြစ်လ
ကိစ္စမရှိဘူးလို့ ပြောတာပါ၊ ရတယ်ဖြစ်ပါတယ်၊ ကလေးအမေဆိုလ
ကိစ္စမရှိပါဘူး"

အာကာမင်း ပျာယီပျာယာပြောနေတာကို ရမ့်ရယ်ချင်





သည်။ လူကြီးလူကောင်းပုံစံ ဝတ်စားထားပေမယ့် တကယ်အူကြောင်
ကြောင်ပါ။ သူ့မျက်နှာပိုးသတ်၍ ခပ်တည်တည်မျက်နှာနှင့်. . .

"ရှင်က နယ်တကာလှည့်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်ပဲ၊ ရှင့်
အတွက် အပျိုစင်မိန်းကလေးတွေ မရှားလောက်ပါဘူး။ ဘာလို့ ရမ့်လို
ကလေးအမေကိုမှ ရွေးရတာလဲ"

"အဲ. . . အဲဒါက အကြောင်းရေစက်ပဲပြောရမယ်၊ ဖူးစာကံပါ
တဲ့သူနဲ့ လက်ထပ်ရမှာပေါ့၊ ကျွန်တော့်ကိုငြင်းမယ်ဆိုရင်တော့ ကျွန်တော်
ဝမ်းနည်းရမှာပါ"

"ငြင်းတဲ့စကားတော့ ရမ့်မပြောသေးပါဘူး၊ ဖေဖေနဲ့တိုင်ပင်
ဦးမှာပါ၊ ရမ့်အိမ်ထောင်ရေးကို ဘယ်သူနဲ့သင့်တော်တယ်ဆိုတာ ဖေဖေ့
ဆုံးဖြတ်မှုက အဓိကကျလို့ပါ၊ ရမ့်က နှလုံးသားနဲ့မိုက်ခဲ့ပြီးပြီ၊ ဦးနောက်
နဲ့ရွေးချယ်ရမှာကိုတော့ ဖေဖေ့ကို ဦးစားပေးချင်တယ်၊ ဖေဖေက သေလု
ဖြစ်နေပြီလေ"

"ဩော်. . . အင်းပေါ့လေ ဟုတ်ပါတယ်၊ အန်ကယ့်အတွက်
ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး၊ ဖြစ်နိုင်ရင် အန်ကယ့်ကိုမသေ
စေချင်ပါဘူးဗျာ"

"ဒါပေမဲ့ သေမိန့်ချခံထားရတယ်လေ၊ အစားထိုးသေပေးပါ့မယ်
လို့လည်း အယူခံဝင်ပေးလို့ မရတော့ဘူး၊ အဲဒါကြောင့် မသေခင် ဖေဖေ့
ကို စိတ်ချမ်းသာသွားစေချင်တယ်၊ ရမ့်တို့သားအမိအတွက် စိတ်ချသွား
စေချင်တယ်"

မျက်ရည်ဝဲစွာပြောနေတော့ ထူးမောင် စိတ်မကောင်းဖြစ်ရ
သည်။ နေရောင်ဝါအတွက်လည်း မျှော်လင့်ချက်မရှိပါတော့မလား၍ စိတ်
ထိခိုက်ရ၏။

"ဟိုလေ. . . ကျွန်တော်တစ်ခုလောက်ပြောကြည့်မယ်နော်"

www.burmeseclassic.com



"ဟုတ်ကဲ့ပြောပါ"

"သား. . . သားသားလေးမှာ အဖေရှိတယ်မဟုတ်လား၊ သူနဲ့ ပြန်ပေါင်းဖို့ရော အစီအစဉ်ရှိလား"

"ရမ့်တို့က လက်ထပ်ထားတာမဟုတ်တဲ့အတွက် ပြန်ပေါင်းဖို့ဆိုတာမျိုးလည်း ရှိလာမှာမဟုတ်ပါဘူး။ လူငယ်သဘာဝ မှားယွင်းခဲ့ကြလို့သာ သားလေးကိုရခဲ့တာပါ၊ အဲဒါကို အထင်သေးမယ်ဆိုရင်တော့ ခုနကရမ့်ကို လက်ထပ်ချင်တယ်လို့ပြောထားတဲ့စကားကို ပြန်ရုပ်သိမ်းနိုင်ပါတယ်"

"ဟာ. . . အဲ. . . အဲလိုအထင်သေးတာမျိုး မရှိပါဘူး။ ကျွန်တော်ကတော့ ကလေးတစ်ယောက်ကို လူဖြစ်အောင်မွေးခဲ့တဲ့ရမ့်စိတ်ကို လေးစားပါတယ်၊ အခုခေတ်မှာက ကလေးကိုတစ်ယောက်ပြီးတစ်ယောက် ဖျက်ချပြီး မိုက်တွင်းနက်သထက်နက်နေတဲ့ မိန်းကလေးတွေအများကြီး မဟုတ်လား။ ရမ့်လို သတ္တိရှိရှိနဲ့အဖေမရှိဘဲ ကလေးမွေးရဲတဲ့မိခင်မျိုးက ရှားသွားပြီလေ"

"ရမ့်ရှေ့မှာမို့ မြှောက်ပင့်ပြောနေတာတော့ မဟုတ်ပါဘူးနော်"

"ဟာ. . . မဟုတ်ပါဘူး။ တကယ်ပြောတာပါ။ ရမ့်ကို တကယ်လေးစားတာပါ"

"အပျိုစင်တွေထဲကမှ ကလေးအမေကိုရွေးပြီး လက်ထပ်ချင်ရတဲ့ အကြောင်းရင်းကရော"

"အဲဒါဖူးစာကံပဲထင်တယ်၊ အကြောင်းရေစက်ပေါ့၊ ရမ့်ကို မြင်ကတည်းက လက်ထပ်ချင်တဲ့စိတ်ကူး ကျွန်တော့်မှာ ရှိနေခဲ့တာပါ"

"ဟိုတစ်ယောက်စကားနဲ့ တူသလိုပဲ၊ ရှေ့နောက်ပဲ နည်းနည်းလွဲတယ်"

"ဗျာ. . . ဘယ်တစ်ယောက်က ဘာပြောပြန်ပြီလဲ"





"ကိုမင်းထိုက်ကျော်ပေါ့၊ ရမ့်ကိုလက်ထပ်ချင်တယ်တဲ့၊ ခုနလိုပဲ ကလေးအမေကို ဘာလို့လက်ထပ်ချင်တာလဲလို့ ရမ့်မေးခဲ့တယ်၊ သူကတော့ အကြောင်းရေစက်ပေါ့၊ ဖူးစာကံပါတဲ့သူနဲ့ လက်ထပ်ရမှာပေါ့တဲ့၊ ရှင်တို့နှစ်ယောက် အသိတွေဖြစ်ပြီး စကားများ တိုက်ထားကြတာလား"

"ဗျာ. . . မ. . . မဟုတ်ပါဘူး။ မသိပါဘူး"

ထူးမောင် ပျာပျာသလဲ လက်ကာငြင်းပြီး နဖူးမှာချွေးတွေပြန်လာသည်။ မဟုတ်တာလုပ်ထားသည့်သူရဲ့ တုန်လှုပ်မှုမျိုးပင်။ မိန်းကလေးတွေနှင့် ပတ်သက်ပြီး အတွေ့အကြုံမရှိလို့တဲလား။ အဲဒါတော့မဖြစ်နိုင်ပါ။

တစ်ခုခုကို စိုးရိမ်ကြောင့်ကြနေတာဟာ တစ်ခုခုကိုဖုံးကွယ်ထားတာကြောင့်ပဲ ဖြစ်နိုင်သည်။ အဲဒါဘာလဲဆိုတာတော့ မသိပါ။ ဖေဖေပြန်လာသည့်အချိန်မှာတော့ ရေမိုးချိုး ထမင်းစားပြီးသောအချိန်ကိုစောင့်၍ တိုင်ပင်ဖို့ဧည့်ခန်းထဲကို ထွက်လာခဲ့သည်။

"ဖေဖေ နေလို့ထိုင်လို့ရော ကောင်းရဲ့လား၊ ဒီနေ့တစ်နေကုန် အပြင်မှာချည်းပဲ"

"လုပ်ငန်းကိစ္စလေးတွေ စီစဉ်စရာရှိလို့ပါကွယ်"

"ဟင်. . . ဖေဖေ့ကို ကူညီမယ်ပြောထားတဲ့ ကိုမင်းထိုက်ကျော်နဲ့ ကိုအာကာမင်းတို့နဲ့တော့ မဟုတ်ဘူးထင်တယ်၊ ဒီနေ့ သူတို့နှစ်ယောက်လုံး သမီးနဲ့တွေ့ကြတယ်"

"ဪ. . . ဟုတ်တယ် သမီးရဲ့၊ ဖေဖေက စက်ရုံကိစ္စလုပ်နေတာပါ၊ ဖေဖေမသေခင် စက်ရုံလည်ပတ်မှုရှိမှ အခြေအနေကောင်းမကောင်း သိရမှာမဟုတ်လား၊ အဲဒီအတွက် နည်းနည်းအာရုံစိုက်ပေးနေတာ၊ ဒီမှာ ဝန်ထမ်းခန့်ထားဖို့ရော အားလုံးစီစဉ်နေတယ်လေ"

"နောက်နေ့ကျ သမီးလည်း သားလေးကိုထားခဲ့ပြီး လိုက်ခဲ့ပါ့မယ်ဖေဖေ၊ ဖေဖေမရှိရင် သမီးပဲလုပ်ရမှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ကလေးတစ်ဖက်နဲ့ဆိုတော့ မြေးလေးကိုပဲ အာရုံစိုက်ပါကွယ်၊ ဖေဖေက ယုံကြည်စိတ်ချရတဲ့သူတွေ စီမံနေတာပါ"

"အဲဒီသူတွေက ဖေဖေသေရင် သမီးတို့အတွက် သစ္စာရှိရှိ လုပ်ပေးမယ့်သူတွေမို့လို့လား ဖေဖေ၊ လူတွေက ရွှေ့တစ်မျိုး ကွယ်ရာတစ်မျိုးတွေပါ၊ ဖေဖေမရှိတော့ရင် သမီးတို့အတွက် သစ္စာရှိလူယုံတွေ ဖြစ်လာမယ်မထင်ဘူး"

တစ်သက်လုံးစောင့်ရှောက်သွားမယ့် မြေးလေးရဲ့အဖေ မောင်နေရောင်ဝါပါလို့ ပြောလိုက်လျှင် သမီးဘယ်လောက်တောင် ပေါက်ကွဲသွားမည် မသိပေ။ အခုကတည်းက မောင်ရောင်ဝါကို စက်ရုံနဲ့ပတ်သက်သမျှအားလုံး လေ့လာသင်ယူနိုင်းနေတာပါ။ ဒီဘက်မှာလည်း အောင်ဇော်နှင့်ထူးမောင်ကို သမီးအတွက် အချိန်ပေးခိုင်းနေတာမို့ သူတို့ဆိုင်ကိစ္စတောင် သူတို့လျစ်လျူရှုထားကြရသည်။

"သမီးပြောတာ ပြန်ပြောပါဦး ဖေဖေ၊ ဘယ်လိုလူတွေကို ဖေဖေ ခိုင်းနေတာလဲ"

"ပြော်.. ဖေဖေရဲ့ လူယုံတွေပါ၊ သူတို့က ဖေဖေ သေသွားတောင် သမီးတို့သားအမိနှစ်ယောက်ကို သစ္စာရှိရှိတစ်သက်လုံးစောင့်ရှောက်သွားမယ့်သူတွေပါ၊ အဲဒီအတွက်တော့ အာရုံမများနဲ့ စိတ်ချထားပါသမီး၊ ဖေဖေ သေချာစီစဉ်ခဲ့မှာပါ"

"ဖေဖေဒီလောက်ယုံကြည်နေတယ်ဆိုလည်း ပြီးရောလေ၊ ဒါနဲ့ ဖေဖေ့ကို သမီးပြောစရာရှိပါတယ်"

"ပြောလေသမီး"

"ကိုမင်းထိုက်ကျော်နဲ့ ကိုအာကာမင်းနှစ်ယောက်လုံးက သမီးကို လက်ထပ်ချင်တယ်လို့ ဖွင့်ပြောလာကြပါတယ်၊ အဲဒါ သမီးဘယ်သူ့ကိုရွေးရမလဲ"





"သမီးဘယ်သူ့ကို ပိုပြီးနှစ်သက်မှုရှိလို့လဲ"

"ဘယ်သူ့ကိုမှ မနှစ်သက်ပါဘူး"

"ဟင်.. သမီး"

"သမီးပြောထားတယ်လေ၊ နှစ်သက်မှုနဲ့ရွေးချယ်မှာ မဟုတ်ဘူး၊ နှလုံးသားနဲ့ လက်ခံမှာမဟုတ်ဘူးဆိုတာ၊ ဖေဖေစိတ်ချနိုင်မယ့်သူ၊ သမီးနဲ့သားလေးအတွက် အားကိုးရမယ့်လူကောင်းတစ်ယောက်ဖြစ်ရင် တော်ပါပြီ"

"သမီး အခုထိ မောင်ရောင်ဝါ့ကို စိတ်နာနေတုန်းလားကွယ်၊ မြေးလေးရဲ့အဖေထက် သမီးတို့အပေါ် ဘယ်သူကပိုကောင်းနိုင်မှာလဲ"

"သူ့ရဲ့ကောင်းခြင်းဆိုးခြင်းတွေကို သမီးစိတ်မဝင်စားတော့ဘူး ဖေဖေ၊ သစ္စာမဲ့ခံရတဲ့သူ တန်ဖိုးမဲ့တာဝန်မဲ့ခံရတဲ့သူမှာ နာကြည်းမှုတွေ အမုန်းတွေရှိနိုင်တာပဲ"

"ဟုတ်ပါတယ်၊ သမီးခံစားချက်ကို ဖေဖေ နားလည်တယ်၊ ဒါပေမဲ့ သမီး"

ဦးမင်းသွင်ပြောမှာကို လက်မခံနိုင်သလို၊ ရုံမလက်ကာခေါင်းခါ၍ငြင်းဆန်သည်။ ရင်ဘတ်ကို လက်နှင့်ဖိကာ

"သမီး ဒီရင်ထဲမှာ နာနေတုန်းပဲဖေဖေ၊ သားလေးကို ကိုယ်ဝန်လွယ်ပိုးပြီး ပတ်ဝန်းကျင်ကို ရင်ဆိုင်ခဲ့ရတဲ့အချိန်တွေ သိမ်ငယ်အားငယ်မှုတွေနဲ့ စိုးရိမ်ကြောင့်ကြခဲ့ရတဲ့အချိန်တွေကို သမီးမမေ့နိုင်သေးဘူး၊ အဲဒီအချိန်တွေမှာ သူကတော့ လွတ်လွတ်လပ်လပ် ပျော်နေခဲ့မှာပါ၊ သူငယ်ချင်းတွေနဲ့ အပျော်လွန်နေခဲ့တဲ့အချိန်တွေ ဖြစ်မှာပါ"

"ဒါကတော့သမီး သူမှ မသိခဲ့တာ"

"အဲဒါ တာဝန်မဲ့တာပဲလေ၊ သူနဲ့ငြိစွန်းခဲ့မှန်းသိရဲ့နဲ့ ဘာလို့သူတာဝန်မဲ့ ထားသွားတာလဲ၊ စားပြီးနားမလည်လုပ်သွားတာလဲ၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်နိုင်တယ်လို့ သူဘာလို့မတွေးတာလဲ၊ အဲဒါသမီးကို သူတန်ဖိုးမထားတာဘဲ၊ ဟုတ်တယ် မဟုတ်လားဖေဖေ''

ဦးမင်းသွင် ဘယ်လိုနားချရမှန်း မသိတော့ပေ။ သမီးခံစားချက်ကို နားလည်ပေးနိုင်သလို နေရောင်ဝါရဲ့ အပြစ်ဝန်ခံခြင်းနှင့် နောင်တတွေကိုလည်း နားလည်ပေးနိုင်သည်။

ဒါပေမဲ့ သမီးရဲ့လက်မခံနိုင်ခြင်းကို ဘယ်လိုဖျောင်းဖျရမလဲ။

''ဖေဖေလည်း မပြောတတ်တော့ပါဘူး သမီးရယ်၊ လူဆိုတာ မှားတတ်တဲ့အမျိုးချည်းပါပဲ၊ ဒါပေမဲ့ အမှားကိုပြင်မယ်ဆိုရင်တော့ လက်ခံပေးရတယ်သမီး၊ တစ်သက်လုံး အမုန်းနဲ့ပဲ နေသွားလို့မှမဖြစ်တာ''

''သမီးကတော့ သူ့ကိုမုန်းနေတုန်းပဲ၊ သူနဲ့လက်ထပ်မှ သမီးဘဝအေးချမ်းမှာ မဟုတ်ပါဘူး။ အခုသမီးတို့ လူကောင်းတွေ တွေ့ထားတယ်လေ၊ သားနဲ့လည်းအဆင်ပြေမယ့်သူတွေဆိုတော့ သူတို့နှစ်ယောက်ထဲကပဲ တစ်ယောက်ကိုရွေးလိုက်ပါ့မယ်၊ ဖေဖေသမီးအတွက် စိတ်မပူပါနဲ့၊ စိတ်ချမ်းချမ်းသာသာနေပါ၊ နော်ဖေဖေ''

''အေး. . . အေးပါ သမီးရယ်''

ပြောလို့နားချလို့မရတာမို့ သမီးဆန္ဒကို လိုက်လျောစွာပဲ ခေါင်းညိတ်လိုက်ရသည်။ ဒီပြဿနာတွေရဲ့ ဇစ်မြစ်တရားခံက ကိုယ်ပဲမဟုတ်လား။ ကိုယ်သာသူတို့လေးတွေကို သဘောတူကြည်ဖြူပေးခဲ့မည်ဆိုလျှင် ဒီလိုအခြေအနေတွေ ဖြစ်လာမှာမဟုတ်ပေ။ မြန်မာပြည်ကို ခြေဦးမလှည့်ချင်သည့်စိတ်နှင့် အတ္တကြီးခဲ့တာ။

အခုတော့လည်း ကိုယ်ပြန်မလာချင်သည့် မြန်မာပြည်ကို ခေါင်းချဖို့ အပြီးတိုင်ပြန်လာခဲ့ရပါပေါ့လား။

သမီးနဲ့မြေးအတွက် စိတ်ချရနိုင်ဖို့ပဲ. . ။

✤ ✤ ✤

# အခန်း (၁၁)

''အန်ကယ်. . . သား. . . သားလေးကို ခေါ်လာတယ်''

သားကို မြင်လိုက်သည်နှင့် သူ့အငမ်းမရပွေ့ဖက်နမ်းရှုံ့လိုက်မိသည်။ သားက မူငိုပါ။ စိမ်းလည်းစိမ်းမနေပါ။ သူတို့ဆီရောက်လာရတာကို ခြေကားယားလက်ကားယားနှင့် ပျော်ရွှင်လျက်ရှိသည်။

''အန်ကယ် ကားမောင်းမယ့်သူခေါ်လာပြီး မြေးလေးကို ကန်တော်ကြီး ကားတစ်ပတ်မောင်းပို့မယ်လို့ ခေါ်လာခဲ့တာ၊ မင်းလွမ်းနေတယ်ဆိုလို့လေ''

''ဟုတ်ကဲ့အန်ကယ်၊ ကျေးဇူးတင်ပါတယ်''

သူသားလေးကို နမ်းလို့မဝ။ ပွေ့ချီပြီး လှုပ်နေတော့ ခဏနေအကြာမှာ သားလေးသူ့လက်ပေါ်မှာပင် အိပ်ပျော်သွားသည်။

သားလေးကို သူချစ်လို့မဝပါ။ ပိုင်ဆိုင်ခွင့်မရတာမို့ တမြေ့မြေ့ကြည့်ရင်း မျက်ရည်ဝဲလာမိသည်။

''မင်းဝမ်းနည်းနေလား ရောင်ဝါ၊ အန်ကယ်က အခုလို သားလေးကို ခဏခဏခေါ်လာရင် မင်းအလွမ်းပြေလာမှာပေါ့''

''ပိုင်ဆိုင်ချင်မှုများလွန်းရင်တော့ ပူလောင်မှာပဲ ရောင်ဝါ၊ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေကြောင့် ကိုယ်နဲ့မထိုက်သေးလို့လို့ အောက်မေ့ပါ"

"ဟုတ်တယ် မောင်ရောင်ဝါ၊ အန်ကယ်လည်း သမီးကိုဖျောင်းဖျပါတယ်၊ ဒါပေမဲ့ သမီးမှာမင်းနဲ့ပတ်သက်ပြီး ခံစားချက်တွေများခဲ့တယ်၊ တော်ရုံတော့ သူ့စိတ်တွေပျော့ပျောင်းလာဦးမှာမဟုတ်ဘူး၊ အခုတောင် သူတို့နှစ်ယောက်ထဲက တစ်ယောက်ကိုရွေးချယ်တော့မယ်တဲ့"

"ဗျာ"

နေရောင်ဝါ ထိတ်လန့်သွားသလို အောင်ဇော်နှင့် ထူးမောင်လည်း မျက်လုံးမျက်ဆံပြူးသွားကြသည်။

"အန်.. အန်ကယ် တကယ်လားဗျာ"

"ဟုတ်တယ် မောင်ရောင်ဝါ၊ အန်ကယ့်ကို တိုင်ပင်တယ်၊ အန်ကယ့်နောက်ဆုံးအချိန်ကလည်း နီးကပ်လာပြီဆိုတော့ သူ့အကြာကြီး သိပ်စဉ်းစားချိန်မရတော့ဘူးလေ"

"ဟာ.. ကျ.. ကျွန်တော်တို့က ဘာဆက်လုပ်ရမှာလဲ၊ တကယ်လက်ထပ်ရမှာဆိုရင်တော့ မဖြစ်ဘူးနော်"

"လက်မထပ်ဖြစ်ဖို့ဆိုရင်တော့ မင်းတို့နည်းနည်းယုတ်မာပေးမှ ဖြစ်မယ်"

"ဗျာ.. ဗျာ အန်ကယ်"

"ဘယ်.. ဘယ်လို ယုတ်မာရမှာလဲ"

"သမီးက မင်းတို့ကိုယုံကြည်လေးစားနေတယ်၊ သားလေးအတွက်လည်း အဆင်ပြေမယ်လို့ထင်နေတယ်၊ အဲဒီအတွက် မင်းတို့က အဲလိုလူမျိုးမဟုတ်ဘဲ အခွင့်အရေးသမား၊ ယုတ်မာတတ်တဲ့လူတွေဖြစ်နေရင် ကြောက်လန့်တုန်လှုပ်ပြီး မောင်ရောင်ဝါ့ကို အားကိုးရမှန်းသိသွားမှာပေါ့"

"အမယ်လေး.. ဒါရိုက်တာကြီးရယ်၊ ရောင်ဝါက မင်းသား

ကျွန်တော်တို့က သူ့ယုတ်မာ ဗီလိန်တွေလုပ်ပေးရမယ်ပေါ့၊ ဘုရား... ဘုရား.. ဘယ်ဘဝကဝဋ်ကြွေးတွေပါလိမ့်"

"အန်ကယ်ရယ်.. ကျွန်တော်တို့တွေးတောင် မတွေးမိပါဘူး၊ ဒီလိုလူကြမ်းဗီလိန်လုပ်ရမယ်လို့၊ ဒီဆင်းနိကသ သိပ်မကောင်းဘူး၊ အခန်းကျော်ရိုက်လိုက်ပါလား ဒါရိုက်တာကြီးရယ်"

အောင်ဇော်နှင့် ထူးမောင်ရဲ့ ငိုမဲ့မဲ့တုန်လှုပ်မှုကြောင့် ဦးမင်းသွင် ယ်ချင်ချင် ဖြစ်သွားလေသည်။ ဒါပေမဲ့ ခပ်တည်တည်နှင့်ပင်..

"မင်းတို့သူငယ်ချင်းရောင်ဝါ့ကို ချစ်တယ်ဆို၊ ဒီလောက်တော့ နစ်နာခံလိုက်ကြပါကွာ၊ တကယ်မှမဟုတ်တာ၊ ဟန်လုပ်သရုပ်ဆောင် ှာပဲ၊ အဲဒီအချိန်မှာ မောင်ရောင်ဝါကတော့ ကယ်တင်ရှင်လုပ်ပေးရမယ်၊ ီမှ သမီးကမောင်ရောင်ဝါ့ရဲ့ မေတ္တာစေတနာဂရုစိုက်မှုတွေကို အသိ မှတ်ပြုလာမှာ"

"ကောင်းပါလေ့.. ကောင်းပါလေ့၊ နောင်ဘဝတော့ ဒီလိုကောင် ငယ်ချင်းမဖြစ်ပါရစေနဲ့လို့ ဆုတောင်းရမယ်"

"ငါကတော့ ဒီဘဝတောင် တော့တာပြုလိုက်ချင်ပြီ၊ ဘယ်နှယ့် ွာ သူကမင်းသား၊ ငါတို့က ဗီလိန်တဲ့၊ အမေတို့ရေ ကြားလို့မှကောင်း ဖြသေးရဲ့လား"

"ဟိတ်ကောင်တိုးတိုး ကလေးနိုးသွားမယ်၊ ဘာမှန်းလည်းမသိဘူး"

"ဆော.. ဆောရီး မေ့သွားလို့ပါကွာ"

အခုမှကလေးကိုငုံ့ကြည့်ပြီး အောင်ဇော်နှင့် ထူးမောင် ပါးစပ် တ်သွားကြသည်။ ဦးမင်းသွင်က တွေးတွေးဆဆနှင့်ပင်

"အန်ကယ်တို့ စွန့်စားပြီး အိုင်ဒီယာပြောင်းကြည့်တဲ့သဘောပါ အောင်မြင်တယ်ဆိုရင် အမြတ်ထွက်တာပေါ့၊ မဟုတ်ဘူးလား မောင် ရာင်ဝါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော်လည်း ချဉ်းကပ်ရခက်နေတော့ ဆိုတော့ ဒီနည်းလမ်းနဲ့ ဝင်ကြည့်ချင်ပါတယ်"

"အေး... မင်းကတော့ ဒီနည်းလမ်းကို ကြိုက်မှာပေါ့"

"ဟိတ်ကောင် တိုးတိုးပါဆိုမှ"

ထူးမောင် လုံးဝပါးစပ်ပိတ်သွားသည်။ ပြုံးသမျှ နုတော့မည်ဆိုပြီး စိတ်လျှော့လိုက်ဟန်လည်းရှိသည်။ အောင်ဇော်မျက်နှာကတော့ မအီမလည်ဖြစ်နေဆဲပင်။

"ငါခင်ခင့်နောက် လိုက်သွားရကောင်းမလား မသိပါဘူးကွာ၊ ခင်ခင်ကလည်း သူ့သူငယ်လေးနဲ့ အဆင်ပြေနေတယ်ထင်တယ်၊ ငါတို့ကို သတိတောင်မရတော့ဘူးထင်တယ်"

"သူလည်း သူ့ဘဝနဲ့သူပဲကွာ...၊ မင်းမနေနိုင်ရင် လိုက်သာသွား"

"အဲလိုလည်း မဟုတ်ပါဘူး...၊ ဒီဒဏ်ရာတွေရတာလည်း အန်ကယ့်ကြောင့်ပဲ"

"ဘာကွ၊ ဘယ်နှယ့် ငါ့ကြောင့်ဖြစ်ရမှာလဲ"

"အန်ကယ်က ကလေးကို အဖေဆိုတာ ဘယ်သူမှန်းမဖော်ဘဲ စာရေးပေးလိုက်တယ်၊ ကျွန်တော်တို့မှာ သူကအဖေလား၊ ကိုယ်ကအဖေလားနဲ့ ရည်းစားဟောင်းတွေကို ဒုက္ခပေးမိတယ်၊ နောက်တော့ ခင်ခင့်ကို ကလေးထိန်းငှားရတယ်၊ သံယောဇဉ်လည်းငြိရော ဒီလိုပြဿနာတွေလည်းဖြစ်ရော၊ အဲဒီတော့ ဒီပြဿနာတွေရဲ့အစက အန်ကယ်ပဲ"

"အန်ကယ် တောင်းပန်ပါတယ်ကွာ၊ အန်ကယ်အမှားကြီးမှားခဲ့ပါတယ်၊ သားသမီးနဲ့ပတ်သက်ရင် မိဘတွေက အမှားအမှန်မခွဲခြားတတ်တော့ဘူး။ ကိုယ့်သားသမီးအတွက် အတ္တပဲကြီးတတ်ကြတယ်"

ဒီလိုပြောတော့လည်း စိတ်မကောင်းကြ။ နေရောင်ဝါက ဦးမင်း





သွင်လက်ကိုဆုပ်ကိုင်ပြီး...

"ကျွန်တော်တို့ ခွင့်လွှတ်နားလည်ပါတယ် အန်ကယ်...၊ အန်ကယ်သာ သားလေးကို ကျွန်တော်တို့ဆီမပို့ရင် ဒီလိုမျိုးသားလေးနဲ့ ဆုံရမှာမဟုတ်ပါဘူး။ အခုတော့ အန်ကယ့်ကို ကျေးဇူးတင်နေတာပါ"

နေရောင်ဝါပြောတော့ ထူးမောင်နှင့်အောင်ဇော် နှာခေါင်းရှုံ့သွားကြသည်။

"မင်းကတော့ ပြောအားရှိနေတာပေါ့၊ ငါတို့မှာတော့ ဘာတွေဆက်ဖြစ်မလဲ ရင်တွေတုန်နေပြီ"

"မတုန်ပါနဲ့ကွာ၊ ပို့ကိုကူညီကြပါ၊ ငါမင်းတို့ကျေးဇူးကို မမေ့ပါဘူး။ ရမ့်နဲ့သားလေးနဲ့ ပြန်ဆုံရအောင် ကူညီတဲ့အတွက် မင်းတို့လည်း ကုသိုလ်ရပါတယ်"

"မင်းပဲအပြောကောင်း။ အေးပါ ငါတို့လည်း ဝဋ်ကြွေးရှိသရွေ့ ခံလိုက်ပါဦးမယ်၊ ဒါရိုက်တာကြီး စီစဉ်တင်ဆက်တဲ့အတိုင်း ကရုံပေါ့"

"သူတော်ကောင်းလုပ်လိုက်ရ သူယုတ်မာလုပ်လိုက်ရနဲ့ ဟုတ်တော့ဟုတ်နေတာပဲ၊ အေးပေါ့လေ သူငယ်ချင်းကောင်းရထားတော့လည်း ဒီလောက်တော့ ရင်းနှီးပေးဆပ်ရမှာပေါ့၊ ဟိတ်ကောင် ကလေးငါ့ပေးဦး"

"ငါလည်း ချီဦးမယ်"

"မင်းတို့က အိမ်သွားလည်းတွေ့ အပြင်မှာလည်းတွေ့နေကြရတာကို နေစမ်းပါ၊ ငါ့သားလေးကို ငါပဲချီပါရစေ"

သည်းသည်းလှုပ်နေတာကို ဦးမင်းသွင်သဘောကျနေသည်။ နေရောင်ဝါနှင့်ဆိုလျှင် သမီးနှင့်မြေးအတွက် တစ်သက်စာစိတ်ချရပြီ မဟုတ်လား။ အခုအဆင်မပြေသေးဘူးဆိုပေမယ့် သူငယ်ချင်းတွေ ဝိုင်းဝန်း ပံ့ပိုးပေးမည်ဆို၍ တော်ပါသေးသည်။

ရှေ့ဆက်ဘာတွေ ဘယ်လိုလုပ်ရမည်ဆိုတာ ကိုယ်ကပဲစီမံပေး



www.burmeseclassic.com

www.burmeseclassic.com



ရှိပေါ့။ မသေခင်တော့ ကိစ္စတွေပြီးပြတ်အောင် လုပ်ပေးရမှ စိတ်ချနိုင်မှာပါ။ ဩော်. . . အခုထိ အတ္တတွေ မကုန်ခန်းနိုင်သေးပါလား. . .။

✤ ✤ ✤



## အခန်း (၃၂)

"ကားကို ရှင်ဘယ်မောင်းနေတာလဲ"

လေးညို့က လွှတ်လိုက်သလိုမောင်းလာသောကားက မရပ်မနား။ မြို့တွင်းကနေ မြို့ပြင်လိုနေရာကိုတောင် ရောက်လာပြီမို့ ရမ်မနေနိုင်စွာ မေးလိုက်ရခြင်းဖြစ်သည်။

မနက်ကတည်းက မင်းထိုက်ကျော် ဖုန်းဆက်ခဲ့သည်။ စကားပြောစရာရှိ၍ အပြင်သွားရအောင်တဲ့။ ထုံးဆန်းသည်က ကလေးကိုချစ်ပါသည်ဆိုသော မင်းထိုက်ကျော်က သားလေးကိုခေါ်မလာပါနှင့်တဲ့။ ဩော် အချိန်ကြာမှာမို့ အရေးကြီးကိစ္စရှိတာကြောင့်မို့ပဲဟုထင်လျက် သားလေးကို ကြူကြူတို့နှင့်ထားခဲ့ရသည်။

ပြောစရာရှိသည်ဆိုသောသူက အခုထိဘာမှမပြောဘဲ ကားကိုပဲ မောင်းနေတော့ သူမ သိပ်စိတ်မရှည်ချင်။ မြန်မာပြည်ရဲ့နေရာအနှံ့ အပြားဘယ်နေရာကိုမှ သူမများများစားစား မရောက်ဖူးပါ။ မင်းထိုက်ကျော်နှင့် အာကာမင်း ခေါ်သွားတတ်သည့် စားသောက်ဆိုင်လိုနေရာ၊ ကစားကွင်းလိုနေရာ၊ ကန်တော်ကြီးလိုနေရာမျိုးကိုသာ ရောက်ခဲ့ဖူးသည်။

အခုမင်းထိုက်ကျော် ကားမောင်းလာသည့်နေရာက ဘယ်နေရာ

www.burmeseclassic.com



မှန်း သူမ မသိပါ။ လူသူအရောက်အပေါက်နည်းပြီး ကားရှင်းသည့်နေရာ ဖြစ်နေပြီဆိုတာတော့ သူမ သဘောပေါက်သလောက်ရှိနေခဲ့သည်။

"ကိုမင်းထိုက်ကျော်"

သူမလေသံမှာမာနှင့် ခပ်ကျယ်ကျယ်အော်လိုက်တော့ ပြန်မထူးဘဲ ကားကလမ်းဘေးကို ထိုးရပ်သွားသည်။

"ကိုမင်းထိုက်ကျော် ရှင်ဘာတွေ တွေးနေတာလဲ"

ဘာတွေကြံစည်နေတာလဲလို့ တဲ့တိုးပင် မေးချလိုက်ချင်တော့ တာပါ။ မင်းထိုက်ကျော် မျက်လုံးတွေက ဂနာမငြိမ်ဘဲ မှုမမှန်ဟု ထင်မိ သည်။

မင်းထိုက်ကျော် ကားကိုစက်ရပ်ပြီး သူမဘက် ရဲတင်းစွာလှည့် ကြည့်လာ၏။ မင်းထိုက်ကျော် မျက်လုံးတွေက သူမတစ်ကိုယ်လုံးကို ကြည့်နေတာ စူးစူးရဲရဲ ရှိလွန်းလှသည်။

"ရမ့်"

"ဟုတ်...ပြောပါ ကိုမင်းထိုက်ကျော်"

"အခု ရမ့် ရွေးချယ်မှုလုပ်နေတာကို ကျွန်တော်ပြတ်ပြတ်သား သား သိချင်ပါတယ်"

"ဩော်...ဒါများ ကိုမင်းထိုက်ကျော်ရယ်၊ ဒီစကားမေးဖို့ ဒီ နေရာထိ ခေါ်လာစရာမလိုပါဘူး။ ဘယ်မှာပဲမေးမေး"

"မဟုတ်ဘူးရမ့်၊ နှိုင်းယှဉ်ရွေးချယ်ခံရတယ်ဆိုတာ ယောကျ်ား တစ်ယောက်အနေနဲ့ သိက္ခာကျတယ်လို့ ထင်မိတယ်၊ အဲဒါကြောင့် ကျွန်တော့်ကိုပဲ လက်ထပ်ပါလို့ ပြောချင်တာပါ"

"အဲဒါ ရမ့် ဖေဖေနဲ့ တိုင်ပင်ထားပါတယ်"

"အဲဒါ ကိုယ်ဆိုတာမသေချာသေးဘူးလို့ ပြောတာလား။ ကိုယ် အဲလိုမသေချာမရေရာနဲ့ မစောင့်ချင်ဘူးရမ့်၊ ကိုယ့်ကိုပဲ လက်ထပ်မယ်



လို့ပြောပါ"

"ကိုမင်းထိုက်ကျော် ဘာလုပ်တာလဲ ဖယ်ပါ"

ပခုံးကိုဖက်လိုက်တာမို့ မင်းထိုက်ကျော်လက်တွေကို သူမဆက် ခနဲပင် ဖယ်ချလိုက်သည်။ ဒါပေမဲ့ မင်းထိုက်ကျော် လက်တွေက ပို၍ ပင်တင်းကျပ်လာခဲ့သည်။ သူမရုန်းလို့မရအောင်ဖြစ်လာ၍ အခြေအနေကို သဘောပေါက်ကာ သူမ စိတ်တိုဒေါသဖြစ်သွားသည်။

"ရှင်ဘာလုပ်တာလဲ ကိုမင်းထိုက်ကျော်"

"ကိုယ်မင်းကို ပိုင်ဆိုင်ချင်တယ်ရမ့်၊ ဟိုတစ်ယောက်နဲ့ ယှဉ်ပြီး အရွေးမခံချင်ဘူး။ ယောကျ်ားတစ်ယောက်အတွက် မာနထိခိုက်လို့ပါ၊ အဲဒါကြောင့် ကိုယ့်ကိုပဲရွေးချယ်ပါ လက်ထပ်ပေးပါနော် ရမ့်"

"ရှင်ဒီလို အတင်းအကျပ်လုပ်ရင် ရမ့်လုံးဝမစဉ်းစားဘဲ နေလိုက် တော့မယ် ကိုမင်းထိုက်ကျော်"

"အဲလိုလုပ်လို့ ဘယ်ဖြစ်မှာလဲရမ့်၊ မင်းကိုပိုင်ဆိုင်ရဖို့ ကိုယ် ကြိုးစားရမှာပေါ့"

"ဟင်...ရှင်...ရှင်လွှတ်နော် ကိုမင်းထိုက်ကျော် ဖယ်ပါ"

"ရမ့်ရယ် ကိုယ့်ကိုလက်ထပ်မယ့်သူလို့တွေးပြီး လိုက်လျော လိုက်ပါ"

"ဟင့်အင်း ရှင်မယုတ်မာနဲ့၊ ရှင့်ကိုလူကြီးလူကောင်းသူတော် ကောင်းထင်ပြီး လူလိုသူလိုဆက်ဆံခဲ့တာ၊ ဒီလိုယုတ်မာတဲ့သူမျိုးမှန်း သိရင် ဝေးဝေးကရှောင်တယ်သိလား"

"ယောကျ်ားတွေက အခွင့်အရေးပေး မယူဘဲမနေတတ်ကြဘူး၊ မင်းကလက်ထပ်ဖို့တောင် စဉ်းစားထားသေးတာ၊ ဒါလေးကို မလိုက်လျော နိုင်ဘူးလား။ ချစ်လို့ပါရမ့်ရယ်နော်၊ ပြီးရင်ကိုယ်တို့လက်ထပ်လိုက်ရင်ရ တာပဲ၊ ဘာမှမခက်ပါဘူးကွာ၊ လွယ်လွယ်လေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ရှင်နော်"

သူမ ရေတိမ်နစ်လုလုပါ။ ဖေဖေ့မိတ်ဆွေအသိဆိုပြီး ယုံယုံကြည်ကြည်ဆက်ဆံခဲ့မိတာမှားပြီလား။ လူကြီးလူကောင်းထင်မိသော်လည်း ယောကျ်ားတွေက ဒီလိုကိစ္စမျိုးနှင့်ပတ်သက်လျှင် မယုံကြည်ရတာ၊ သူမအသိနောက်ကျသွားသည်။

နေရောင်ဝါနှင့်တော့ သူ့ကိုချစ်လို့ ဒီလိုကိစ္စမျိုးကို စိတ်တူကိုယ်တူ မှားယွင်းခဲ့တာ။

အခုဒီလူကို သူမ မချစ်။ ဒါကြောင့်မို့ ရေတိမ်နစ်မခံနိုင်။ မှားယွင်းပြီးစွန်းမခံနိုင်။

"ကိုမင်းထိုက်ကျော် ရှင်ဖယ်ပါလွှတ်"

"ချစ်လို့ပါ ရမ့်ရယ်၊ ကိုယ်တို့လက်ထပ်ကြမှာပဲဟာ၊ မရှုန်းပါနဲ့ အေးအေးဆေးဆေးလေး ပြီးသွားမယ့်ကိစ္စပဲ၊ မင်းလည်းအတွေ့အကြုံရှိပြီးသားပဲဥစ္စာ"

"ရှင်"

သူမအသံပင်မထွက်နိုင်တော့ပါ။ အထင်သေးပြီး ဆက်ဆံနေတာကို သူမဒီအတိုင်း အရှုံးပေးလိုက်ရတော့မှာလား။ သူမရေတိမ်နစ်ပြီလား။ ဘဝပျက်ပြီလား။

"ဂျုန်း"

"ခွေးကောင်. . . ခွေးကျင့်ခွေးကြံ ကြံတဲ့အကောင်"

"ခွပ်. . . ခွပ်. . . ဗုန်း"

"အင့်"

"ဟင်. . . နေရောင်ဝါ"

သူမကို ကယ်တင်လိုက်တာ နေရောင်ဝါပါလား။ ဒီလိုနေရာမျိုးကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ၊ ဘယ်လိုလုပ်ပြီး လိုက်လာ



တာလဲ။

ကားတံခါးကို ဆွဲဖွင့်ပြီး မင်းထိုက်ကျော်ကို ဆွဲထုတ်ကန်ကျောက် ထိုးကြိတ်လိုက်တာ သူရဲကောင်းဆန်ဆန်ပါ။ သူမအင်္ကျီတွေဘာတွေဆွဲဆန့်ပြီး ကားပေါ်ကဆင်းလိုက်သည်။

နေရောင်ဝါက မင်းထိုက်ကျော်ကို မကျေမချမ်းပင် ဒေါသတကြီး ထိုးကြိတ်နေဆဲပါ။

"အခွင့်အရေးသမား လူယုတ်မာ၊ အားနွဲ့တဲ့မိန်းကလေးအပေါ် ယုတ်မာချင်ဦး၊ လူမဆန်ချင်ဦး"

"ခွပ်. . . ခွပ်. . . ဖုန်း. . . ဗုန်း"

မင်းထိုက်ကျော် သေလုမြောပါးခံနေရသည်။ မရှုမလှ ပုံပျက်ပန်းပျက်ပါ။ ခြေလွန်လက်လွန်ဖြစ်သွားလျှင် သူမပါဒုက္ခရောက်လိမ့်မည်ထင်၏။

"ရောင်. . . ရောင်ဝါ တော်တော့ တော်ပါတော့ ဒီလူသေသွားမှ နင်ရော ငါရော ဒုက္ခရောက်လိမ့်မယ် တော်ပြီ"

သူမ ရောင်ဝါ့လက်တွေကို ဝင်ပြီးဆွဲရချုပ်ရသည်။ ရောင်ဝါက ဒေါသတွေ မပြေနိုင်သေးပါ။ သူမဆွဲချုပ်နေသည့်ကြားက လွတ်နေသည့်ခြေထောက်နှင့် ကန်ဖြစ်အောင် ကန်လိုက်သေးသည်။

"ရမ့် မင်းဘာဖြစ်သေးလဲ၊ ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ဘူး။ ကိစ္စမရှိဘူး"

"ဒါဆိုရင် သွားရအောင် ကိုယ့်ကားပေါ်တက်"

"ဟင်"

"ဘာလဲ သူ့ကားနဲ့ပဲ ပြန်လိုက်သွားချင်လို့လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင်တက်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီ. . . ဒီလူ"

"ဒီလူကို ဘာလုပ်ရမှာလဲ၊ ပြန်ကယ်ပေးဦးမလို့လား၊ သေစေ ထားလိုက်၊ ယုတ်မာတဲ့ကောင် လမ်းဘေးမှာ ခွေးသေ၀က်သေ သေ တာကောင်းတယ်"

ရမ့်လက်ကိုဆွဲကာ ကားပေါ်တင်ပြီး ခေါ်လာခဲ့သည်။ အောင် ဇော်ကို ကားဘက်မှန်ထဲကကြည့်ပြီး စိတ်တော့မကောင်း။ ဟန်ပါပါ မာန်ပါပါ သရုပ်ဆောင်လိုက်ရတာမို့ ဒီကောင်တော်တော်တော့ အထိနာ သွားမှာသေချာသည်။ အိမ်ရောက်မှ ခြေသလုံးဖက်ပြီး တောင်းပန်ရရင် လည်း တောင်းပန်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ရမ့် ကိုယ့်ကိုလာမဆွဲမချင်း ဒေါသစိတ်မပြေဟန်၊ သူမအတွက် ဟီးရိုးလုပ်ပေးခဲ့ရသည် မဟုတ်လား။

"နင်ဘယ်လိုလုပ်ပြီး ငါဒီလိုဖြစ်နေတာကို သိတာလဲ"

"ကိုယ်မင်းကို စောင့်ရှောက်ချင်လို့၊ အမြဲတမ်း နောက်ကနေ လိုက်ခဲ့တာပါ"

"ဘာ"

"မင်းက လူတွေကိုယုံနေတယ်၊ ယောကျ်ားတွေကို ဘာများ အောက်မေ့နေလဲ၊ အခွင့်အရေးရရင်ရသလို ယုတ်မာဖို့ ၀န်မလေးတဲ့သူ တွေချည်းပဲ"

"အဲဒီယောကျ်ားတွေထဲမှာ နင်လည်းပါတာပဲ"

"ရမ့်"

"ငါအခု အထင်သေးပြီး ဒီလိုဆက်ဆံခံရတာ နင့်ကြောင့် ရောင်ဝါ၊ အတွေ့အကြုံရှိပြီးသားမို့ စမ်းသပ်ခံရတာပဲ၊ နင့်ကြောင့်သာ မဟုတ်ရင် ငါအဆင့်အတန်းမဲ့ တန်ဖိုးမဲ့ ဆက်ဆံခံရမှာမဟုတ်ဘူး ဒါ လား"



"မင်းကိုယ့်ကို ဘယ်အချိန်ထိအပြစ်တွေ ပြောနေဦးမှာလဲရမ့်ရယ်၊ အဲဒီအပြစ်တွေအတွက် ကိုယ်တစ်သက်လုံး ပေးဆပ်ပါ့မယ်လို့ ပြောနေ သားပဲ၊ သားလေးမျက်နှာထောက်ပြီးတော့ပဲဖြစ်ဖြစ် ကိုယ့်ကိုလက်ခံပေး ပါ ကိုယ်မင်းကို လက်ထပ်ပါရစေရမ့်၊ ခုနကောင်လို လူမျိုးတွေနဲ့ ထပ် တွေ့ရင် ဘယ်လိုလုပ်မလဲ"

ရမ့် မရိုးမခန့်ရယ်လျက် မျက်နှာလေးမဲ့ကျသွားသည်။ ကားကို ဖြည်းလေးစွာမောင်းလာပြီး ရမ့်မျက်နှာလေးကို ငေးကြည့်လာတာမို့ ထို မျိုးက သူ့ရင်ကိုအဆမတန်နာကျင်စေပါသည်။

"ကိုယ်ဖပြောတာ ဘာများလို့လဲရမ့်"

"လောကကြီးမှာ နင့်လိုလူမျိုး အဲဒီလူလိုလူမျိုးကြီးပဲ ရှိမယ်ဆို ရင်တော့ ငါကံဆိုးတာပေါ့ဟာ၊ ဒါပေမဲ့ ငါအမြဲတမ်းတော့ ကံမဆိုးနိုင် ပါဘူး။ ငါ့သားနဲ့ငါ့အတွက် ကံကောင်းခြင်းတွေ ပေးမယ့်လူတစ်ယောက် တော့ တွေ့ဦးမယ်ထင်ပါတယ်"

"ရမ့်ရယ်၊ ကိုယ့်ကိုအပြစ်တွေ ဆေးကြောခွင့်မပေးတော့ဘူး လား။ ကိုယ်ဘာလုပ်ပေးရမလဲ၊ ဘာလုပ်ပြရမလဲ"

"မလိုပါဘူး။ ဒီနေ့ကိစ္စကိုတော့ ဘေးလူတစ်ယောက်အနေအ ထားမျိုးနဲ့ နင့်ကိုကျေးဇူးတင်လိုက်ပါတယ်၊ ဒါပေမဲ့ နောက်ကို ငါနဲ့ ပတ်သက်မိအောင်နေပါ"

"ကိုယ်ကတော့ မနေနိုင်ဘူးရမ့်၊ ကိုယ်ချစ်တဲ့ မိန်းမတစ် ယောက်၊ ငါ့သားလေးရဲ့ မိခင်တစ်ယောက်ဖြစ်တဲ့မင်းကို ကိုယ်အမြဲတမ်း စောင့်ရှောက်နေမှာပါ၊ ကိုယ့်အပြစ်တွေကို မင်းခွင့်မလွှတ်မချင်းပေါ့"

"လဲသေလိုက် နင်ကြိုက်တဲ့နေရာမှာ လဲသေလိုက်"

သူမရဲ့ကျိန်ဆဲမှုအတွက် သူရင်မနာပါ။ သူမကို အိမ်အထိ ရောက်အောင် လိုက်ပို့ခွင့်ရတာကိုပဲ ကျေနပ်ခဲ့သည်။ တစ်ခုဝမ်းနည်း

www.burmeseclassic.com



စရာကောင်းသည်က အိမ်ထဲကို ဝင်ခွင့်မပေးသည့်အတွက် သားလေးကို တွေ့ခွင့်မရခဲ့ပေ။ ရုံးဆီမှာ အမြဲတမ်းရက်စက်ကြမ်းကြုတ်သည့်နှလုံးသားရှိနေမည်လို့မထင်။ ဟိုကောင့်ကို ထိုးကြိတ်ကန်ကျောက်နေတာ လက်လွန်မှာစိုး၍ သူ့ကိုစိုးရိမ်စွာ လက်တွေကိုချုပ်နှောင်တွယ်ဖက်တားဆီးခဲ့သေးတာပဲမဟုတ်လား။

ဒီအကြောင်းနာတွေကပဲ သူမအပေါ် အချစ်တွေပိုစေကာ..။

✤ ✤ ✤



## အခန်း (၃၃)

"အား..ကျွတ်ကျွတ်..အား အမယ်လေး"

အောင်ဇော့် မျက်နှာတစ်ခုလုံး ဖူးပြောင်ရောင်ကိုင်းနေသည်။ ခါးလည်း မတ်မတ်မရပ်နိုင်ဘဲ ခြေတွေလက်တွေလည်း အရိုးကျိုးမတတ်နာကျင်နေတာမို့ တကျွတ်ကျွတ်ညည်းညူအော်ဟစ်နေသည်။ ညကတည်းက ဆရာဝန်ခေါ်ပြီး ဆေးကုပေးပေမယ့် သိပ်ပြီးသက်သာသေးဟန်မတူ။

သူထိုင်ရှိခိုးမတတ် တောင်းပန်နေသော်လည်း သူ့ကိုစိတ်နာနေဟန်ဖြင့် သူ့မျက်နှာကိုမကြည့်။

"အောင်ဇော်..ငါတောင်းပန်ပါတယ်၊ ငါ့ရှိခိုးဆို ခိုးပါ့မယ်၊ ငါ့ကိုပြန်ထိုးချင်လည်းထိုးပါကွာ၊ သူငယ်ချင်းရာ ခြေထောက်နဲ့လည်းကန်ချင်ကန်ကွာ၊ ချ ငါ့ကိုချ"

"အား..ခြေထောက်ကို အရမ်းဆွဲရလား လဒရဲ့၊ အရိုးကျိုးမတတ်ဖြစ်နေပါတယ်ဆိုမှ သေတော့မှာပဲ"

"ဆော..ဆောရီး သူငယ်ချင်း"

မေ့ပြီး ခြေထောက်ကိုဆွဲကာကန်ခိုင်းလိုက်တော့ အောင်ဇော် ငယ်သံပါအောင် အော်သည်။ ထူးမောင်က အောင်ဇော့်ကို ပြုစုပေးနေ



www.burmeseclassic.com

www.burmeseclassic.com



ရင်းဖြင့် ဘာကြောင့်မျက်နှာလေးငယ်နေမှန်းမသိ။

နေရောင်ဝါက အောင်ဇော့်လက်ကလေးကို ဖွဖွလေးဆုပ်ကိုင်ပြီး

"မင်းထိုးနိုင်တဲ့အချိန်ကျ ငါ့ကိုကြိုက်သလောက်၊ စိတ်ရှိသလောက် ထိုးပါကွာနော်၊ အခုစိတ်ဆိုးပြေပါတော့"

"နေပါဦး. . . မင်းက သဏ္ဍာန်လုပ်သရုပ်တူအောင်လုပ်တာ ငါ လက်ခံပါတယ်၊ ဒါနဲ့ ဘာလို့အိုဗာတွေ များရတာလဲ၊ ကိုယ့်သူငယ်ချင်းသေလုမြောပါးခံနေရတာတောင် မညှာမတာ ရက်ရက်စက်စက် ထိုးကြိတ်ကန်ကျောက် စိတ်ရှိတိုင်း ပိုးစိုးပက်စက်လုပ်ရက်ရသလား"

"အိုဗာများတာမဟုတ်ပါဘူး။ ရုံ့အသိအမှတ်ပြုခံရအောင် လုပ်ရတာပါ။ သူ့အတွက် တကယ်အားကိုးရတဲ့ ဟီးရိုးတစ်ယောက်ဆိုတာ သိစေချင်လို့ပါ"

"အေး. . . ငါက တိုင်ပင်ထားတဲ့အတိုင်း ပြန်မခုခံဘဲ အသုံးမကျတဲ့ကောင်လို ငြိမ်ခံနေလို့ ဟီးရိုးလုပ်လို့ရတာလေ၊ တခြားကောင်သာဆို မင်းကိုပြန်ပြီး ထိုးကြိတ်ခုခံတာနဲ့ မင်းဟီးရိုးလုပ်ချင်တိုင်း လုပ်လို့ရပါ့မလား၊ လဒကောင်ရဲ့၊ ဒါကို အညှာအတာမရှိဘူး။ ယုတ်မာတဲ့ကောင် လမ်းဘေးမှာ ခွေးသေဝက်သေ သေဆိုတာက ပါသေးတယ်"

"ဆောရီးပါကွာ၊ ဆောရီးပါ သူငယ်ချင်းရာ"

"ဆောရီးလုပ်မနေနဲ့၊ ငါအရမ်းစိတ်ဆိုးတယ်၊ အိမ်ရောက်အောင်မနည်းအားတင်းပြီး ကားကိုမောင်းလာခဲ့ရတယ်"

ထူးမောင်က အောင်ဇော့်ကို သနားသလိုကြည့်ကာ

"မင်းကွာ သူငယ်ချင်းချင်း ဒီလောက်ရုပ်ပျက်ဆင်းပျက် စုတ်ပြတ်သတ်အောင်တော့ မလုပ်သင့်ပါဘူး ရောင်ဝါ၊ မင်းအရမ်းလွန်တယ်ကွာ"



"မင်းအလှည့်ကျရင် ငါအဲ့လောက်အိုဗာမများစေရပါဘူး"

"ဘာ. . . ငါ. . . ငါ့အလှည့်"

"အေးလေ. . . မင်းလည်းရုံ့အပေါ် အဲလိုလုပ်ရဦးမယ်လေ၊ ဒါမှ ငါကဟီးရိုးလုပ်ပြီး ကယ်လို့ရမှာပေါ့"

"ဘုရားသခင် ကယ်ပါ"

ထူးမောင် ဘုရားစုံတကာ မျက်စိမျက်နှာ ပျက်နေ၏။ အောင်ဇော့် ဒဏ်ရာဒဏ်ချက်တွေကို ကြည့်ပြီးငိုချလိုက်တော့မလိုပင်။ နေရောင်ဝါ မျက်နှာငယ်လေးဖြင့်. . .

"ငါ့ဘဝကို မင်းတို့ကယ်မှရမှာပါ၊ အားကိုးပါတယ် သူငယ်ချင်းတို့ရာ၊ သားလေးရယ် ငါရယ် ရုံ့ရယ် အတူတူနေဖို့ဆိုတာ မင်းတို့က ဖူးစာရှင် ကျေးဇူးရှင်တွေပါပဲ"

"ငါ. . . ငါတို့ကို တခြားနည်းနဲ့ ခိုင်းပါလားကွာ၊ ရုံ့အပေါ် ယုတ်မာရတာလည်း မကောင်းဘူး၊ မင်းအထိုးခံရမှာလည်း မသက်သာလှပါဘူး"

"ငါ. . . ငါအဲလောက် လက်မလွန်စေရပါဘူးကွာ"

"မယုံနဲ့ ထူးမောင်၊ အဲဒီအချိန်မှာ ရုံ့ရှေ့မှာ ဟီးရိုးသူရဲကောင်းဖြစ်ချင်တာပဲရှိတယ်၊ သူငယ်ချင်းဆိုတဲ့ အသိစိတ်မရှိတော့ဘူး"

"မ. . . မဖြစ်စေရပါဘူးကွာ၊ ငါ့ကိုသနားကြပါ၊ ကူညီကြပါကွာ"

"ဘာ. . . ဒီဒဏ်ရာနဲ့လူက မင်းကိုသနားရဦးမယ် ဟုတ်လား၊ အံ့သြပါရဲ့ တကယ်ပဲ"

အောင်ဇော်ဆံပင်ကို လက်နှင့်ခါပြီးပြောတာ အခြောက်ပုံပေါက်သွား၍ သူရယ်မိမလိုဖြစ်သွားကာ

"မင်းဆီမှာ ခင်ခင့်အမွေတွေ ကျန်နေခဲ့တယ်သိလား၊ ခင်ခင်နဲ့ အမြွာညီအစ်မဆို ယုံလောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ၊ မင်းငါ့ကိုရယ်အောင် လုပ်မနေနဲ့၊ ရင်ထဲကရော အသည်းထဲကရော နာနေတာသိလား"

"အေးပါ မင်းနာချင်လည်းနာပါ၊ နောက်ကျမှ ငါ့ကိုစိတ်မြေ အောင်ပြန်ထိုး သိပြီလား။ ဟိတ်ကောင်ထူးမောင် မင်းဖုန်းမြည်နေတယ်"

မျက်စိသူငယ် နားသူငယ်ဖြစ်နေသော ထူးမောင်က ဖုန်းမြည် သံတောင် မကြားတော့တာမို့ လက်တို့ကာ သတိပေးလိုက်ရသည်။

"ဘုရား ဘုရား။ ရ. . . ရမ့် ဖုန်းကွ"

"ဟိတ်ကောင် သေသေချာချာ အလိုက်သင့်လေးပြောနော်၊ အလွဲအချော်တွေ မဖြစ်စေနဲ့၊ သူ့အဖေဒါရိုက်တာကြီးပြောတဲ့အတိုင်း လုပ်ရဦးမှာ"

ထူးမောင်က ဖုန်းကိုင်ရမှာတောင် ကြောက်နေသလိုပင်။ သူ့ ခပ်မာမာ ဝေါက်လိုက်မှ ဖုန်းကိုဖွင့်နားထောင်ပြီး

"ဟယ်လို ပြောပါရမ့်၊ ကျွန်တော် ဖုန်းတန်းမကိုင်နိုင်တာ အလုပ်တွေများနေလို့ပါ"

". . . ."

"ဗျာ. . . ကျွန်တော့်ကိုတွေ့ချင်လို့၊ ဟုတ်ကဲ့ ကျွန်တော်မနက် ဖြန်ညနေ. . . အင်းညနေတော့ အား. . . အားပါတယ်"

". . . ."

"ဩော်. . . အန်ကယ်မရှိဘူးလား။ အိမ်ကကောင်မလေးတွေနဲ့ ကလေးကိုခေါ်ပြီး ဘုရားကိုသွားမှာလား။ ဟုတ်ကဲ့ ကျွန်တော်အိမ်ကိုလာ ခဲ့ပါ့မယ်၊ အိုကေ ရမ့် သိုင်းကျူးပါ"

ထူးမောင် ဖုန်းပိတ်ပြီး ပခုံးတွန့်ကာပြုံး၏။ အဓိပ္ပာယ်က အိမ် မှာဆို အန္တရာယ်ကင်းသည့်သဘော။

"အိမ်မှာချိန်းတာလား ထူးမောင်"





"အင်း. . . ပြောစရာရှိလို့တဲ့၊ ဒီကောင်ယုတ်မာတာ ခံလိုက်ရ ပြီဆိုတော့ ငါ့ကိုလက်ထပ်ဖို့ပြောတော့မှာ ဖြစ်မှာပေါ့"

"ဟိတ်ကောင် ငါမဟုတ်ဘူး။ မင်းထိုက်ကျော်အဖြစ် သရုပ် ဆောင်ထားတဲ့ကောင် ယုတ်မာတာ"

နာနေတဲ့ကြားက ရှုံ့ရှုံ့မဲ့မဲ့နှင့် အောင်ဇော်ဝင်ပြောသေးသည်။ ထူးမောင်က မျက်စောင်းလှည့်ထိုးပြီး

"ဘာဖြစ်ဖြစ်ပါ၊ ငါလည်း အာကာမင်းအယောင်ဆောင်နဲ့ ယုတ် မာတဲ့ကောင်လုပ်ရတော့မယ်၊ တကယ်ပဲ နောင်ဘဝ လူဖြစ်ပါဦးမလား မသိဘူး"

"မင်းကကွာ တကယ်မှမဟုတ်တာ ဖြစ်ပါတယ်၊ မိသားစုပေါင်း စည်းဖို့ ပါရမီဖြည့်ပေးတဲ့အတွက် ကုသိုလ်တောင်ရဦးမှာပါ"

"တော်ပါကွာ ကုသိုလ်လည်း မရချင်တော့ပါဘူး"

"မလုပ်ပါနဲ့ကွာ၊ ပို့ချင်းပို့ ကူးတို့ရောက်အောင်တော့ ပို့လိုက် ပါတော့ကွာ၊ အခုအစီအစဉ်ကို ငါပြောမယ်"

"ဘာပြောမှာလဲ၊ အပြင်မှာ တွေ့မှာမဟုတ်ဘူး၊ အိမ်မှာတွေ့ မှာ၊ ငါ့ဘာသာ သူ့ကိုယုတ်မာမာ မင်းဝင်ပြီး ဟီးရိုးလုပ်လို့မရတော့ဘူး"

"ရတာပေါ့ကွ၊ ပိုတောင်လုပ်လို့ရသေးတယ်"

"ဘာ"

ထူးမောင် ထိတ်လန့်သွားသလို အော်သည်။ သူပြောမှာကို စိတ်ဝင်စားကာ အောင်ဇော်တောင် လှဲနေရာက ထထိုင်၏။

"မင်း အိပ်ဆေးနည်းနည်း ဆောင်သွားရမယ်"

"ဟင်. . . မင်း. . . မင်းဘာတွေ လုပ်ခိုင်းမလို့လဲ"

"သူက မင်းရောက်သွားရင် ကော်ဖီတို့ အအေးတို့တိုက်မှာပဲ၊ အဲဒီအချိန်ကျရင် ရမ့်သောက်ရင် သောက်မယ်လို့ပြောလိုက်၊ ငါကဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်လိုက်ရင် သူထသွားမယ်၊ အဲဒီအချိန်မှာ မင်းက သူသောက်မယ့် ခွက်ထဲကို ဆေးထည့်၊ သူအိပ်ချင်လာရင် အိပ်ခန်းထဲခေါ်သွားပြီး နည်းနည်းပါးပါး ဘာညာပေါ့ကွာ''

''အေး. . . ငါကလေ အထိုးခံရမယ့်အတူတူ ရမ့်ကိုတကယ် ဘာညာလုပ်လိုက်မှာနော် အရှုံးတော့မခံနိုင်ဘူး''

''ဘာကွ. . . ဟိတ်ကောင်''

ဒေါသဖြစ်သွားကာ ထူးမောင်အင်္ကျီရင်ဘတ်စကို သတိလက်လွှတ်ဆွဲဆောင့်လိုက်သည်။ ထူးမောင်မျက်ကလူးဆန်ပျာဖြင့် လက်လေးကာကြောက်လန့်သွား၏။

''ဆော. . . ဆောရီးရောင်ဝါရာ၊ ငါ. . . ငါအလကား စတာပါကွ၊ မင်းကလည်း စိတ်ကြီးပဲ''

''ဒီအချိန်မှာ ငါသွေးဆူလွယ်နေတယ်၊ ဖြစ်ချင်တာတွေ မဖြစ်ရလို့ သူများတွေအပေါ် ဒေါသတွေပုံချချင်နေတယ်၊ ဒါပေမဲ့ မင်းတို့အပေါ် ဒီလိုမလုပ်သင့်မှန်း ငါနည်းနည်းလွှတ်သွားတယ် ဆောရီး''

''ရပါတယ်ကွာ၊ ရမ့်အပေါ်ထားတဲ့ မင်းရဲ့အချစ်ကို ပိုသိလိုက်ရတာပေါ့၊ ရောင်ဝါ မင်းအချစ်မှန်ကန်ရင် မင်းတို့တစ်နေ့ပေါင်းဖက်ရမှာပါ''

''အဲလို ဆန္ဒရှိပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ မင်းတို့ကြောင့်ပဲ ငါအသက်ရှင်နိုင်မှာပါ၊ ငါမင်းတို့ကျေးဇူးကို မမေ့ပါဘူး''

''ငါတို့ကတော့ ဝဋ်ရှိသရွေ့ခံလိုက်ဦးမယ်လို့ တွေးထားပါတယ်၊ မင်းက သူရဲကောင်းဟီးရိုးသူတော်စင်ကြီး၊ ငါတို့ကတော့ သူယုတ်မာ၊ တိရစ္ဆာန်လောက်တောင် အဆင့်အတန်းမရှိတဲ့ကောင်တွေ ကောင်းကွာ''

ထူးမောင် အပြောင်အပျက်ပြောနေခြင်းမဟုတ်။ ရင်နာသလို မခံချိမခံသာ ပြောနေခြင်းဖြစ်သည်။



သူကနှစ်သိမ့်သလို ပြုံးပြပြီး ထူးမောင်ကို ဖက်ထားလိုက်သည်။ စိတ်ပါလက်ပါ ကူညီပါလို့ တောင်းပန်လိုက်ခြင်းပါ။

သူ့အတွက် အရေးကြီးနေသည့် အချိန်တွေပဲမဟုတ်လား။ သူဟာရမ့်အတွက်ဆို ဟီးရိုးလူစွမ်းကောင်း။ သူရဲကောင်းတစ်ယောက်အဖြစ် ရှိနေပေးမှဖြစ်မှာ။

ရမ့် မင်းအတွက် ကိုယ်ဖြစ်ပါရစေ။ သားလေးအတွက် ကိုယ်ဖြစ်ပါရစေ။ မိသားစုဘဝလေးကို ကိုယ်ပိုင်ဆိုင်ပါရစေ။ ကိုယ့်ကိုအခွင့်အရေးပေးပါရမ့်. . . ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဩော်. . . လာပါ ကိုအာကာမင်း။ ရမုံ စောစောကတည်းက စောင့်နေတာ"

"ဟုတ်ကဲ့ ကျွန်တော်ကားလမ်းပိတ်နေလို့ နည်းနည်းနောက်ကျသွားတာပါ"

"ပင်ပန်းလာမှာပဲ၊ အအေးသုံးဆောင်မလား ကော်ဖီသုံးဆောင်မလား . ကိုအာကာမင်း"

"ဟို. . . ရမုံသောက်မယ့်ဟာပဲ တစ်ခါတည်း လုပ်လိုက်ပါ၊ ကျွန်တော့်အတွက်ဆို တကူးတက သီးသန့်ကြီး မလုပ်ပါနဲ့"

"အင်း. . . ရမုံလည်း ကော်ဖီပဲသောက်လိုက်ပါ့မယ်"

ရမုံနောက်ခန်းဘက် ဝင်သွားသည်။ ထူးမောင်ရင်တွေ တလှပ်လှပ်တုန်နေမိသည်။ ဒီနောက်ပိုင်း လုပ်ရမှာတွေအတွက် စိတ်တွေလေးလံနေတာပါ။

ဒီခွင်ကိုရိုက်ဖို့အတွက် ဦးမင်းသွင်က သားလေးနှင့် အိမ်အကူတွေကို တမင်ခေါ်ထုတ်သွားတာပင်။ ရမုံကတော့ အပြင်ထွက်ရမှာကြောက်လန့်သွားလို့ အိမ်မှာကိုယ့်ကိုခေါ်တွေ့ခြင်း ဖြစ်နိုင်သည်။

"ကိုအာကာ ကော်ဖီသုံးဆောင်ပါဦး"



"ဟုတ်ကဲ့. . . ဖြည်းဖြည်းပေါ့"

ရမုံက ကော်ဖီခွက်ချပြီးမှ ဝင်ထိုင်သည်။ ထူးမောင် ဘယ်လိုစကားစရမှန်း မသိသေးပေ။ ရမုံ့မျက်နှာလေးကလည်း အရင်နေ့တွေလောက် အပြုံးပန်းတွေ ဝေမနေပါ။

"ရမုံ ဘာဖြစ်နေတာလဲဟင်၊ နေမကောင်းလို့များလား"

"လူက နေကောင်းပါတယ်၊ စိတ်က မကောင်းဖြစ်နေတာ"

"ဘာဖြစ်လို့လဲရမုံ"

"ဒီလိုပါပဲ၊ လူတွေက တော်တော်ကြောက်ဖို့ကောင်းတယ် တောင်းအားရင်ထည့် လူအားရင်ခနဲ့၊ လင်ယောကျ်ားမရှိတဲ့အတွက် အထင်သေးအမြင်သေးခံရတယ်ထင်ပါတယ်၊ အဲဒါကြောင့် ရမုံ့အိမ်ထောင်ပြုတော့မယ်"

"ဗျာ. . . အိမ်ထောင်ပြုမယ်၊ ဘယ်. . . ဘယ်သူနဲ့လဲ"

"ရှင်ပဲရမုံ့ကို လက်ထပ်ချင်တယ်လို့ ပြောထားတယ်လေ၊ မဟုတ်ဘူးလား"

"ဟင်. . . ဟုတ်. . . ဟုတ်ကဲ့ ပြောထားပါတယ်"

"ရှင်အဲလိုပြောထားတာကို ရမုံလက်ခံတယ်ဆိုတဲ့အကြောင်းခေါ်ပြောတာပါ"

"ဗျာ"

တခြားယောကျ်ားဆိုလျှင်တော့ ထခုန်မိမတတ် ဝမ်းသာသွားမလားမသိပေ။ ထူးမောင်မှာတော့ ကယောင်ချောက်ချားပင် ဖြစ်လို့နေသည်။ ဒါပေမဲ့လည်း ဒါကိုပင် အခွင့်အရေးယူပြီး အသုံးချရမှာမဟုတ်ပါလား။

"ရမုံ. . . ဟိုလေ"

"ဟုတ်ကဲ့ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို တကယ်လက်ထပ်မှာပါနော်"

"ဟုတ်ကဲ့‥ ဖေဖေ မသေခင် ရမ့်လက်ထပ်မှုဖြစ်မှာပါ၊ ရမ့်နဲ့သားအတွက် ဖေဖေစိတ်ချသွားမှဖြစ်မယ်"

"ဩော်‥ ဟုတ်ကဲ့ပါ ကျွန်တော်ဝမ်းသာလို့ပါ ရမ့်"

သူတို့စကားပြောနေဆဲမှာ ရမ့်ဖုန်းသံလေးက မြည်လာသည်။ ရမ့်က ဖုန်းနံပါတ်ကိုကြည့်၍

"ခဏလေးနော် ကိုအာကာ"

ခွင့်တောင်းပြီး ရမ့်အပြင်ထွက်ကာ စကားပြောနေသည်။ ထူးမောင်မှာ ပါလာသောဆေးကို ရမ့်ကော်ဖီခွက်ထဲကိုထည့်ဖို့ ချွေးတွေပြန်ကာ ခြေတုန်လက်တုန် ဖြစ်နေမိသည်။ ဒါပေမဲ့လည်း အစီအစဉ်အရ မလုပ်လို့လည်းမဖြစ်ပါ။

ထူးမောင်အရဲကိုးကာ ပါလာသောဆေးမှုန့်လေးကို ရမ့်ကော်ဖီပန်းကန်ထဲထည့်၍ ဇွန်းလေးနှင့် မွှေပေးထားလိုက်သည်။ စက္ကူလေးကို လုံးချေကာ ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်ပြီး ရမ့်ပြန်ဝင်လာသည့်အခါမှာ ဣန္ဒြေမပျက်ပင် နေလိုက်သည်။

"ဘယ်သူ့ဆီကဖုန်းလဲ ရမ့်"

"ဩော်‥ အသိတစ်ယောက်ပါ၊ အိမ်နားကို ရောက်နေလို့ ထွက်တွေ့ပေးပါတဲ့ သားကိုတွေ့ချင်လို့ ခေါ်ထွက်လာပါလို့ ပြောတာ"

"ကလေးရဲ့အဖေလား"

နေရောင်ဝါဖြစ်နိုင်တာ သိနေတာမို့ မေးလိုက်ခြင်းပင်။ ရမ့်က ကော်ဖီကို ငုံသောက်ပြီး

"အင်း‥ ဆိုပါတော့ ဒါပေမဲ့ ရမ့်နဲ့မဆိုင်တဲ့သူပါ"

"ဟုတ်ကဲ့‥ အန်ကယ်လည်း ပြောပြထားဖူးပါတယ်၊ ကျွန်တော် အဲဒါကို စိတ်ထဲမရှိပါဘူး၊ ကျွန်တော်နဲ့ လက်ထပ်ပြီး အဆင်ပြေပြေ နေသွားနိုင်ရင် ရပါပြီ"



"ဟုတ်ကဲ့‥ အင်း အဲလိုပဲ ဖြစ်မှာပါ၊ အိုး‥"

"ဘာ‥ ဘာဖြစ်တာလဲ ရမ့်"

"ခေါင်းထဲမှာ ရိုပ်ခနဲမူးပြီး မျက်လုံးတွေလေးလာလို့ပါ"

"ဟင်‥ ရမ့် အိပ်ချင်လို့လား"

"မဟုတ်ပါဘူး၊ ရမ့် ဒီအချိန်နဲ့ မအိပ်တတ်ပါဘူး၊ ညဦးနက်မှ အိပ်နေကျပါ၊ ဒါပေမဲ့ အခုဘာယ်လိုဖြစ်တာလဲ မသိဘူး"

ရမ့်ခေါင်းကို ခါကြည့်ပြီး မျက်လုံးကို အတင်းဖြဲကြည့်နေမိသည်။ ဘယ်လိုကြီးဖြစ်တာလဲ။

"ရမ့် ကော်ဖီထပ်သောက်လိုက်ပါလား။ ကော်ဖီက မအိပ်ချင်ဘူးလေ"

"အင်း"

ရမ့်ကို ကော်ဖီခွက်ယူပေးပြီး ထပ်သောက်ခိုင်းလိုက်သည်။

ရမ့်က နည်းနည်းကျန်သော ကော်ဖီကို ငွပ်ခနဲ မော့သောက်ချလိုက်သည်။ ပြီးမှခေါင်းကိုဖိကာ

"အား‥ ကော်ဖီသောက်မှ ပိုဆိုးလာသလိုပဲ၊ ခေါင်းတောင် ထူချင်တော့ဘူး"

"ရမ့်အိပ်ချင်ရင် ကျွန်တော် အခန်းထဲလိုက်ပို့မယ်လေ"

"အင်း‥ ဟုတ်ကဲ့"

အခန်းထဲမသွားလျှင် ဒီဆိုဖာခုံမှာပဲ ပစ်လှဲချမိတော့မှာမို့ အာကာမင်းတွဲပို့သည့်အတိုင်း ဒရွတ်တိုက်လုနီးပါး လိုက်လာခဲ့ရသည်။

"ရမ့်"

"ဘာ‥ ဘာလုပ်တာလဲ ဖယ်ပါ"

အာကာမင်းပုံစံက မူမမှန်တော့ပါ။ သူမကိုတွဲတာ ဖက်တာ

www.burmeseclassic.com

www.burmeseclassic.com



ရဲတင်းလာပြီး လက်ရဲဇက်ရဲ ရှိလာတာမို့ သူမရှုန်းကန်လိုက်သည်။ ဒါတွေ
သူမကိုယ်က လှုပ်ပင်မလှုပ်နိုင်တော့ပါ။ ဘာကြောင့် ဒီလိုဖြစ်သွားတာလဲ
သူမကိုယ်သူမ နားမလည်နိုင်။

အိပ်ချင်စိတ်က ထိန်းမနိုင်သိမ်းမရနှင့်မို့ သူမအိပ်ဆေး အခတ်
ခံလိုက်ရတာများလား။ ဒါ. . ဒါဆို အာကာမင်းလည်း ယုတ်မာဖို့ အကြံ
အစည်နှင့်ပေါ့။

"ဟိတ်ကောင်. . လူယုတ်မာ"

"ဖုန်း. . ခွပ်"

"ဟင်"

ဒီအသံ. . ဒီအဖြစ်အပျက်။ ရောင်ဝါ. . နေရောင်ဝါလား။ နေ
ရောင်ဝါနှင့် ခုနကပဲ ဖုန်းပြောလိုက်ရသေးတာ။

သူ. . သူလာပြီး ကယ်တင်ပြန်တာလား။

ဘာလဲ. . ဘာတွေလဲ။

သူမမျက်လုံးတွေ အသိစိတ်တွေ မှောင်အတိကျသွားကာ. .

❖ ❖ ❖

# အခန်း (၁၅)

"ဟင်. . နင်. . နင်ဘာလုပ်တာလဲ၊ ငါ့အခန်းထဲ ဘာလို့
ရောက်နေတာလဲ"

"ရမ့်"

"နင်ထွက်သွား၊ အခုထွက်သွား၊ ဘာကိစ္စ ဒီအိမ်ထဲရောက်
တာလဲ၊ ဒီအခန်းထဲရောက်နေရတာလဲ၊ ထွက်သွား အခုထွက်သွားစမ်း
ဟ"

ရမ့် ခါးခါးသီးသီးအော်ဟစ်မောင်းထုတ်သည်။ သူထွက်မသွား
သေးပါ။ ရမ့် ခုတင်နားတိုးကပ်လာလျက်. .

"ကိုယ်ဘာကြောင့် ဒီအိမ်ထဲရောက်တယ်၊ မင်းအခန်းထဲ
ရောက်ရတယ်ဆိုတာ မင်းမသိဘူးလား။ မင်းနည်းနည်းလေးမှ မမှတ်မိ
တော့ဘူးလား"

"ဘာမှတ်မိရမှာလဲ၊ ငါက ဘာကိုမှတ်မိရမှာလဲ"

"မင်းရဲ့ညီသည်တော်ကြီး၊ မင်းရဲ့ကော်ဖီခွက်ထဲ အိပ်ဆေး
ထည့်ပြီး မင်းကိုစော်ကားဖို့ ကြံစည်တာလေ"

"ဘာ"

မူးရိပ်မပြေသေးသော နားထင်နှစ်ဖက်ကို လက်ညှိုးနှင့်လက်မ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခု ပူးညှပ်ဖိနှိပ်ထားလျက် စဉ်းစားကြည့်ရသည်။

ဟုတ်ပေသားပဲ။ သူမညက ဟန်မဆောင်နိုင်အောင် အိပ်ချင်နေခဲ့သည်။ သူမ နေရောင်ဝါ့ဆီကဖုန်းလာလို့ ထပြောချိန်မှာ ကော်ဖီခွက်ထဲ အိပ်ဆေးခတ်ခံလိုက်ရတာဖြစ်မည်။

ယုတ်မာလိုက်သည့်လူ။ လက်ထပ်ပါမယ်လို့ ပြောထားတာတောင် ဒီအခွင့်အရေးမျိုးရအောင် ယူချင်သေးသတဲ့လား။

"အဲဒီလူ. . . အဲဒီလူ ဘယ်ရောက်သွားလဲ"

"ကိုယ်အချိန်မီရောက်လာလို့သာပေါ့၊ ကိုယ်ကသားလေးကို တွေ့ချင်တယ်လို့ ဖုန်းဆက်တာကို မင်းကမရှိဘူးပြောတော့ မင်းလိမ်ညာတယ်ထင်တာ၊ ညနေဘက်အချိန်ကြီး သားကဘယ်သွားမှာလဲ ရှိမှာပဲဆိုပြီး ကိုယ်အိမ်ထဲအရဲစွန့်ဝင်လာခဲ့တာ၊ အိမ်ထဲရောက်တော့ ဘယ်သူ့ကိုမှမတွေ့ဘူး၊ မင်းက ဧည့်သည်ရောက်နေတယ်ဆိုပြီး ကိုယ့်ကိုစကားလည်း အမြန်ဖြတ်သွားသေးတယ်"

"ဟုတ်တယ်လေ၊ ဧည့်သည်ရောက်လို့ ရောက်တယ်ပြောတာ"

"ကိုယ်လည်း သူ့ဖိနပ်ကိုအပြင်မှာ တွေ့ပါတယ်၊ ဒါပေမဲ့ ဧည့်ခန်းထဲမှာ ကော်ဖီခွက်တွေပဲတွေ့ပြီး လူတွေကမရှိဘူး။ အဲဒါနဲ့ ကိုယ်အသံပေးပြီး အော်ခေါ်ကြည့်သေးတယ်၊ တခြားကတိတ်ဆိတ်နေပေမယ့် မင်းအခန်းကအသံဗလံတွေ ကြားရတယ်၊ အခန်းတံခါးကို ဖွင့်ကြည့်တော့ မင်းရေတိမ်နစ်တော့မယ့်ဆဲဆဲပဲ၊ အဲဒါနဲ့ အဲဒီလူကို ကိုယ်ထိုးကြိတ်ပြီး မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်တယ်၊ အန်ကယ်လာရင် အဲဒါလူကို ရဲစခန်းပို့ဖို့"

"ဟင်. . . အဲဒီလူကို ရဲစခန်းပို့လိုက်ပြီလား"

ရမ့်အထိတ်တလန့်မေးတာကို နေရောင်ဝါ ခေါင်းယမ်းလိုက်ကာ



"ရဲစခန်းပို့လို့ ရှင်းရရင် အန်ကယ်က မင်းအရှက်ရမှာစိုးလို့ဆိုပြီး ရဲမတိုင်နိုင်ဘူး"

"တော်ပါသေးရဲ့၊ လူတွေက အိမ်ပေါ်တက်စော်ကားခံရတယ်လို့ ထင်မှာမဟုတ်ဘူး။ အိမ်ထဲတောင်ခေါ်သွင်းသေးတာ အလိုတူ အလိုပါပဲပြောမှာ၊ ဒီလူယုတ်မာလိုက်တာ၊ လက်ထပ်ပါမယ်လို့ ပြောတာတောင် ဒီလိုမျိုးကြံစည်ရက်သေးတယ်၊ ယောကျ်ားတွေက အခွင့်အရေးယူ၊ ဒီလိုယုတ်မာရမှ အရသာတွေ့ကြတာထင်တယ်၊ အရမ်းကိုအောက်တန်းကျတဲ့သူ"

"မင်းအခု ယောကျ်ားတွေအကြောင်း သိပြီလား၊ မင်းယုံကြည်ရ အားကိုးရမယ်လို့ ထင်တဲ့လူတွေရဲ့အကြောင်းကို သိပြီလား ရမ့်"

"အဲဒါနင့်ကြောင့်"

"ဘာ. . . ရမ့်"

စောင်တွေကို တွန်းခွာချက် ခုတင်ပေါ်ကဆင်းပြီး ရမ့်ပြောလိုက်သည့်စကားကြောင့် နေရောင်ဝါအံ့အားသင့်သွားရသည်။

ရမ့်က သူ့ကိုမုန်းတီးစက်ဆုပ်စွာကြည့်လျက်

"နင့်ကြောင့်သာမဟုတ်ရင် ငါဒီလို တန်ဖိုးမဲ့အထင်သေးစော်ကားခံရမှာမဟုတ်ဘူး ရောင်ဝါ၊ နင့်ကြောင့် အဖေမပေါ်တဲ့ ကလေးမွေးလိုက်ရလို့ လူတွေအထင်သေးပြီး ငါ့ကိုဒီလိုဆက်ဆံကြတာ၊ ငါနင့်ကို ပိုမုန်းတယ် ပိုနာကြည်းတယ် သိလား"

"ကိုယ် မင်းအပေါ်ဘာတွေပဲ လုပ်ပေးပေး မင်းအကောင်းမမြင်တော့ဘူး။ အမုန်းကိုမြင်နိုင်တော့ဘူးလား ရမ့်၊ ကိုယ် ဘာတွေမှားလို့လဲ၊ ကိုယ့်အပြစ်တွေ ဘယ်လောက်တောင်ကြီးလို့လဲ၊ မင်းမှာ ရင်သွေးလေးကျန်နေခဲ့တာ ကိုယ်မသိဘူး၊ မင်းလည်း မပြောခဲ့ဘူး၊ ကိုယ်က သိရဲ့နဲ့ တာဝန်မဲ့ခဲ့တာမှုလား"

www.burmeseclassic.com

www.burmeseclassic.com



"မှားယွင်းမှုအပေါ်မှာ တာဝန်မဲ့သွားတာတော့ နင်ဝန်ခံပါ ရောင်ဝါ၊ နင်က ငါ့ကိုထားခဲ့တာပါ"

"ကိုယ်ခေါ်တာကိုလည်း မင်းမလိုက်ခဲ့တာမဟုတ်လား ရမုံ၊ နှစ်ယောက်လုံးရဲ့အမှားပါ၊ ကိုယ့်ကိုပဲ တစ်ဖက်သတ်အပြစ်တွေ ပုံချနေတာ မင်းမတရားတော့ဘူးထင်တယ်"

"မတရားဘူးထင်ရင် နင်ငါ့အနားကို ရောက်ရောက်မလာခဲ့နဲ့လေ ဝေးဝေးမှာနေ၊ သားနဲ့တွေ့ချင်ပါတယ်ဆိုတဲ့စကားလည်း မပြောနဲ့၊ အဲဒါ အဖေမပေါ်ဘဲ ငါမွေးထားတာ၊ နင့်သားမဟုတ်ဘူး ငါ့သား"

"ရမုံရယ်"

သူတကယ်ကို စိတ်ဓာတ်ကျသွားခဲ့လေသည်။ အပြစ်ကိုပြင်ဆင်ခွင့်လည်းမပေး။ ဖြည့်ဆည်းမှုတွေကိုလည်း အကောင်းမထင်။

သူ့ရဲ့မှားယွင်းမှုဟာ သူမအတွက် အမုန်းတွေပဲ ဖြစ်စေခဲ့သလား။ သူမရှေ့မှာ အံကြိတ်ထားရင်းနှင့် သူမျက်ရည်တွေ ဝိုးဝိုးဝေါက်ဝေါက်ကျလာခဲ့သည်။

သူ့ကို သူမမျက်တောင်တဖျားခတ်မှုကြည့်နေရင်းနှင့် မျက်နှာလွှဲသွားတာ တွေ့လိုက်ရ၏။

"မင်းမုန်းချင်သလောက်သာ ဆက်မုန်းပါတော့ရမုံ၊ ကိုယ်မင်းကို အရှုံးပေးပါပြီ၊ လက်လျှော့လိုက်ပါပြီ၊ မင်းဆီက အချစ်တွေလည်း ကိုယ်မမျှော်လင့်တော့ပါဘူး။ အဝေးကနေမျှော်ကြည့်ဖို့ အဲဒီအခွင့်အရေးလေးတောင်မပေးဘူးဆိုရင်လည်း ကိုယ်မင်းရဲ့မမြင်ကွယ်ရာမှာ နေပေးပါ့မယ်၊ ကိုယ်က မင်းအတွက် အပိုလူဖြစ်မှန်း အခုသေသေချာချာသိပါပြီ ရမုံ၊ သားလေးအတွက် အဖေမဖြစ်ထိုက်တာ ကိုယ်ဝမ်းအနည်းဆုံးပါ၊ အပြစ်ကိုဆေးကြောခွင့်မရတာလည်း ရင်နာရပါတယ်၊ ဒီဘဝအတွက် အခြေအနေမပေးတော့လည်း နောင်ဘဝပေါ့ ရမုံရယ်"



သူအခန်းထဲက ထွက်ခဲ့လိုက်သည်။ အခုည နှစ်နာရီ၊ သူမအိပ်ရာနိုးလာသည်အထိ သူဘေးနားမှာထိုင်ပြီး စောင့်နေခဲ့တာပါ။ ဦးမင်းသွင်ရဲ့ ခွင့်ပြုချက်ကြောင့်ဆိုပေမယ့် သူကိုယ်တိုင်က သူမကို စိတ်မချနိုင်ခဲ့တာဖြစ်သည်။

သူမရဲ့ စကားလုံးပြင်းထန်ခြင်းတွေကို သူမခံစားနိုင်တာ မဟုတ်ပါ။ ဥပေက္ခာနှင့် စိမ်းကားခြင်းတွေအတွက် ရင်ဘတ်ထဲ ခံနိုင်ရည်မရှိတော့ခြင်းပင်။

သူ့ကိုမမြင်ရလို့ သူမစိတ်သက်သာမည်ဆိုလျှင် ရှိပါစေတော့။ နောင်ဘဝအတွက်တော့ သူဆုတောင်းနေဖြစ်ဦးမှာပါ။ သားလေးနှင့်အတူတူ မိသားစုဘဝလေးနှင့် နေရပါစေလို့ပေါ့။

အချစ်ဆိုတာ တမြေ့မြေ့လောင်ကျွမ်းစေသည့် မီးတစ်စမှန်း သူမသိခဲ့။ ငြိတွယ်မှုတွေက လောင်မြိုက်စေသည့် အပူမှန်းလည်း သူမသိခဲ့။

မှားယွင်းမှုဟာ ဒီလောက်တောင်အပြစ်ကြီးခဲ့သလား။ မင်းမမှားပါဘူးရမုံ။ ကိုယ့်အပေါ် မုန်းနေရင်းနဲ့ မင်းပူလောင်မှု ကင်းပါစေ၊ ကိုယ့်အပေါ်နာကြည်းနေရင်းနဲ့ မင်းရင်တွေအေးချမ်းပါစေ ရမုံရယ်...

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၆)

"သမီးမှားတယ်၊ သိဝ်ကိုမှားတယ် သမီးရယ်၊ အပြစ်ရှိတဲ့သူက အပြစ်ကိုဝန်ခံတယ်၊ တောင်းပန်တယ်၊ အပြစ်ကိုဆေးကြောခွင့်ရဖို့ ဖြည် ဆည်းပေးဆပ်တယ်၊ ဒါတောင် မကျေအေးနိုင်ဘဲ မုန်းနေ နာကြည်းနေ ဆဲပဲဆိုတော့ သမီးတစ်ဖက်စွန်း ရောက်လွန်းမနေဘူးလား"

"သူကမှန်ပြီး သမီးကမှားနေလို့လားဖေဖေ၊ သူသမီးအနားကို ရောက်ရောက်လာတာ သူမရိုးသားတာဘဲ"

"သူပေးဆပ်ပါ့မယ် စောင့်ရှောက်ပါ့မယ်လို့ ပြောထားတာဘဲ သမီး၊ သမီးရဲ့အရှက်နဲ့သိက္ခာကို သူပြန်ကာကွယ်ပေးနေတာပါ၊ သူ့အပြစ် တွေကို သူဆေးကြောနေတာပါ၊ ဒါကိုဘာလို့ သမီးအခကောင်းမမြင်နိုင် တာလဲ၊ ဟိုလူတွေလို သမီးကိုစော်ကားနေတာ၊ အခွင့်အရေးယူနေတာ မှ မဟုတ်တာ၊ ဒါကို သမီးနားလည်ရမှာပေါ့"

ရှုံ့မျက်ရည်စက်လက်နှင့် သွက်သွက်ခါအောင် ခေါင်းယမ်း သည်။ သူ့အပြစ်တွေဒီလောက်နှင့်ကျေပြီထင်ပြီး လက်လျှော့သွားတာ သူ့ကိုသူမ ဘာလို့ခွင့်လွှတ်ရမှာလဲ။

"သူက သူလုပ်ထားတဲ့အပြစ်တွေကို နည်းနည်းလေးလို့ ထင် နေတာဖေဖေ၊ ဒီလောက်လုပ်ပေးရုံနဲ့ သူ့အပြစ်တွေကျေပြီလို့ ထင်နေတာ



သမီးခံစားခဲ့ရတာ ရင်ဆိုင်ခဲ့ရတာ နည်းနည်းနောနောလား။ ပတ်ဝန်း ကျင်အလယ်မှာ လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ကြီးတကားကားနဲ့ ဖေးကူ တွဲမယ့်သူမရှိဘဲ အရှက်သိက္ခာမဲ့နေခဲ့ရတာ၊ တော်ရုံသိမ်ငယ်မှုလား။ ဘာ တဲ့..အရှုံးပေးပါပြီ လက်လျှော့လိုက်ပါပြီ..ဟားဟား ရယ်ဖို့တောင် ကောင်းသေးတယ်၊ ပေးဆပ်ချင်သူကြီးတဲ့လား၊ ဒီရင်ထဲက အနာမပြေ သေးဘူး ဖေဖေ၊ အဲဒါကို သူလက်လျှော့သွားတာ၊ မမျှော်လင့်တော့ပါဘူး တဲ့ သူပြောသွားတယ်"

"သမီး"

"ဘာလုပ်ရမှာလဲ၊ ဆွဲထားရမှာလား၊ တားရမှာလား၊ ဒဏ်ရာ နဲ့လူကနာပါတယ်မအော်ရဘဲ၊ ရိုက်သတ်တဲ့လူက သွေးကိုမြင်လို့ကြောက် လန့်သွားသတဲ့လား။ ဖေဖေ..သမီးက ဖေဖေ့သမီးပါ၊ ဝေဒနာတွေနဲ့ပါ ဒဏ်ရာတွေနဲ့ပါ၊ ပေါက်ကွဲခွင့်ချေပခွင့်မရှိဘူးလား။ သမီးခံစားနေရတာ တွေ၊ ခံစားခဲ့ရတာတွေ ဖေဖေအသိဆုံးပါ၊ အနည်းဆုံးအဲဒီနာကျင်မှုတွေ အတွက် အံမယ်လေးတော့ တ ပါရစေ"

"သမီးရယ်"

ဝေဒနာကိုမသိခဲ့လို့ မဟုတ်ပါ။ နာကျင်မှုတွေကို ကိုယ်ချင်း စာမပေးတာလည်းမဟုတ်ပါ။ အပြစ်ရှိသူက တောင်းပန်နေရင် ကျေအေး ရမှာပဲမဟုတ်လား။

သက်ပြင်းရှိုက်ရင်း မျက်ရည်စက်ပါကျလာ၏။ သမီးမျက်ရည် တွေက ရင်ကိုပူလောင်စေလို့ပဲဖြစ်မည်။

"ဖေဖေတစ်ခုတော့ ပြောပါရစေသမီးရယ်၊ အာဃာတနဲ့အ မုန်းက လူကိုအလောင်မြိုက်ဆုံး ဒုက္ခပေးတတ်တဲ့အရာပါ၊ နည်းနည်း လေးသမီးစိတ်ကို လျှော့ကြည့်ပါ၊ နေရောင်ဝါက သမီးနဲ့မြေးလေးအတွက် မိသားစုဝင်ဖြစ်ဖို့ အသင့်တော်ဆုံးပါပဲ၊ တခြားသူတွေနဲ့ ဆက်ဆံကြည့်

www.burmeseclassic.com

www.burmeseclassic.com



တာ အဆင်ပြေခဲ့လို့လား သမီး၊ ဘဝတစ်ခုလုံးအတွက် ရွေးချယ်မှာ အရွေးမမှားဖို့ အရေးကြီးပါတယ်"

"လူတိုင်း အခွင့်အရေးသမား သစ္စာမဲ့တတ်ကြသူတွေချည်းပဲလားဖေဖေ၊ သူတို့တွေ ဘာကြောင့်ဒီလိုစိတ်တွေရှိကြတာလဲ၊ အဲဒါသူ့ကြောင့် သမီးအထင်သေးခံရတာ၊ အစော်ကားခံရတာ၊ ယောကျ်ားတစ်ယောက်နဲ့မှားယွင်းဖူးတဲ့မိန်းမပဲဆိုပြီး အထင်မကြီးကြတော့တာ"

"အဲဒါ ဘယ်သူ့မှာ အပြစ်ရှိတာလဲ"

"ဖေဖေ"

"သမီးတို့တစ်ဦးနဲ့တစ်ဦး ချစ်ကြလို့ နှစ်ဦးသဘောတူမှားယွင်းခဲ့ကြတာမဟုတ်လား၊ သူတစ်ယောက်တည်း အပြစ်ပုံချလို့ မဖြစ်ဘူးလေ သမီး၊ အခုဖြစ်ပျက်နေတာတွေဟာ လက်မထပ်ခင် အချစ်နယ်လွန်ခဲ့တဲ့ အကျိုးဆက်ပဲ၊ အခုလည်း သူသာယောကျ်ားမပီသရင် တာဝန်မဲ့နေလို့ရတာပဲ သမီးရယ်၊ အပြစ်ကိုဝန်မခံဘဲ ရှောင်ပြေးနေချင်လို့လည်းဖြစ်တာပဲ၊ ဒါဆိုရင် သမီးသူမျှားစော်ကားခံရတဲ့ဘဝမှာပဲ နေရတော့မှာ"

ရှုံ့တွေဝေသွားလျက် နှုတ်ခမ်းလေးကို အံကြိတ်ဖိလိုက်သည်။ သူမ မသိလို့လည်းမဟုတ်ပါ။ သူမဒုက္ခနှင့်ကြုံတိုင်း သူရောက်လာလျက် သူမကို လူစွမ်းကောင်းလုပ်ကာ ကယ်တင်ပေးခဲ့သည်။ တစ်သက်လုံး အပြစ်ကြွေးတွေကျေအောင် ဆပ်ပါရစေဆိုပြီး ခဏခဏတောင်းပန်၏။

ဒါပေမဲ့ သူမခံစားခဲ့ရသည်က လွယ်လွယ်ကျေနပ်ခွင့်လွှတ်လို့ရသည့် ကိစ္စတွေမဟုတ်ပါ။ သူကပဲ နောက်ဆုတ်အရှုံးပေးတော့မည်တဲ့လား။ သူမပါးပြင်ပေါ်က မျက်ရည်စက်တွေကို လက်ဖမိုးဖြင့်ခပ်ကြမ်းကြမ်း ပွတ်သပ်သုတ်ပစ်လိုက်သည်။

"သမီး လက်ထပ်မှာပါ ဖေဖေ"

"ဘာ... ဘာပြောတယ်သမီး၊ ဘယ်... ဘယ်သူနဲ့လဲ"



"ကျော်စံဘွား"

"ဟင်... ကျော်စံဘွား၊ အဲဒါဘယ်သူလဲ"

"နိုင်ငံခြားမှာ ကျောင်းတက်နေစဉ်တုန်းက ခင်ခဲ့သိခဲ့တဲ့လူတစ်ယောက်ပါ၊ အခု သူမြန်မာပြည်ကို ရောက်နေတယ်၊ ဒီမှာလုပ်ငန်းပြန်လုပ်မှာတဲ့၊ သမီးအကြောင်း အစအဆုံးသိတဲ့လူပဲဆိုပါတော့"

"သမီးရယ်၊ သမီးအကြောင်းသိတဲ့လူဆိုရင် ဟိုကောင်တွေလိုပဲ သမီးကို အထင်သေးဦးမှာပေါ့"

"သူက လူကြီးလူကောင်းတစ်ယောက်ပါ၊ လူကုံထံအသိုက်အဝန်းကပါ၊ မကောင်းတာ မဟုတ်တာလုပ်မယ့်လူမျိုး မဟုတ်ပါဘူး"

"ဟိုကောင်တွေလည်း လူကြီးလူကောင်း လုပ်ငန်းလုပ်နေတဲ့ လုပ်ငန်းရှင်တွေပဲလေ၊ ဒါပေမဲ့ ဘယ်ယောကျ်ားမဆို တစ်ခုလပ် တစ်လင်ကွာ၊ မုဆိုးမ၊ ယောကျ်ားတစ်ယောက်နဲ့ငြိစွန်းဖူးတဲ့ မိန်းကလေးဆိုရင် ဘယ်သူမှ အထင်မကြီးတတ်ကြဘူး။ စမ်းသပ်ကြည့်ချင်ကြမယ်၊ ရရင်အမြတ်၊ မရရင် အရင်းပဲလို့ တွက်တတ်ကြတယ်၊ အဲဒါကြောင့် မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကိုယ် ထိန်းထိန်းသိမ်းသိမ်း ဖိဖိစီးစီး ဗိုင်းကောင်းကျောက်ဖိ နေတတ်ရတယ်လို့ ပြောတာပဲသမီး"

"အဲဒီစကားအတွက် နောင်တရပေမယ့် နောက်ကျသွားပါတယ် ဖေဖေ၊ အခုဖေဖေမသေခင် သမီးအတွက် စိတ်ချလက်ချဖြစ်အောင်၊ နောက်ဆံမတင်းအောင် သမီးကြိုးစားပါ့မယ်"

"အဲဒီကျော်စံဘွားဆိုတဲ့ လူအကြောင်း သမီးဘယ်လောက်များ သိလို့လဲ သမီးရယ်"

"အရင်ကတည်းက သမီးကို စိတ်ဝင်စားတဲ့သူပါ၊ သမီးက ရှောင် ဝါနဲ့ချစ်သူတွေဖြစ်နေလို့ လက်မခံခဲ့တာ၊ အခုသူက အဲဒါတွေကို နားလည်ပေးပါတယ်လို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ယုံကြည်လွယ်ပြန်ပြီလားကွယ်"

"သမီးသူ့ကို ဘာမှမပြောရသေးပါဘူး၊ လက်ခံဖို့ လက်မခံဖို့ဆိုတာ သူ့ကိုလေ့လာကြည့်ဦးမှာပါ၊ ယုံကြည်ရတဲ့သူတွေက မယုံကြည်ရဘဲ မယုံကြည်ရတဲ့သူတွေက ယုံကြည်ရတဲ့သူမျိုး ဖြစ်ချင်ဖြစ်လာတတ်တယ်မဟုတ်လား"

"သမီးရယ်"

သမီးကို ပြောဆိုဆုံးမဖျောင်းဖျလို့ မရတော့တာမို့ စိတ်တွေမောပန်းကာ အသက်ရှူတွေကျပ်လာခဲ့သည်။ ကိုယ်သေဖို့ဖြစ်လာတာက သမီးကိုပိုပင်ပန်းစေခဲ့ပြီလား။ ရွေးချယ်မှုမှားမှ သမီးလေးတစ်သက်လုံး နောင်တရရတော့မှာပါ။ ဒါကို သမီးလေးဘာကြောင့် နားမလည်ရတာလဲ။

နေရောင်ဝါ့အပေါ် နာကြည်းမှုတွေ အမုန်းတွေဖုံးလွှမ်းနေလို့ပဲလား။ ဒါတွေ ကွာကျပြီး အတွင်းစိတ်ပေါ်ဖို့ဆိုတာ. . .။

✤ ✤ ✤

## အခန်း (၃၇)

"အဲဒါမဖြစ်ဘူး ရောင်ဝါ၊ လုံးဝမဖြစ်ဘူး၊ လက်လျှော့မယ်နောက်ဆုတ်မယ်ဆိုတာ မင်းလုံးဝ ယောက်ျားမပီသတာဘဲ"

"ဟုတ်သားပဲ ရောင်ဝါ၊ ငါတို့က မင်းအတွက် အသားအနာခံဒဏ်ရာအရခံပြီး ပါရမီဖြည့်ခဲ့ကြတာပါ၊ မင်းက လွယ်လွယ်နောက်ဆုတ်မယ်ဆိုတော့ ငါတို့စေတနာမေတ္တာကိုပါ စော်ကားလိုက်တာပဲ"

အောင်ဇော်နှင့် ထူးမောင် ကရုဏာဒေါသောနှင့်ပြောနေတာကို သူစိတ်မဆိုးမိပေ။ ရင်မှာ မဆုံသောဝေဒနာတွေ တနင့်တပိုးနှင့် သက်ပြင်းတွေ လေးကန်စွာထွက်လာကာ

"ငါကရော လွယ်လွယ်လက်လျှော့ချင်ပါ့မလားကွာ၊ ငါတို့ ဒီလောက်ကြိုးစားခဲ့ကြတာတောင် ရမုံအသိအမှတ်ပြုလို့လား၊ သူ့ဆီက အချစ်တွေ ဒီတစ်သက် ပြန်မရနိုင်တော့လို့ပါ"

"အဲဒါနဲ့ပဲ လက်လျှော့လိုက်တော့မှာလား၊ ယောက်ျားပဲ၊ ရအောင်ဖြစ်အောင် ကြိုးစားရမှာပေါ့၊ ဦးမင်းသွင်ကိုယ်တိုင်က အားပေးခဲ့တာ၊ ငါတို့အတွက် လူကြီးလူကောင်း အဝတ်အစားတွေပြင်ဆင်ပေးတယ်၊ သူ့သမီးအထင်ကြီးလောက်မယ့် ကားအကောင်းစားကြီးတွေ ငှားပေးတယ်၊ မင်းကိုဆိုရင် လုပ်ငန်းတွေလွှဲပေးဖို့အထိ ရည်ရွယ်ထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူ့အပြစ်သူပေးဆပ်နေတာလို့ ယူဆလို့ရသလို သူ့သမီးနဲ့ သူ့မြေး အတွက် သူ့ရဲ့နောက်ဆုံးအချိန်တွေမှာ ဖခင်ပီပီသသ တာဝန်ကျေသွား ချင်တာ၊ နောက်ဆံမတင်း စိတ်ချလက်ချ ထားသွားချင်တာကြောင့်လို့ လည်း ယူဆလို့ရတယ်၊ ဒါတောင် မင်းက သူ့အတွက် ဘာမှပြန်လုပ် မပေးတော့ဘူးလား"

"ငါလုပ်မပေးချင်တာမဟုတ်ဘူး၊ လုပ်ပေးဖို့ အခွင့်အရေးမရှိ တော့တာ၊ ရမ်မံရိုက်လည်း ခံနိုင်တယ်၊ ပိုးစိုးပက်စက်ပြောလည်း ခံနိုင် ပါတယ်၊ ဒါပေမဲ့ သူကငါ့အတွက် တစ်သက်စာအမုန်းတွေပဲ ရှိတော့ တယ်၊ ငါ့အတွက်နဲ့ သူ့ပင်ပန်းမှာစိုးတာပါ၊ ငါ့ကြောင့် သူ့စိတ်ဖိစီးမှုများ စိတ်ဆင်းရဲမှာပဲ စိုးရိမ်တာပါ"

"တကယ်ရော ခွန့်လွှတ်နိုင်ပြီလား မောင်ရောင်ဝါ"

"ဟင်. . . အန်ကယ်"

"အန်ကယ်"

ဦးမင်းသွင်ရောင်လာ၍ သူတို့သုံးယောက် အံ့အားသင့်နေကြ သည်။ ဦးမင်းသွင် မျက်နှာမကောင်းပါ။ မျက်နှာလေးတောင် အတော် ချောင်ကျသွားသည်ဟု ထင်မိသည်။

"အန်ကယ် ထိုင်ပါ"

ထိုင်ဖို့နေရာပေးကာ ကျန်းမာရေးမှ ကောင်းရဲ့လားဟု စိုးရိမ် မိသေး၏။ ဦးမင်းသွင်အသံတွေလည်း တုန်ပျာနေသည်မဟုတ်လား။

"အန်ကယ် နေရောကောင်းရဲ့လားဟင်၊ ဘာတွေဖြစ်လာလို့ လဲဗျာ"

"အန်ကယ်ညကတည်းက တစ်ညလုံး တစ်မှေးမှ အိပ်မပျော် ခဲ့သေးတာ မောင်ရောင်ဝါ၊ မင်းမပြန်ခင်ကရော ပြန်သွားပြီးတဲ့အချိန် ကရောပေါ့၊ မနက်က သမီးပြောတဲ့စကားကြောင့် ပိုပြီးရင်ထဲမကောင်း



ဖြစ်ရတယ်"

"ဗျာ. . . ဘာပြောလိုက်လို့လဲ အန်ကယ်"

"ကျော်စံဘွားဆိုတဲ့လူကို လက်ထပ်မယ်တဲ့"

"ဗျာ"

သူအံ့ဩသွားရသည်။ ဒီနာမည်ကို သူကြားဖူးနေသည်။ မမေ့ သေး။

"နိုင်ငံခြားမှာတုန်းက ရမ်မံ့ကို စိတ်ဝင်စားတဲ့လူဖြစ်မယ်၊ အဲဒီ လူက"

"ဒီမှာ စီးပွားရေးပြန်လုပ်မှာတဲ့၊ မိဘတွေက ခွင့်ပြုထားတဲ့ပုံ ပါပဲ"

"ဒီလူ ကောင်းတဲ့ကောင်မဟုတ်ဘူး အန်ကယ်"

"ဟင်. . . မင်းနဲ့သိသလား"

"ကျွန်တော်နဲ့ရမ်မံ ချစ်သူဖြစ်နေတာတောင် ပမာမခန့်ဆက်ဆံ တဲ့ကောင်ပါ၊ ကျွန်တော်တို့ နှစ်ခါလောက်ဆုံဖူးတယ်၊ တော်တော်အဆင် မပြေတဲ့လူ"

"ဒါနဲ့များကွာ"

သမီးကို စိတ်ကုန်သွားသလို ညည်းညူမိလိုက်သည်။ သမီး ဘာတွေ အတွေးမှားနေသည်မသိပေ။ ရင်လေးဖို့ကောင်းလိုက်တာ။

"အန်ကယ်"

"အေး. . . အဲဒီကောင်က သမီးနဲ့မင်းကိစ္စ အားလုံးအစအဆုံး သိတယ်၊ အားလုံးကို နားလည်ပေးနိုင်တယ်လို့ပြောတယ်တဲ့"

"ရမ်မံ ဘာတွေစဉ်းစားနေတာလဲ အန်ကယ်ရယ်"

"အန်ကယ်လည်း မသိတော့ပါဘူး၊ မင်းလက်လျှော့လိုက်ပြီး အရှုံးပေးလိုက်ပြီဆိုတာကို သမီးပေါက်ကွဲနေတယ်၊ သူခံခဲ့ရတာ အဲ့

www.burmeseclassic.com



လောက်မကဘူးတဲ့"

"အဲဒါတော့ ဟုတ်တယ်ရောင်ဝါ၊ ငါတို့ရမ့်ဘက်က လိုက်ပြီး ပြောတာမဟုတ်ပါဘူး။ မင်းဘက်က ဒုက္ခများများမခံချင်ဘဲ အလွယ်လက်လျှော့လိုက်တယ်လို့ ထင်တယ်၊ သူကမင်းရင်သွေးကို ဒုက္ခခံလွယ်ပိုးခဲ့တဲ့ မိန်းကလေးလေ၊ မင်းလိုအလွယ်တွေးမယ်ဆိုရင် ဒုက္ခမခံနိုင်ဘူးဆိုပြီး ဖျက်ချလိုက်လို့ရနေတာပဲ"

"ငါဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမှာလဲကွာ၊ ငါလည်း သူလက်ခံနိုင်မယ်ဆိုရင် ဘာမဆိုလုပ်ပေးလိုက်ချင်ပါတယ်၊ ငါ့အသက်နဲ့ရင်းရမလား ရင်းလိုက်ချင်တယ်၊ ဒါပေမဲ့ သူက ခါးခါးသီးသီး ငြင်းဆန်နေတာ၊ ငါ့ကို ပုတ်ထုတ်နေတာ၊ တခြားယောကျ်ားတွေကိုပဲ တစ်ယောက်ပြီးတစ်ယောက် ယူမယ်လုပ်နေတာ"

ဒါတော့လည်းဟုတ်သည်။ ရောင်ဝါ လက်လျှော့မယ်ဆိုလည်း လက်လျှော့ချင်စရာပါ။ ရမ့်ဘက်က နည်းနည်းလေးမှ နားလည်ပေးဖို့ မစဉ်းစားဘူးမဟုတ်လား။ ဦးမင်းသွင်လည်း အခက်တွေ့နေပုံပါ။ မျက်နှာက မလန်းဆန်းဘဲ စိတ်ဓာတ်ကျ စိတ်ပျက်နေသလို မှိုင်တွေငေးငိုင်လျက်ရှိသည်။ ရောင်ဝါ့လက်ကလေးကို လှမ်းဆွဲပြီး

"အန်ကယ်တောင်းပန်ပါတယ် မောင်ရောင်ဝါရယ်၊ သမီးလေးကို လက်မလျှော့နဲ့ စိတ်မပျက်လိုက်ပါနဲ့ကွာ၊ သမီးက မင်းကိုမချစ်လို့မဟုတ်ဘူး။ သူခံစားခဲ့ရသလောက် ခံစားစေချင်၊ သူနာကျင်ရသလောက် ဆတူနာကျင်စေချင်ရုံပဲ ထင်ပါတယ်၊ သမီးရဲ့ ပေါက်ကွဲမှုတွေကို အန်ကယ်နားလည်မိသလိုပဲ၊ မင်းအရှုံးပေးလက်လျှော့လိုက်ပါပြီဆိုတာကို တော်တော်မခံရပ်နိုင်ဖြစ်နေတာ"

"ကျွန်တော် ဘယ်လိုနားလည်ရတော့မှာလဲ အန်ကယ်ရယ်၊ ကျွန်တော့်ဘက်က ပေးဆပ်သင့်သလောက် ပေးဆပ်ပြီးပါပြီ၊ ကျွန်တော်



ရမ့်ကို အခုထိချစ်နေဆဲပါ၊ သားကိုရော ရမ့်ကိုရော ပိုင်ဆိုင်နေချင်ဆဲပါ၊ ဒါပေမဲ့"

"မောင်. . . မောင်ရောင်ဝါ၊ အန်. . . အန်ကယ် တောင်းပန်ပါတယ်ကွာ၊ သမီးနဲ့မြေးလေးကို ပစ်မထားပါနဲ့၊ စိတ်ကုန်ပြီး ဥပေက္ခာမပြုလိုက်ပါနဲ့၊ စောင့်. . . စောင့်ရှောက်ပေးပါ"

"ဟာ. . . အန်. . . အန်ကယ်"

"အန်ကယ် ဘာဖြစ်တာလဲ"

"ဟာ. . . သတိမေ့သွားပြီ၊ ဟိတ်ကောင်တွေ လုပ်ကြဦး"

ဦးမင်းသွင် ဆိုဖာခုံပေါ်မှာ ခွေခေါက်လဲကျသွားတာမို့ အားလုံး ပျာပျာသလဲ ပွေ့ထူရင်း စိုးရိမ်တကြီးဖြစ်သွားကြသည်။

"ရောဂါဖောက်တာထင်တယ်၊ ငါတို့ဆီမှာ သေရင်တော့ ပြဿနာတက်တော့မှာပဲ"

"ဒီအတိုင်းနေလို့ ဘယ်ဖြစ်မှာလဲ၊ ဆေးရုံတင်မှပေါ့"

"ရာ. . . ရမ့်ဆီ ဖုန်းဆက်ရမယ်၊ သူ့အဖေတစ်ခုခုဖြစ်ရင် သူမသိလိုက်ရဘဲနေဦးမယ်၊ ဆေး. . . ဆေးရုံကားအရင်ခေါ်ရမှာလား။ ဟာ. . . ဒုက္ခပဲအန်ကယ် အန်ကယ်"

အားလုံးဝရုန်းသုန်းကား အရှုံးမီးပိုင်းဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားကြသည်။ ဦးမင်းသွင် သူတို့လက်ထဲမှာသေလျှင် ရမ့်အပြစ်တင်လို့ ဆုံးမှာမဟုတ်ပေ။

အခုမသေပါနဲ့ဦး။ ရမ့်လာမှပဲသေပါ အန်ကယ်။

သူတို့ဆုတောင်းပြည့်မပြည့် ဆိုတာကတော့. . .။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ရမ့်..ရမ့်ရော"

ရမ့်ဖုန်းက ဆက်မရတာကြောင့် နေရောင်ဝါ ရမ့်တို့အိမ်အထိ ရောက်လာရသည်။ ဦးမင်းသွင်ကိုတော့ အောင်ဇော်တို့နှစ်ယောက် ခေါ်သွားကြသည်။ သူကတော့ ရမ့်ကိုအကြောင်းကြားဖို့အတွက် ကား အမြန်မောင်းပြီး ပြေးလာခဲ့ရတာပါ။

"ရမ့်ရော..ရမ့် ဘယ်သွားလဲ"

ရမ့်ကို အရိပ်အယောင်မမြင်ရတာမို့ အိမ်အကူမိန်းကလေးကိုပဲ ဖွတ်မေးလိုက်ရသည်။ ကောင်မလေးက မျက်လုံးပြူးလေးနှင့်ပါ။

"မရမ့်ကို ခုနက လူတစ်ယောက်ဖုန်းဆက်ပြီးခေါ်လို့ ထွက်သွား ပါတယ်"

"ဟင်..ဘယ်..ဘယ်သူကခေါ်တာလဲ၊ ဘယ်ကိုခေါ်တာ လဲ"

"မှာတော့ မှာခဲ့ပါတယ်၊ ဖေဖေပြန်လာရင် ကိုကျော်စံဘွားနဲ့ ကန်တော်ကြီးထဲ ခဏသွားတွေ့ပြီး ပြန်လာပါ့မယ်တဲ့၊ ဦးမင်းသွင် စိုးရိမ် မှာစိုးလို့ မှာသွားတာပါ"

"ဘာ..ကျော်စံဘွားနဲ့ ကန်တော်ကြီးထဲ တောက်..ရှုး



ကွာ"

သူ့စိတ်တို ဒေါသဖြစ်သွားသည်။ ရမ့်အဆုံးထိ မိုက်မဲဖို့များ ဆုံးဖြတ်ထားသည်။

"အန်ကယ်ဆေးရုံတင်ထားရတယ်၊ သူ့ဖုန်းကို ဆက်မရလို့ ငါအိမ်ကိုလာတာ၊ တကယ်လို့ အခုငါကန်တော်ကြီးထဲ လိုက်သွားတာ၊ မတွေ့ဘဲလွဲခဲ့ရင် ပြောလိုက်ပါ၊ ဟုတ်ပြီလား"

"ဟုတ်..ဟုတ်ကဲ့ပါရှင်"

"သားလေးရော"

"သားလေး အိပ်နေပါတယ်"

သားကိုတောင် မနှုတ်ဆက်နိုင်။ ရမ့်သွားသည်ဆိုသော ကန်တော်ကြီးဘက်ကို သူကားအမြန်မောင်းလာခဲ့သည်။

ရမ့်ကားကိုပဲ အရင်ရှာရမှာပါ။ ကားကိုရှာတွေ့မှ အနီးအနား မှာ ရမ့်ကိုတွေ့နိုင်သည်မဟုတ်လား။ စားသောက်ဆိုင်တွေမှန်သမျှ ကား တွေမှန်သမျှ သူအကုန်လျှောက်ကြည့်သည်။ မတွေ့။ ဘယ်တွေများသွား နေတာလဲ။ ဘယ်ချောင်ကြိုချောင်ကြား ရောက်နေတာလဲ။

ကားပတ်မောင်းလို့ရသမျှ သူပတ်မောင်းသည်။ ကားဝင်လို့ရ သမျှနေရာတွေထိဝင်ကာ သူလိုက်ရှာသည်။

"ဟင်..ဟာ"

လူရှင်းချောင်ကျသောနေရာရောက်မှ ရမ့်ကားကိုတွေ့ရတော့ ပါလား။ ဟိုကောင်ကားဖြစ်ဟန်တူသောကားနှင့် ဘေးချင်းယှဉ်လျက် ပင်။ သူ့ကားကို ခပ်လှမ်းလှမ်းအကွယ်မှာ ရပ်ထားခဲ့ပြီး သူမတို့အနီး သူလျှောက်လာခဲ့သည်။

"ပြောစရာရှိတာ ဒီမှာပဲပြောပါ ကိုစံဘွား။ ရမ့်ရှင့်ကားနဲ့ ရှင် ခေါ်တဲ့နေရာမလိုက်နိုင်ဘူး။ ရမ့်မှာကားပါတယ်၊ ရမ့်ကားနဲ့ အိမ်ပြန်ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ရမ့်ရယ်. . . ကိုယ်က ရမ့်နဲ့အေးအေးဆေးဆေး စကားပြောပြီးတာနဲ့ ရမ့်ကို ကိုယ့်ကားနဲ့ အိမ်အထိ ပြန်လိုက်ပို့မှာပါ၊ ရမ့်ကားကိုတော့ ကိုယ့်တပည့်တွေက ရမ့်အိမ်ကို ပို့ပေးပါလိမ့်မယ်၊ ဟိုမှာလေကိုယ့်ကားပေါ်မှာ ကိုယ့်တပည့်တွေပါတယ်"

"သူတို့ပါတော့ ရမ့်က ဘာလုပ်ရမှာလဲ၊ ပြောစရာရှိတယ်ဆိုရင် ဒီမှာပဲပြော၊ မပြောနိုင်ရင် ရမ့်ရှင့်နောက်လိုက်ပြီး နားထောင်မပေးနိုင်ဘူး၊ အိမ်မှာ ဖေဖေမရှိဘူး၊ သားကျန်ခဲ့တယ်၊ အချိန်ကြာနေလို့မဖြစ်ဘူး"

"ရမ့်ကကွာ၊ ဒီအထိတောင် ရောက်အောင်လာပြီးမှ အချိန်ကိုဘာလို့ ကန့်သတ်နေတာလဲ၊ ကိုယ်က ဟိုအရင်ကတည်းက ရမ့်ကိုချစ်ခဲ့ရတဲ့သူပါ၊ အခုသားလေးပါ အဆစ်ရလာတော့ ပိုပြီးတောင်ချစ်ရသေးတယ်၊ ရမ့်က အတွေ့အကြုံရှိသွားပြီဆိုတော့ အချစ်အကြောင်းဆွေးနွေးလို့ကောင်းသွားတာပေါ့၊ လာပါကွာ၊ ခဏပါပဲ မကြာစေရပါဘူး"

"ရှင်ဘာလုပ်တာလဲ၊ အဲလိုမလုပ်နဲ့နော်၊ ရမ့် မကြိုက်ဘူး"

ကျော်စံဘွားက အတင့်ရဲကာ လက်ကိုဆွဲလာသည်မို့ သူမရုန်းလိုက်သည်။ ကျော်စံဘွားက လွှတ်မပေးဘဲ သူ့ကားပေါ်ဆွဲတင်ဖို့လုပ်၏။ သူမအားနှင့်အင်နှင့် ရုန်းကန်သည့်အခါမှာ ကျော်စံဘွား မနိုင်တော့၍ သူ့တပည့်တွေကို မျက်စပစ်ကာ အကူအညီတောင်းသည်။

ယောကျ်ားသားသုံးယောက်အားကိုတော့ သူမဘယ်လိုမှ မရုန်းနိုင်တော့ချေ။ သူမ ဒီလိုယုတ်မာတတ်သည့် ယောကျ်ားတွေချည်းသာတွေ့နေရပါလား။

"ဟိတ်ကောင်တွေ"

ဒီအသံ။ နေရောင်ဝါ့အသံ။

သူရောက်လာပြန်ပြီကော။ သူမကိုယ်လေး မြောက်တက်ကာ



အားရှိသွားတာတော့ အမှန်ပင်။

"ဩော်. . . အချစ်တော်ကြီးပဲ၊ မင်းတို့ချင်းက ဘယ်လိုဖြစ်တာလဲ၊ ဒီမှာလာဆုံနေကြပါလား"

"ဟိတ်ကောင် အပိုတွေမပြောနဲ့ ရမ့်လက်ကိုလွှတ်လိုက်"

"မင်းနဲ့ဘာဆိုင်လို့လဲ၊ ရမ့်ပြောတာတော့ ဘာမှမပတ်သက်ဘူးဆို"

"ရမ့်မွေးထားတဲ့ကလေးက ငါ့သား၊ မပတ်သက်ဘဲနေမလား"

"အပိုတွေ ပြောမနေပါနဲ့ကွာ၊ မင်းစားပြီးသားလေး ငါတို့လည်းမြည်းပါရစေဦး"

"ဟာ. . . မိုက်ရိုင်းတဲ့ကောင်တွေ၊ ကဲကွာ"

"ကဲ တပည့်တို့ အသိတရားလေးဝင်အောင် ဆုံးမလိုက်ကြကွာ"

"ခွပ်. . . ဖုန်း"

သုံးယောက်တစ်ယောက် တကယ်ချနေကြတာဆိုတော့ နေရောင်ဝါ အလူးအလဲ ခံနေရသည်။ အရင်က ကိုယ့်သူငယ်ချင်း ဟီးရိုးလုပ်ကာ တစ်ဖက်သတ်ထိုးခဲ့ရတာ။

အခုတော့ သူတစ်ဖက်သတ် အထိုးခံနေရသည်။ သူငယ်ချင်းတွေရဲ့ ဝဋ်လည်တာပဲဖြစ်မည်။

"တော်ပါတော့ တော်ကြပါတော့၊ ရောင်ဝါ. . . ရောင်ဝါ၊ ကယ်ကြပါဦးရှင်၊ ဒီမှာ လူတစ်ယောက်ကို အနိုင်ကျင့်ထိုးနေလို့ပါ၊ လာကြပါဦး ကယ်ကြပါဦး"

နေရောင်ဝါ မျက်နှာတစ်ခုလုံး သွေးအလိမ်းလိမ်း ဖြစ်နေသည်မို့ သူမ မရှုက်နိုင်တော့ဘဲ ကုန်းအော်လိုက်သည်။

ဟိုကဒီက လူတစ်ချို့ပြေးထွက်လာတော့ ကျော်စံဘွားတို့ ကား

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တက်ကာ မောင်းပြေးသွားကြ၏။

နေရောင်ဝါကတော့ မတ်မတ်ပင် မရပ်နိုင်တော့ပါ။ သူမ ဘယ်လိုမှ မမြင်ရက် မကြည့်ရက်တော့ပါ။

"ရောင်ဝါ. . . ရောင်ဝါ. . . အမယ်လေး မျက်နှာတစ်ခုလုံး သွေးတွေနဲ့ ဖူးရောင်နေတာပဲ၊ ဘယ်လိုလုပ်ကြမလဲ၊ ဆေး. . . ဆေးရုံသွားရအောင် ရောင်ဝါ"

ရောင်ဝါ အသံလည်း မထွက်နိုင်၊ လှုပ်လည်း မလှုပ်နိုင်။

သူမရောင်ဝါ့ကားပေါ် ရောင်ဝါ့ကိုတွဲတင်၍ ကားကိုမောင်းထွက်လာခဲ့သည်။ သူမကားကိုတော့ ဒီအတိုင်းသော့ပိတ်၍ ထားခဲ့လိုက်သည်။ နောက်မှ ပြန်ယူရုံပေါ့။

အခုက ရောင်ဝါ့လောက် ဘယ်အရာကမှ အရေးမကြီး။

သူမအတွက် အသက်နှင့်ရင်းကာ ပေးဆပ်မည်ဆိုသော ရောင်ဝါကသာ အရေးကြီးဆုံးပင်။

ရောင်ဝါ နင်ဘာမှမဖြစ်ပါနဲ့။ ဘာမှမဖြစ်ရဘူးနော်။ ငါ့အတွက် အသက်ရှင်ပေးရဦးမယ်။ ငါ့အတွက် နင်ရှိနေပေးရဦးမယ်. . .။

✤ ✤ ✤



# အခန်း (၃၉)

"မင်းနှယ်ကွာ မသေကောင်းမပျောက်ကောင်း၊ ဒီတစ်ခါမှ တကယ့်ကို ရမ့်အတွက် ဟီးရိုးလုပ်လိုက်တာပဲ"

"ဟိုအကောင်တွေက မင်းသူငယ်ချင်း အကောင်းစားလေးတွေ မဟုတ်တဲ့အတွက် အပိုကျွေးသွားတာပဲ၊ အီစလန်ဝေသွားတာ ဝမ်းသာလိုက်တာကွာ"

အောင်ဖော်နှင့်ထူးမောင် သူ့ကိုစနောက်နေကြသည်။ သူမှာတော့ မရယ်နိုင်ပါ။ မျက်နှာရော ဗိုက်တွေရော နာကျင်လွန်းတာကြောင့် ရှုံ့မဲ့နေလျက်နှင့်ပင်

"မင်းတို့ပြောထားဦးပေါ့ကွာ၊ သုံးယောက်တစ်ယောက်မို့ ခံလိုက်ရတာပါ"

"ငါတို့လို ပြန်မခုခံမှ နိုင်မယ်ပြောပါ"

"ထူးမောင်ရာ စမနေပါနဲ့၊ ဒီကောင် တကယ်စွန့်စားတော့ တကယ်အမြတ်ထွက်ပါတယ်၊ ရမ့်တို့များ ဒီကောင့်ကိုကြည့်ပြီး စိတ်မကောင်းလို့ မျက်ရည်စက်လက်နဲ့ပါ"

"အဲဒါတော့ ဟုတ်တယ်ကွ၊ မင်းအရင်က ဟန်ဆောင်ပြီး ဟီးရိုးလုပ်တာလေ၊ ဟိုကမသိပေမယ့် စိတ်ရင်းမမှန်တော့ အကောင်းမြင်



www.burmeseclassic.com

www.burmeseclassic.com



မခံရဘူးပေါ့။ အခုတော့ တကယ်ကိုရမုံကြွေသွားတာပါ၊ မင်းကိုဆေးရုံတင်ပေးပြီး ငါတို့ကို မင်းဖုန်းထဲကနံပါတ် ဖုန်းလှမ်းဆက်ပြီးခေါ်တယ်၊ ငါတို့ရောက်လာတော့ ငါတို့ကိုကြည့်ပြီး ဖဝေဖဝါဖြစ်သွားတယ်ကွ၊ မင်းထိုက်ကျော်တို့ အာကာမင်းတို့နဲ့ တူနေတယ်လို့ တွေးချင်တွေးနေမှာပေါ့၊ ဒါပေမဲ့ ကျော်မင်းထိုက်နဲ့ အာကာမင်းစတိုင်က တကယ်လူကြီးလူကောင်းစတိုင်ပန်ရော့ ကုတ်တွေနဲ့မဟုတ်လား"

"အခုက စပို့စ်ရှပ်နဲ့ ဘောင်းဘီတိုနဲ့ လူငယ်စတိုင်ဆိုတော့ ရမုံမျက်စိရော လျှာရော လည်သွားမှာပေါ့။ မင်းသူငယ်ချင်းတွေဆိုတာတော့ ဖဝေဖဝါနဲ့ပဲ လက်ခံသွားပါတယ်၊ သူ့အဖေဆေးရုံတင်ထားရတယ်ပြောတာနဲ့ မင်းကိုသေချာဂရုစိုက်ပေးပါလို့ ငိုယိုပြောပြီးသွားတာ"

"ဟို..အန်..အန်ကယ်ရော အန်ကယ့်အခြေအနေ၊ ဟို..အရမ်းစိုးရိမ်ရလား။ ရမုံ သူ့အဖေအသက်ရော မီသေးလား"

"အန်ကယ် ဆေးရုံကဆင်းသွားတယ်"

"ဘာ"

သူ့အရမ်းအံ့ဩသွားကာ နာကျင်နေတာတောင် ဂရုမစိုက်နိုင်ဘဲ ထထိုင်လိုက်သည်။

"ပြောပါဦး၊ ဆေးရုံကလက်မခံတဲ့အဆင့်တောင် ရောက်သွားပြီလား။ ရမုံ အရမ်းစိတ်မကောင်းဖြစ်နေတော့မှာပဲ"

"မင်းကလည်း ဘုမသိဘမသိ ပြောနေတော့တာပဲ၊ အန်ကယ်မှာ ဘာရောဂါမှ မရှိဘူးကွ"

"ဟင်"

"ဘာဆို..ဘာရောဂါမှမရှိလို့ ဆေးရုံက ဆင်းခိုင်းလိုက်တာ၊ မူးမေ့သွားတာက အိပ်ရေးပျက်တာနဲ့ စိတ်ထိခိုက်တာ ဖြစ်သွားလို့တဲ့"

"ဟာ..ဒါဆို အန်ကယ်က ငါတို့ကို ညာခဲ့လိမ်ခဲ့တာလား။

[redacted]



တမင်သက်သက်"

"မဟုတ်ဘူး။ သူ့ကိုယ်သူ တကယ်သေမယ့်လူလို့ထင်ပြီး သူ့သမီးနဲ့ သူ့မြေးအတွက် အကောင်းဆုံးတွေ ရွေးလုပ်နေတာတော့ အမှန်ပဲ၊ ဒါပေမဲ့ အဲဒါဆေးစာအမှားကြောင့်ဖြစ်တာ၊ ပြောရရင် သူဆေး စစ်ပြီး ဆေးစာသွားယူတဲ့အချိန်မှာ ဆရာဝန်ချင်းပြောနေတာကို သူ့အကြောင်းပြောနေတယ်ထင်ပြီး အခုလိုတွေ ဖြစ်ကုန်တာ"

"ဒါဆို တကယ်အန်ကယ့်မှာ ဘာရောဂါမှ မရှိဘူးပေါ့"

အောင်ဇော်တို့ ခေါင်းညိတ်ပြတော့ သူဝမ်းသာသွားသည်။ ရမုံတို့သားအမိအတွက် အားကိုးရာမမဲ့တော့ဘူးပေါ့။ သူတကယ်ကို စိတ်ချမ်းသာသွားရပါသည်။

"ငါ..ငါဝမ်းသာလိုက်တာကွာ၊ ရမုံလည်း ပျော်သွားမှာပဲ"

"အေး..မင်းအတွက်တော့ စိတ်မကောင်းစရာတွေ ထပ်ကြုံရတော့မယ်ထင်တယ်၊ ရမုံက သူ့အဖေနောက်ဆုံးအချိန်တွေမှာ စိတ်ချလက်ချ နောက်ဆံမတင်းအောင် ယောကျ်ားယူရမယ့်အရေးမှာတောင် မင်းကိုစိတ်မကူးခဲ့ဘူး။ ခါးခါးသီးသီးဆန့်ကျင်ပြီး တခြားယောကျ်ားတွေကိုပဲ ယူဖို့ဆုံးဖြတ်ခဲ့တယ်၊ အခု ဘယ်သူဖြစ်ဖြစ် ယူစရာမလိုတဲ့အခြေမှာတော့ ဝေးပြီပေါ့ကွာ"

"အဲဒီ့အတွက် စိတ်မကောင်းဖြစ်ရပေမယ့် လူ့အသက်တစ်ချောင်းမသေဘူးဆိုတာ သိရတာတော့ ဝမ်းသာစရာပါ၊ မင်းရော ဘယ်လိုလဲရောင်ဝါ"

"ငါ..ငါဝမ်းသာပါတယ်ကွာ၊ ရမုံတို့ သားအမိ သူ့အဖေရဲ့အုပ်ချုပ်မှုအောက်မှာ အေးအေးချမ်းချမ်း စိတ်ချမ်းသာသာရှိနေမယ်ဆိုရင် ငါဝမ်းသာပေးနိုင်ပါတယ်၊ စိတ်ချမ်းသာပါတယ်"

မျက်ရည်တွေဖြင့် ပြောပြဖြစ်တာလားတော့ မသိပေ။ သူ့မျက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဝန်းတွေဝေဝါးနေပါသည်။ အမြင်အာရုံမှာ ရမ့်ရောသားလေးရော မပီပြင်။

"ရောင်ဝါ. . မင်းဆေးရုံက ဆင်းလို့မရသေးဘူး။ ရင်ဘတ်ရော ဗိုက်ရော အာထရာဆောင်းရိုက်ထားတယ်၊ အရမ်းလည်းစိတ်မကောင်း ဖြစ်မနေပါနဲ့၊ ဘာတွေပြောင်းလဲလာဦးမလဲ မသိပေမယ့် ကိုယ်ဖြစ်ချင် တဲ့အတိုင်းတော့ ဖြစ်လာနိုင်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ရမ့်စိတ်ကို ငါတို့ နည်းနည်းတော့ မြင်လိုက်ပါတယ်"

သူသက်ပြင်းတော့ ချလိုက်သည်။ ဒါပေမဲ့ ရင်ထဲမှာ သက်သာ မှုတော့ မရှိပါ။ လေးလံမှုတွေနှင့် ဘယ်အတွေးကိုမှ ဖမ်းဆုပ်လို့မရ ဖြစ်နေခဲ့သည်။

သူ့အတွက် ရေရေရာရာ ပိုင်ဆိုင်စရာဆိုလို့ ဘာမှမရှိဘဲ. . ။

✤✤✤



# အခန်း (၄၀)

"ဟား. . သေရတော့မယ်ဆိုတဲ့ ခံစားချက်နဲ့ မသေရတော့ဘူး ဆိုတဲ့ ခံစားချက်က အရသာတော်တော်ကွာခြားတာပဲ၊ ဘယ်လောက်များ ပျော်စရာ စိတ်ချမ်းသာစရာ ကောင်းလိုက်သလဲ"

"အဟင်း. . ဟင်း"

ဖေဖေ တက်တက်ကြွကြွ ပျော်နေတာမြင်ရတော့ ရမ့်စိတ်ချမ်း သာနေမိသည်။ ဆေးရုံကဆင်းလာကတည်းက ဖေဖေခုနစ်ပေါက်တော့ မတတ်ကို ပျော်နေတာပါ။ သူမကိုဖက်လိုက် သားလေးကိုပွေ့ဖက်လိုက် ဖြင့် လောကကြီးတစ်ခုလုံး ပိုင်ဆိုင်လိုက်ရသလိုကို စိတ်လွတ်ကိုယ်လွတ် ပျော်နေခဲ့သည်။

"သမီး"

"ဖေဖေ"

"အခု ဖေဖေမသေတော့ဘူး။ သမီးလက်ထပ်စရာ အိမ်ထောင် ပြုစရာမလိုတော့ဘူး၊ သမီးနဲ့မြေးကို ဖေဖေစောင့်ရှောက်နိုင်ပြီ၊ ဘယ်သူ့ ကိုမှ အားကိုးစရာမလိုတော့ဘူး"

"ဟိုလေ. . ဖေဖေ ရောင်. . ရောင်ဝါ ဆေးရုံတင်ထားရ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ"

"ကျော်စံဘွားလက်ထဲကနေ သမီးကိုကယ်ရင်းနဲ့ အဲလိုဖြစ်သွားတာပါ၊ သူတော်တော်ထိခိုက်သွားတယ်"

"အဲဒါ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စလို့ သဘောထားလိုက်တော့ သမီး"

"ရှင်"

"သမီးစိတ်မပါဘူး စိတ်မဝင်စားဘူး၊ ရောင်ဝါ့ကို မုန်းနေ နာကြည်းနေတယ်မဟုတ်လား၊ သူနဲ့လက်ထပ်ပါလို့ ဖေဖေမပြောတော့ဘူး၊ မတိုက်တွန်းတော့ပါဘူး၊ ဂရုစိုက်စရာလည်း မလိုတော့ဘူးလေ"

"ဟင်. . . ဖေ. . . ဖေဖေ"

ဖေဖေက အပြုံးနှင့် တိတိကျကျလေးလေးနက်နက်ကို ပြောနေတာဖြစ်သည်။ သူမရင်ထဲ စိုးရိမ်စိတ်တွေဝင်လာပြီး ဖေဖေ့ရဲ့အပြောင်းအလဲကို အံ့ဩနေမိသည်။

အရင်နေ့တွေက ရောင်ဝါ့ကိုမုန်းမနေ နာကြည်းမနေဖို့ လက်ထပ်ဖို့ ဖွတ်အတင်းနားချတိုက်တွန်းနေခဲ့တာ မဟုတ်ပါလား။

"သမီး စိတ်ဆင်းရဲအောင် ဖေဖေမလုပ်တော့ပါဘူး သမီး၊ ဖေဖေက သေမယ့်လူဆိုပြီး သမီးလေးနဲ့မြေးလေးအတွက် စိုးရိမ်နေခဲ့တာကြောင့်ပါ၊ ဒီကောင့်ကို စက်ရုံလွှဲပေးပြီး သမီးတို့ကိုစောင့်ရှောက်ပေးဖို့ပါ စီစဉ်ထားခဲ့တယ်"

"ရှင်"

"မင်းထိုက်ကျော်နဲ့ အာကာမင်းက သူသူငယ်ချင်းတွေပါ"

"ဟင်"

"သမီး သူ့အပေါ်ယုံကြည်အားကိုးလာအောင်၊ စိတ်ပြောင်းလဲအောင် ဖေဖေလုပ်ခိုင်းခဲ့တာ"

"ရှင်. . . ဖေဖေ"



သူမအံ့ဩပြီးရင်း အံ့ဩနေရသည်။ ဒီလိုတွေတောင် လုပ်ခဲ့ပါလျက် အခုကျတော့လည်း ဖေဖေအေးစက်လွန်းနေခဲ့ပါလား၊ ဒီအတိတ်နိမိတ်ကတော့ မကောင်းလှပေ။

"ဖေဖေ သမီးတစ်ခုလောက် ပြောပါရစေ"

"ပြောလေ သမီး ပြောစမ်းပါ၊ ဖေဖေကို ပွင့်ပွင့်လင်းလင်းသာပြော၊ ဖေဖေ့ကို ထိန်ချန်ထားစရာ လျှို့ဝှက်ထားစရာမလိုဘူး၊ ဖေဖေတို့သားအဖ အခုချိန်ကစပြီး ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးကြတာပေါ့ကွယ်"

"ကျော်စံဘွားနဲ့ကိစ္စကိုတော့ ဖေဖေ့စီမံပေးခဲ့တာ မဟုတ်ဘူးမဟုတ်လားဖေဖေ"

"ဒါကိုတော့ ဖေဖေမသိလိုက်ဘူး၊ သူ့ဘာသာ လူစွမ်းကောင်းလုပ်တာနေမှာပေါ့"

"သူဒဏ်ရာအနာတရ ရသွားပါတယ်၊ သမီးကိုယ်တိုင်ဆေးရုံတင်ပေးခဲ့ရတာပါ၊ အဲ. . . အဲဒါ သမီးအခြေအနေ သိရအောင် ဆေးရုံသွားကြည့်ပါရစေဖေဖေ"

"ဘာ. . . သမီး"

ဦးမင်းသွင် ဒေါသဖြစ်သွားသလို လေသံမာသွားသည်။ ခပ်စောင်းစောင်းလှည့်ကြည့်လျက်

"တော်ပြီသမီး၊ အခုကစပြီး ဖေဖေတို့အိမ်မှာ သမီးအရမ်းကိုမုန်းတဲ့ နေရောင်ဝါအကြောင်း ထည့်မပြောရင်ရပြီ၊ ဖေဖေသေမယ်ဆိုတုန်းက တကယ်ကို ဒီကောင်တွေကို အားကိုးခဲ့မိပါတယ်၊ သူကမြေးလေးရဲ့အဖေ ဖြစ်နေတာကိုး၊ တခြားသူတွေနဲ့ဆို တကယ်စိတ်မချနိုင်ဘူး၊ အခုကတော့ ဖေဖေ့သမီးနဲ့မြေးကို ဖေဖေကိုယ်တိုင် စောင့်ရှောက်နိုင်ပြီ၊ ဘယ်ကောင့်ကိုမှ အားမကိုးတော့ဘူး၊ မင်းသွင် မသေတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်တော့ဘူးကွ”

“ဟို. . . သ. . . သမီးသူ့ကို မမုန်းတော့ပါဘူး၊ မနာကြည်းတော့ပါဘူးဖေဖေ၊ သမီးခံစားခဲ့ရသလောက် သူခံစားပြီးလောက်ပြီလို့ ထင်ပါတယ်၊ သူမနေ့က သေလုမြောပါးကို သမီးအတွက် ကာကွယ်ပေးခဲ့တာပါ၊ ဒီကြားထဲမှာ သူ့ခံစားမှု သူ့စိတ်ကိုလည်း သိခဲ့ရပါတယ်ဖေဖေ၊ အဲဒါကြောင့်”

“သမီး စိတ်ပြောင်းသွားတာလား၊ တကယ်ပြောင်းသွားတာလားသမီး၊ ဖေဖေဘာမှ မဖြစ်တော့တဲ့အတွက် သမီးက ဘယ်သူ့ကိုမှ လက်မထပ်ရင်လည်း ရပြီလေ”

“မ. . . မဟုတ်ပါဘူး ဖေဖေ၊ သူကသားလေးရဲ့အဖေလည်း ဖြစ်နေတယ်၊ စဉ်းစားကြည့်တော့လည်း သူတစ်ယောက်တည်း မှားတာ မဟုတ်ဘူး၊ တကယ်က ဖေဖေပြောခဲ့သလိုပဲ သမီးကအတ္တကြီးပြီး အမုန်းတွေ အာဃာတတွေနဲ့ သူ့ကိုတိုက်ခိုက်ခဲ့တာပါ၊ သူ့ပါးကိုရိုက်မိတဲ့အထိပါပဲ၊ ဒါကိုလည်း သူသည်းခံခဲ့တယ်၊ ပြီးတော့ လင်ယောက်ျားမရှိဘဲ ရင်ဆိုင်ရတဲ့ဒုက္ခတွေကိုလည်း သမီးကြောက်တတ်သွားပါပြီ”

“ဒါက သမီး၊ ဖေဖေရှိနေပြီပဲ”

“သမီးကို နားလည်ပေးပါဖေဖေ၊ ဖေဖေပြောစရာရှိရင်လည်း နောက်မှပဲပြောပါ၊ သ. . . သမီး သားကိုခေါ်ပြီး သူ့ဆီသွားလိုက်ပါဦးမယ်၊ နောက်မှ နောင်တရစရာတွေ ထပ်မဖြစ်ချင်တော့ဘူးဖေဖေ”

“သမီး. . . သမီး”

ဦးမင်းသွင် ပြုံးလိုက်မိသည်။ လူတွေက မလုပ်ပါနဲ့ဆိုမှ ပိုလုပ်ချင်ကြတာ။ လုပ်ပါလုပ်ပါဆိုပြီး တိုက်တွန်းနေတုန်းကမဟုတ်။ အခုတော့ ဟန်ဆောင်ထိန်းသိမ်းနိုင်စွမ်းမရှိအောင် မြေးလေးကိုခေါ်ပြီးပြေးပြီ။ ဖအေ မသေတော့ဘူးဆိုတာတောင် အပြည့်အဝ ကောင်းကောင်းဝမ်းသာပေး

[redacted]



မသွားနိုင်ပါလား။ ပီတိအပြုံးများဖြင့် ရင်မှာကြည်နူးနေမိလျက်. . .။

✤ ✤ ✤

[redacted]

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၁)

"ရဲ..ရမ့် ဘာဖြစ်လို့လဲ၊ သားလေးနေမကောင်းလို့ ဆေးရုံလာပြတာလား၊ သားဘာဖြစ်တာလဲ ဘာဖြစ်လို့လဲဟင်"

နာကျင်နေတာကို ဂရုမစိုက်နိုင်။ သားကိုပွေ့ချီကာ ဝင်လာသောရမ့်ကို စိုးရိမ်စိတ်များဖြင့် ဖွတ်အတင်းသာ မေးမိသည်။ အောင်ဇော်နှင့်ထူးမောင်ကတော့ သူတို့လုပ်ရပ်များကြောင့် မျက်နှာပူနေတာကြောင့် မျက်နှာကိုခပ်လွှဲလွှဲ လုပ်ထားကြသည်။

"ရမ့် သားဘာဖြစ်တာလဲလို့၊ ဘာဖြစ်လို့လဲ"

"သား..သားဘာမှမဖြစ်ပါဘူး၊ နင်..နင်သားကို တွေ့ချင်မလားလို့ ခေါ်လာတာ"

"ဟင်"

"သီးသန့်ခန်းထဲမှာဆိုပေမယ့် သားကိုရောဂါပိုးတွေ မကူးစက်အောင် ဆရာမလေးက သေချာလုပ်ပေးလိုက်တယ်၊ နင်သားကို ချီချင်ချီလေ"

"ရဲ..ရမ့်"

ရမ့်အသံလေးက ပျော့ပျောင်းပြီး အပြုအမူတွေက ပြောင်းလဲနေတာမို့ သူ့ရင်တွေတလှပ်လှပ် ခါသွားရသည်။ သူခေါင်းအုံးတွေကို





ကျောမှီထိုင်လျက်က မတ်မတ်ပြင်ထိုင်လိုက်၏။

သူ့ရင်ခွင်ထဲရောက်လာသော သားကို သူထွေးပွေ့ဖက်တွယ်ထားကာ

"သား..သားရယ် သားလေးရယ်"

သားငိုမှာစိုး၍ ဖွဖွလေးနမ်းရှိုက်မိ၏။ ရမ့်က သူ့ကိုကြည့်ကာ ပြုံးနေသည်။ သားလေးကို နမ်းနေတာကို ဝိတိဖြင့်ကြည့်ကာ ကြည်နူးနေ၏။

"ရဲ..ရမ့် ကိုယ့်ကို"

"ဘာမှမဟုတ်ဘူး လူနာသတင်းလာမေးတာ"

"အန်ကယ်က လွှတ်လိုက်တာလား"

"ဟင့်အင်း..ဖေဖေက လုံးဝမသွားစေချင်ဘူး၊ မဆက်ဆံရတော့ဘူး၊ မပတ်သက်ရတော့ဘူးလုပ်နေတာ၊ သူမသေတော့ဘူး၊ သူ့ပဲစောင့်ရှောက်တော့မယ်၊ ဘယ်သူ့မှ အားကိုးစရာမလိုတော့ဘူးတဲ့"

"ဟင်"

"ဟာ"

"ဘယ်လိုဖြစ်တာလဲ"

သုံးယောက်သား အံ့အားသင့်လျက် အောင်ဇော်တို့ပါ အနားရောက်လာကြသည်။

"အန်..အန်ကယ်က အဲလိုပြောတယ်"

ရမ့်ခေါင်းညိတ်ပြတော့

"ဟာ..အဲဒါတော့ အန်ကယ်မတရားတာဘဲ"

"ရှင်တို့ကိစ္စတွေလည်း ဖေဖေက အားလုံးပြောပြတယ်၊ သမီးနဲ့မြေးလေးကို စိတ်မချလို့ ရောင်ဝါ့ကိုအားကိုးပြီး လက်ခံပ်ချင်လာအောင် လုပ်တာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . အဲ. . . အဲဒါတွေပါ ပြောလိုက်ပြီ"

"ဟုတ်တယ် ရှင်တို့နှစ်ယောက်က မင်းထိုက်ကျော်နဲ့ အာကာမင်းဆိုတာ"

"ဟာ. . . သွားပါပြီဗျာ၊ ကျ. . . ကျွန်တော်တို့က တ. . . တကယ် လူယုတ်မာတွေ မဟုတ်ပါဘူး၊ အန်ကယ်ဒါရိုက်တာခိုင်းတဲ့အတိုင်း သရုပ်ဆောင်ရတာပါ၊ သူစီစဉ်ညွှန်ကြားတာပါ"

"မျက်နှာပူလိုက်တာ၊ ဒီမျက်နှာ ဘယ်သွားထားရမှန်း မသိတော့ဘူး"

"အချုပ်ခန်းထဲ ပို့လိုက်ပါလား"

"မင်း၊ အမေ"

အောင်ဇော်နှင့်ထူးမောင်အဖြစ်ကိုကြည့်၍ ရယ်ရသေးသည်။ ရောင်ဝါကတော့ မအီမလည်ဘဲ ရယ်နိုင်သည်။

"ဒါ. . . ဒါဆို အန်ကယ်က အရင်လိုပဲ ကိုယ်တို့ကို သဘောမတူပြန်ဘူးပေါ့နော်"

"ဟိတ်ကောင်. . . အန်ကယ့်ကို သေပါစေလို့ ဆုတောင်းပေးရမလား"

"အာ. . . မပြောကောင်းမဆိုကောင်း မပြောပါနဲ့ကွ၊ သဘောမတူရင် သဘောတူလာအောင် ကြိုးစားရမှာပေါ့၊ ငါက သူ့မြေးလေးရဲ့ အဖေပဲ၊ သားရဲ့အဘိုးကို ငါ့မိဘလိုပဲ သဘောထားမှာပါ"

"နင်တကယ်ပြောတာလား ရောင်ဝါ"

"ကိုယ်မှားခဲ့ဖူးပါတယ်၊ လူငယ်စိတ်နဲ့ သဘောမတူရင်နေပေါ့၊ သူ့သမီး ငါ့နောက်လိုက်လာရင် ဘာတတ်နိုင်မှာလဲဆိုတဲ့ မာနလည်း ထားခဲ့ဖူးတယ်၊ အဲဒါကြောင့် မင်းကိုလိုက်မှာလားလို့ မေးခဲ့တာ၊ မင်းမလိုက်တော့လည်းနေပေါ့ဆိုပြီး ခပ်ပေါ့ပေါ့အလေးအနက်မရှိဘဲ ထားခဲ့



လိုက်တာ၊ အခုကိုယ်မှားမှန်းသိပြီ၊ နောင်တလည်း ရနေပါပြီ၊ နောက်ဆိုရင်တော့ ဒီလိုအမှားမျိုးမဖြစ်အောင် ကိုယ်ကြိုးစားနေထိုင်သွားမယ်လို့ ကတိပေးပါတယ်"

"တကယ်လားကွ မောင်ရောင်ဝါ"

"ဟာ. . . အန်ကယ်"

"ဖေဖေ"

ဦးမင်းသွင် ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွဖြင့်ရောက်လာတာမို့ အားလုံးအံ့သြကြရသည်။ ဦးမင်းသွင် မျက်နှာက ကြည်နူးပီတိအပြုံးတွေနှင့်ပါ။

"မင်းဆီက အဲဒီစကားတွေကြားရတာ ကျေနပ်တယ် အားရတယ်ကွာ၊ ငါအခုချိန်မှာ သေမယ်ဆိုရင်တောင် သေပျော်ပြီကွ၊ သမီးနဲ့မြေးအတွက် စိတ်ချသွားရလို့လေ"

"သေစကားမပြောပါနဲ့ဦး အန်ကယ်၊ သားတွေသမီးတွေ မြေးတွေနဲ့ လူ့လောကကြီးမှာ အချိန်ကြာကြာ ပျော်ပျော်ကြီးနေသွားပါဦး"

ထူးမောင်ပြောတော့ ထူးမောင်ပခုံးကို ဦးမင်းသွင်ပုတ်လိုက်ပြီး

"အေး. . . မင်းပြောတာဟုတ်တယ်ကွ၊ သားသမီးတွေ မြေးတွေနဲ့ ငါပျော်ပျော်ကြီး နေရဦးမှာပေါ့၊ လူဆိုတာ မှားဖူးတဲ့သူတွေချည်းပါပဲ၊ ဒါပေမဲ့ အဲဒီအမှားကို နောက်မကျူးလွန်မိအောင် မမှားအောင် ဆင်ခြင်နိုင်ရမှာပေါ့၊ ကိုယ့်ကိုယ်ကိုယ် သေလူလို့သဘောထားလိုက်ရင် အဲဒီလိုအမှားကျူးလွန်ရမှာကို သေရမှာထက် ကြောက်သွားတတ်တယ်၊ အဲဒီအမှားက ကိုယ့်ကို သံသရာအထိ ဒုက္ခပေးမှာလေ၊ အဲဒီအပြစ်ဒဏ်က နောင်ဘဝထိ ခံရမှာ၊ ဒါကြောင့် ငါမသေခင် ငါလုပ်သင့်တာတွေ လုပ်မယ်ဆိုပြီး လုပ်လိုက်တာပါ"

"ကျေးဇူးပါအန်ကယ်၊ ကျေးဇူးတင်ပါတယ်၊ အန်ကယ်အဲလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်လို့လည်း ရှမ့်နဲ့ရော သားလေးနဲ့ရော ကျွန်တော်ပြန်ဆုံရတာပါ၊ ကျွန်တော့်ရဲ့အပြစ်တွေအတွက်လည်း ကျွန်တော်တစ်သက်လုံး ပြန်ပြီးပေးဆပ်သွားမှာပါ၊ ရှမ့်နဲ့သားလေးကို တစ်သက်လုံး ကြင်နာယုယသွားမယ်၊ ဂရုစိုက်စောင့်ရှောက်သွားပါ့မယ်"

"ကျေးဇူးတင်တယ်၊ မင်းအဲလိုပြောတဲ့အတွက်လည်း အန်ကယ်က မင်းကိုကျေးဇူးတင်တယ်၊ ကဲ. . အားလုံးအဆင်ပြေပြီဆိုရင် မသေခင် ပျော်ပျော်နေသွားရမှာပေါ့ကွာ မဟုတ်ဘူးလား။ ဟိုကောင်တွေ မင်းထိုက်ကျော်နဲ့ အာကာမင်း"

ဦးမင်းသွင် ထိုသို့ခေါ်လိုက်တော့ ထူးမောင်နှင့်အောင်ဇော်မျက်နှာပျက်ပြီး နှာခေါင်းရှုံ့သွားလျက်

"ဟာ. . အဲလိုမခေါ်ပါနဲ့ အန်ကယ်၊ ကိုယ့်ကိုယ်ကိုယ် မှုဒိမ်းကောင်တွေအောက်မေ့သွားမိလို့ပါ။ အောင်ဇော် ထူးမောင် အဲလိုပဲခေါ်ပါ အန်ကယ် ကျေးဇူးတင်ပါတယ် ဟဲဟဲ"

"အေးအေး မင်းတို့နှစ်ယောက် နည်းနည်းအလိုက်သိကြမှပေါ့ကွ၊ သမီးက သူ့ယောကျ်ားကို ပြုစုရဦးမယ်၊ မြေးလေးကို မင်းတို့ချီဦးမှပေါ့"

"ဩော်. . ဟုတ်သား အလိုက်သိပေးရ၊ ပါရမီဖြည့်ပေးရဦးမှာပေါ့၊ လာ သားလေးလာ"

"ကဲ ကဲ ငါတို့ရှောင်ပေးမယ် အချစ်နာလန်ထကြ"

"ဟိတ်ကောင်တွေ ဒီအဖေရှေ့မှာ"

"ဩော်. . အန်ကယ်ကလည်း ပါရမီဖြည့်ပေးလိုက်ပေါ့၊ အဲဒါမှ နောင်ဘဝကျရင် ချစ်သူနဲ့သေခါနီးအထိ အတူတူပေါင်းဖက်ရမှာ"

"လာပြန်ပြီ သေစကား။ မင်းသွင်ဘယ်တော့မှ မသေတော့ဘူးကွ၊ သေရွာပြန်မင်းသွင်းမှတ်ထား"



ဦးမင်းသွင်စကားကြောင့် အားလုံးရယ်မောကြရသည်။ အခုတော့ လောကကြီးက ပျော်စရာအတိပါ။ စိတ်မချမ်းမြေ့ခြင်းတွေနှင့် စိတ်ဒဏ်ရာတွေ ဟိုးခပ်ဝေးဝေး ရောက်သွားသလို။

အတိတ်ဆိုးတွေလည်း အတိတ်မှာပဲ ကျန်ခဲ့ပါပြီ။

နေရောင်ဝါကတော့ သူချစ်သောရှမ့်နှင့် သားလေးအတွက် သူ့ရင်ဘတ်တစ်ခုလုံး လက်ဆောင်အဖြစ်ပေးကာ. . ။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း – သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် – အောင်သီရိဗီဒီယို
၅။ ခြယ်သမဓိ တိမ်ပန်းချီ – အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဇုန် – အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည – မာန်ထက်ချိုဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကဗျာ – အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှဋီကာ – အောင်သီရိဗီဒီယို
၁၁။ အနာတရလေပြည် – ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် –
၁၃။ ပန်းနုရောင်နိဒါန်း – မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ –
၁၅။ ရင်ခုန်သံအဓိပ္ပာယ် – ရူပါစတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း – Hear & Soul ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် – သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရှေ့ဆက်ခွင့်ပြုပါ – အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ – ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား – အောင်သီရိဗီဒီယို
၂၁။ မင်းအတွက်ဆို – မာန်ထက်ချိုဗီဒီယို
၂၂။ သက်တမ်းရင့်သမုဒယ – သစ္စာနှင်းဆီဗီဒီယို
၂၃။ မေ့ဖို့မလွယ် – အောင်သီရိဗီဒီယို

## စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၂၄။ အကြွင်နာလက်တစ်ကမ်း – ရွှေစင်ဦးဗီဒီယို
၂၅။ မေ့လို့မရသည့်အကြောင်းအရင်း – အောင်သီရိဗီဒီယို
၂၆။ လက်ကလေးရဲ့မီးပြတိုက် – အောင်သီရိဗီဒီယို
၂၇။ မကြိုက်ဘူးလို့ ချစ်မိတာပါ – အောင်သီရိဗီဒီယို
၂၈။ နှလုံးသားထဲ တိုးဝင်ကြည့် – အောင်သီရိဗီဒီယို
၂၉။ ဗြိတွယ်ခြင်း သင်ခန်းစာ – အောင်သီရိဗီဒီယို
၃၀။ ရင်ဘတ်ချင်းနီးနီးလေး – အောင်သီရိဗီဒီယို
၃၁။ မင်းမရှိရင်ကိုယ့်ဘဝမရှိ – အောင်သီရိဗီဒီယို
၃၂။ နှောင်ဖွဲ့မီး – အောင်သီရိဗီဒီယို
၃၃။ ချစ်ခြင်းဖွဲ့ရာသီ – အောင်သီရိဗီဒီယို
၃၄။ ချစ်တယ်လို့ပြောပါဦး – မာန်ထက်ချိုဗီဒီယို
၃၅။ မျက်ရည်မြစ်များ – အောင်သီရိဗီဒီယို
၃၆။ မြတ်နိုးတတ်မယ်ဆိုရင် – အောင်သီရိဗီဒီယို
၃၇။ ရည်းစားဦးကျိန်စာ – အောင်သီရိဗီဒီယို
၃၈။ တိမ်တိုက်ကကြိုး – အောင်သီရိဗီဒီယို
၃၉။ ရွှေနားတော်သွင်းမည့် ချစ်ခြင်းဋီကာ – အောင်သီရိဗီဒီယို
၄၀။ ရင်ခုန်သံနားကြပ် – အောင်သီရိဗီဒီယို
၄၁။ နှလုံးသားသံတမန် – သစ္စာနှင်းဆီဗီဒီယို
၄၂။ အနမ်းနှစ်သိမ့်ဆု
၄၃။ အချစ်များဖြင့် ဖွဲ့သီအစ်သော – အောင်သီရိဗီဒီယို
၄၄။ အလွမ်းမျက်ခြေ – အောင်သီရိဗီဒီယို
၄၅။ အနမ်းတွေနဲ့ အသက်ဆက်မယ် – အောင်သီရိဗီဒီယို
၄၆။ မျှော်လင့်ခြင်းနန်းတော် – အောင်သီရိဗီဒီယို

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၄၇။ လျှို့ဝှက်လမင်း – အောင်သီရိဗိဒီယို

၄၈။ အဆိပ်သင့်စေ – အောင်သီရိဗိဒီယို

၄၉။ ထားရက်ခဲ့လည်း မနေရဲပါ

၅၀။ ခြားနားခြင်းနိယာမ

၅၁။ အသက်ဆက်နှင်း

၅၂။ အချစ်က ဖန်ဆင်းရှင်

ယခုလ

၅၃။ ရင်ဘတ်လက်ဆောင်

ဆက်လက်၍

၅၄။ ကြင်နာချင်တယ်



၂၀၁၅

ရွှန်းလဲ့ထွန်း ဖတ်နိုင်ပါပြီ

မမသဒ္ဒါမောင်

မစိုသောမိုး မအေးသောဆောင်း မနွေးသောနွေ

ကြယ်စင်မှူးဝေ

အချစ်က ကမ္ဘာကြီးကိုပိုင်စိုးစေ

မိုးစက်ပွင့်

ကိုကိုချစ်တဲ့ မျက်ဝန်းညို

အလင်းသစ်

ကြင်နာပါမယ် တစ်သက်လုံး

ခေတ်ပါမြို့

ဗိုလ်မ

လှိုင်းကြားမြို့ (လားရှိုး)

ဤမှန်သောသစ္စာကြောင့်

www.burmeseclassic.com